နိုင်ငံတော်မှ

# ပဟဂီတ

ပထမတွဲ၊ ဒုတိယတွဲနှင့် တတိယတွဲများ

စုပေါင်းရိုက်နှိပ်ထားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

ယဉ်ကျေးမှုဝန်ကြီးဌာန

အနုပညာဦးစီးဌာန

သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ

ရန်ကုန်မြို့။

" တေးပေ၊ ဝတ္ထု၊ ရတုကဗျာ
မျိုးလက်နှင့် သာသည့်သီချင်း
အဲစောင်းငြင်းကို၊ မကင်းမပြတ်
ရွတ်ဖတ်လေ့ကျက် တီးမှုတ်လျက်သာ
နေကောင်းစွာ "

( ဝန်ကြီးပဒေသရာဇာ )

လူမျိုးအသီးသီးတို့တွင် ရှိအပ်သည့်ယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတစ်ရပ်အနေဖြင့် အမျိုးသားစာပေနှင့် ဂီတဖြစ်သော၊ မဟာဂီတခေါ် ဤ ရှေးဟောင်း သီးချင်းကြီးများကို ယဉ်ကျေးမှုဝန်ကြီး ဌာန၊ အနုပညာဦးစီးဌာနမှ ကြိုးပမ်းလျက် စာပေ ဂီတ ဆိုင်ရာ ပညာရှင်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းပြီး အနှစ် သက်ဆုံး စိစစ်ရွေးချယ်ထားသော ဂီတစာအုပ် ဖြစ်ပါ သည်။ ရှေးသီချင်းကြီးများကို လေ့လာလိုက်စားသူ၊ သုတေသီများ၊ တိကျမှန်ကန်စွာ လေ့လာလိုက်စားနိုင်ရန် အတွက် စာမူအားဖြင့်လည်းကောင်း၊ သီဆိုတီးမှုတ်မှု၊ မှုအားဖြင့်လည်းကောင်း စနစ်တကျ တိုက်ဆိုင်စိစစ် ထုတ်ဝေထားသော စာအုပ်ဖြစ်ပါသည်။

နိုင်ငံတော်မှ

# မဟာဂီတ

ပထမတွဲ၊ ဒုတိယတွဲနှင့် တတိယတွဲများ

စုပေါင်းရိုက်နှိပ်ထားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ
ရိုက်နှိပ်။

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၅၆/၉၅ (၈)

ပုံနှိပ်သူ

ဒေါ်မြင့်မြင့်တင်(၀၄၀၈၈)
မြင့်သီဂီအော့ဖ်စက်
အမှတ် ၂၀၈၊ လမ်း ၃၀
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ

ဦးသန့်စင်
ဒုတိယညွှန်ကြားရေးမှူး၊
သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ၊
အနုပညာဦးစီးဌာန

အုပ်ရေ

၂၅၀၀
၁၉၉၅ ခု၊ စက်တင်ဘာလ
စတုတ္ထအကြိမ်

# အမှာစာ

မြန်မာနိုင်ငံသည် ရှေးဟောင်းအမွေအနှစ်များကို ပိုင်ဆိုင်ပြီး ရိုးရာယဉ်ကျေးမှု ခိုင်မာမြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့ခြင်းကို ခေတ်အဆက်ဆက် ထိန်းသိမ်း စောင့်ရှောက်ခဲ့သောရိုးရာမြန်မာမှုအမွေအနှစ်များက သက်သေပြလျက်ရှိပါသည်။ အဆို၊ အက၊ အရေး၊ အတီးဟူသော သုခုမအနုပညာရပ်များကို ကျောက်စာ၊ မင်စာ၊ နံရံဆေး၊ ပန်းချီ၊ ပန်းပု၊ ရုပ်လုံးရုပ်ကြွများနှင့် ကျမ်းဂန်စာပေအထောက်အထားများဖြင့် ယနေ့ထက်တိုင် အထင်အရှား တွေ့မြင်နိုင်ကြဆဲပင် ဖြစ်ပါသည်။ သုခုမအနုပညာနယ်ပယ်တွင် "ဂီတ"သည် ထင်ရှားသော ကဏ္ဍတွင် ပါဝင်ပါသည်။ မဟာဂီတသီချင်းများသည် သဘင်ဂီတသုခုမပညာရပ်များ အတွက် မရှိမဖြစ်၊ မသိ၍လည်းမဖြစ်သော တေးသီချင်းများ ဖြစ်ပါသည်။ အမျိုးသား ယဉ်ကျေးမှုရိုးရာ တေးဂီတများအဖြစ် မီးရှူးတန်ဆောင်သဖွယ် ဦးဆောင်ညွှန်ပြလျက် ရှိပါသည်။ အထူးသဖြင့် ရှေးခေတ်ဂီတစာဆို အကျော်အမော်များ ရေးဖွဲ့သီကုံးခဲ့သော ရိုးရာမဟာဂီတ သီချင်းကြီးများ၏ လေးနက်ကြွယ်ဝသော ဝေါဟာရများနှင့် အနုဘာဝ ရသမြောက်၍ အနှစ်သာရနှင့် ပြည့်စုံသော အသုံးအနှုန်းများကြောင့် မျက်မှောက်ခေတ်ဂီတရေစီးကြောင်း အပြောင်းအလဲများ မည်သို့ပင်ရှိစေကာမူ မြန်မာဂီတသည် အခိုင်အခန့် ရပ်တည်နေဆဲပင် ဖြစ်ပါသည်။

သို့ပါ၍ အစဉ်အလာကောင်းခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဂီတအနုပညာ များကို ဆက်လက်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်သည် အမျိုးသားရေး တာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။ မဟာဂီတကို မတိမ်ကောမပပျောက်စေရန် ထိန်းသိမ်း ကာကွယ်ရန်မှာ အဓိကကျသောကဏ္ဍပင် ဖြစ်ပါသည်။ ဤသို့ဖြင့် မြန်မာ့ဇာတိသွေး ဇာတိမာန် ရှင်သန်ထက်မြက်နေမည်ဖြစ်သကဲ့သို့ အမျိုးဂုဏ်၊ ဇာတိဂုဏ်များလည်း ထာဝရ ရှင်သန်နေမည် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်မှ မဟာဂီတစာအုပ်ကို မြန်မာလူမျိုးတို့အတွက် ထပ်မံ၍ ပုံနှိပ် ထုတ်ဝေလိုက် ရပေတော့သည်။

"စာပေ၊ ဝတ္ထု၊ ရတု ကဗျာ၊ ပျို့လင်္ကာနှင့်
သာသည့်သီချင်း အဲစောင်းငြင်းကို
မကင်းမပြတ် ဖတ်ရွတ်လေ့ကျက်
တီးမှုတ်လျက်သာ နေကောင်းစွာ"
(ဝန်ကြီးပဒေသရာဇာ)

ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ(၂၂)ရက်။

## ပထမတွဲ

# နိဒါန်း

ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနမှ မြန်မာနိုင်ငံတော်တွင် ထွန်းကားခဲ့သော ရှေးရိုး သီချင်းကြီးများ၏ စာမူ၊ သီဆိုတီးမှုတ်မှုတို့၌ အမျိုးမျိုးကွဲပြားခြားနားလျက်ရှိနေသည်ကို ပြန်လည်ညှိနှိုင်းတိုက်ဆိုင်၍ တစ်ဆူတည်းသောမူမှန်ကို သေချာခိုင်မာသော မှတ်တမ်း သင်္ကေတ တို့ဖြင့် မှတ်သားထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ရင်းရှိသည့်အတိုင်း၊ မဟာဂီတ သီချင်းကြီးများ ကို သီဆိုတီးမှုတ်ခြင်း၌ မူမှန်စံပြထားရှိရေး၊ အမှတ်သင်္ကေတပြုလုပ်ရေး၊ အသံသွင်းထားရေးနှင့် ရုပ်ပေါ် သံထွက်ပြုလုပ်ရေးကိစ္စအဝဝတို့ကို အကြံပေးဆောင်ရွက်ရန် နိုင်ငံတော်ပန်တျာအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

အဆိုပါ နိုင်ငံတော် ပန်တျာအဖွဲ့သို့ မူမှန်ပြုလုပ်ရန် လိုအပ်သော သီချင်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသော ကိစ္စအဝဝတို့ကို ကြိုတင်စိစစ်တင်ပြရန်အတွက် အဖွဲ့ဝင် ပုဂ္ဂိုလ် ၁၅ ဦး ပါဝင်သော ကြိုတင်စိစစ်ရေးအဖွဲ့ငယ်တစ်ဖွဲ့ကိုလည်း ပြည်ထောင်စုယဉ်ကျေးမှု ဝန်ကြီးဌာနက ယာယီအားဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ကြိုတင်စိစစ်ရေးအဖွဲ့က သီချင်းပေါင်း ၇၆ ပုဒ်၏ စာမူနှင့် သီဆိုတီးမှုတ်မှုမှုများကို စိစစ် သုတ်သင်ရွေးချယ်၍ နိုင်ငံတော်ပန်တျာအဖွဲ့သို့ တင်ပြခဲ့လေသည်။ ယင်းသို့ တင်ပြသည်ကို အခြေခံပြုကာ ၁၉၅၃ ခု၊ မေလ ၁၁ ရက်နေ့မှစ၍၊ ၁၉၅၃ ခု၊ မေလ ၂၁ ရက်နေ့အထိ နိုင်ငံတော်ပန်တျာအဖွဲ့သည် ၁၁ ကြိမ်တိတိ စည်းဝေး တိုင်ပင်လျက်၊ ကြိုတင် စိစစ်ရေးအဖွဲ့က တင်ပြသော သီချင်း ၇၆ပုဒ်အပြင်၊ နောက်ထပ် သီချင်း ၈ ပုဒ် ဖြည့်စွက်၍၊ ဤ 'နိုင်ငံတော်မူ မဟာဂီတ' ပထမတွဲ၌ ဖော်ပြပါရှိသည့် ကြိုးသီချင်း ၂၇ ပုဒ်၊ ဘွဲ့သီချင်း ၅ ပုဒ်၊ သီချင်းခံ ၇ ပုဒ်၊ ပတ်ပျိုး ၁၇ ပုဒ်၊ ယိုးဒယားသီချင်း ၁၆ ပုဒ်၊ မွန်သီချင်း ၆ ပုဒ်၊ လေးထွေသံကာပ်၊ မြင်းခင်းဘွဲ့၊ လောကနတ်၊ ဒိန်းသံ၊ ကရင်ဩ ၂ ပုဒ်၊ စုစုပေါင်း ၈၄ ပုဒ်တို့ကို နိုင်ငံတော်မူအဖြစ်ဖြင့် ပြဋ္ဌာန်းဆုံးဖြတ်အတည်ပြုခဲ့လေသည်။

သီချင်းတစ်ပုဒ်ကို မူမှန်ပြုလုပ်ရာတွင် စာမူနှင့် သီဆိုတီးမှုတ်မှုမူဟူ၍ နှစ်ပိုင်းခွဲခြား၍ ထားလေသည်။ သီချင်းစာမူများနှင့် စပ်လျဉ်း၍ ကိုးကားသော ကျမ်းများ၌ မူကွဲစာသား အမျိုးမျိုးရှိ သည်တို့ကို တစ်ပိုဒ်စီ သေချာစွာ တိုက်ဆိုင်စစ်ဆေး၍ စဉ်းစားဆွေးနွေးပြီးမှသာလျှင် ယုတ္တိအသင့်ဆုံးဟု ယူဆသည့် စာမူကို ရွေးချယ်အတည်ပြုလေသည်။ စာမူကွဲများမှ အသင့်လျော်ဆုံး ဟု ယူဆရသော စာသားများကို ရွေးချယ်အတည်ပြုသည့်အခါတိုင်းလည်း သီဆိုတီးမှုတ်ရာတွင် အဆင်ပြေမှုရှိမရှိကို ကျွမ်းကျင်သူအဖွဲ့ဝင် ပန်တျာပညာသည်ကြီးများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို ပြုခဲ့လေသည်။ ဗိုမိုခိုင်လုံသော အထောက်အထားများကို ထပ်မံရှာဖွေပြီးမှ ယတိပြတ် အဆုံးအဖြတ်

ပေးလိုသော အချို့စာသားများကိုလည်း မန္တလေးမြို့တွင် ကျန်ရှိနေသော ရနိုင်သမျှ နန်းတွင်းပေမူ ပုရပိုက်မူများနှင့် သွားရောက် တိုက်ဆိုင်ပြီးမှသာလျှင် အဖွဲ့က ဆုံးဖြတ်အတည်ပြုခဲ့လေသည်။ (ပထမအကြိမ်မြောက် မြန်မာနိုင်ငံတော်လုံးဆိုင်ရာ ပန်တျာမူမှန် ပြုလုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ အသေးစိတ် ဆောင်ရွက်များကိုမူ ၁၉၅၃/၅၄ ခုနှစ်အတွက် မဟာဂီတာသီချင်းကြီးများကို သီဆိုတီးမှုတ်ခြင်း၌ မူမှန် စံပြထားရှိရေး၊ အမှတ်သင်္ကေတပြုလုပ်ရေး၊ အသံသွင်းထားရေးနှင့် ရုပ်ပေါ်သံထွက်ပြုလုပ်ရေးအဖွဲ့၏ အစီရင်ခံစာတွင် ကြည့်ရှုနိုင်ပါသည်)

စာသားမူမှန်ပြုလုပ်ပြီး သီချင်းတစ်ပုဒ်ကို သီဆိုတီးမှုတ်မှုမူပြုလုပ်ရာ၌ (၁) သံကျ၊ (၂) စည်းဝါး၊ (၃) အတော၊ (၄) အပိုဒ်ပြန်၊ (၅) တီးကွက်၊ (၆) အဆိုအားဖြင့် အပိုင်း (၆) ပိုင်း ခွဲခြား၍စိစစ်ရွေးချယ် အတည်ပြုခဲ့ပါသဖြင့် ဤသို့ အတည်ပြုပြီး အပိုဒ်ပြန်များကို သီချင်းများတွင် ကွင်းပိတ်၍ ဂဏန်းများဖြင့် ဖော်ပြထားပါသည်။ အဖွဲ့မှ ဆုံးဖြတ်ညွှန်ကြားချက်အရ အချို့ ဖော်ပြသင့်သော စာမူကွဲများကိုလည်း သက်ဆိုင်ရာ သီချင်းများအောက်တွင် ဖော်ပြထားပါသည်။

ဤနိုင်ငံတော်မူ မဟာဂီတွင် ပါဝင်သော သီချင်းများကို သီချင်းအမည်၊ ဖွဲ့ဆိုရေးသားသော ပုဂ္ဂိုလ်၊ မည်သည့်မင်း၊ လက်ထက်တွင်ရေးသည်၊ မည်သည့်အကြောင်းကြောင့် ရေးသည်၊ မည်သည့်အကြောင်းအရာကိုဖွဲ့သည်၊ မည်သည့် သီချင်းတေးသွားကိုလိုက်၍ ရေးသည် အစရှိသည့် အချက်အလက်များနှင့် ပတ်သက်၍လည်း၊ သုတေသီများ သိရှိမှတ်သားနိုင်စေရန်၊ ယုတ္တိခိုင်လုံနိုင်သမျှ ခိုင်လုံစွာ သုတေသနပြုလုပ်စုဆောင်း၍ မှတ်ချက်များ၌ အတိုချုပ် ဖော်ပြထားပါသည်။

ပြည်ထောင်စု ယဉ်ကျေးမှုဌာနမှ ကြီးမှူးလျက်၊ ယခုခေတ်တွင် စုဆောင်းရရှိနိုင်သမျှသော ရှေးဟောင်းမြန်မာသီချင်းများကို နိုင်ငံတော်ပန်တျာအဖွဲ့ကြီး၏ အကူအညီဖြင့် မူမှန်ပြုလုပ်ကာ၊ အရစ်ကျဆက်လက်၍ စာအုပ်ရိုက်နှိပ်ထုတ်ဝေရန်လည်း စီစဉ်ပြီး ဖြစ်ပါသည်။

ဤသို့ ရှေးဟောင်းမြန်မာသီချင်းကြီးများကို၊ ပန်တျာမူမှန်ပြုလုပ်၍ နိုင်ငံတော်မူ မဟာဂီတအဖြစ် ဖြန့်ဖြူးထုတ်ဝေလိုက်ခြင်းအားဖြင့် စာသားမူနှင့် သီဆိုတီးမှုတ်မှုများ မညီမညွတ် အမျိုးမျိုး ကွဲပြားခြားနားခြင်းမှ ကင်းစင်ပပျောက်လျက်၊ တစ်သံတည်း ညီညီညွတ်ညွတ် ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ထို့ပြင် လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ခန့်က စိုက်ပျိုးရရှိခဲ့သော ပန်တျာအမွေအနှစ် မျိုးစေ့များကို လက်ဝယ်ပိုက်လျက် တစိုက်စိုက်ကြည့်ရှုနေရုံမျှဖြင့် တင်းတိမ်ကျေနပ်၍ မနေကြပဲ ၎င်းမျိုးစေ့ဟောင်းများကို တဖန် ကြဲဖြန့် စိုက်ပျိုး၍ ရှေ့သို့ ဆတက်ထမ်းပိုး ပွားတိုးအောင် ကြံဆောင်ကြရန်လည်း တိုက်တွန်းနှိုးဆော်လိုက်ပါသတည်း။

၁၃၁၆ ခု၊ နယုန်လ။
(၁၉၅၄ ခု၊ ဇွန်လ)။

ဒုတိယတွဲ

# နိဒါန်း

ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးလျက် 'နိုင်ငံတော်မူ မဟာဂီတပထမတွဲ' စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပေသည်။ ယခုခေတ်တွင် စုဆောင်းရရှိနိုင်သမျှသော ရှေးဟောင်း မြန်မာသီချင်းများကို၊ နိုင်ငံတော် ပန်တျာအကြံပေးအဖွဲ့၏ အကူအညီဖြင့် မူမှန် စံပြုပြုလုပ်ကာ၊ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရစ်ကျ ဆက်လက်၍ စာအုပ်ရိုက်နှိပ် ထုတ်ဝေရန် ရည်ရွယ်ရင်းရှိသည့်အတိုင်း၊ ဤ'နိုင်ငံတော်မူ မဟာဂီတ ဒုတိယတွဲ'စာအုပ် ထွက်ပေါ်လာရခြင်းပင် ဖြစ်ပါသည်။

ဒုတိယအကြိမ်မြောက် ပန်တျာမူမှန် စံပြုပြုလုပ်ရာ၌၊ ကြိုတင်စီစဉ်ရေးအဖွဲ့မှ သီချင်းပေါင်း ၈၃ ပုဒ်၏ စာမူနှင့် သီဆိုတီးမှုတ်မှုများကို သုတ်သင် ရွေးချယ်၍ နိုင်ငံတော် ပန်တျာအကြံပေး အဖွဲ့သို့တင်ပြခဲ့လေသည်။ အဆိုပါ တင်ပြသော သီချင်းများကို ၁၉၅၄ ခု၊ အောက်တိုဘာလ ၂၀ ရက် နေ့မှစ၍၊ ၁၉၅၄ ခု၊ နိုဝင်ဘာလ ၁၈ ရက်နေ့အထိ ၂၄ ကြိမ်တိုတိ၊ နိုင်ငံတော် ပန်တျာအကြံပေးအဖွဲ့ကြီးက စည်းဝေးတိုင်ပင်လျက်ကြိုတင်စီစဉ်ရေးအဖွဲ့မှ တင်ပြသော သီချင်း ၈၃ ပုဒ် အနက်၊ ဤ'နိုင်ငံတော်မူ မဟာဂီတ' ဒုတိယတွဲ၌ ဖော်ပြပါရှိသည့် ကြိုးသီချင်း ၁၂ ပုဒ်၊ ဘွဲ့သီချင်း ၄ ပုဒ်၊ သီချင်းခံ ၃ ပုဒ်၊ ပတ်ပျိုး ၇ ပုဒ်၊ ယိုးဒယား ၇ ပုဒ်၊

မွန်သီချင်း ၁ ပုဒ်၊ ဘောလယ်သီချင်း ၃ ပုဒ်၊ တေးထပ် ၁ ပုဒ်နှင့် ရှစ်ဆယ်ပေါ် ၁ ပုဒ်၊ စုစုပေါင်း ၃၇ ပုဒ်တို့ကို နိုင်ငံတော်မူအဖြစ် ပြဋ္ဌာန်းဆုံးဖြတ် အတည်ပြုခဲ့လေသည်။

ဤနိုင်ငံတော်မူမဟာဂီတ ဒုတိယတွဲတွင် ပါဝင်သောသီချင်းများ၏ ရာဇဝင်အချက်အလက် များကို သုတေသနအဖွဲ့တစ်ဖွဲ့ သီးခြား ဖွဲ့စည်းလျက် စွမ်းအားရှိသမျှ ခိုင်လုံစွာ သုတေသန ပြုလုပ်စုဆောင်းပြီး၊ သက်ဆိုင်ရာ သီချင်းများ၏ အောက်မှ မှတ်ချက်များဖြင့် ဖော်ပြထားပါသည်။

ဘောလယ်သီချင်းများနှင့် ပတ်သက်၍ ရှေးခေတ်ဘောလယ်၊ အလယ်ခေတ် ဘောလယ်၊ နောက်ဆုံးခေတ်ဘောလယ်ဟူ၍ ခေတ် ၃ ခေတ် ဘောလယ်သီချင်းများကို ပိုင်းခြားဖော်ပြ ထားရုံမက တေးထပ်သီချင်းများနှင့် ပတ်သက်၍လည်း ရှေးအကျဆုံး တေးထပ်နှင့် ရှစ်ဆယ်ပေါ် သီချင်းကို သုတေသီများအတွက် လေ့လာသုံးသပ်နိုင်ရန် ပိုင်းခြားဖော်ပြထားပါသည်။

၁၃၁၈ ခု၊
(၁၉၅၆ ခု၊

## တတိယတွဲ

# နိဒါန်း

ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနမှ ‘နိုင်ငံတော်မူ မဟာဂီတ’ ပထမတွဲနှင့် ဒုတိယတွဲ စာအုပ်နှစ်အုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပေသည်။ မြန်မာနိုင်ငံတော်တွင် ထွန်းကားခဲ့သော ရှေးသီချင်းကြီးများကို ယခုခေတ်၌ စုဆောင်းရရှိနိုင်သမျှ စုဆောင်းလျက် စာမူအားဖြင့်လည်းကောင်း၊ သီဆိုတီးမှုတ်မှုအားဖြင့်လည်းကောင်း မူအမျိုးမျိုး ကွဲပြားခြားနားလျက်ရှိနေသော သီချင်းကြီးများကို နိုင်ငံတော်ပန်တျာအကြံပေးအဖွဲ့ကြီးသို့ တင်ပြ၍ တစ်မူတည်းသော မူမှန်စံပြအဖြစ်ပြုလုပ်ပြီး၊ မူမှန်စံပြစာမူများကို အရစ်ကျဆက်လက်ထုတ်ဝေရန် ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရည်ရွယ်ရင်းရှိသည့်အတိုင်း ‘နိုင်ငံတော်မူ မဟာဂီတ တတိယတွဲ’ စာအုပ်ကို ဆက်လက်ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဤ‘နိုင်ငံတော်မူ မဟာဂီတ တတိယတွဲ’၌ ဖော်ပြပါရှိသော ကြိုး ၆ ပုဒ်၊ သီချင်းခံ ၆ ပုဒ်၊ ပတ်ပျိုး ၂၃ ပုဒ်နှင့် ယိုးဒယား ၁၂ ပုဒ်၊ စုစုပေါင်း သီချင်း ၄၇ ပုဒ်တို့ကို ကြိုတင်စိစစ်ရေးအဖွဲ့မှ ၁၉၅၇ ခု၊ အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ ၁၉၅၇ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့အထိ၊ ၂၄ ကြိမ်တိတိ ကျင်းပခဲ့သော နိုင်ငံတော် ပန်တျာ အကြံပေးအဖွဲ့ကြီးသို့ တင်ပြလျက်၊ နိုင်ငံတော်မူအဖြစ် ပြဋ္ဌာန်းဆုံးဖြတ်အတည်ပြုခဲ့ခြင်းဖြစ်သည်။

သီချင်းစာမူများနှင့်ပတ်သက်၍ သုတေသီများ ကျယ်ပြန့်စွာ လေ့လာလိုက်စားနိုင်ရန်အတွက် နိုင်ငံတော်ပနတျာ အကြံပေးအဖွဲ့မှ အနှစ်သက်ဆုံး ရွေးချယ်ထားသော စာမူများကို သီချင်းစာကိုယ်တွင် ထည့်သွင်းဖော်ပြထားပြီး၊ ကျန် အနက်အဓိပ္ပာယ်ရှိသော စာမူကွဲအချို့ကို ၎င်းတို့ တွေ့ရှိရသည့် စာအုပ်ပေမူများ၏ အမည်နာမနှင့်တကွ သီချင်းအသီးသီးအောက်မှ အောက်ခြေမှတ်ချက်ဖြင့် စာမူကွဲများ ဖော်ပြထားသည်မှာ ထုတ်ဝေခဲ့ပြီးသော နိုင်ငံတော်မူ မဟာဂီတ အတွဲ ၂ တွဲထက် ဤ ‘နိုင်ငံတော်မူ မဟာဂီတ တတိယတွဲ’၏ ထူးခြားချက်တစ်ရပ်ပင် ဖြစ်လေသည်။

၁၃၂၃ ခု၊ ဒုတိယဝါဆိုလ၊
(၁၉၆၁ ခု၊ ဩဂုတ်လ)။

# မာတိကာ

## အက္ခရာစဉ်အလိုက်


| အမှတ်စဉ် | သီချင်းအစချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| | | **ကြိုးသီချင်းများ** | |
| ၁။ | အတိုင်းမသိ | ဝတ်တော်ရုံ | ၈ |
| ၂။ | ကိုးပါးပေါင်းစု | သာနီးပျော်ဖွယ် | ၅ |
| ၃။ | ကြောက်ဖွယ့်ဘုန်းတန်း | ငှင်း | ၁၂ |
| ၄။ | ကျွန်းကျွန်းပိုင်သ | တောင်မြင့်စည်း စုပ်ခတ်သံ | ၁၀ |
| ၅။ | ခေါ်ပါယောင်နှင့် | ဝတ်တော်ရုံ | ၇ |
| ၆။ | ခန်းတွင်းရိပ်သာ | မြင်းစိုင်းဆရာပန်ကြီး | ၁၆ |
| ၇။ | ခွဲခွဲခြားခြား | အတွင်းတီးဖြေ | ၁၆ |
| ၈။ | စံရာတောင်ကျွန်း | သာနီးပျော်ဖွယ် | ၄ |
| ၉။ | စံရာဘုံမြင့် | ရေဆင်းကြီး | ၁၄ |
| ၁၀။ | စိမ်းလဲ့လဲ့ညိုပြာ | ဖောင်ဆိုက်ကြီး | ၄ |
| ၁၁။ | ဇေယျာအောင်ချာ | စောင်းတော်ဘွဲ့ | ၆ |
| ၁၂။ | ဇေယျာမြို့ | ဖောင်ငင်ကြီး | ၃ |
| ၁၃။ | ညာသပြေဘောင် | မြင်းစိုင်းကြေးခရာသံ | ၁၈ |
| ၁၄။ | တေဇာအာဏာထံ ပြင်း | တျာသံ | ၁၁ |
| ၁၅။ | ထောင်ရောင်နေ | အမရပူရမြို့ဘွဲ့ | ၁ |
| ၁၆။ | တံတျာတေရှင် | ပုစဉ်းတောင်သံ | ၆ |
| ၁၇။ | ထွေတလာ | ဗောဓိရွက်သံ | ၂ |
| ၁၈။ | ထွန်းလင်းတောက်ပရောင်ခြည် | ဘုန်းတော်ဘွဲ့ကြီး | ၁၄ |
| ၁၉။ | နှုန်းနှုန်းထောက်စာ | သိကြားမင်းတုယင်သံ | ၉ |
| ၂၀။ | ပုံနှုန်းဝတိန်သာ | ပင်လယ်နတ်ကြီးကြီး | ၁၃ |
| ၂၁။ | ပုံပမာ | ခရုသင်းသံ | ၁၈ |
| ၂၂။ | ပြောင်ပြောင်ပြောင်နာဂိန် | ဆင်ခင်းကြီး | ၉ |
| ၂၃။ | ဘုန်းမိုးရွာဇွေ | မြင်းခင်းကြီး | ၈ |
| ၂၄။ | ဘုံဆောင်မြင့် | ဖောင်လားကြီး | ၃ |
| ၂၅။ | မင်းလမ်းစပ်ကာ | ကြာချပ်ငယ် | ၁၂ |

မာတိကာ

အက္ခရာစဉ်အလိုက်


| အမှတ်စဉ် | သီချင်းအစချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| | | **ကြိုးသီချင်းများ** | |
| ၂၆။ | မင်းလွင်မင်းလွင် | တောင်တမန်လှိုင်းကြက်ခွပ်သံ | ၁၃ |
| ၂၇။ | မိုးမင်းလွန်ကဲ | တောကြားကြိုး | ၁၇ |
| ၂၈။ | မှန်ညောင်သဥ္ဇာ | ဝတ်တော်ရုံ | ၇ |
| ၂၉။ | မှိုင်းရိပ်ကယ်တည့် | နတ်ပင့်လြိုး | ၁၀ |
| ၃၀။ | မြို့နန်းငယ်လေ | သာနိုးပျော်ဖွယ် | ၅ |
| ၃၁။ | မြန်ခန်းကျွန်းတွင်း | မြင်းခင်းကြိုး | ၈ |
| ၃၂။ | ရိရိဆိုင်းဆိုင်း | ငါးသံလည်ကြိုး | ၁၀ |
| ၃၃။ | ရွှေနန်းအောင်ချာ | ကြာချပ်ကြိုး | ၁၂ |
| ၃၄။ | ရွှေပင်ရွှေဘုန်း;ပပဝင်း | သကြားခလုတ်ကြိုး | ၁၅ |
| ၃၅။ | ရွှေပြည်ကြီးရော | သာနိုးပျော်ဖွယ် | ၄ |
| ၃၆။ | ရွှေဘုန်းရွှေဘုန်း | ငှင်း | ၅ |
| ၃၇။ | လာချေပြီ | မြင်းစီးကြိုး | ၉ |
| ၃၈။ | ဝေဇယန်နှင့်နှန်းပြား | ကျောင်းတော်ကြီးကြိုး | ၁၁ |
| ၃၉။ | ဝေဘာရီရီ | ညွှန့်တက်သံသာ | ၂ |
| ၄၀။ | ဝေယန်လိုပင် | အပြင်တီးဖြေ | ၁၅ |
| ၄၁။ | သပြေပင်ဝန်း | နဝရတ်ခရသင်းသံ | ၁၉ |
| ၄၂။ | သာယာသာယာ | ကလပ်ငယ် | ၂ |
| ၄၃။ | သိတာသိတာရောကြီး | နဒီမော်ပြင်ကြိုး | ၇ |
| ၄၄။ | သိတာသိတာ မြသား | ကလပ်ကြိုး | ၁ |
| ၄၅။ | သိဂလမြေယံ | ဘုန်းတော်ဘွဲ့ကြိုး | ၆ |
| | | **ဘွဲ့သီချင်းများ** | |
| ၄၆။ | အတိုင်းမသိ | ဝတ်တော်ရုံဘွဲ့ | ၂၀ |
| ၄၇။ | ငှင်း | မင်္ဂလာသြဘာဘွဲ့ | ၂၁ |
| ၄၈။ | ဉကင်ဘဖုံမြင့် | ဉကင်တော်ဘွဲ့ | ၂၂ |
| ၄၉။ | သြဘာမင်္ဂလာ | ဘုန်းတော်ဘွဲ့ | ၂၂ |

အက္ခရာစဉ်အလိုက်


| အမှတ်စဉ် | သီချင်းအစချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၅၀။ | ခေါ်ပါယောင်နှင့် | ဝတ်တော်ရုံဘွဲ့ | ၂၀ |
| ၅၁။ | ဂန္ဓာမာတောင် | မဥ္ဇူသကနတ်ပန်းဘွဲ့ | ၂၁ |
| ၅၂။ | မန္တလာဘုံ | မန္တလေးမြို့တော်ဘွဲ့ | ၂၃ |
| ၅၃။ | မှန်ညောင်သဥ္စာ | ဝတ်တော်ရုံဘွဲ့ | ၂၀ |
| ၅၄။ | ဟောမဝန်ချာ | မြှော်တော်ယောင်ဘွဲ့ | ၂၁ |

## သီချင်းခံများ

| အမှတ်စဉ် | သီချင်းအစချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၅၅။ | အမင်းမင်းခရ | ဘုန်းတော်ဘွဲ့ ကျေးဇူးတော်သီချင်းခံ | ၂၇ |
| ၅၆။ | စုံသာမြိုင်လယ် | တောတောင်ဘွဲ့ | ၃၁ |
| ၅၇။ | ဆဒ္ဒန်အိုင်သာ | ဆဒ္ဒန်အိုင်ဘွဲ့ | ၂၉ |
| ၅၈။ | ဇမ္ဗူကျွန်းလုံး | ဘုန်းတော်ဘွဲ့ | ၃၀ |
| ၅၉။ | ဧယျာရွှေမြေ | ၎င်း | ၃၂ |
| ၆၀။ | တောဟောဝန်တောင် | တောဘွဲ့ သီချင်းခံ | ၃၆ |
| ၆၁။ | ထူးမခြားနား | ရောင်ခြည်တော်ဘွဲ့ | ၂၈ |
| ၆၂။ | ထေအင်ရောင်နေ | ဘုန်းတော်ဘွဲ့ | ၂၉ |
| ၆၃။ | ပြည်ပြည်မင်းပေါင်း | ဘုန်းတော်ဘွဲ့ အချီငယ်သီချင်းခံ | ၂၇ |
| ၆၄။ | ဘုန်းထူးဝေဆာ | ဘုန်းတော်ဘွဲ့ | ၃၅ |
| ၆၅။ | ဘုန်းမိုးသွန်းလောင်း | ဘုန်းတော်ဘွဲ့ | ၂၅ |
| ၆၆။ | မှိုင်းမှိုင်းမြ | ရာသီဘွဲ့ သီချင်းခံ | ၂၆ |
| ၆၇။ | ရဝေနန်း | ဘုန်းတော်ဘွဲ့ သီချင်းခံ | ၃၇ |
| ၆၈။ | ရွှန်းရွှန်းမြ | ၎င်း | ၂၅ |

## ပတ်ပျိုးသီချင်းများ

| အမှတ်စဉ် | သီချင်းအစချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၆၉။ | အထူးထူးငယ်နှင့် | တောလားပတ်ပျိုး | ၆၉ |
| ၇၀။ | အာကာယံထဲ | မိုးဘွဲ့ | ၆၅ |

## မာတိကာ

### အက္ခရာစဉ်အလိုက်


| အမှတ်စဉ် | သီချင်းအစချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| | | **ပြာသီချင်းများ** | |
| ၇၁။ | အိုကမ်းလေရေယမုန် | မိုးဘွဲ့ပတ်ပျိုး | ၅၅ |
| ၇၂။ | အောင်မြေမြမန်း | မန္တလေးမြို့ဘွဲ့ | ၄၁ |
| ၇၃။ | အောင်မြေသာစံ | တောလားပတ်ပျိုး | ၆၁ |
| ၇၄။ | ကုန်းဘောင်ပရမေ | ဘုန်းတော်ဘွဲ့ | ၇၀ |
| ၇၅။ | ချစ်သမျှကို | သစ္စာတိုင် | ၄၄ |
| ၇၆။ | ခွါပြာသင်း | ဆိုင်းတော်ဘွဲ့ပတ်ပျိုး | ၆၄ |
| ၇၇။ | ဂန္ဓာမာတောင် | တောင်လားပတ်ပျိုး | ၅၇ |
| ၇၈။ | စိုးအမွန်းမူး | အလွမ်းဘွဲ့ပတ်ပျိုး | ၆၇ |
| ၇၉။ | စိန်ကြောင်နီလာ | ဘုန်းတော်ဘွဲ့ | ၄၄ |
| ၈၀။ | စုံနယ်သာစွ | တောဘွဲ့ပတ်ပျိုး | ၆၁ |
| ၈၁။ | ညဥ့်သုံးယံခါ | မျှော်တော်ယောင်ပတ်ပျိုး | ၄၁ |
| ၈၂။ | ထွန်းလင်းလျှံလက် | ကျေးစေပတ်ပျိုး | ၅၅ |
| ၈၃။ | ဒီပါအေးမြ | ရာမဇာတ်ဖြည့်ပတ်ပျိုး | ၆၆ |
| ၈၄။ | နဝတတ္တကုဏ္ဍလ | တောဘွဲ့ပတ်ပျိုး | ၅၂ |
| ၈၅။ | ပြာပြာညိုရောင် | မျှော်တော်ယောင်မောင်ဘွဲ့ | ၅၀ |
| ၈၆။ | ဖြူပြာမှုရာ | အိနောင်ဇာတ်ထွက် | ၅၆ |
| ၈၇။ | ဖြေနိုင်ပေါင် | ကိန္နရာချောင်းခြား | ၆၂ |
| ၈၈။ | ဘုန်းများများမင်း | ရာမဇာတ်ဖြည့်ပတ်ပျိုး | ၆၃ |
| ၈၉။ | ဘုံပျံနေနန်း | ဆောင်းဘွဲ့ | ၇၂ |
| ၉၀။ | မဏိကဥ္စနာ | အင်းဝနန်းဘွဲ့ပတ်ပျိုး | ၄၉ |
| ၉၁။ | မုရိုးငယ်တည့် | မိုးဘွဲ့ပတ်ပျိုး | ၅၉ |
| ၉၂။ | မယ်သေချင်လိုက်ပါဘိ | ကိန္နရာချောင်းပတ်ပျိုး | ၆၀ |
| ၉၃။ | မဲဇာတောင်ခြေ | မဲဇာတောင်ခြေဘွဲ့ | ၄၃ |
| ၉၄။ | မိုးလုံးပတ်လည် | မိုးဘွဲ့ပတ်ပျိုး | ၅၁ |
| ၉၅။ | မြဂန္ဓမာ | တောတောင်ဘွဲ့ပတ်ပျိုး | ၅၂ |
| ၉၆။ | မြူဝန်းလိုခို | ကိန္နရာချောင်းခြား | ၆၃ |

## မာတိကာ

### အက္ခရာစဉ်အလိုက်


| အမှတ်စဉ် | သီချင်းအစချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၉၇။ | မြိုင်ခြေစုံသာ | တောတောင်ဘွဲ့ | ၅၆ |
| ၉၈။ | မြန်ချာမြေကို | ရွှေဘိုမြို့ဘွဲ့ | ၄၃ |
| ၉၉။ | မှန်ရဝေ | ဘုန်းတော်ဘွဲ့ | ၄၀ |
| ၁၀၀။ | မှိုင်းပြာမှုန်ဝေ | ရေလား | ၆၈ |
| ၁၀၁။ | မှိုင်းပြုဝေ | တောဘွဲ့ပတ်ပျိုး | ၅၁ |
| ၁၀၂။ | ယမုန်နှာ | သီတာတောင်ခြေဘွဲ့ | ၄၆ |
| ၁၀၃။ | ယုဇနမာလာ | အမရပူရမြို့ဘွဲ့ပတ်ပျိုး | ၄၇ |
| ၁၀၄။ | ရေယမုန် | ဝိဇယကာရီဇာတ်ထွက် | ၄၇ |
| ၁၀၅။ | ရှစ်စုံရွက်ကြာ | မျှော်တော်ယောင်ပတ်ပျိုး | ၄၅ |
| ၁၀၆။ | ရွှေယင်ဘောင် | ရေလား | ၅၇ |
| ၁၀၇။ | လူမနှော | အိနောင်ဇာတ်ဖြည့်ပတ်ပျိုး | ၄၀ |
| ၁၀၈။ | လက်ယာသပြေ | မြောက်အိမ်တော်သံတော်သတ် | ၅၄ |
| ၁၀၉။ | လောင်ပန်းဂမုန်းအင် | တောဘွဲ့ပတ်ပျိုး | ၅၄ |
| ၁၁၀။ | လွှမ်းမလေ့ | အလွမ်းဘွဲ့ပတ်ပျိုး | ၅၈ |
| ၁၁၁။ | သာဆန်းရဂုံဗွေ | မြစ်နှင့်တောဘွဲ့ပတ်ပျိုး | ၅၃ |
| ၁၁၂။ | သေနင်္ဂမည် | မိုးဘွဲ့ပတ်ပျိုး | ၄၂ |
| ၁၁၃။ | သိင်္ဂါရွှေရောင် | ဘုန်းတော်ဘွဲ့ | ၄၁ |
| ၁၁၄။ | သန်းရုံခြွေ | ကျေးစေပတ်ပျိုး | ၅၉ |
| ၁၁၅။ | ဟေဝန်စုံမြိုင် | ကိန္နရာချောင်းခြား | ၆၅ |


### ယိုးဒယားသီချင်းများ


| | | | |
|---|---|---|---|
| ၁၁၆။ | အိုသာတင့်ဆုံး | အိနောင်ဇတ်ထွက် | ၈၄ |
| ၁၁၇။ | အောင်မင်္ဂလာ | မန္တလေးမြို့ဘွဲ့ယိုးဒယား | ၇၆ |
| ၁၁၈။ | အိုလျှံညီလင်း | စက်တော်ချင်းယိုးဒယား | ၈၀ |
| ၁၁၉။ | ကန္တာတော့ခြေ | တောဘွဲ့ယိုးဒယား | ၈၀ |

## မာတိကာ

### အက္ခရာစဉ်အလိုက်


| အမှတ်စဉ် | သီချင်းအစချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၁၂၀။ | ကြိုညိုစံရာ | ရာမဇာတ်ဖြည့်ယိုးဒယား | ၉၂ |
| ၁၂၁။ | ကိုင်ပန်းစုံ | တောဘွဲ့ | ၈၇ |
| ၁၂၂။ | စက်ပျော်ပါနိုင် | အိန္နောင်ဇာတ်ထွက် | ၈၅ |
| ၁၂၃။ | စိန်ဧယင်နန်း | နန်းသိမ်း | ၉၁ |
| ၁၂၄။ | ဆန်းဆန်းသဉ္ဇာကြာသောင် | မိုးဘွဲ့ယိုးဒယား | ၇၇ |
| ၁၂၅။ | ဆန်းနွေဦး | အလွမ်းဘွဲ့ | ၇၈ |
| ၁၂၆။ | တောတောင်စွယ် | တောဘွဲ့ | ၈၈ |
| ၁၂၇။ | တောနှင့်တော်စွယ် | ငင်း | ၈၁ |
| ၁၂၈။ | တောမြိုင်ခြေလမ်း | ငင်း | ၈၆ |
| ၁၂၉။ | တောမြိုင်စွန်းက | ရာမဇာတ်ဖြည့်ယိုးဒယား | ၈၇ |
| ၁၃၀။ | တောဟေဝန်လယ် | တောဘွဲ့ | ၈၁ |
| ၁၃၁။ | တောင်ဇမ္ဗူပိုင် | ဘုန်းတော်ဘွဲ့ | ၉၀ |
| ၁၃၂။ | နန်းသီဟိုဠ် | မျောပြန် | ၈၂ |
| ၁၃၃။ | နှင်းယွန်းခါဟေမန် | တောဘွဲ့ | ၈၅ |
| ၁၃၄။ | ပန်းညောင်လှိုင်ဘွဲ့ | ရာမဇာတ်ဖြည့်ယိုးဒယား | ၈၇ |
| ၁၃၅။ | ပန်းမြိုင်လယ် | ရာမဇာတ်ထွက် | ၉၃ |
| ၁၃၆။ | ပန်းဟေဝန် | တောဘွဲ့ | ၈၂ |
| ၁၃၇။ | ဖော်ကျွာဝေ | အလွမ်းဘွဲ့ | ၈၆ |
| ၁၃၈။ | မန်းတောင်လကျာ် | မန္တလေးမြို့ဘွဲ့ | ၈၉ |
| ၁၃၉။ | မြမန်းဂီရိ | ဘုန်းတော်ဘွဲ့ | ၇၆ |
| ၁၄၀။ | မြိုင်ဂန္ဓမာ | တောဘွဲ့ယိုးဒယား | ၈၃ |
| ၁၄၁။ | မြိုင်ဟေမာ | တောတောင်ဘွဲ့ယိုးဒယား | ၇၇ |
| ၁၄၂။ | မော်ရုံဟေဝန် | သမင်လိုက် | ၇၈ |
| ၁၄၃။ | မှိုင်းမှုန်ပြာညို | တောဘွဲ့ | ၈၈ |
| ၁၄၄။ | ရွှေတညာ | အလွမ်းဘွဲ့ | ၉၀ |

အက္ခရာစဉ်အလိုက်


| အမှတ်စဉ် | သီချင်းအစချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| ၁၄၅။ | ရွှေကြက်ကယ်ဟန်ချီ | ကန်ဆင်းယိုးဒယား | ၇၅ |
| ၁၄၆။ | လေပြည်ဆော်သွင်းမြူး | မြင်းတက် | ၇၆ |
| ၁၄၇။ | လွမ်းပိုအောင် | အလွမ်းဘွဲ့ယိုးဒယား | ၇၅ |
| ၁၄၈။ | ဝေဇယန္တာ | မန္တလေးမြို့ | ၇၅ |
| ၁၄၉။ | သောင်းရွှေလယ် | အိနောင်ဇာတ်ဖြည့်ယိုးဒယား | ၈၀ |
| ၁၅၀။ | သောင်းသောင်းညံ | ရေလား | ၈၄ |

**မွန်သီချင်းများ**

| | | | |
|---|---|---|---|
| ၁၅၁။ | ကောင်းကြီးသခေါ် | ဘုန်းတော်ဘွဲ့မွန်သံစုံ | ၉၅ |
| ၁၅၂။ | စိန်ခြယ်ညီးလင်း | ဥက္ကလာပတမ်းခြင်း | ၉၆ |
| ၁၅၃။ | စိန်မြရံခြယ် | ပိမ္ပာသားလွဲချင်း | ၉၈ |
| ၁၅၄။ | ညင်းညင်း | အလွမ်းဘွဲ့မွန် ၁၂ ခန်း | ၉၅ |
| ၁၅၅။ | တောင်ယံတော | တောတောင်ဘွဲ့ | ၉၆ |
| ၁၅၆။ | ငှင်း | ငှင်း | ၉၆ |
| ၁၅၇။ | နှင်းယွန်းဂိမှာန် | အလွမ်းဘွဲ့ | ၉၇ |

**လေးထွေသံကပ်**

| | | | |
|---|---|---|---|
| ၁၅၈။ | ရွှေပန်းပန်ငယ်တို့ | လေးထွေသံကပ်အချီး | ၁၀၀ |
| ၁၅၉။ | ကိုယ်တော်နှင်းနုံ့ | လေးထွေသံကပ် | ၁၀၀ |

**မြင်းခင်း**

| | | | |
|---|---|---|---|
| ၁၆၀။ | မြန်မြေနယ်ဇမ္ဗူဘောင် | | ၁၀၁ |

**မွန်သီချင်းများ**

| | | | |
|---|---|---|---|
| ၁၆၁။ | တိမ်မှောင်မေ့ကင်း | | ၁၀၁ |

အက္ခရာစဉ်အလိုက်



| အမှတ်စဉ် | သီချင်းအစချီ | သီချင်းအမည် | စာမျက်နှာ |
|---|---|---|---|
| | **ဒိန်းသံ** | | |
| ၁၆၂။ | ဆယ်ဆယ်ရောင်ဖြာ | | ၁၀၂ |
| | **တရင်ညြ** | | |
| ၁၆၃။ | တကြောမှောင်ပြာ | | ၁၀၃ |
| ၁၆၄။ | မြိုင်တန်းမှောင်ဝေ | | ၁၀၃ |
| | **ဘောလယ်သီချင်းများ** | | |
| ၁၆၅။ | အကျွန်မျှော် | ရှေးခေတ်ဘောလယ် | ၁၀၅ |
| | ညနေကြီးငယ်က | ၎င်း | |
| | မြိုင်တန်းကန္တာ | ၎င်း | |
| | စပါးရှစ်ပြည် | ၎င်း | |
| ၁၆၆။ | ရွှေဒေါင်းဖောင်တော် | အလယ်ခေတ်ဘောလယ် | ၁၀၆ |
| | မြနန်းဇွဲစွန် | ၎င်း | |
| | နှင်းလငွေမှုန် | ၎င်း | |
| | ချစ်သည်သာဆိုလဲ | ၎င်း | |
| | နုနုတဲ့နယ် | ၎င်း | |
| | **တေးထပ်** | | |
| ၁၆၈။ | မိန့်တော်သံရိပ်ကိုလ | ရှေးတေးထပ် | ၁၀၈ |
| | **ရှစ်ဆယ်ပေါ်** | | |
| ၁၆၉။ | သုံးသိန်းသုံးသောင် | မန္တလေးမြို့ | ၁၀၈ |

# နိုင်ငံတော်မူမဟာဂီတ

## ကြိုးသီချင်းများ

### ၁။ ပုစဉ်းတောင်သံကြိုး
(ဝန်ကြီးပဒေသရာဇာ)

(ထံတျာတောရှင်၊ ထံတျာတောရှင်၊ ချန့်ချန့် ထံတျာတောရှင်) ၂။ [(ဒလုဒလုထုံချန့်ချန့်) ၂။ တောပင်တောလုံးနှံ့ ပါလို့လေး] ၂။ (ထက်စင‌ယ်ကောင်းကင်မိုးတည့် မိုးတိမ်ပြင်) ၂။ (စံရွှင်စံရွှင်ပျော်ပါး၊ ရွှေဖော်တစုများ ငယ်နှင့်လေ) ၂။ (သည်မိုးသည်မိုး ဒေဝါ၊ မိုးတည့် မိုးဒေဝါ) ၂။ (အံ့ကာလေ တဖွဲ့ဖွဲ့၊ ရွာလေတသဲသဲ) ၂။ (ထံတျာတောရှင်၊ ထံတျာတောရှင်၊ ချန့်ချန့်၊ ထံတျာတောရှင်) ၂။ (ဒလုဒလုထုံချန့်ချန့်) ၂။ တျောတေထံတျာတေချန့်၊ တျောတေတျာ။

### ၂။ ကလပ်ကြီးကြိုး
(ဝန်ကြီးပဒေသရာဇာ)

(သီတာ သီတာ မြသား၊ ကြာ ကြာ ကြာ ငါးပါး) ၂။ (ကမ်းနားကမ်းနားဝန်းကျင်၊ ငွေသဲပြင် လေတည့်မှ၊ ပျော်တည့် ပျော်ချင်ဘွယ်) ၂။ (မြစ်တွေးမြစ်တွေးစင်ရော်၊ မြူးတည့် မြူးစံပျော်) ၂။ (ငှက်တော်လေ ကြိုးကြာ၊ ကျူးရင့်ရင့်သာ) ၂။ (လိပ်ပြာလေ ပျံကာသွား၊ ဟိုမှာသည်မှာနား) ၂။ ရေပေါ်မှာလွှားပါလို့၊ ကြာဆံကို စားပါလို့၊ ဝဲကာပျံလေတည့်မှ ဝဲကာပျံ။

## ၃။ ကလပ်ငယ်ကြိုး
(ဝန်ကြီးပဒေသရာဇာ)

(သာယာသာယာ မြည်လာကြွေး၊ သာလိကာငယ်လေကျေး) ၂။ (ချည်ခင်စွပ်ကယ်က၊ ကျူးတယ်ကျူးတယ်ကို၊ သင်တိုင်းဝတ်ကယ်က၊ မြူးတယ် မြူးတယ်ကို) ၂။ (သံချိုတည့်အေးအေး၊ ပဲတည့်ပဲထွေးထွေး) ၂။ (စာပေးခွံ့ကြ၊ ချစ်ရေးခင်ရေး မျှပါလို့လေး) ၂။ (အတူစုံစွာ၊ စံတည့်စံပျော်ရာ) ၂။ (ချစ်ခင်လေ ချစ်ခင်လေ၊ ချစ်ပါလှတယ်ရှင်) ၂။ (ချစ်ခင်လွန်မြတ်နိုး၊ ဓိတည့်ဓိဝဓိုး) ၂။ (ဥမျိုးတွန်သံ၊ သာပင်သာချည့်လေ၊ မကို မကို ဖော်သွေး၊ ခေါ် ခေါ် ခေါ် ကြလေး) ၂။ (မဲညိုဖြူပြာ နီတည့်နီရွှေဝါ)၊ ၂။ (လိပ်ပြာလေ ပျံကာသွား၊ ပိတုန်း ပိတုန်း ပျား) ၂။ ရေပေါ်မှာလွှားပါလို့၊ ကြာဆံကိုစားပါလို့၊ ဝဲကာပျံလေလေတည့် ဝဲကာပျံ။

## ၄။ ညွန့်တက်သံသာဆင်မင်းကြိုး
(ဝန်ကြီးပဒေသရာဇာ)

(ဝေဘာဂီရိ တောင်ငယ်တွင်၊ သိကြား နတ်ယာဉ်ဆင်) ၂။ (သည်ဆင်ကိုတည့် ပေးအပ်နှင်း၊ သိကြား သိကြားမင်း) ၂။ (လျှင်စေကာ၊ ထံတော်မှာ၊ ဆက်ရမည်မှန်သာ) ၂။ (နီထွေးထွေး၊ ရောင်ဖွေးဖွေး၊ ဖက်မဲ့သာပြိုင်နှိုင်းဝေး) ၂။ (ခြေသည်း လက်သည်းနီတျာ၊ နင်းစာည့် နင်းခြေရာ) ၂။ (မြင်ကာမြင်ကာ မြင်ကာဆင်မျိုး၊ ကြောက်ရွံ့ရွံ့စိုး) ၂။ (ဝေးဝေးထွက်ပြေးသွား၊ ကျူးကို မုန်းလို့လား) ၂။ (ဆီးတား ဆီးတား) ၂။ ကာ။ ဆင်ဖြူလာ၊ ဆင်နီလာ ဆို ဆို ဆိုကြလေး။ ဆင်တော်ပြောင်၊ ဆင်တော်ပြောင်၊ တောင်ပင် တောင်ရှိ၊ မျိုးဆဒ္ဒန်လေလေတည့် မျိုးဆဒ္ဒန်။

## ၅။ ဇောဓိရွက်သံကြိုး
(၁၁၃၂ခု၊ တန်ဆောင်မုန်းလတွင်၊ မြောက်ဘက်တိုက်ဝန် နေမျိုးမဟာကျော်ထင် လက်ဝဲနော်ရထာ)

(ထွေတလာလာ၊ နေမသာသာ၊ ချမ်းပင် ချမ်းမျှအေး) ၂။ [(မှိုင်းမှိုင်း ဝေဝေ) ၂။ မိုးပင် မိုးကစွေ] ၂။ မှိုင်းမှိုင်းဝေဝေ၊ တောင်လေသုတ်ဖြူး (ဆောင်းဦး ဆောင်းဦး ဟောမာ၊ ကိုယ်ထူးနေရာမှာ) ၂။ (ရွာလာရွာလာ ရော့ရော့စေ၊ လွမ်းမပြေ ထွေထူး ထပ်ချည်ငဲ့လေ၊ သံသရာ ကံဟောင်း ကပ်ချည့်ငဲ့လေး) ၂။

(မိုးရော၊ လေရော၊ ချမ်းလို့ တုအောင်နော) ၂။ (မိန်းမော မိန်းမောစိတ်ကာယ်တွင်၊ ကိုယ်ထီးနေမရှင်) ၂။ (ထိပ်တင်လေ လွန်ထွေပြား၊ ဟိုမှာသည်မှာသား) ၂။ (စံပျော် ပါးပါလို့) ၂။ ထားထိပ်တင်လေ လေတည့် ထားထိပ်တင်။

## ၆။ ဖောင်လားကြိုး

(မြဝတီဝန်ကြီး)

(ဘုံဆောင်မြင့်၊ စိန်ကြောင်ဖန်ရှိန်၊ ညီးလို့လင်းလင်း) ၂။ (ကြွားကြွားမိုးဖျား၊ သီခေါင်လေ၊ ရီမှောင်လေ၊ ဝေးရှုရှင်းရှင်း) ၂။ (ကိုးမျက်မြွာငယ်လေ စိုးစကြာငယ်လေ၊ လောက လောင်းမင်း) ၂။ (ဘုန်းတေဇာငယ်လေ၊ နှုန်းနေဖြာတယ်လေ၊ ထွန်းပဝင်းဝင်း) ၂။ (ရေနန်းဗိမာန်ငယ်လေ၊ ထူးလှကောင်းခြင်း) ၂။ (ရွှန်းရွှန်းလန်းလို့၊ လျှပ်ပန်း လျှပ်ပန်း၊ ထွေးပင်သာ ထွေးကြသောင်းတွင်း) ၂။ သီတာ ရွှေဘွေ ခင်းမှာလှ၊ ရွှေတည့်ရွှေညီလာ) ၂။ ယဉ်ရော၊ ကြယ်ရံကာ၊ သော်တာတွားသို့လေ။ ပြာခြေမှောင်ခွာ သွေ့ရှောင်၊ ရွှေဖောင်လားကွန့်လေး။ ယဉ်ရော၊ ကြယ်ရံကာ၊ သော်တာ တွားသို့လေး၊ ပြာခြေမှောင်၊ ခွာသွေ့ရှောင်၊ ရွှေဖောင်းလားကွန့်၊ များလှေ့ရံလေ လေတည့်များလှေ့ရံ။

## ၇။ ဖောင်ငင်ကြိုး

(မြဝတီဝန်ကြီး)

(ဧယျာမြို့၊ ရွှေဒွါရွှေလှေ့များ လှသောင်းသောင်း) ၂။ (နန်းချင်းနန်းချင်း၊ လော်ချီလေ ပြိုင်ညီလေ၊ ရေးလှပြောင်းပြောင်း) ၂။ (တီးရွှမ်း ခြိမ့်မောင်း၊ အေးပင်သာ အေးငြိမ့်ညောင်း) ၂။ (ပျော်ကြောင်းစဉ်လာ၊ ယဉ်တည့်ယဉ်သီတာ) ၂။ (မိုးမြေချာငယ်လေ၊ ပတ်ကုံး၊ ပတ်ကုံး၊ စိုးပင်သာ စိုးသိမ်းကျုံး) ၂။ (ပေါင်းရုံး ဆယ့်ဖြာ၊ ဦးတည့် ဦးတင်ကာ) ၂။ ဖောင်ငင်ရာ၊ ထုံဂန္ဓာ၊ မာလာသင်းပျံ့လေ့။ * ရွှေကေသီ၊ လေချီချီ၊ ဒေဝီမင်းနှင့်လေး။ ဖောင်ငင်ရာ၊ ထုံဂန္ဓာ မာလာ သင်းပျံ့လေ။ * ရွှေကေသီ၊ လေချီချီ၊ ဒေဝီမင်းနှင့်၊ ဆင်းသုဇာလေလေတည့် ဆင်းသုဇာ။

---

* "ရွှေရေသီ"ဟု အချို့မူတို့ ရှိသည်။

### ၈။ ဖောင်ဆိုက်ကြိုး

(မြဝတီဝန်ကြီး)

(စိမ်းလဲ့လဲ့ညိုပြာ၊ ဧယျာအောင်ခန်း၊ ဖောင်တော်ဆိုက်က မြန်းပါလို့ ပြည်ပြည်သူ စုံပေါင်းရှိပန်း) ၂။ နန်းနှင့် ယဥ်ရော၊ ပြည့်မျှရံ ဗိုလ်ပါ၊ ကြွေးရင့်စည်သံဝါ၊ နှဲနှင့်ရွှေတံမြှာ။ (ဆေးလေး ဆေးလေးညီညာ၊ သခေါ်လေ ငါးမည်၊ငြင်းငြင်းတံရှည်ကျူး) ၂။ (ဘယ်ရာဝင် ရှေးမှာမှ၊ တူဟန်လေတင်ရေးကြားဘူး) ၂။ ထူးချွန်အောင်၊ ကဲလွန်အောင်၊ ဝေမှောင် ကင်းလို့လေ။ မှန်သိင်္ဂီ၊ ရံရွှေညီ၊ ဒေဝီမင်းနှင့်လေး။ ထူးချွန်အောင်၊ ကဲလွန်အောင်၊ ဝေမှောင်ကင်းလို့လေ၊ မှန်သိင်္ဂီ၊ ရံရွှေညီ၊ ဒေဝီမင်းနှင့်၊ ဆင်းသူဇာ လေလေတည့်ဆင်းသူဇာ။

မှတ်ချက်။ ။(အတက်ပါ မြဝတီဝန်ကြီးရေးသော ဖောင်ကြိုး ၃ပုဒ်မှာ အလောင်းဘုရားမူးမြစ်ကိုဆည်တော်မူစဥ် ရေးသားဆက်သွင်းသော "ဘယ်ဘယ်တဲ့ ဘယ်ကမ္ဘာတွင်" အစချီ ဖောင်လားကြိုး၊ "ကမ်းကစွာ" အစချီဖောင်ငင်ကြိုး၊ "ဖျော်ဖြေလို့နေပါရင်လေ" အစချီ ဖောင်ဆိုက်ကြိုး ၃ ပုဒ်ကို လိုက်၍ ရေးသားထားခြင်း ဖြစ်သည်။

## သာနိုးပျော်ဖွယ်ကြိုး ၅ ပုဒ်

(ရွှေဘိုမင်းလက်ထက် မင်္ဂလာကျောက်မြောင်းမြို့ကို ဖန်ဆင်းတော်စံတော်မူစဥ် မြဝတီဝန်ကြီးရေး)

### ၉။ ဘုန်းတော်ဘွဲ့

(စံရာတောင် ကျွန်းလုံးသူ့ ဥဒ္ဒေါင် ကျင်ငယ်လေ၊ မင်းများထိပ်ခေါင်တင်) ၂။ (သောင်းမြေပြင်ငယ်လေ၊ ထီးဆူဆူကိုလေ၊ စိုးလို့ မိုးတော်မူ) ၂။ ဘုန်း၊ ပန်းငယ်ကြိုင်မွှေး၊ မြတ်လေးငယ်အတူ၊ ကြူပင်ကြူချည့်လေ။ လေးကျွန်းငယ်ယူသိမ်း၊ ချမ်းငြိမ်း စကြာ ပိုင်တော်မူချည့်၊ ဘုန်းတော်ရှိန်။

### ၁၀။ မြို့ဘွဲ့

ရွှေပြည်ကြီးရော၊ တည်ထွန်းကျောက်မြို့လေ။ ရွှေပြည်ကြီးရော၊ တည်ထွန်းကျောက်မြို့လေ။ (သီတာဝန်းရံကာ၊ များရေတာ၊ ပြင်ကျူး) ၂။ နက်လှပြောကျယ်စွာ၊ ကြောက်ဘွယ် ကြောက်ဘွယ်သာ။ ငါးပါးမျိုးကြာ၊ ငုံအာရေလုံးပြည့်မျှလေ။ ပြည်ကြီးငယ်နံပါး၊ တံခါးရစ်ဆယ်၊ သွယ်သွယ်သာ လမ်းမနှင့်လေး။ ရံဝန်းကာဆီးလုံ၊ ပြည့်စုံလက်နက်ပေါင်းငယ်နှင့် ကြောက်ညောင်းရန်မပြူ။

## ၁၁။ မြို့နန်းဘွဲ့

(မြို့နန်းငယ်လေ၊ သာယာမျိုးငယ်ကို၊ ဆိုသော်များ အံ့ဖွယ် ဖက်ကျွန်းငယ်သာ၊ စံတိုင်းဆောင်၊ ပြောင်ပြောင်ညီးလို့လင်း) ၂။ ရောကြီးထင်ပေါ်၊ သွယ်ဖြူးမြင့်လှလေ။ ရောကြီးထင်ပေါ် နန်းဆောင်တော် သွယ်ဖြူးမြင့်လှလေး။ (စီခြယ်ကိုးမည်သာ၊ မျက်ရောင်ဖြာ၊ မှောင်ဝေး)၂။ အံ့ရေးထပ် ပြန်ကာ၊ ရှုတဲ့သူငယ်မှာ၊ အံ့မူးငယ်သာ၊ တွေပင်တွေကြလေ မြင်တဲ့သူငယ်မှာ၊ အံ့မူးငယ်သာ၊ ဝေပင်ဝေကြလေး။ ဆောင်းတိုင်းဘုံတိုင်းမှာ၊ အံ့ရာ အခြားခြားငယ်နှင့် သိကြားနတ်ဘုံလို။

## ၁၂။ နန်းဘွဲ့

(ကိုးပါး ပေါင်းစု၊ မျက်ရှင်မျက်ရှင်၊ ရောင်ခြည်လေ ရောင်ခြည်လေ မီးရှူးထွန်းသို့၊ ပြောင် ပြောင် ပြောင် ပြောင် ပပဝင်း) ၂။ နေရောင်လားထင်ကာဆိုမှား မိမိလေ။ နေရောင်လားထင်ကာ၊ လပင် သာဆိုမှား မိမိလေး။ ရှုကြည့်တိုင်းထွေထွေ၊ လင်းလေလေ၊ ရောင်ချင်းစပ်ကြလေ။ ရှုကြည့်တိုင်း ထွေထွေ၊ လင်းလေလေ၊ ရောင်ချင်းစပ်ကြလေး။ ယဉ်မျိုးသာမျိုးစုံ၊ နတ်ဘုံမထူးခြားပါလို့ သိကြားတဆူလို။

## ၁၃။ ဘုန်းတော်ဘွဲ့

ရွှေဘုန်း ရွှေဘုန်းတော် လေစာည့်မှ၊ လွှန်ကဲ စည်ထွန်းပေါ်) ၂။ (သက်တော်ရာကျော် လျှမ်းမျှမျှ ရွှေနန်းမှာ စံကာသာ၊ ရှည်ပင်သာရှည်ကြောင်း ပပလေး) ၂။ (တောင်ဇမ္ဗူ ကျွန်းပတ်ကုံး၊ ထီးတရာ မင်းညွတ်ရုံး) ၂။ (ကျုံး သစ္စာခံလေတည့်မှ၊ ကျိုးညွတ်ကာနွဲ့) ၂။ နိုင်ငံကြေငြာ လင်းပွင့်ပွင့် သာယာစည်ပင် ပွားဆင့်ဆင့် (သံသရာဝဲခနောင်း၊ နောင်မသွေပဲကူးကြောင်း) ၂။ (ရုံးပေါင်း ညွတ် ပျောင်း၊ ထပ်လောင်းကျွန်တွေ) ၂။ ရှည်ရှည်တိုင်း၊ ကြာကြာတိုင်း၊ ငြိမ်းလေလေ ချမ်းလေလေ၊ သွေးမည်ဘဲမို့၊ နိဗ္ဗာန် ရွှေပြည်ပွဲကိုလှ၊ နွဲ့စံပျော်လေလေတည့် နွဲ့စံပျော်။

မှတ်ချက်။ ။ [အထက်ပါ မြဝတီမင်းကြီး ရေးသားသော သာနိုးပျော်ဖွယ်သီချင်း ၅ ပုဒ်မှာ စဉ်ကူးမင်းလက်ထက် စာဆိုတော်ဦးမြတ်လှ ရေးသားဆက်သွင်းသော "(၁) ယဉ်ပင်ယဉ်မျိုးပေါင်းစု၊ (၂) စည်လာနှန်းပြိုင်ရာ၊ (၃) ပတ်ဝန်းငယ်ပြည် ပြည်နန်းငယ်ကို၊ (၄) ဆန်းဆန်းထူးလှ၊ (၅) တောင်ကျွန်းတောင်ကျွန်း ညာမှာတည့်" အစချီ သာနိုးပျော်ဖွယ် ကြိုးသီချင်း ၅ ပုဒ်ကို လိုက်၍ ရေးသားထားခြင်း ဖြစ်သည်]။

## ၁၄။ အမရပူရမြို့ဘွဲ့ကြီး

(ဘိုးတော်ဘုရားလက်ထက် မင်းသား မောင်ကုတ်စေးရေး)

(ထောင်ရောင်နေ၊ မှောင်မှောင်ခြွေ၊ အမရ ရွှေဘုံမြေ) ၂။ (ရဝေ ရဝေ ရဝေနန်းမ၊ ဘုန်းတော်ရောင်ထွန်းပပါလို့လေး) ၂။ (သကာငယ်မဥ္ဇူ၊ မွှေးတည့်မွှေးလှိုင်ကြူ) ၂။ (ဇမ္ဗူခွန်ယူ ဝှန်ဆူဖြန့်မိုး၊ အုန်းပင်အုန်းခြိမ့်စိုးပါလို့လေး) ၂။ (သာမျိုး သာမျိုး ခြံရံ၊ တောင်တည့် တောင်တမာန်) ၂။ (ဆဒ္ဒန် ဆဒ္ဒန် ဆဒ္ဒန် ကြာတော၊ ရေကြည်ဖောင်းကလောငယ်နှင့်) ၂။ (အံ့ဩကုန်နိုင်ဖွယ်လေးတည့်မှ၊ ကန်ကြီးအောင်ပင်လယ်) ၂။ (ရှုဖွယ်နက်ကျယ်၊ ရှုဖွယ်ပျော်ခင်း။ နန္ဒာမြအဆင်း ငယ်နှင့်) ၂။ (မြစ်မင်းဧရာ ရံလေတည့်မှ၊ ပျော်ခင်းသည်မှာဆုံ) ၂။ (သောင်းလုံ့ လုံ့ကြေးမုံ၊ ရွှေဘုံအောင်ခန်း၊ သော်တာသစ်သစ်ဆန်းသည်သို့) ၂။ မင်းခမ်းရွှေညီ လာလေတည့်မှ မင်းခမ်းရွှေညီလာ။

## ၁၅။ စောင်းတော်ဘွဲ့ကြီး

(ဇေယျာအောင်ချာ၊ စိုးမိုးသိမ်းမြန်း၊ ရွှေပြည်သာလှ၊ တိုင်းခန်းငြိမ်းချမ်း၊ ဘုန်းမိုး ရှာသွန်းဖျန်း) ၂။ (စံခန်း မန်းဘွေလယ်၊ ခဝပ်ရွှေညီဝယ်) ၂။ (စံပယ်ခါ တော်ချိန်၊ ပဉ်တည့်သာ ပဥ္စသိန်) ၂။ (ဝတီ ညီလာ နွဲ့နွဲ့လေ။ စောင်းတော်ရွှေကြိုးသာ ဒွဲ့စေသး) ၂။ (ရစ်သွဲ့ငယ်ကျူးလှိုင်၊ သံညှင်းငယ်ပြိုင်) ၂။ (ပြည်တော်ဝေမြိုင်၊ ပုလဲဆိုင်) ၂။ (ဆေးဆေး၊ လေးလေး) ၂။ ချို- ညွှန်းမကဲ့ငယ်သို့၊ လွှမ်းရန်ပိုလေတည့် လွှမ်းရန်ပို။

မှတ်ချက်။ ။[ဇေယျာအောင်ချာကြီးမှာ ဘိုးတော်ဘုရားလက်ထက်မတိုင်မီက ရေးသားခဲ့သော "မာလာဂန္ဓာ"အစချီဒေဝဒူတနတ်သံလျက်ကောက်ကြီးကို လိုက်၍ ရေးသားထားခြင်းဖြစ်သည်။]

## ၁၆။ ဘုန်းတော်ဘွဲ့ကြီး

(ပြင်စည်မင်းသား)

(သီလာမြေယံ၊ မင်းမင်းများကေပန်လေ စိုးရတိုင်းခန်း)၂။ (ထီးပင်ထီးများ၊ ထီးရာပိုင်ငယ်လေ စိုးရသိမ်းမြန်း)၂။ (ငြိမ်းချမ်း ငြိမ်းချမ်းဒီပါလေ၊ ညီညာလေ၊ တေဇာနေဝါ၊ ဇေယျာအောင်မြို့ ခြီးဝှဲ၊ ယဉ်နွဲ့နွဲ့)၂။ ကျော်သဲဇမ္ဗူ၊ နတ်လူကြွေးသံ၊ ဖြန့်မိုးစကြာ၊ ဆက်ခါစိုးစံ၊ မင်းမင်းပေါင်းဖူးပါလို့၊ လူမှူး ကေရိန်လေတည့်၊ ပွင့်ဖူးမြတ်အာဟိန်။

## ၁၇။ နဒီမော်ပြင်ကြီး

(သီတာ သီတာ ရေကြီး၊ မျှော်တည့်သာ မျှော်ရာမနီး) ၂။ (မြစ်ကြီးမြစ်ကြီး အဏ္ဏဝါ၊ ဝဲတည့်ဝဲသြဃာ) ၂။ (သဲငွေသောင်ယံမှာ၊ ဘွယ်ရာတောင်း၊ ရှာရန်ဖွဲ့ဖွဲ့နှောင်း) ၂။ ရုံးပေါင်းရုံးပေါင်းစုံတစ်ခွင်၊ မလပ်ဗယ်ညာ ဖြိုးပါလို့၊ မိုးလုံးအပြည့်ဆင်) ၂။ ။ (စီးသွင်သွင် နဒီခြား၊ ရေဆိုင်ပေါက်သို့အလား) ၂။ ခြားနှားသီခေါင်၊ ရိမှောင်လေပတ်လည်၊ နတ်စည်တံမြွာကျူး။ ။ မြူးလာပဇ္ဈုန် လေဟုန်လေသွေးကာ၊ ရွှေရင်တုန်လို့အေး။ ။ (လေရူးဆော်လာပင်လယ်ဝေ၊ လှိုင်းထပါလို့လေး) ၂။ ။ (ထက်ခွင်ဒေဝ အဗ္ဗုန္တာ၊ ရိုက်ငြောင်းပဥ္စင်္ဂါ) ၂။ ။ (ယမုန္နာ ဟိုဘက်ကမ်း၊ ဘယ်မှာရှိလိမ့်မှန်း) ၂။ ။ယော်ကာရမ်းပါလို့၊ ဖြေမရှင် ပန်းသည်နှင့်၊ ရစ်သန်းပတ်လည်ကာငယ်လေတည့်၊ ရစ်သန်းပတ်လည်ကာ။ ။

မှတ်ချက်။ ။"ရှာရန်ဖွဲ့ဖွဲ့နှောင်း" အပုဒ်အစား "သဲမှာ ဖွဲ့ဖွဲ့လောင်း"ဟူ၍ လည်းကောင်း၊ "ရုံးပေါင်းရုံးပေါင်းစုံတခွင်၊ မလပ်ဗယ်ညာဖြိုးပါလို့၊ မိုးလုံးအပြည့်ဆင်" အပုဒ်အစား "ရုံးပေါင်းရုံးပေါင်းနေမရှင်၊ မိုးတည့်မိုးလုံးဆင်" ဟူ၍ လည်းကောင်း၊ "နတ်စည်တံမြွာကျူး" အပုဒ်အစား "ရေငှ်သံရှည်ကျူး"ဟူ၍လည်းကောင်း၊ "ရွှေရင်တုန်လို့၍အေး" အပုဒ်အစား "ရွှေရင်တုန်လို့မူး"ဟူ၍လည်းကောင်း၊"လေရူးဆော်လာပင်လယ်ဝေ"အပုဒ်အစား"လေရူးချိန်ကျရေပြင်ကျယ်" ဟူ၍လည်းကောင်း၊ "ရိုက်ငြောင်းပဥ္စင်္ဂါ" အပုဒ်အစား "ရိုက်ငြောင်းပြင်ဆင်ခါ" ဟူ၍ ရွှေနန်းထွက် မဟာဂီတတွင် စာမူကွဲများ တွေ့ရှိသည်။

"ဖြေမရှင်ပန်းသည်နှင့်" အပုဒ်အစား "နေမရှင်ပန်းပါဘိ"ဟူ၍ ဂီတ ဝိသော ခနိကျမ်းတွင် မူကွဲတွေ့ရှိပါသည်။

အထက်ပါ နဒီမော်ပြင်ကြီးကိုနောက်ခတ်မြေလတ်ဆိုင်းဆရာတဦး ရေးသည်ဟု မှတ်သားဘူးသည်။

အမှာ။ ။(အောက်ဖော်ပြပါ ဝတ်ရုံတော်ဘွဲ့ ၃ ပုဒ်မှာ ဝတ်တော်ရုံဘွဲ့သီချင်းများကို ကြိုးသဘောဖြင့် တီးမှုတ်သီဆိုကြသည့် အပိုဒ်ပြန်မှုကို ဖော်ပြထားခြင်းဖြစ်ပါသည်။

## ၁၈။ ဝတ်တော်ရုံဘွဲ့

(မှန်ညောင်သဥ္စာ ညီလာပတ်ဝန်းမြိုင်၊ ခညောင်းသဘင် ဥကင်မြင့် ရဝေဆိုင်) ၂။ ကြိုင်ကြိုင်သင်းလှိုင်၊ မွှေးပျံ့ထုံ၊ ပန်းခုံတော်ရင်းဆီက ၊ နှင်းနှင့်မြတ်လေး ဇီဇဝါ၊ ညွတ်ကာဖူးရလေး၊ ညွတ်ကာချပ်လွှာ၊ ဝတ်ညှာသင်းပျံ့၊ ပန်းမင်းသက မြတ်စုကာ၊ စုံစွာထူးလှလေး။

## ၁၉။ ဝတ်တော်ရုံမျှော်တော်ယောင်ဘွဲ့

(ခေါ်ပါယောင်နှင့်၊ မျှော်ပါယောင်လေ၊ ရည်ယောင်ကာသာ၊ တမ်းမှာရမ်းမှား) ၂။ (လုံမကလေး ဗျာပါစိတ်ကယ်ကများ) ၂။ (ခြံတော်မှသည့် ပီတ်ဖြူပီတ်

ပေါင်း၊ များတောင်းငယ်ကိုပင်၊ ချမ်းပြန်ရတယ်ရှင်) ၂။ ချမ်းအေးချမ်းအေး၊ တုန်ရင် တုန်ရင် သည်းထဲသည်းထဲ၊ ခုန်အင် ခုန်အင်၊ လုံလိုပါပဲကိုရှင်။ (မလုံချမ်းမြ၊ ပိတ်ဖြူပိတ်ပေါင်း များတောင်းပုံ၊ မလုံချမ်းမြအေး) ၂။

## ၂၀။ ဝတ်တော်ရုံဘုန်းတော်ဘွဲ့

(အတိုင်းမသိ၊ ဘုန်းတော်ကြီးပါဘိသကို) ၂။ (သတင်းငယ်လေ ကြေငြာလှိုင်ကြူ) ၂။ (တောင်ကျွန်းလုံး ထွတ်မှန်ကူ) ၂။ (ပြိုင်သူလေ၊ ဆိုင်သူလေ ရန်မြူကင်းဝေး) ၂။ (ဘယ်ဘယ်မင်းမှ ယှဉ်လှာဝံ့သေး) ၂။ (အခေါင်ငယ် စိုးပါတယ်၊ အခေါင်ငယ် မိုးပါတယ်) ၂။ (စိုးကာပိုင်ကာ ချုပ်ချည့်လေ၊ ကျွန်းတောင်ညာလုံး အုပ်ချည့်လေး) ၂။ ရွှေနန်း ရွှေနန်းသူငယ်မှာ၊ ငယ်မှုငယ်ရာသား ငယ်နှင့်၊ သနား ချစ်ခင်စရာ လေတည့်မှ သနားချစ်ခင်စရာ။

## ၂၁။ မြင်းခင်းကြိုး
(မြဝတီဝန်ကြီး)

(ဘုန်းမိုးရွာစွေသွန်းဖျန်း၊ ရွှေပြည်တော်သာ ငြိမ်းချမ်း) ၂။ [(အောင်ပန်းလူလူ နန်းမြေငှ) ၂။ သပြေဇမ္ဗူတိုင်းခန်း၊ ပိုင်တည့်သာ* ပိုင်စိုးမြန်း] ၂။ (လွတ်နန်းဘွေလယ်ဘုံဦး၊ ကွန့်မြူးစကြာ ရှင် ချည့်ချည့်လေ၊ ဓာနည်ယာဉ်ကျော် နတ်မြင်း၊ ဖက်ကင်းစက်တော် ရှင်ချည့်ချည့်လေး) ၂။ ရွှေနန်းတိုင်စင်၊ စီးပုံခွင် * အဲမောင်းလုံ့ရှင် ရေးရာဆင်၊ ရောင်တင်လျှံဖြာ၊ မောင်လွင် ပယ်ခွာ၊ ယိမ်းလူနွဲ့မူရာတည့်လေ၊ ကြင်စပန်းတင်၊ ရွှေနန်းပြင်၊ ယဉ်လှလှလေး။

## ၂၂။ မြင်းခင်းကြိုး

(မြန်ခန်းကျွန်းတွင်း၊ စံမြန်းရွှန်းလင်း၊ မှန်နန်းထွန်းဝင်း) ၂။ ။ (ဘုန်းပန်းကြိုင်သင်း၊ နှုန်းနန်းပြိုင်ရှင်း၊ ထီးစင်းရာနေ၊ ခွန်တော်ခြွေ) ၂။ ။(ဘွေမန်းစက်ဦး၊ နွေသန်းယှက်ကူး၊ လေဖျန်းရွက်မြူး) ၂။ ။ (ယာဉ်ကျော်လေတိမ်ဦး၊ မိုးသားကျူး) ၂။ ။(ဆင်ထူးဘွယ်ရာ၊ လွမ်းပုံသာ) ၂။ ။ တိမ်ပြာမိလ္လာ သိင်္ဂါ ဖွဲ့ရေး၊ အဲမောင်းစွန်တောင် ဖက်မဲ့ဝေး၊ ရေးရာဆင်လေလေတည့်၊ ကြွေးညာပင်။

---

* "အဲမောင်းလုံ့လျှင်" ဟူ၍ မူကွဲရှိသည်။

## ၂၃။ မြင်းခင်းကြီး

(လာချေပြီ၊ မြင်းများခေါင်ဘွေမှာလေ၊ ဖြိုးမျှကဲလွန်း) ၂။ ။ (နိမ့်သူဆုတ်ကြ၊ သွားလေစေငယ်လေ၊ တိမ်းလို့လမ်းရှား) ၂။ ။[(ကြွားကြွား ရွှားရွှား ဝေဝေ ပြောင်ပြောင်၊ ဝေဝေ ပြောင်ပြောင်) ၂။ ရွှေကတောင်နှင့်သာ ဝိုးဝိုးဝင်းဝင်း၊ မြင်းတွင် မြင်းများမင်း] ၂။ ။ မြင်းရွှေကြာ၊ မြင်းရွှေဝါ၊ ဖွေသာများလှလေ၊ မြင်ရွှေကြာ၊ မြင်းရွှေဝါ ဖွေသာများလှလေး၊ မြင်းမြင်း ရွှေကြာကြာ၊ မြင်းမြင်း ရွှေဝါဝါ၊ ဖွေဖွေသာ များလှလေ၊ မြင်းရွှေကြာ၊ မြင်းရွှေဝါ၊ ဖွေဖွေသာများလှ၊ ရှားလေ ရှောင်လေလေတည့်၊ ရှားလေရှောင်။

## ၂၄။ ဆင်ခင်းကြီး

ပြောင်ပြောင်ပြောင် နာဂိန်၊ စွယ်စွယ်စွယ် ရောင်ရှိန်၊ (ရဲဘုန်းပန်း၊ ပွဲလုံးလန်း၊ မှန်နန်းညွန့်ဘူမိန်) ၂။ (ရွှေဥတိန်စက်ရှိန်ပေးနှင်း၊ ဘယ်ဘယ်ရန် တိုက်လှန်ဝေးရှင်း) ၂။ ။ (လက်ျာခွင် ညွတ်တင်စွယ်ရင်း၊ ဟီသံမြေယံ သောင်းလုံးချင်း) ၂။ ။ (လေးကျွန်းစကြာ၊ လက် လက်ျာလှည့်ပါလို့၊ လို လို တော်ပြည့်ပါတဲ့၊ အောင်ပွဲတော်ခံ၊ သြဘာသံ ကြူကြူနှင့်၊ နတ်လူသံ ငြိမ့်ညောင်း အောင်၊ သောင်းမြေမြင့်ပေါ်မှာကိုလေ၊ မဟာအမရ ရွှေနန်းပေါ်) ၂။ ။ သက်တော်ရာကျော်ရှည်မည်ရေး၊ ဘုန်းဘုန်းတော် ထွန်းပါလို့၊ ကျွန်းဇမ္ဗူမြေ၊ ခွန်းယူလေပိုင်သိမ်း၊ ငြိမ်းရေသို့ အေးတယ်ကိုလေး။ ။

## ၂၅။ သကြားမင်းတုယင်သံအလိုက်ကြီး
(ဘုရင်မင်းခေါင်လက်ထက်တရုပ်ဝန်)

(နှုန်းနန်းထောက်စာ၊ ပြိုင်ဘက်ရှား၊ မိုးသကြား၊ ရိုးမမှား၊ ထင်ယော်င ဝိုးတဝါး) ၂။ (တိုင်းတလွှား၊ တိုင်းတလွှားကြွေညာ၊ ရှိန်တည့်ရှိန်တေဇာ) ၂။ (ကေရာဇ်ကယ်တည့်သာ ကေရာဇ်) ၂။ (ရွှင်လန်း ရွှင်လန်းဘုန်းခေါင်၊ ကြူးတည့်ကြူး လွန်အောင်) ၂။ သောင်းသဲအများ၊ သောင်းသဲအများ၊ (ရထားရထား ဗိုလ်ခြေ၊ မြင်းတည့်မြင်းဆင်တွေ) ၂။ (ရေမြေတောတောင်၊ ခြိမ့်အုံးအောင်၊ ခြိမ့်ခြိမ့်ငယ်လေ အုန်းအင်း၊ စုတည့်စုရုံးရင်း) ၂။ (တီးကြမှုတ်ကြ စည်ပုံမောင်း၊ ငြင်းသံသာ ဆောင်း) ၂။ သံပြောင်းသံနွဲ၊ နဲ့ပတ်သာလေတည့်၊ နဲ့ပတ်သာ။

## ၂၆။ ငါးသံလည်ကြိုး

(ရိရိဆိုင်းဆိုင်း၊ မှိုင်းမှိုင်းညိုပြာ၊ မိုးတည့်မိုးတိမ်လွှာငယ်လေ) ၂။ (မြသားတိမ်မိလွှာ၊ လွှမ်းတည့်လွှမ်းအောင်သာ) ၂။ ကျူးနှဲ့ကျူးနှဲ့၊ ကျူးနှဲ့ကျူးနှဲ့၊ ရွာ၊ (ပွင့်စငယ်ရွှေဝါ၊ ပန်းတဲ့ ပန်းမြတ်စွာ) ၂။ အခါရောက်ချိန်နီးချည့်လေ။ အခါရောက်ချိန်၊ နီးချည့်လေ။ အခါရောက်ချိန်၊ နီးပင်သာနီးချည့်လေ။ အခါရောက်ချိန်၊ နီးချည့်လေ။ အခါရောက်ချိန် နီးချည့်လေး။

**မှတ်ချက်။** ။ ဆိုင်းများ ခုနစ်သံချီ တီးမှုတ်ရာ၌၊ အထက်ပါ ရိရိဆိုင်းဆိုင်းကြိုးသီချင်းသီဆိုတီးမှုတ်ပြီးအဆုံးတွင် "အခါရောက်ချိန်၊ နီးပင်သာနီးလို့၊ မောင်မင်းကြိုက်တော်မူလေတည့်မှ၊ မောင်မင်းကြိုက်တော်မူ ပုပ္ပား ပုပ္ပား၊ တောင်တော် ရွှေပုပ္ပားရယ်က၊ ပုပ္ပါးငယ်သာ၊ တောင်တော်သာ၊ ပန်းတဲ့ပန်းမြတ်စွာ (အခါရောက်ချိန် နီးချည့်လေ) ၂။ အခါရောက်ချိန် နီးပင်သာ နီးချည့်လေ၊ အခါရောက်ချိန် နီးပင်သာနီးလို့၊ မောင်မင်းကြိုက်တော်မူလေတည့်မှ၊ မောင်မင်း ကြိုက်တော်မူ" ဟူသော သီချင်းပုဒ်ကို ဆက်၍ သီဆိုတီးမှုတ်လေ့ရှိသည်။

## ၂၇။ တောင်မြင့်စည်းစုပ်ခတ်သံအလိုက် ဘုန်းတော်ဘွဲ့ကြိုး

(သက္ကရာဇ် ၁၂၁၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့ ပြင်စည်မင်းသားရေး)

(ကျွန်းကျွန်းပိုင်သ တိုင်းခန်း၊ နေနှုန်းနန်း၊ ရွှေ့တည်သာ ရွှေဘုန်းပန်း) ၂။ (စံခန်းလျှံလန်း သီတာယာဉ်ရေ၊ မြစ်ပေါင်းဝိုက်ကာခွေ) ၂။ (ဒီပါမြေ၊ သီတာဘွေညီလာရွှေကြော့၊ မင်းမင်းခမြံ၊ စက်စုံဖူးတည့်ပွဲ) ၂။ (ကျော်သဲ ကျော်သဲသီလာမြေယံ၊ တောင်ပေါင်း စုဝေးလျှံ) ၂။ (ဟေမာစံ၊ သေလာယံ၊ အာကာပျံကွန့်၊ မျိုးထူးမျိုးဦး၊ ဆဒ္ဒန်စိုးရှူး) ၂။ ရှည်ကျူးအောင်သံဝှန်၊ မျိုးကြီးဆုယူညွှန်၊ (ခါမွန်ရွာသွန် တိမ်စွန်ယှဉ်နွဲ့၊ နတ်မိုးရွှေပဇ္ဇုန်က၊ သုန်သုန်ရေပန်းကြဲသည်နှင့်) ၂။ (ပုလဲငယ်သိင်္ဂါ။ လေးမောင်းစိန်ခရာလေတည့်မှ၊ ကျူးကျူး[illegible] ရင့်ကြွေးကြော်ငြာ) ၂။ (ခါခါလေ စုဝေး၊ နတ်ပင်နတ်တို့လေး) ၂။ ကောင်းချီးပေးပါလို့၊ ကောင်းချီးပေးပါလို့၊ ကြွေးကြော်ငြာလေ လေတည့်၊ ကြွေးကြော်ငြာ။

## ၂၈။ နတ်ပင့်ကြိုး

(မှိုင်းရိုပ်ကယ်တည့်ဝေမှောင်၊ မြိုင်မင်းဟေဝန်ချောင်လေတည့်မှ၊ သာမောမြရည်ရောင်) ၂။ (တောတောင် တောတောင် တောတောင်ကြိုင်သင်း၊ ပျံ့မွှေးရနံ့ထုံပါတယ်၊ ပန်းစုံခိုင်လုံးဝင်း) ၂။ (လေညှင်း လေညှင်းလှုံ့ဆော်ကာ၊ နတ်ပေါင်းစံပျော်ရာ) ၂။

(မာလာဂန္ဓာ သိင်္ဂါရွှေနှုန်း၊ နတ်ပန်းငုံအာသာငယ်ကို၊ ဆွတ်ကာ ချွေယူသုံး)၂။ (တင့်ဆုံးငယ်လေရွှေညီ၊ လှကြူး ကုမ္မာရီ)၂။ မဟေသီ၊ ဒေဝီရံရွှေပေါင်းငယ်တို့လေ၊ ပဥ္စသိန်လက်ချိန်သာ ရွှေစောင်းငယ်နှင့်လေး၊ မဟေသီ၊ ဒေဝီရံရွှေပေါင်းငယ်တို့လေ၊ ပဥ္စသိန်လက်ချိန်သာ ရွှေစောင်းငယ်နှင့်၊ ကြောင်းငြိမ့်ငြိမ့်သံဝှန်၊ တိမ်စွန်ဘွေဦး၊ ရောင်စုံကွန့်ကွန့်မြူးပါလို့၊ မျှော်မူးလ သော်တာလေတည့်မှ၊ ခေါ်ကျူးသက်ပေလာ။

## ၂၉။ ကျောင်းတော်ကြီးကြိုး

(ဝေဇယန်နှင့်နှုန်းငြား၊ မထူးခြား)၂။ (ရွှေကျောင်းတော်ကြီး ဘုံဆောင် ကျူးတည့်ကျူး လွန်အောင်)၂။ (ဆောင်တကာလေဆန်း၊ ထွေတလာလေပန်း) ၂။ (နေအရောင်လိုပင်၊ လအရောင်လိုပင်)၂။ (စိမ်းရရိမ်း၊ နီရရီ၊ ပြာရရာ၊ ဝါအဝါ၊ ရွှေအရွှေ၊ ရွှေတည့်ရွှေအရွှေ)၂။ (သယ်လေကျောင်းတော်၊ ကျောင်းတော်ကြူးကျော် ယဉ်လေဟန်)၂။ ဖလ်မှန်ရှိန်၊ မြနှယ်စိန်၊နေ့ခြည်ရောင်လင်းသောခါ၊ ဘယ်သူပင် ရှုဝန့်ဘူး၊ မြင့်လှဖြူးဖြူး၊ တိမ်ဆီအုံ့ကြသြမည်၊ အုံ့သြမည်၊ အံ့သြမည်)၂။ သံသသရာလေဝဋ်နှင့်၊ ကင်းအောင်ရှင်းအောင်၊ သံသရာလေဝဋ်နှင့်၊ (ကင်းကြောင်း၊ ရှင်းကြောင်း)၂။ ချမ်းမြမြကြည်စွာ၊ သာယာရွှင်ပြုံး၊ တေဇာတုန်ရိုက်ချုန်းပါလို့ မိုးလုံးတိမ်တိုက်ဖြာလေတည့်မှ၊ မိုးလုံးတိမ်တိုက်ဖြာ။

## ၃၀။ တျာသံကြိုး

**(ဝန်ကြီးပဒေသရာဇာ)**

(တေဇာအာဏာထံပြင်း၊ ဘုန်းတော်လေကြီးလှသည့်မင်း)၂။ (ဝပ်စင်း ဝပ်စင်း၊ မှူးကြီး မတ်ပေါင်း၊ အုံလာခညွတ်ပျော်ပြောင်း)၂။ (ဖိုးကြောင်း၊ ပွားကြောင်း) ၂ကြိ။ (နန်းတဲ့ နန်းတွင်းသူ၊ ဝင်းဖြူငယ်လေ၊ တေဒူလေတေထံ၊ တျာထံချန့်၊ နန်းတဲ့နန်းတွင်းသူ)၂။ ဘယ်သူထုံးပါတယ်။ (ဆံထုံးစောင်းပင်း ဗယ်တဲ့ဗယ်ခြေနင်း)၂။ (နန်းတွင်းသူလေလော၊ ဝင်းဖြူလေလော)၂။ (တွေးတော၊ တွေးတော)၂။ ကြိ။ နန်းတဲ့ နန်းတွင်းသူ ဝင်းဖြူငယ်လေ၊ တေဒူလေတေထံ၊ တျာထံချန့်၊ နန်းတဲ့ နန်းတွင်းသူ နန်းတဲ့ နန်းတွင်းသူ ဝင်းဖြူငယ်လေ၊ တေဒူလေတေထံ၊ တျာထံချန့်၊ နန်းတွင်း နန်းပြင်သူတည့်တည့်လေ (မိန့်တော်မူလေမြဲ သွေတည့်သာ သွေလှန်ဘဲ) ၂။ ကြင်နာကဲဆ၊ ကြင်နာကဲဆ၊ လောင်းထပ်ခါလေလေတည့်၊ လောင်းထပ်ခါ။

## ၃၁။ အောင်ပင်လယ်ကြာချပ်ကြီးကြိုး

(ဦးလွန်းပြေ)

(ရွှေနန်းအောင်ချာ၊ ပြဗ္ဗာရှေးဦး ဆိကလေ။ ပျော်ခင်းစံရာ နန္ဒာကန်ကြီး ဆည်တည်လို့လေး) ၂။ အကျူးယဉ်လေခြင်း၊ အဖူးငုံအာဝင်း၊ အထူးထွေလာဆန်း၊ အဖူးငုံအာလန်း။ (ရွှေကြာနီ၊ ရွှေကြာဖြူ၊ ကြူရရှုငယ် လေသင်းသင်း၊ နံ့ရှင်းရှင်း)၂။ (အိုင်မင်း အိုင်မင်း ဆဒ္ဒန်၊ ထူတည့်တူမောဟန်) ၂။ (ပုံသဏ္ဍာန်လေမကွဲ၊ ပြိုင် မသာလေပဲ) ၂။ (ပျံ့ဝဲယှဉ်နွဲ့မောင်နှံ၊ ငှက်တည့် ငှက်ပေါင်းညံ) ၂။ (စာနှံတောင်ပံ နီတွတ်။ နှမနည်းသည့် မောင်ငယ်မှာ သင်တည့်သာ သင်တိုင်းဝတ်)၂။ (သင်တိုင်းဝတ်) ၂။ (ချည်ခင်စွပ်ကယ် ကြင်ဖော်သွေးလို့လေ၊ ကြာဖတ်ကို သင်ကာန္တေးလို့လေး) ၂။ (စုစုငယ်လေ သီးသီး၊ ဝေးပင်ဝေးမနီး) ၂။ (ရွှေပြည်ကြီး လယ်သူ၊ ထွားတည့်ထွားနအူ)၂။ ကျူစ္စာသံဝါချို့နှု၊ သျှင်ပင်အင်းခရုငယ်နှင့်လေး၊ ကျူစ္စာသံဝါချို့နှု သျှင်ပင်အင်းခရုငယ်မှာ (ကျွတ်ဆုငယ်တိုင်၊ ကြာခိုင်ကြာခိုင် နှင့်နှင့်လေ၊ တူပြိုင် ယှဉ်ပြိုင်ဆင့်ဆင့်လေး) ၂။ နှင်းနှင့်ထုံပန်းစံပယ်ခေါင်ရန်း၊ သော်မော်အပြည့် လျှမ်းပါလို့၊ မင်းလမ်းစပ် ကာကာလေလေ တည့်မင်းလမ်းစပ်ကာကာ။

## ၃၂။ အောင်ပင်လယ်ကြာချပ်ငယ်ကြိုး

(ဦးလွန်းပြေ)

(မင်းလမ်းစပ်ကာ၊ လူးလာပြန်သွား၊ ရွှေပြည်မြို့ကြီးသူငယ်မှာ၊ တိုးပင်တိုး မအား)၂။ (လက်ဖျားဆွတ်ကာကာတည့်လေ၊ သက်ထားတူမကွာတည့်လေး)၂။ (ဘုန်းပန်းစက်ခြည်၊ ရွှေပြည်တော်နှင့် မဝေး မဝေး၊ မေရုစာတ်တော်၊ ကိန်းဝပ်ပျော် တောင်တော် မန္တလေး)၂။ (ကြင်ရေး ကြင်ရေး မေတ္တာနှောင်၊ ဆက်တိုင်း၊ ဖူး ရအောင်)၂။ (ရွှေညောင်ရေတည့် သွန်းလောင်း။ သွန်းတည့် သွန်းလောင်းလောင်း)၂။ (နှင်းပေါင်း ပန်းပေါင်း) ၂။ နှင်းပေါင်းရည်နှ[illegible]ညနေ့တိုင်းပင်လေလေ တည့် ညနေ့တိုင်းပင်။

## ၃၃။ အလောင်းမင်းတရားကြီး မူးမြစ်ကို ဆည်တော်မူစဉ် ရေးသားဆက်သွင်းသော သာနိုးပျော်ဖွယ်ကြိုးဟောင်း

(သက္ကရာဇ် ၁၁၂၀ ခုနှစ်)

(ကြောက်ဘွယ်ဘုန်းတန်း၊ ဖြစ်ခဲ့ထူးဆန်း၊ ရန်သူဆိုကဝေးတောင်း။ သိုက်ကျ မင်းလောင်း၊ ဂိမှာန်ကာလကူးပြောင်း၊ ပေါက်လုမူးကြောင်း၊ မူးမြစ်သီတာ၊ ချမ်းအေးကြည်စွာ၊ နန်းရန်ကမ်းသို့ရောက်ချည့်လေ။ ပြွန်တာရည်ဆောင်ကုန်းဘောင်

ပြည်သို့ပေါက်ချည့်လေး) ၂။ (ကြဲလေခြင်း၊ စည်လေခြင်း၊ သယ်လေမင်းရှင်)၂။ (မြစ်စကမ်းနား၊ မြစ်စမြစ်စကမ်းနား၊ ပြည်ရွာပြည်ရွာ တိုင်းကား၊ ဝပြောသာလို့လို့) ၂။ (ရေမိုးဆန်များ၊ ဝပြောသာလို့လို့) ၂။ (မိုးကဲမိုးကဲရည်အောင်သာ၊ ထိပ်ထားရှာဖွေရာ)၂။ (ဟာမာ၊ ယာမာ မျှမျှလေ။ ထက်နတ်ပြည်လုံး တူရေးမှတ်ကြတွေး) ၂။ (နန်းနှင့် မြစ်ကယ်မှာ၊ များတည့်များမကွာ) ၂။ (ပျော်ရာ၊ ပျော်ရာ၊ စံကွန်း၊ သာယာစည်ပင်ထွန်း) ၂။ (ဂီမှာန်ရေသွန်း၊ ပျော်မြူးလန်း) ၂။ တောင်ညာ ဒီပါကျွန်းကိုတည့်၊ တေဇာနေဝါလန်းပါလို့၊ သိမ်းမြန်းစိုးတော်မူလေတည့်၊ သိမ်းမြန်းစိုးတော်မူ။

## ၃၄။ ပင်လယ်နတ်ကြီးကြိုး

(ဘကြီးတော်ဘုရားလက်ထက်မြဝတီမင်းကြီး)

(ပုံနှုန်းဝတိန်သာ၊ ယှဉ်စရာလေ ဖက်ကင်း ဖက်ကင်း၊ ဖျံ့ကြွယ်ကြိုင်မြူးသင်း) ၂။ (ထိန်ဝင်း ထိန်ဝင်း တေဇာလျှံဖြာ၊ ထွန်းနေဖလ်ဝါ)၂။ (အာဏာနေအရောင်တည့်မှ၊ စံရာဘွေအခေါင်)) ၂။ (မြန်ဘောင်လေဖြာဖြာလင်း၊ နတ်မှာ ရည်တူခင်း)၂။ (ရာစင်း ရာစင်း ထီးကုန်အောင်၊ တိုင်းတည့်တိုင်းပြည်ထောင်) ၂။ (ခွန်ဆောင်ခွန်ဆောင် ဆက်သလေ၊ ပြည်ထောင် ပြည်ထောင်ညွှတ်ခလေး) ၂။ ရွှေနန်းရွှေနန်းအောင်မြေ၊ လျှံပြောင်ပြောင်ဝေ၊ မြစ်ပေါင်းငယ်ဝိုက်ကာခွေ၊ မင်းဝန်တောင်ချက်ဘွေ။ ။ (ကျွန်းနေ ခေါင်းဖျား မှန်လှလှလေ၊ ဘုန်းနေဝါဝင်း၊ ကျော် ကျော်၊ ကျော်နံ့သင်း) ၂။ (အထွေထွေသာ၊ နတ်များဏ္ဍက္ခာရှင်လေ၊ တေည့် ကေရာ။ ။ စကြာဆောင်ရရမှန်၊ မှန်၊ မှန်၊ လှလေး)၂။ (စုံပေါင်း စုံပေါင်း ယှက်ကာသာ၊ ရှိဦးပန်မြွက်ကာ) ၂။ (သက်တော်လေ ရှည်စေသား၊ ရာကျော်ရှည်စေသား) ၂။ ပြည်ပြည်သူများငယ်က၊ ပြည်ပြည်သူများငယ်က၊ ညွတ်ထွားရှိပန်ထွာလေတည့်၊ ညွတ်ထွားရှိပန်ထွာ။

## ၃၅။ တောင်သမန် လှိုင်းကြက်ခွပ်သံကြိုး

(ဗျာသီဆယ်ရွာစား ဦးလွန်းပြေ)

(မင်းလွင် မင်းလွင်မှိုင်းအုံ့၊ လေပြေ လေညင်းလျှံ့ပါလို့လေး) ၂။ (ကဆုန်နယုန်ချိန်ခါ၊ ပြည်ကြီးတောင်လက်ျာ) ၂။ (သောင်းယူဇနာ ကျယ်ဝင်း၊ တောင်တမန်တည့်အင်း)၂။ (မြစ်ချင်း မြစ်ချင်း ဟင်းငံ၊ လှိုင်းတည့် လှိုင်းပေါ်စံ)၂။ ငါးတံငါးတံ၊ ငါးတံခုံးမ၊ ငါးလူးသမီး၊ ငါးလဲကြီးငယ်ကို၊ ဇနီးမတော်ရတည့်လေ၊ ငါးလူးသမီး၊ ငါးလဲကြီးငယ်၊ ဇနီးမတော်ရတည့်လေး) ။။

(မှုင်စငယ်လေဖားလျား၊ ငါးနောက် ငါးနောက်သွား) ၂။ (ကမ်းနားမှာခို၊ ပြိုချည့် ချည့်လေ၊ ကမ်းနားမှာခို၊ ပြိုချည့်ချည့်လေး)၂။ (ထန်မြူးလေမုန်တိုင်း၊ တံပိုးပင်လယ်လှိုင်း၊ ဂလိုင်ဂလိုင်ညီညွတ်၊ လှိုင်းပင် လှိုင်းကြက်ခွပ်ကယ်နှင့်လေး)၂။ ရေနက်မှာ ရွှင်ပျော်မြူးကြလေ၊ ခွေညွတ်ကယ် မြင်သူမူးမျှလေး၊ ခွေညွတ်ကယ် မြင်သူမူးမျှလေ၊ ရေနက်ကယ် ရွှင်ပျော်မြူးချည့်၊ ထူးထွေလာလေ လေတည့်၊ ထူးထွေလာ။ ။

## ၃၆။ ဘုန်းတော်ဘွဲ့ကြီး

(ထွန်းလင်းတောက်ပရောင်ခြည်၊ ပွင့်ပျှံ့စည်၊ ဘုန်းတောက်ပနှုန်းနှင်း၊ ပထွန်းဝင်း) ၂။ ။[(မိုးနှင့်မြတ်ရာစံရွှင်ကာ) ၂။ ။ အံ့ရာအကြူးကြူး၊ လှိုင်းတမြူးမြူး] ၂။ ။ (ဆန်းထူးဖြာသာလှလှလေ၊ ဘုန်းမိုးဇွေ၊ ဇွေလှလှ လေး)၂။ ။(ယဉ်မျိုး ယဉ်မျိုးချုပ်ယူ၊ စိုးတော်မူ) ၂။ ။(နှိုင်းနှုန်းဘက်ယှူ၊ မိုးမှာလူ)၂။ ။ နတ်တူ စံမြန်းရရလေ၊ မြတ်ခြွေရံစမ္ပယ် ခခလေး။ (ဘုန်းပန်းထိန်ဝင်း၊ လှိုင်ပျံ့ပျံ့သင်း) ၂။ ။ (ဝင်းပလှာ၊ ထွန်းသော်တာ၊ အံ့ရာစည်လေမောင်း၊ ယဉ်လေ ယဉ်လေပျောင်း) ၂။ ။ (ရာထောင်ပေါင်းမြင့်မြင့်) ၂။ ။သောင်းခြံရံ လေလေတည့်၊ သောင်းခြံရံ။ ။

မှတ်ချက်။ ။ အထက်ဖော်ပြပါ ထွန်းလင်းတောက်ပ ဘုန်းတော်ဘွဲ့ကြီးကို နိုင်ငံတော် စာကြည့်တိုက်ရှိ ပေစာဆူတွင် ဂယက်ငယ်အလိုက် ကြိုးဟူ၍ တွေ့ရှိရပါသည်။

## ၃၇။ ဇာင်းကလောပြွန် ရေဆင်းကြိုး

(အဆိုတော်မယ်လုပ်)

(စံရာဘုံမြင့် ညီလင်း၊ ဝေယန်နှုန်းမယွင်း) ၂။ (ရာပြည်ပြည်မင်း မှန်ကူ၊ ထွတ်ထိပ် သယမ္ဘူ) ၂။ (စံတော်မူ၊ လျှံလူအောင်မြေ ကျွန်းဝယ်ပလေ။ ရှုငြောင်းအိ၊ ရှေ့ဆီပြုဗ္ဗာ စွန်းမှာတည့်လေး) ၂။ (ဖြူဝန်းပြာခြေ၊ ဝါရွှေစိမ်းစို၊ ခိုလှဲ့လှဲ့၊ ညိုနွဲ့နွဲ့၊ အိုဘဲ့ကြာမျိုး၊ မောက်ဖြိုးတူးတဆန်း) ၂။ (တင်းကျမ်းတင်း ကျမ်း မြရည်ရောင်၊ ငှက်တည့် ငှက်မယ်မောင်) ၂။ (သာခေါင်ကြေ အညာလေ တည့်မှ၊ ယဉ်ဘောင်ရေသီတာ) ၂။ (သံသာဖိုမအေး၊ တွန်ကြော်ကျူးရင့်ကြွေး)၂။ (မြစ်တွေးတွန်သံသာပင်သာချည့်လေ။ ချစ်ရေးတူမကွာတည့်လေး) ၂။ (ဖွေးဖွေး ဖွေးဖွေး ရေလျှံ၊ လှိုင်းတည့် လှိုင်းပေါ်စံ) ၂။ (ငါးတန် ငါးတန် ငါးတန် ငါးကြင်း၊ ငါးဖယ် ငါးပြားစင်းငယ်နှင့်)၂။ (ပြွန်ရင်းပြွန်ရင်း ဆိုက်ကာကာ၊ ချင်းတို့လိုက်ဘာသာ)၂။ (မြူးပျော်ကာ ယှဉ်ပြိုင်သွား၊ ငှက်စုံရွှေလီပ်ငါး) ၂။ (စီးတွေတွေ သားငယ်နှင့်၊ ရေပေါ်မှာ သွားပါလို့၊ များတောင်းပင်လေတည့် များတောင်းပင်။

## ၃၈။ အပြင်တီးဖြေကြိုး

(ဝေယန်လှိုပင်၊ ရောင်ရှင်လင်းလင်းညီး၊ သီးသီးခြား၊ များကွန့်မြူး၊ ထူးရုံးပေါင်း၊ သောင်းလုံးခြား) ၂။ (စိန်ကြောင်ပတ္တမြား၊ ကိုးမျက်ပွင့်သား) ၂။ (နှန်းရှား၊ ဖက်ပြိုင်ကာ၊ ရွှေနန်း ဘုံဆောင်မှာ) ၂။ (မိုးကုန္တာ၊ နတ်ဖြဟ္မာ၊ တွေးကြံမှတ်ထင်ကာ) ၂။ (နှစ်ပါးပျော်စံရာ) ၂။ (ထီးဆောင်း၊ မင်းပေါင်း) ၂။ စကြာလေရွှေဖွား၊ ညွှတ်တွားရှက်ဆင်ကာတည့်လေ။ ဆဒ္ဒန်လေငွေသား၊ အများဆက်ကညာလေတည့် ဆက်ကညာ၊ ဘယ်ရာဝင်မှသာ၊ ကြားဘူးနိုင်အောင်သာ။ သိဟာဘွေမြင့်မှာ၊ ရှိကြာရွက်ကာ စက်ဦး။ ခြူးညောင် ဆောင်မြင့်မှာ၊ ရွှေသန်းညာ၊ စံပျော်ကာ။ ရှေ့ပြဗ္ဗာကသာ၊ စကြာရောက်လှာသီးသီး။ (ပြီးစီးမြောက်စေလျှင်၊ ချီးအုံကုန်နိုင်ပင်) ၂။ (နှန်းအင်ဘက်ကင်း) ၂။ (ထိန်ဝင်းမြေပေါ်၊ ရွှေတေဇော်လျှံကဲ၊ ထွန်းပလို့ရဲ) ၂။ (ကျော်သဲ ကျော်သဲခြိမ့်သောင်၊ ကြူးတည့်ကြူးလွန်ဆောင်) ၂။ (မင်းဝံတောင်ငယ်လေ၊ သာကြင်နန်း၊ ခက်ဖြာစိမ်းလဲ့လန်း) ၂။ (ဇေယျာမြေမြင့်ညာနန်းဘောင်၊ ရောခွေလှည့် ယှက်သန်း၊ မင်းဝံတောင်ညွှန့်ခန်း) ၂။ (နန်း ရွှေဝဘုံငယ်မှာ၊ နိုင်းရဝတိန်သာ) ၂။ (သာယာ သာယာ ရင့်ကျူး၊ နပျိုဆန်းလို့ထူး) ၂။ (စံပျော်မြူးပါလို့) ၂။ ကြူးအောင်ပင် လေလေတည့် ကြူးအောင်ပင်။

## ၃၉။ သိကြားခလုတ်ကြိုး
### (ဝန်ကြီးပဒေသရာဇာ)

(ရွှေပင်ရွှေဘုန်း ပပဝင်း၊ မွေးပင်မွေးနံ့သင်း) ၂။ [(ညှင်းညှင်း) ၂ သာယာလေတည့် လေပြည်လာ] ၂။ (ရှုကာတည့်စိမ်းလန်း၊ ညိုတည့် စိမ်းစိမ်းလန်း) ၂။ (ထူးဆန်း ထူးဆန်း) ၂ ထွေ။ (ပန်းမြစေသာ၊ ပုံပင်ပုံချည့်လေ။ ပန်းမြစေသာ၊ ပုံပင်ပုံချည့်လေး) ၂။ (ဝန်းကျင် ပတ်ကုံး၊ ကန်ကန်အားလုံး) ၂။ [ကုံးလို့ထူးခြား၊ (ချရား)၃ ကုံဂေါ် စွယ်တော်တည့် လောင်းပန်း၊ ခေါင်တည့် ခေါင်ရန်းပန်း] ၂။ (မောက်မိုအင်ကြင်း၊ နီဝင်းဇော်တ၊ သော်ကလေ။ မဟာလှေကား၊ ဆတ်သွားလှိုင်ပျံ့၊ ကြိုင်နံ့မွေး) ၂။ နှင်းနှင့်သစ္စာ၊ နော်ဇာတည့်ရှီးရှီးရဲ၊ ထွေတည့်ထွေထူးကဲ။ စံပယ်စံဖီ၊ သရဖီတည့်မွေးမျိုးဆန်း၊ ထွေတည့် ထွေထူးဆန်း။ (ထူးဆန်းပန်းအိလက်တံရှည်ငယ်၊ ကြက်ရုံးမွေးလှ မဥ္ဇူပျံ့ရှား၊ သာထွန်းဖြူဖွာ ပွင့်အာငုံသေး၊ ပန်းပင်ပန်းမြတ်လေး) ၂။ (ရေမှာလေ၊ ပစ်ထားလေ၊ ဆတ်သွားလေ၊ ဒန်းများလေ) ၂။ ချယားချယား ယင်းမာ၊ ဇီတည့်ဇီဇဝါ၊ ချယားငယ် ယင်းမာ၊ ဇီတည့်ဇီဇဝါ။ (ခတ္တာ ခတ္တာ ခတ္တာပုန်းညက်၊ ဒန့်ပင်ဒန့်ဒလက်ကယ်နှင့်လေး) ၂။ (ရွှေလက်ကယ် လုဟန် ဆန်းလှလေ၊ နွယ်ပန်းငယ် ခွာညိုလန်းစလေး) ၂။ (ပွင့်စပန်းက

လန်းကားကား၊ အခြားခြား၊ ဖြူတည့်ဖြူထွားထွား)၂။ ရေခမိုးနှင့် လက်တံရှည်၊ လှိုင်ညီ ဖြိုးမျှလေ။ ရေခမိုးနှင့် လက်တံရှည် လှိုင်ညီဖြိုးမျှလေး။ ရေခမိုးနှင့် လက်တံရှည်လှိုင်ညီဖြိုးမျှလေ။ ရေခမိုးနှင့် လက်တံရှည် လှိုင်ဖြိုးမျှ၊ ပီတောက်ပန်း၊ ပီတောက်ပန်း၊ ထူးထွေလာ၊ ထူးထွေလာ။ နော်ဇာသဇင်ပန်းငယ်နှင့်၊ လောင်းပန်း လက်တံရှည်လေလေတည့်၊ လောင်းပန်းလက်တံရှည်။ ။

## ၄၀။ အတွင်းတီးဖြေကြီး

(ခွဲခွဲခြားခြား၊ လားလားမုန်းထား၊ ကျွန်မမှာ မိန်းမသား) ၂။ (နေမပျော်ဘူး၊ စိတ်ထဲမှတ်စွဲ၊ ကျွန်မကို မုန်လေနဲ့) ၂။ (ဝမ်းကွဲ၊ ဝမ်းနဲ့) ၂ လေအောင်။ (ထွေထွေပြားပြား၊ ဆန်းဆန်း ထူးထူး၊ ဘယ်ခင်းမှရှိပါဘူး) ၂။ (ဇာနာပါဦး ထိပ်ထား၊ တွယ်တာပါကောင်းရှင့်ဘုရား၊ သည်သာ ပြေကြောင်းလျှောက်ထား၊ ဝမ်းမှာသာ ဆူးလို့သား) ၂။ (မိန်းမူးမိန်းမူး) ၂ မှိုင်။ [(တွေးတောရင်း၊ လုံးလုံးနှင်း) ၂။ မိမိမယ်သာ ပူဆွေးလွမ်း] ၂။ [(ညှိုးငယ်လေ)၃ နွမ်းလျ၊ သမ်းပျောင်း တွေမှိုင်ကာ] ၂။ တမ်းယောင်ပူလောင်ဆာ၊ ထိပ်တင်မကြင်နာ၊ ဖြေလည်းပြေပဲ၊ (ဝမ်းကွဲပျောင်းပျ၊ လွမ်းကြောင်းရုံးပေါင်းထား) ၂။ ကြံကာထွေပြား၊ စကားတောင်နှယ် ပုံချည့်လေ။ ဆိုယောင်မြည်တမ်း၊ မချမ်းစိတ်မှာ၊ ပူပူချည့် ထိပ်ခေါင်တင် လေတည့်မှ၊ ထိပ်ခေါင်တင်။ (ဝိုးဝိုးဝါးဝါး မှားမှားယွင်းယွင်း၊ အိုက်ဆိုးလှခြင်း) ၂။ တော်တည့် တော်ပါမည်လို့သာ၊ အကုန်လုံးလုံးနှင်း။ ထိပ်တင်ကြင်ပါမည်လို့သာ၊ ယုံမိမိမှား (မှားချေပြီ) ၂။ (ပွားတောင်းများတောင်း၊ ကျူးတောင်း ကဲတောင်း၊ ဆင့်ကာထပ်ပြန်လောင်း) ၂။ (အောက်မေ့ကြံကာ၊ မှိုင်လို့သာ၊ ဖြေမပျော်နိုင်ဘူး) ၂။ (ဖျော်ဖြေပါ) ၂။ (မယ်သာသည်းထဲ ဆူးလို့လို့၊ လားလား ဖြေနိုင်ဘဲ) ၂။ (မြိမြိစွဲမိမိ၊ သည်းထဲ ဝမ်းထဲ မှာသာခွေကာ) ၂။ (ထိပ်တင် မကြင်နာ) ၂။ သွေလွဲပြေပဲ၊ (ဝမ်းကွဲပျောင်းပျ၊ လွမ်းကြောင်း ရုံးပေါင်းထား) ၂။ ကြံကာထွေပြား၊ စကားတောင်နှယ် ပုံချည့်လေး၊ ထိပ်တင်ပျော်မြူး၊ အထူးချစ်ယောင် ဆောင်ချည့်။ ငါမင်းကိုသာ၊ အာဏာထွေပြား၊ တေဇာဘုန်းအား၊ ဝံ့မည်လားလို့၊ စိတ်ထားစွဲတော်မှူလေလေတည့်၊ စိတ်ထားစွဲတော်မှူ။ ။

## ၄၁။ မြင်စိုင်းဆရာပန်ကြီး

ခန်းတွင်းရိပ်သာ၊ မယ့်စက်ရာ၊ နေလည်းစိတ်မှာ ညစ်တော့သာ၊ ထွက်ခွာ၊ သွားလည်းပျော်ပါဘဲ။ ။ သည်းကြားစိတ်ဝယ်။ ထိတ်ထိတ်ကယ်၊ နေလဲ ချားနှယ်၊ အူချာလယ်၊ အုတ်ထွေသောသော၊ ဖော်ချင်းနှော (နှီးနှော၊ ပြောဟော)၂။

ဖြေ။ ။သည်းထဲငယ်ဆူ၊ အူချာအူချာကကလေ၊ အလွမ်းငယ်ထွေ၊ ဗွေလယ် ဗွေလယ်ကကလေး၊ တသောင်းငယ် မြေပြင်၊ စိုးသည့်ရှင်၊ မြင်ပါမြင်ပါလှဲ့လှဲ့လေ၊ အရှုးလိုပင်၊ မယ့်ရုပ်သွင်၊ မြင်ပါမြင်ပါလှဲ့လှဲ့လေး။ ။ အကျူးမိုးဖျား၊ ထိအောင်သား၊ စကားငယ်သာဖြူး၊ မိန့်သာမိန့်သာဦး။ (ဝမ်းမြူးဝမ်းမြူး)၂။ မြူးလေအောင်။(မိန့်ပါမြောက်တောင်၊ ကျူးတောင်းကဲတောင်း၊ဆိုသာပေသည်ဟာများ၊ တိမ်းနွဲ့ပါး)၂။ (သနားကင်းတော်မူချည့်လေ။ စကားယွင်းတော်မူချည့်လေး)၂။ (ရှင်လန်းရှင်လန်း ပျော်ဘွယ်၊ သွားစမွယ်) ၂။ (မိန့်တော်မူလေလဲ သွေတည့်သာ သွေလှန်ပဲ) ၂။ အူချာထဲက၊ အူချာထဲက ဇွဲလှာသည် လေလေတည့်၊ ဇွဲလှာသည်။ ။

**မှတ်ချက်။** ။"သည်းကြားစိတ်ဝယ် ထိတ်ထိတ်ကယ်" အပိုဒ်အစား "သည်းချာစိတ်ဝယ် ထိတ်ထိတ်ကယ်" ဟူ၍ ဂီတဝိသော ခနီကျမ်း ဒုတိယနှိပ်ခြင်း ၌ လည်းကောင်း၊ "သီးခြားဆိတ်ကွယ် တိတ်တိတ်ကယ်"ဟူ၍ မဟာဂီတ ပေါင်းချုပ်၊ ရွှေနန်းထွက် မဟာဂီတနှင့် ဦးဘိုးခေါင် ပုရပိုက်တို့တွင် စာမူကွဲများ တွေ့ရှိသည်။

"စကားငယ်သာဖြူး" အပိုဒ်အစား "စကားငယ်သာကျူး"ဟူ၍ ဂီတဝိသော ခနီကျမ်း (ဒုတိယနှိပ်ခြင်း)၊ ၌ စာမူကွဲများ တွေ့ရှိရသည်။

"မိန့်ပါမြောက်တောင်"အပုဒ်အစား "မိန့်ဟကောင်းတောင်း"ဟူ၍ ဂီတဝိသော ခနီကျမ်း (ပထမပုံနှိပ်ခြင်း)၊ မဟာဂီတပေါင်းချုပ်၊ ရွှေနန်းထွက် မဟာဂီတနှင့် ဦးဘိုးခေါင် ပုရပိုက်တို့တွင် တွေ့ရှိ၍ "မိန့်ဟပြောင်းတောင်း" ဟူ နိုင်ငံတော် စာကြည့်တိုက်မှ ပေအမှတ် ၁၀၁၄တို့တွင် စာမူကွဲ တွေ့ရှိရသည်။

"ဆိုသာပေသည်ဟာများ တိမ်းနွဲ့ပါး" အပိုဒ်အစား "နှုတ်ညွန်းလန်းလန်း၊ ထူးထွေဆန်း ဆိုပါလေ သည်ဟာများ၊ တိမ်းနွယ်ပါး၊" ဟူ၍ မဟာဂီတပေါင်းချုပ်၊ ရွှေနန်းထွက် မဟာဂီတ၊ နိုင်ငံတော်စာကြည့်တိုက်ပေအမှတ် ၁၀၁၄နှင့် ဦးဘိုးခေါင် ပုရပိုက်တို့တွင် စာမူကွဲများ တွေ့ရှိရသည်။

"အူချာထဲက၊ အူချာထဲက၊ ဇွဲလှာသည် လေလေတည့်၊ ဇွဲလှာသည်" အပိုဒ်အစား၊ "ကြင်နာသာကဲပါလို့၊ ဆွဲရစ်ခွေတည့်၊ ဆွဲရစ်ခွေ"ဟူ၍ မဟာဂီတပေါင်းချုပ်၊ ရွှေနန်းထွက်မဟာဂီတနှင့် ဦးဘိုးခေါင် ပုရပိုက်တို့တွင် စာမူကွဲများ တွေ့ရှိရသည်။

"စကားယွင်းတော်မူချည့်လေး" အပိုဒ်နှင့် "ရှင်လန်းရှင်လန်း"အပိုဒ်၂ပိုဒ်တို့အကြား၌ "ကေရာဇ်မှာလေ၊ ကေရာဇ်မှန်ရင့်လောင်း၊ တိုင်းပြည်ဆောင်ပေါင်း"ဟူသော အပိုဒ်ကို အချို့ထည့်သွင်း သီဆိုတီးမှုတ်ကြသည်။

## ၄၂။ မိုးဘွဲ့တောကြားကြိုး

(မိုးမင်းလွန်ကဲ၊ အုံ့ဖွဲ့စွေကာ၊ ရွာပင်သာရွာလှ၊ ပင်လုံးလန်း၊ ကားကား၊ ငွါးငွါး၊ ရုံးဆင့်ဆင့်မြိုင်ဖျား၊ နှုးညွတ်စေဘွယ်သား) ၂။ (ရွှေသားနွယ်တာချိန်၊ ထိန်မြမြ၊ ဝါရွှေရွှေ၊ နီပြေပြေဝင်းဖန့်၊ သင်းနံ့လှိုင်ထုံ၊ ပန်းစိစိရုံ) ၂။ (ရွှေဘုံ၊ ရွှေဘုံ၊ ရွှေဘုံနယ်ရေး၊ ထင်မြင်မိယောင်သေး)၂။ (ဝေး၊ ဝေး၊ ဝေးရပ်မြေ ထွေထွေခြား၊ မြင်ယောင်သား၊ လားလားပြေဖွယ် ကြုံလေတည့်မှ၊ လွမ်းရေးချိန်သင့်

ဆုံ) ၂။ [(ရှိမှန်တည့်မှိုင်းမှိုင်း) ၂။ သွယ်လျား၊ နယ်ခြား၊ ဖန်တော်အား၊ မြင်လေ ငြား၊ ထွေပြားစိတ်ကယ်ပုံ ပုံပုံချည့်ချည့်လေ။ ။ ဘယ်ဝယ်သုန်၊ လှုံ့လှုံ့ လှုံ့ခွင့်ငယ်၊ ဖင့်နှေး၊ ချင့်တွေးခါကုန်၊ ယုံယုံယုံမိမိလေး] ၂။ (လွမ်းရေး၊ လွမ်းရေး၊ ခြယ်လှယ်နှောင်၊စုံတောသည်မြိုင်ချောင်)၂။ (ပန်းသင်ညောင်မှာလေ၊ ပျော်နိုင်ခင်း၊ သည်မယ်တကိုယ်ချင်းဟာမို့) ၂။ ရောင်းရင်းဖော်မပါ။

## ၄၃။ မြင်စိုင်းကြေးခရာသံကြီး

(ညာသပြေဘောင်ကျွန်းတွင်း၊ ဘယ်ထီးစင်း) ၂။ ဘုန်းချင်း နှုန်းတွင်း စံဝေးကင်း) ၂။ (သနင်းငယ်ခေါင်ချာ၊ မှန်လှဦးညွတ်ရာ) ၂။ (ကြေညာ တေဇာ၊ ထွန်းညီး၊ ကျော်တဲ့ ကျော်ဝေးနီး) ၂။ (တိုင်းသီးကျွန်းလုံး၊ စံသိမ်းကျုံး)၂။ (နှလုံး ငယ် ရေသီတာ၊ လူပေါင်းကြည်လင်ကာ) ၂။ (မြတ်ရာအောင်ဆုယူ၊ ရှေးရှူခါတည့်၊ နောင်လာပွင့်မည်လောင်း)၂။ (ဘုန်းပေါင်း၊ ရှေးကြောင်း)၂ ဖန်။ (ဉာဏ်ပဒေသာ၊ ဖလ်ရဝေချာ၊ မှန်မသွေကာ၊ စံတထွေလာ ပညာရောင်ဝါထွန်မြူး၊ လွန်ကဲကြူး)၂။ ကေရာတွင်၊ ထွတ်ထိပ်တင် ယှဉ်ကြလေ။ ရာဇဝင်တွင် စကြာရှင်၊ ယဉ်လှလေး။ ဇမ္ဗူချာ အာဏာလွှမ်းလို့လေ၊ သမ္ဘာတည်၊ ရွှေစည်ရွှမ်းလို့။ ပြည်ထဲရေး သာချမ်း အေး၊ ရှင်ငြိမ်းဆေး၊ ရန်မျိုးဝေး၊ ရွှေဘုန်းညီး၊ ကြဲတိုင်းပြီး၊ ရည်တိုင်းလင်း၊ ဆင်ဖြူငွေရောင်နှင်းဆက်သ၊ ဆင်ဖြူငွေရောင် နှင်းဆက်သ၊ စိုးပိုင် ယူလေလေတည့် စိုးပိုင်ယူ။

## ၄၄။ သိကြားမင်းရှုသင်းသံကြီး

(တရုပ်ဝန်)

(ပုံပမာ၊ ထွေထွေသာ) ၂။ ဒေဝရာလိုပင်၊ ကေရာကိုရှင်။ အသွင်ယဉ်မျိုး၊ ပမာတူရိုး၊ ဇမ္ဗူကျော်ဟိုး၊ အခေါင်စံစိုး။ နေမျိုးစည်ထွန်း၊ စံညွန်းရွှေနန်း၊ ဟိုရှေး ဟိုမင်း၊ ပုံခင်းတူပဲ။ (အာဏာရွှေလက်ရုံး၊ ကြေညာတိုင်းလုံး) ၂။ (နှိုင်းမနှုန်း ထွေထွေဖြာ၊ ရွှန်းရရွှန်းရောင်ဝါ) ၂။ (ဘုန်းတန်းတေဇာ ညီးညီးလင်း၊ လားလား မြူမှောင် ဝေးဝေးကင်း) ၂။ မဆိုင်မပြူ၊ ဇမ္ဗူတခွင်၊ အထင်အပေါ်၊ အကြော် အငြာ၊ မိုးမာဃ နတ်နှင့်သာ၊ စိုးစံပ သွယ်သွယ်ဖြာ။ (ယဉ်စစ၊ သွင်လှလှ လွန်ကဲ ရုံးပေါင်း၊ များတောင်းအထူးထူး) ၂။ (ယဉ်စေရာ၊ ထွေထွေသာ) ၂။

စံစကာလိုပင်၊ ယှဉ်စကာကိုယှဉ်။ ဝတ်သာမှန်း၊ ပမာထွေဆန်း။ အခေါင်စံဂျွန်း အရောင်ဖြာရွှန်း။ ဖန်နန်းမှန်နန်း၊ ပြောင်ရွှန်းလျှံလန်း၊ နှုန်းနှန်းစံထား၊ ရွှေသား ငွေသား၊ (သာခေါင်တိုင်းသိဘူး၊ ဘုံဆောင်သွယ်ဖြူးဖြူး) ၂။ (ဆန်းထူးထွေထွေသာ၊ ကျူးကဲပေစွာ) ၂။ (ကိုးပါးရောင်ဝါ မီးရှူးထွန်း၊ ရဲရဲရောင်ဝါ ဝင်းဝင်းရွှန်း) ၂။ အကြေအညာ၊ အလျှံအနီ၊ အရွှေအရွှေ၊ အရေအရောင်၊ လျှမ်းမွှမ္မ လျှပ်ခြည်ဖြာ၊ ရွှန်းရွှန်းပ ရောင်စုံသာ၊ (ဖြာလို့လို့၊ ထိန်လို့လို့၊ ဆောင်တိုင်းအားလုံး၊ ပေါင်းရုံး တညီးညီး) ၂။ နေရောင်ပင်၊ ထွေထွေထင်၊ နန်းဘုံခွင်၊ စိုးစံရှင် (သဘင်ပွဲမှာမှ) ၂။ နွဲစံပျော် လေလေတည့် နွဲစံပျော်။

## ၄၅။ နဝရတ်ရေသင်းသံကြိုး

(ဆင်ဖြူရှင် လက်ထက် မြောက်ဘက်တိုက်ဝန်နေမျိုးမဟာကျော်ထင်ဘွဲ့ခံ မင်းလက်ဝဲ နော်ရထာရေး)

(သပြေပင်ဝန်း၊ ဇမ္ဗူညာကျွန်း၊ အခေါင်စံရွှန်း၊ တန်ဆောင်လျှံထွန်း) ၂။ [(ပတ်ဝန်းအတည်တည်၊ တိုင်းအပြည်ပြည်) ၂။ ဝိုက်လည်ပေါင်းရုံး၊ သိမ်းကျုံးစံစိုး မြန်း] ၂။ (ဘုန်းတန်းတေဇာ၊ ဖြာဖြာလင်း) ၂။ (မင်းဝံညွှန့် ချက်ဇွေချာ၊ နန်းရွှေဝ ရွှေပြည်သာ) ၂။ (စံပပ၊ ရံခခ၊ ရွှေပေါင်းဝန်းလျား၊ ထူးထူးအခြားခြား) ၂။ (နေနှုန်း စံထား၊ ဘုန်းတန်းကြီးမြင့်များ) ၂။ (တိုးပွားလေလေကာ၊ ထူးပြားထွေထွေသာ) ၂ ပင်။ ကျွန်းလုံးကျော်ဗုန်ဝါ၊ ချမ်းငြိမ်းလွန်သာယာ၊ ရုံးပေါင်းထွေလာ၊ ယဉ်ရာထူးခြား၊ တိုင်းကားသာစည်၊ စဉ်ရှည်ကဲကျူး၊ ရံကာတည့် ထူးထူးဆန်းဆန်းနှင့်၊ တောင်စဉ်တည့် ဆိုင်ဆိုင်းမှိုင်းမှိုင်းနှင့်၊ သာယာတည့်များတောင်း သိန်းသောင်းနှင့်၊ (ပေါင်းဆုံကြ မြစ်သီတာ၊ ဝန်းလည်ကြ ရံကာသာ) ၂။ (လှိုင်ပျံ့ပျံ့၊ ကြိုင်နံ့နံ့ သာမောဝန်းလျား၊ ထူးထူးအပြားပြား) ၂။ ထွေထူးသာမျိုး၊ ပုံနှုန်းစံကင်း၊ ထိန်ဝင်းလျှံလင်း၊ စုံပေါင်း ထွေပြား၊ (ရွှေပြည် သာလွတ်ကျွန်း၊ ယာမာဘို[illegible]နန်း) ၂။ (ထူးတဆန်း ထွေထွေဖြာ၊ နှုန်းမနှိုင်းစံသာ) ၂။ (ရွှန်းရွှန်းရောင်ဝါ၊ ဝိုးဝိုးဝင်း၊ ကိုးပါးခြယ်ကာ၊ ညီးညီးလင်း) ၂။ အစီအလျဉ်၊ အယဉ်အထွေ၊ အနေသဏ္ဍာန် အလျှံအဝါ၊ (မြင့်မိုရ်နှင့် ဖက်စံရာ၊ ထွန်လျှံပရောင်ခြည်ဖြာ) ၂။ (နေသို့သို့၊ ထိန်လို့လို့၊ ပြောင်းရွှန်းထွန်းလင်း၊ ဝိုးဝင်းတညီးညီး) ၂။ ထွေထွေပင်၊ ဝေဝေရှင်၊ နန်းဝေယန်၊ စိုးနေစံ၊ (နေလျှံနှုန်းရှည်) ၂။ ဘုန်းပွင့်လူ လေလေတည့် ဘုန်းပွင့်လူ။

မှတ်ချက်။ ။[ညာသပြေဘောင်၊ ပုံပမာ၊ သပြေပင်ဝန်း၊ အစချီကြိုး ၃ပုဒ်ကို "တုတ်သုံးချက်ကြိုး" ဟူ၍လည်း ခေါ်ကြသည်၊ သပြေပင်ဝန်းကြိုးကို "အချုပ်" ပုံပမာကြိုးကို "အချာ" ညာသပြေတောင်ကြိုးကို "အစရာ" ဟု အသိအမှတ် ပြုကြသည်၊]

# ဘွဲ့သီချင်းများ

## ၁။ ဝတ်တော်ရုံဘွဲ့

(မှန်ညောင်သဉ္ဇာ၊ ညီလာပတ်ဝန်းမြိုင်၊ ခညောင်းသဘင် ဥကင်မြင့်ရဝေဆိုင်)၂။ (ကြိုင်ကြိုင်သင်းလှိုင်၊ မွှေးပျံ့ထုံ၊ ပန်းခုံတော်ရင်းဆီက၊ နှင်းနှင့်မြတ်လေး ဇီဇဝါ၊ ညွတ်ကာဖူးရလေး) ၂။ ။ ညွတ်ကာချပ်လွှာ၊ ဝတ်ညှာသင်းမျံ၊ ပန်းမင်းသက မြတ်စူကာ၊ စုံစွာထူး လှလေး။

## ၂။ ဝတ်တော်ရုံမျှော်တော်ယောင်ဘွဲ့

(ခေါ်ပါယောင်နှင့်၊ မျှော်ပါယောင်လေ၊ ရည်ယောင်ကာသာ၊ တမ်းမှားရမ်းမှား၊ လုံမကလေး ဗျာပါစိတ်ကယ်ကများ) ၂။ ခြုံတော်မူသည့် ပိတ်ဖြူပိတ်ပေါင်း၊များတောင်းငယ်ကိုပင်၊ ချမ်းပြန်ရတယ်ရှင်)၂။ ချမ်းအေးချမ်းအေး၊ တုန်ယင် တုန်ယင်၊ သည်းထဲ သည်းထဲ ခုန်အင်ခုန်အင် (လုံလိုပါပဲကိုရှင်။ မလုံချမ်းမြ၊ ပိတ်ဖြူ ပိတ်ပေါင်းများတောင်းပုံ၊ မလုံချမ်းမြအေး)၂။

## ၃။ ဝတ်တော်ရုံ ဘုန်းတော်ဘွဲ့

(အတိုင်းမသိ၊ ဘုန်းတော်ကြီးပါဘိသကို။ သတင်းငယ်လေ၊ ကြေညာလှိုင်ကြူ၊ တောင်ကျွန်းလုံးထွတ်မှန်ကူ) ၂။(ပြိုင်သူလေ၊ ဆိုင်သူလေ၊ ရန်မြူလေ ကင်းဝေး၊ ဘယ်ဘယ်မင်းမှ ယှဉ်လှာဝံ့သေး)၂။ (အခေါင်ငယ် စိုးပါတယ်၊ အခေါင်ငယ်မိုးပါတယ်၊ စိုးကာပိုင်ကာ ချုပ်ချည့်လေ၊ ကျွန်းတောင်ညာလုံး အုပ်ချည့်လေး) ၂။ ရွှေနန်း ရွှေနန်းသူငယ်မှာ၊ ငယ်မူငယ်ရာ သားငယ်နှင့်၊ သနားချစ်ခင်စရာ လေတည့်မှ သနားချစ်ခင်စရာ။

## ၄။ မဥ္ဇူသကနတ်ပန်းဘွဲ့

(မြဝတီမင်းကြီး)

(ဂန္ဓာမာတောင်၊ လိုဏ်ချောင်မုတ်နန်း ဂူငယ်တွင်၊ မွှေးတကြူကြူ မဥ္ဇူတည့်နတ်ပန်းပင်) ၂။ (ဆွတ်ချူယူငင်၊ ပန်ဆင်လေ ပန်ဆင်လေ ပန်ဆင်လေရည်ရွှေး၊ မြင်ရုံသာ စိတ်ကယ်က ကူးသည်နှင့်လေး) ၂။ (ယက္ခငယ် နတ်မူးဘီလူးငယ် ဂုမ္ဘာန်။ ချူသာနိုင်ပဲ၊ နေမြဲတည့်စောင့်ကာရုံ) ၂။ (မချူသာပြန်၊ ယူရန်ကြံရေး ခက်လှလေ၊ တမျှော်မျှော်၊ ညှိုးလျော်ခွေပျောင်းညွတ်မျှလေး) ၂။ *ဝေလုလျှံလန်း၊ ရွှေဂူဖလ်နန်းပေါ်ငယ်မှာ။ ပန်ဆင်ရာ၊ ရွှေကေသာ မြန်းပါလို့၊ သည်ပန်းမှ နတ်ပန်းတော်။

မှတ်ချက်။ ။[ဂန္ဓာမတောင်ဘွဲ့သီချင်းကို ဓေယျပတော့အမတ် ရေးသည်ဟူ၍လည်းကောင်း၊ ရွှေတိုက်စာရေး ဦးမင်းရေးသည်ဟူ၍ လည်းကောင်း၊ သံတော်ဆင့် ဦးအောင်ပန်း ရေးသည်ဟူ၍လည်းကောင်း မူကွဲတွေ့ရှိရုံမျှမက၊ ၎င်းသီချင်းကို "မယ်ဖွဲ့"ဟူ၍ မိုးလှိုင်ကိုယ်တော်ပေမူတွင် တွေ့ရသည်။]

## ၅။ မင်္ဂလာသြဘာဘွဲ့

(အတိုင်းမသိ၊ မင်္ဂလာ ကျက်သရေရှိပါဘိတယ်ကို၊ တော်ကြီးငယ်ယင်ရာ၊ ဇမ္ဗူဒီ၊ တောင်ကျွန်း၊ တင့်ရွှန်းတည့် ကျက်သရေဖြာ) ၂။ (ရှစ်ဖြာဟွာ၊ လက်ျာသံချီး ကြွေး)၂။ (အောင်ဓေယျတု၊ ငွေခရုသံ၊ သွန်းဘိသိက်ငြာ၊ ပုဏ္ဏာဝန်းပြည့်၊ ထွန်းသစ်ရာဝယ်၊ တိမ်စင်သာတည့် စန္ဒာမင်းလို၊ ရှင်းမြူ ပဝေး) ၂။ (အခါတော်ပေးတာက၊ နတ်ရေးငယ်ရွှေစာ၊ သာသနာရောင်လင်း၊ ကောင်းခြင်းခု၊ သည်ချိန်ခါ) ၂။ (ထက်ဖြာဟွာ လက်ျာ–ခရုသင်းငယ်နှင့်လေ၊ ရေသွန်းဖြာကျွန်းမှာ ဇမ္ဗူတွင်းပေမို့လေး) ၂။ ကြည်လင်တယ် သန့်ရှင်း၊ ရွှေညှင်းဖွယ်ပုံ့သင်း၊ တော်မင်္ဂလာ၊ မြတ်စေတနာ၊ နတ်ဒေဝါပေါင်းရယ်တို့ ဆုတောင်းကြ၊ သည်ချိန်ခါ။ ။

## ၆။ မျှော်တော်ယောင်ဘွဲ့

(ဟေမဝန်ချာ၊ သီတာတောင်တော၊ သာတယ်ကို၊ ကြော့ဆုံးမေ့စံရာ၊ ဘယ်မှာလို့၊မမှန်းတတ်နိုင်ပါ) ၂။ (နန်းရွှေမြေ အောင်ချာငယ်လေ၊ ယော်ယမ်းမိလေး) ၂။ (သည်သည်မြိုင်စွန်းငယ်က၊ တခွန်းငယ်ခေါ်ယောင်၊ ကြားပြန်ရအောင်) ၂။

* "ဝေပူလျှံလန်း"ဟူ၍ မူကွဲရှိသည်။

(သေလာ ကျောက်ဆောင်ဘိညာဉ်ဈာန်ယောင်၊ သူတော်မြတ်ခေါင် ကျိန်းသည်နှင့်သာ ၂။ (တောင်စောင်းငယ်ဥမင်၊ ခိုဝင်ကြ၊ မြတ်သူတော်စင်) ၂။ (ကျင့်သိက္ခာသိမ်မွေ့လို့ ရသေ့တို့စံပျော်ရာ တံခွန်တိုင်အင်း၊ ကျောက်တွင်းနှင့် လိုဏ်ဂူသာ) ၂။ (အိုင်ကုဏ္ဍလာ၊ မုစ္စလိန္ဒာ၊ နတ်ရေကန်မှာ၊ ရွှေကြာတင့်တယ်နှင့်သာ) ၂။ (လှကျူးငယ်မပေါ်၊ လှမ်းရှာရ၊ ဝေးမြေဝာ) ၂။

သဖြန် ။ ။ တိမ်ပုံကို လေဟုန်သွေးလို့၊ ရှုလေဝေးနန်းရွှေဘုံ၊ ဆွေးစေဘို့ကြုံ၊ ဌာနီကျေးက– မုလေးငုံ၊ ကြိုလာပုံနှင့် မောင်ထင်စားတယ် မြိုင်ဖျားကဆွေး။

## ၇။ ဘုန်းတော်ဘွဲ့

(ဩဘာမင်္ဂလာဖေယျာကျူးရင့်လျှမ်း၊ ထိန်ဘနန်းပင်ငယ်သာ၊ ဝသုန်မြပေါ် တေဇော်တည့် ဘုန်းနေဝါ)၂။ (ရာပြည့်ပေါင်းလေ။ ခဝပ်ညောင်းပေ၊ ညွတ်ပျောင်းကာပ၊ ထံတော်မှာသာ၊ ဖူးဝင်ကြလာ။ ရွှေသမ္ဘာ၊ ကြေညာလျှံလင်းထွန်း၊ ပပငယ်သာရွှန်း)၂။

သံထောက်။ ။ သွန်းဘိသိက်ခံ၊ ညာမဟာဒေဝီရံလို့ ပျော်စံလေခင်း။ ရဲဇာတိမာန်၊ စဉ်ဆက်ကယ် မွေတော်ခံမို့၊ နန်းယံမှာ ပျော်မဆုံးတယ်ကို ဘုန်းရှိန်နံ့သင်း။

(ထောင်ရောင်ဝါဝင်းပါတဲ့၊ နေမင်းငယ်နွယ်လာ၊ ဝေယန်ဘုံဖျား၊ သိကြားမျှတူစွာ)၂။ (ရေလျှံဖြာ၊ နန္ဒာကန်ဦး ထူးလှလေ နန္ဒဝန်သာလွန်မတူကျူးမျှလေး)၂။ ထိန်ဝေလျှံမြူး၊ စိန်ရွှေမှန်ဖူး၊ ခြယ်စီအုံ၊ နန်းရွှေဘုံ၊ သန်းရွှေလုံ၊ ပေါင်းငယ်နှင့် ရှုညောင်းတည့် အုံ့ဘွယ်မကုန်။

## ၈။ ပလ္လင်ရှစ်ခန်းနှင့် ဥကင်တော်ဘွဲ့

(မြဝတီဝန်ကြီး)

(ဥကင်ဘုံမြင့် သီဟာသွေ၊ စိန်ကြောင်ရောင်လင်း၊ သစ်မင်းယမနေ)၂။ မှန်ရဝေမှာလေ၊ ကြိုင်သင်းပျံ့မွှေး)၂။ (ဘမယာသနတောက်ပဝင်သဝဏ်ငယ်လေ၊ မုနောတင့်လွန်၊ သစ်မွှန်ကရဝေးငယ်နှင့်လေး)၂။ (ဆက်စဉ်မည်ရှေး ဗြိတိုက်မှာ၊

ဂဓာငွေသား စကားသစ်မြတ်စွာ)၂။ (တောင်လေသာမှာ တောင်ပိန္နဲ)၂။ (သခ်ငယ်သိင်္ဂါ၊ ရစ်လက်ျာ၊ မြင့်ကြာတုလွတ်ကဲပါလို့လေး)၂။ (မျက်မြှာပုလဲခြယ်စီကာ။ ဇေတာဝန်နန်း၊ သက်န်းမြတ်ဟံသာ။)၂။ (ရွှေမိဂါငယ်လေ မြသဖန်း)၂။ (စမုတ်ကယ်ဘုံမော်၊ လက်ျာတော်၊ ရှု မျှော်အံ့မခန်းသည်နှင့်လေး)၂။ (နောက်ဝေယန်နန်း ဇေတဝန်၊ ပဒုံကြာရွက်၊ သရက်မြတ်သစ်မွန်) ၂။ (မြောက်လေသွန်မှာ စမုတ်ဦး) ၂။ (ပေါက်သစ်ကယ်လျှံဝါ၊ မယုရာ၊ ရှစ်ဖြာထိန်ဝင်းမြူးသည်နှင့်လေး) ၂။ (စံပျံ့ပျူးပါလို့၊ ရှည်ကျူးငယ်သက်တော်၊ ရာကျော်ဖြိုးရလေ။ ဆောင်ဆောင်နန်းငယ်နှင့်၊ လေးခန်းငယ်ဒီပါ၊ ချုပ်ကာစိုးရလေး။

## ၉။ မန္တလေးမြို့တော်ဘွဲ့

(အခွန်တော်စာရေးကြီး နေမျိုးမင်းထင်ကျော်ခေါင် ဦးဘောကလေး)

(မန္တလာဘုံ၊ မြေခုံဘူမိ၊ ပြည်ရန်နှိမ်၊ သုဒဿဝေယန်၊ နှန်းစံတည့်ရွှေဝတိန်) ၂။ (မြတ်ဘုန်းနေလ၊ အသမ္ဘိန်၊ ရာဇိန်ဣန္ဒာ၊ သခ်ါမြောက်သွန်း) ၂။ (နန်းတည်စံ၊ သဟံဘိသေ ညွှန်းလို့လေ၊ သာသနာ၊ ရောင်ဝါ ထောင်ခြည်ထွန်းလို့လေး)၂။

ရတု။ ။ ကျွန်းမှန်ပုထက်၊ ပံသုသေလာ၊ မြေမျက်နှာဝယ်၊ ရတနာပုံ၊ ဓာတ်စုံကြငှန်း၊ တည်သိမ်းမြန်းခဲ့၊ ကိန်းခန်းသာဘိ၊ သို့ကိုလာညှိသည်၊ ပါစိရဝါ၊ ရှေ့ပြဗ္ဗာက၊ စကြာရောက်မည်၊ ကျော်စောသည်နှင့်၊ ဆိုရည်ပန်ညောင်း၊ ရွှေကံကောင်းဝယ်၊ ထီးပေါင်းတစ်ရာ၊ ဦးညွှတ်လာအံ့။

(တေဇာတော်ထွန်းပါလို့၊ လေးကျွန်းငယ်ဝိုက်ခြုံ၊ ညီလာပိုင်သိမ်း၊ အောင်ကိန်းရနက်သန်ဘုံ) ၂။ (ဘုန်းစက်ဟုန်၊ ဝသုန်ရေမြေ စောင်းမျှလေ၊ ရာဇဝင်၊ ဘယ်တွင်မကြုံ တောင်းသာပလေး) ၂။ ဗျာမြွက်တော်သံညောင်း၊ ရာသက်တော်ရှည်ကြောင်း၊ တောင်းဆုဝေ၊ သွန်းညောင်ရည်၊ ညွှန်းအောင်စည် တီးပါလို့၊ ကောင်းခြီးကြွေးကြော်ညံ။

(သဖြန်)။ ။ (မြတ်ဘုန်းတော်ဖန်၊ နတ်သုကံ စီမံလာတဲ့၊ ရတနာရွှေပြည်ဘုံက၊ ဆယ်နိတုံသန်း)၂။ (ရွှေပစ္စင်၊ တံခါးတော်စိန်တုယင်နှင့်၊ ဘယ်ရာဝင် မကြုံဘူးအောင်၊ ထူးတဲ့ပြည်နန်း)၂။

# သီချင်းခံများ

## ၁။ ဘုန်းတော်ဘွဲ့ သီချင်းခံ
(ငယ်တိုးအတွင်းဝန်)

(ဘုန်းမိုးသွန်းလောင်း၊ ရွှာဇွေလေ၊ ဖန်ဝေလေ၊ ချမ်းမြ‌ေ့ထွေ့ထွေ့) ၂။ (အောင်ချာမြေ၊ ဒီပါကြေညာ၊ တိုင်းမြို့ပြပြည်ရွာ) ၂။ (သိမ်းသိမ်းမြန်းမြန်း၊ ရံကာစံကာ၊ ထူးထွေလာ၊ အာဏာခေါင်ချာ၊ မိုးလို့စေသာ)၂။ ဝင်းရွှန်းလျှံဝါ၊ ညီးညီးလင်းလင်း၊ နေခြည်ရောင်ဖြိုး၊ ဘုန်းတန်ခိုး ပွင့်လင်း၊ ဘယ်ပြည် ဘယ်မင်း၊ ဖြိုင်သူဆိုင်သူ၊ ရန်မူဝေးကြရတယ် ရတယ် ရတယ်နှင့်သာ။ ထူးဆန်းလှ ထွေထွေ ပင်သာ၊ ရွှေဘုန်းအာဏာ၊ ခေါင်ချာပိုင် သိမ်းမြန်း၊ ဣန္ဒာ ဒေဝါဆိုရာ တည့်ပုံနှုန်းနှုန်း။ ဝေယန်ဘုံခန်း၊ ရွှန်းရွှန်းလျှံပြောင်၊ ဆောင် ဆောင် ဆောင် ထီးနန်းစံစိုးမြန်း၊ မွေးကြူသင်းပျံ့၊ ဘုန်းတန်းတေဇာ၊ အာဏာခေါင်ချာ၊ ဖြာဖြာမိုးလို့၊ ရတယ် ရတယ် ရတယ်နှင့်သာရှင်။ ထိပ်စထိပ်ခေါင်တင်ငယ်ကိုလေး၊ ယဉ်မျိုးချုပ်ယူ၊ ပိုင်သိမ်း စိုးအုပ်တော်မူ။

## ၂။ ဘုန်းတော်ဘွဲ့ သီချင်းခံ
(ရှင်လွှင်)

(ရွှန်းရွှန်းမြ၊ ရွှန်းရွှန်းလျှံပြောင်၊ ဆောင်ဆောင်တည့်ဆောင်ဆောင်၊ ထူးထူးဆန်းဆန်း၊ ထူးထူးဆန်းဆန်း၊ နန်းပင်သာ နန်းမြင့်မြင့်၊ ပွားပင်သာ ပွားဆင့်ဆင့်၊ ကိုးပါးမီးရှူး၊ ထွန်းလင်းဝိုးဝင်းဖြာ)၂။ ။ စိန်[illegible]င်နီလာ၊ ရွှေအရောင်ဝါ၊ ကျူးကဲထွေလာ၊ မိုးလုံးလျှံဖြာ၊ ရွှေနန်းဘုံသာ၊ စံကာပိုင်သိမ်း မြန်းတောင်ညာဒီပါ၊ ကြေညာတည့်ထီးနန်း၊ ခွန်သာရှင်လန်း၊ သိန်းသန်းသချာ၊ ဆောင်ယူထိပ်မိုးကာ၊ ရွှေဘုန်းအား၊ ဘယ်ဘယ်သူမှ တူဘဲနှုန်းရာ၊ အာဏာခေါင်ချာ ဖြာဖြာမိုးလို့၊ ဆင့်ခါလေလေ၊ ဆင့်ခါနှင့်သာ၊ သုံးပါးလောက၊ မှန်ကူဆံကြင် နောင်ရေးမှာပင်၊ ပေါ်ထင်ပိုင်သိမ်းကြုံး၊ အောင်မည်ကိုသာ၊ မှန်စွာ တည့်များပေါင်းရုံး၊ ကြည်စွာရှင်ပြုံး၊ အားလုံးဆိုကာ၊ ရှင်ရှင်ဝန်းလျား၊ ထွေထူးခြား၊ ပြည်ပြည်သူတို့၊ ရှင်မြူးဝမ်းသာ၊ ပန်ထွာဆိုကာ ချီသာပျောင်းပျ၊ ဆုသာဆုသာ၊ ဆုသာပန်။ ။လက်တည့်လက်ကြာမုံငယ်ကိုလေး၊ စုပေါင်းရုံးကာ၊ တင်ထားထိပ်မှာဆင်။ ။

မှတ်ချက်။ ။ "ဆောင်ဆောင်တည့်ဆောင်ဆောင်၊ ထူးထူးဆန်းဆန်း၊ ထူးထူးဆန်းဆန်း" အပိုဒ်အစား "ဆောင်ဆောင်တည့် ထူးထူးဆန်း"ဟူ၍၊ ဂီတဝိသောဓနီကျမ်းတွင်လည်းကောင်း၊ "ဆောင်ဆောင်တည့်ဆောင်ဆောင်၊ ထူးထူးဆန်းဆန်း၊ ထူးတည့်ထူးထူးဆန်းဆန်း"ဟူ၍ မဟာဂီတပေါင်းချုပ်၊ ရွှေနန်းထွက်မဟာဂီတနှင့် မဟာဂီတအသစ်တို့တွင်လည်းကောင်း၊ "ဆောင်ဆောင်တည့်ထူးထူးဆန်း၊ ထူးတည့်ထူးထူးဆန်း" ဟူ၍ ကွမ်းဖိုးထိန်းပေနှင့် မိုးလှိုင်ကိုယ်တော်ပေတို့တွင် စာမူကွဲများ တွေ့ရှိရသည်။

"ရွှေအရောင်ဝါ၊ ကျူးကဲထွေလာ" အပိုဒ်အစား "ဆောင်ဆောင်ထွေလာ၊ ကျူးကာဆန်းကာ" ဟူ၍ ဂီတ ဝိသောဓနီကျမ်းတွင် စာမူကွဲတွေ့ရှိရသည်။

"ရွှေနန်းဘုံသာ၊ စံကာပိုင်သိမ်းမြန်း" အပိုဒ်အစား "ရွှေနန်းဘုန်းအာဏာ၊ ခေါင်ချာပိုင်သိမ်းမြန်း" ဟူ၍ ဂီတဝိသောဓနီကျမ်းတွင်လည်းကောင်း၊ "ရွှေဘုံအာဏာ ခေါင်ချာပိုင်သိမ်းမြန်း"ဟူ၍ ကွမ်းဖိုးထိန်းပေတွင် လည်းကောင်း၊ "ရွှေဘုန်းအာဏာ စံကာပိုင်သိမ်းမြန်း"ဟူ၍ မိုးလှိုင် ကိုယ်တော်ပေတွင် စာမူကွဲများ တွေ့ရှိရသည်။

"ဆောင်ယူထိပ်မိုးကာ" အပိုဒ်မှစ၍ သီချင်းအဆုံး "တင်ထားထိပ်မှာဆင်" အပိုဒ်အထိ သီချင်းသားများအစား "ရွှေဘုန်းရောင်ညီလင်း၊ စံစိုးနှင်း၊ ဆောင်ဆောင်သာလှ၊ ရွှေနန်းသိင်္ဂါ၊ ဒေဝီစန္ဒာ၊ ရံကာရွှေ့ရ၊ ရှုမြင်မြင်လေ၊ ရှုမြင်အံ့ရာ၊ မိုးထက်ထူးလှ၊ ကျူးကဲထွေလာ၊ ပြောင်းရွှန်းလျှံဖြာထိန်ညီးလင်း၊ ဘုံဆောင်သာခေါင်၊ နေရောင်ဖြာလင်းထွန်းမြူး၊ ထွေထွေထွေထူး၊ ပျော်မြူးရွှင်ခန်း၊ ရွှေပေါင်းရုံဝန်းလျှား၊ ပုံနှုန်းထား၊ မွေးကြူသင်းပျံ၊ ဘုန်းတန်းဝေဆာ၊ အာဏာထိန်ဖြာ၊သော်တာဆန်းသို့၊ ရှုမြင် ရှုမြင် ရှုမြင် အံ့ရာပုံ၊ နတ်တည့်နတ်ရွှေဘုံငယ်မှာလေး ပြိုင်လွတ်ကျွန်း၊ ရွှေဘုန်းတက်နေဝါ"ဟူ၍ ဂီတဝိသောဓနီ ကျမ်းတွင် စာမူကွဲတွေ့ရှိရပါသည်။

## ၃။ ရာသီဘွဲ့သီချင်းခံ

(ရှင်ဝရ)

မှိုင်းမှိုင်းမြ၊ ဆိုင်းဆိုင်းညိုစင်၊ မိုးလုံးပလွှမ်းအုံ့ကာဆင်၊ မင်းလွင်ရုံဝန်း၊ ထွေလာထူးထူးဆန်းလို့လို့၊ တောင်လေသာမှာလည်း၊ မြူးကာသာ၊ နေမသာရေး ပွားဆင့်ဆင့်၊ လွမ်းရာထွေပြားပင်)၂။ ။ [illegible]န်ခွင်ကသာ၊ တောင်ပင်တည့် တောင်တောလုံး၊ ထွေပေါင်းရုံး၊ ကြေညာလှိုင်ပျံ့၊ မွှေးပေါင်းသင်းထုံ၊ စုံစွာစီစဉ်၊ စည်ပင်လန်းလို့၊ ရွက်ရှင်ရွက်ရှင်၊ ညွန့်ဖြာညွန့်ဖြာ၊ သာသာရွှန်းမြေ့၊ ပန်းမျိုးစုံစွာ၊ ဖူးညွန့်ငုံအာ၊ ထွေလာထွေထူးဆန်း၊ ရာသီခါမီ စုံစီတည့်ဝင်းဝင်းရွှန်း၊ ဂိန်မှာန်နွေစွန်း၊ သန်းယွန်းချိန်ခါ၊ တိုင်တိုင်ခွေယိမ်းပျောင်း၊ ပူဆွေးကြောင်း၊ ထွေထွေဆော်လှူ၊ ရုံးပေါင်းများစွာ၊ တိမ်နီတိမ်ဝါ၊ တိမ်ပြာမှိုင်းလို့၊ မြလိုလဲ့ညို၊ လွမ်းပိုဖွံ့စေပင်။ ။ ပတ်ရုံးဝန်းကာ၊ ဆင်လာထွေထူး၊ နေမပျော်ဘူး၊ ကိုယ်ထူးကျွန်မမှာ။ ။

## ၄။ ဘုန်းတော်ဘွဲ့ အချိုးယယ်သီချင်းခံ

(ဖေယျပတော့အမတ်)

(ပြည်ပြည်မင်းပေါင်း၊ ထီးဆောင်းထီးဆောင်း၊ ရုံးပေါင်းထပ်လောင်း၊ ညွတ်ပျောင်းခညောင်း၊ ထီးနန်းနှင့်သက်ကျူး၊ သက်ဆန်းထူးစည်လာ၊ ဦးတင်ကာ)၂။ ။(တိုးလျှိုးမင်းမျိုး၊ မင်းမျိုးတိုးလျှိုး၊ များတောင်းစုံညီ၊ ဒေဝီဆက်နှင်း၊ မှန်မယွင်းသည်မှာ၊ ကုံငငါ၊ ပုံလှလှ၊ စုံကြကြ၊ နတ်သွင်တူရိုး၊ ယဉ်မျိုးကျူး)၂။ ။ ထူးရာပိုင်လေတည့် စုလှာဆိုင်။ ရွှေဘုန်းနိုင်နိုင်ငံလေတည့်၊ ယူကြိုးပိုင်၊ (ဣန္ဒာမိုးမှာ စံတိုင်း၊ ပုံတူနှိုင်း၊ ပုံတူနှိုင်း)၂။ ။ (ရွှေအရောင်လင်းတင့်ခြင်း၊ ဝေဇယန်နှုန်း နှုန်းကင်း)၂။ ။ (အထူးထူးငယ် အကြူးစံရာ၊ ယဉ်မျိုးစိုးသည်မှာ)၂။ ။ (များတောင်း သိန်းသောင်း ဂုဏ်အင်၊ ထွေထူးဘက်စုံလင်)၂။ ။(ရယ်ရွှင်မူရာ၊ ရံကာစံကာ ဝန်းဝန်း လျှားလျှားဖြင်)၂။ ။ ဆောင်ဆောင်လယ်၊ ရွှင်စံပယ်၊ ထူးထွေထွေ၊ ကြူးလေလေ။ ။ ခေါင်ဘွေမိုးလ၊ ထွန်းသည့်နှယ်တည့်၊ ထွန်းသည့်နှယ်။ ။

မှတ်ချက်။ ။"ယဉ်မျိုးစိုးသည်မှာ" အပိုဒ်အစား "ယဉ်မျိုးစုံသည် မှာ" ဟူ၍ မြန်မာစာညွန့်ပေါင်း ကျမ်းတွင်တွေ့ရှိရသည်။

## ၅။ ဘုန်းတော်ဘွဲ့ကျေးဇူးတော်သီချင်းခံ

(အမင်းမင်းခရ၊ စိုးရာစဉ်၊ သောင်းမြေပြင်၊ ဘုန်းအင်တေဇာတော်လေ၊ ထွန်းလင်းလျှံဝေ၊ ရွှေပြည်ထီးနန်း၊ သိမ်းမြန်းစံယူ၊ စိုးလို့မိုးတော်မူ)၂။ ။ (များရှင်လူချမ်းမြ၊ နန်းအနန်းတုံ၊ ဆောင်အဆောင်တိုင်းမှာ၊ လန်းအလန်းဝေ၊ ပြောင်အပြောင်ရွှန်းဖြာ၊ ရံဗိုလ်သန်း) ရံဗိုလ်သန်း ၂။ ။ စံရာကမ်းနား စုံပင်စုံလှ၊ များဆောင်ယောင်လဲ၊ ထွေထွေဆန်း၊ ထွေထွေဆန်း၊ အံဘွယ်သာလေ၊ ထူးပင်ထူးလှ၊ ကိုးပါးမျက်စုံမြှာ။ ။မျှော်လေရာပန်း၊ မျှောလေရာပန်း၊ ယမ်းဆဆ၊ နန်းဝေယန်လားလေ၊ ရွှေရွှေရွှေဘုန်း၊ နှုန်းအနှုန်းရာရှောင်၊ ဘယ်ပြည်ထောင်ဘုန်းခေါင်၊ ပြောင်ပြောင်ထိန်လင်း၊ လေးဒီပါတွင်း၊ စကြာထံရင်း စိုးနှင်းပိုင်ယူ၊ ရှင်လုတည့်ငြိမ်းကြောင်း၊ ကြေညာဆုများတောင်း၊ မြတ်ပေါင်းမှန်စွာ၊ စကြာထွန်းတင့် နတ်ရွှေပြည်သာ၊ အံ့ရာဖို့လေ၊ ငွေတောင်လျှံလင်း၊ ဆင်မင်းစုံးရ၊ ဘုန်းမိုးဘုန်းမုံ၊ လျှံဝါလျှံဝါ၊ ပြိုင်နှုန်းစံရာ၊ ဣန္ဒာတူရိုးမြ၊ အာဏာတေဇာ၊ ထွေလာတည့် ထူးထူးကဲ။ ရွှေဘုံမှာလည်း၊ ရဲရဲဝင်းလျှံ၊ တန်တန်ဖလ်မှန်၊ ရောင်ရွှန်းလင်း၊ ထိန်ဝင်းဝင်း၊

မျက်မြွာကျင်းပ၊ ရောင်ချင်းထွေလာ၊ ဘုံမှာ ဘုံမှာ၊ စုံစွာများလှ၊ အံ့ဖွယ်စုံလင်၊ ဖြစ်ပေရတယ်ရှင်။ ။ မှန်လောင်းမြွတ်ရာ စဉ်ငယ်ကိုလေး၊ တင်ထိပ်ပန်း၊ ရာနန်းဦးသျှောင်ကျင်။ ။

## ၆။ ဘုရားရောင်ခြည်တော်ဘွဲ့ပတ်သီချင်းခံ

(ဘကြီးတော်ဘုရားလက်ထက် မြဝတီဝန်ကြီး)

(ထူးမခြားနား၊ မီးရေစုံသား၊ ရောင်တော်ထွေပြား၊ ပြောင်းလို့လို့များထွေ၊ ထူးထွေတည့် အံ့ရာသား။ ရွှန်းရရွှန်းလင်း၊ စိမ်းပြာဖြူဝင်း၊ နေရောင်ခြည်လင်း၊ ထွန်းလို့လို့ရွှန်းဝေ၊ မှိုင်ဝေတည့် ပွင့်လှိုင်ကြူ။ ဘုန်းတန်ခိုးလည်း၊ နှိုင်းဆိုရာဘဲ၊ တူမည်မှာလည်း၊ ရဲရဲဝင်းပြောင်၊ နေမင်း နေမင်း၊သိန်းရာထောင်၊ ယှဉ်ဆောင်ပြိုင်ခိုင်း၊ နှိုင်းရာတူပဲကို။ ဖြူနီညိုပြာ၊ ထွေလာတည့် ထူးထူးဆန်း၊ ထူးထူးဆန်း၊ တေဇာ ရောင်ထွန်း၊ ရွှန်းရရွှန်းလှိုင်၊ ဖြာဖြာဝေမြိုင်၊)၂။ စိုးပိုင်၊ မပြိုင်ယှဉ်ဝေး၊ နှိုင်းဆိုရာသေး၊ နေမတူရေး၊ ဘုန်းမွေးဝင်းပြောင်၊ မြူမှောင်တည့် ပယ်ခွာ၊ ကြေညာလင်းပွင့်၊ ထွန်းဝင်း ထွန်းဝင်း၊ လျှံပေါ်လျှံပေါ်၊ စွယ်တော် စွယ်တော် စွယ်တော်ချောင်းက၊ ခြောက်ဖြာရောင်ခြည် လွှတ်သည်နှင့်သာ။ သုံးပါးလောက၊ ငြိမ်းအေး ငြိမ်းအေး၊ ကယ်ယူ ကယ်ယူ၊ ဥဏ်ပန်း ဥဏ်ပန်း၊ မွေးလှိုင်ကြူ၊ မဉ္ဇူမှန်ကင်း၊ ထွန်းရောင် ဝါလင်းရှင်။ တေဇာရွှင်ရွှင်၊ ပေါ်ထင်သည့် လျှမ်းလျှမ်းဖြိုး၊ လျှမ်းလျှမ်းဖြိုး၊ အာဏာကျော်ဟိုး၊ ဘုန်းတန်ခိုးရောင်၊ ဝေဝေရွှန်းပြောင်၊ သိန်း ထောင်၊ အခေါင် ဥဏ်ပန်း၊ ထွန်းရောင်ဝါလန်း၊ ဇေတဝန်နန်း၊ ခြားသန်းလေသာ၊ စံဆောင် တည့်လယ်ချာ၊ ဘုံသာနန်းက၊ ထွန်းဝင်း ထွန်းဝင်း၊လျှံပေါ် လျှံပေါ်၊ ရောင်တော် ရောင်တော် ရောင်တော်ဖြိုးမြင့်၊ အံ့ဖွယ်သာလေ၊ ဆင့်ကာ ရင့်ကာပင်။ ရှင်ရင်း မြွက် စကြာစုံငယ်ကိုလေး။ တင်ထိပ်ဦး၊ စုံပူးတည့်ရှိကြာမုံ။

မှတ်ချက်။ ။(ဤထူးမခြားနား ပတ်သီချင်ခံမှာ ဘကြီးတော် လက်ထက် အင်းဝမြို့တွင် စံတော်မူစဉ်၊ တနေ့သော ညဦးညီလာခံအချိန် စွယ်တော်စင်ဘုရားမှ ရောင်ခြည်တော်လွှတ်ရာ၊ ၎င်း အဖြစ်အပျက် အကြောင်းအရာကို အမတ်ကြီး မဟာဓမ္မသင်္ကြန် အမည်ရှိသော မင်းတိုင်ပင်အမတ် မောင်းထောင်း ဆရာကြီး ဦးမြတ်နေနှင့် တိုင်ပင်၍၊ ရေးသား ဆက်သွင်းစေဟူသော အမိန့်တော်အရ၊ နံနက်ညီလာခံတွင် မြဝတီဝန်ကြီး ရေးသားဆက်သွင်းသော ပတ်သီချင်းခံဖြစ်သည်။

ထူးမခြားနား ပတ်သီချင်းခံကို မြဝတီဝန်ကြီး မရေးသားမီ၊ စနေမင်းလက်ထက်က ထူးမခြားနား ပတ်သီချင်းခံနှင့် အလိုက်ထပ်တူထပ်မျှဖြစ်သော "များမဝေးလွှန်း" အစချီနန်းဘွဲ့ ပတ်သီချင်းခံတပုဒ်ကို ဗျာသီဆယ်ရွာစား ဦးလွန်းပြေ ရေးသားခဲ့ဖူးသည်ဟု ကွမ်းဖိုးထိန်းပေမူတွင် မှတ်သားထားသည်ကို တွေ့ရှိရသည်)။

## ၇။ ဆဒ္ဒန်အိုင်ဘွဲ့ တချက်လွှတ်သီချင်းခံ

(ဘိုးတော်ဘုရားလက်ထက် ရွှေတိုက်စာရေး ဦးမင်းအောင်)

[(ဆဒ္ဒန်အိုင်သာ၊ ရွှေကြာညီးလို့လင်း၊ သောင်တင်းလေ၊ သောင်တင်းလေ၊ သောင်တင်းလေ ငှက်တော်)၂။ ။တီတီတွတ်ကယ်နှင့်သာ ချဉ်ခင်စွတ်ကယ်က၊ ဖော်ပြဟစ်ကြွေးကာ၊ မြစ်တွေးမှာ၊ ချစ်ရေးငယ်သာ]၂။ ရင်တွန်းငှက်ကယ် ရေပေါ် စံရှင်၊ ဝမ်းဘဲဟသာ်ပင်ငယ်ကိုလေး၊ ချစ်ခင်ဟန်နှင့်၊ လည်ချင်းတင်၊ ငှက်လွန်းကြင်၊ ပျော်ရွှင်စံမြဲ၊ နွဲ့ကြကြ။ ရေပေါ်ဝဲ၊ ခိုလည်းချိုးလင်းပြာ။ ဘုတ်ဝါနီလှ၊ ဒေါင်းငယ်နှင့်သာ၊ မယ်ညိုခေါ်ထူးပြောင်း။ ရွှေစာသောင်းသောင်း။ ကျေးပေါင်းတမာ၊ ခေါက်ရှာတည့် မြူးအေး၊ စင်ရော် ကျူးရင့်ကြွေး။ ပဒုံထပ်တရာ၊ ရွှေကြာထဲက၊ လိပ်ပြာဝတ်မှုန်သုတ်သည်နှင့်သာ။ ကရကတ်ရည်ရွှေ၊ ဖော်ရွှေများနှင့်၊ မြူးစားကူးသွား၊ ပျော်ကာ ပျံကာ၊ ပြည်စိုး ဇီဝဖိုး၊ ငှက်ကယ်မှာသာ၊ ကြော်ငြာသံပေး၊ ကြွေးသည့်ကမ်းနားမှာ။ လေပြည်လာကာ၊ မြူးလာတည့် သုတ်ဖြူးသွင်း၊ ငုံဖူးကင်း၊ ကြာနှယ် ကြိုင်သင်း၊ ငှက်ချင်းပျော်ကြ ကန်တော်မှာသာ။ ဆဒ္ဒန်ဆင်လည်း၊ တိုင်းသိပဲ၊ ကြာစွယ်ကိုစား၊ မြူးသွားဟီလာ၊ ရံကာတည့်သောင်းသောင်း၊ ခြွေရံများလှတောင်း။ စွယ်မောင်းနီလွှင်၊ ကိုယ်ပြင်ဖွေးလှ၊ ကြော့တယ် ကော့တယ် မော့တယ် နှင့်သာရှင်။ ကြာမျိုးဆန်းလှ၊ အိုင်နန်းမှာ စံပျော်ရွှင်တယ်ကိုလေး။ ငှက်တွေမှာလည်း၊ ရေနိုင်ပဲ၊ ဆဒ္ဒန်အိုင်ထဲ၊ ပျော်စံဝဲကာရှင်။

မှတ်ချက်။ ။([ဤ]ဆဒ္ဒန်အိုင်သာ သီချင်းကို တချက်လွှတ် သီချင်းခံဟူ၍ ခေါ်ဆိုသည်မှာ၊ ၎င်းသီချင်းကို သီဆိုတီးမှုတ်ရာ၌၊ တီးရိုးတီးစဉ် ၂ ချက် စည်းတွင် စည်း ၂ ချက်မတီးပဲ၊ စည်းတချက်လွှတ်၍၊ စည်းတချက်ဖြင့်သာ သီဆိုတီးမှုတ်ရသောကြောင့် ဖြစ်သည်ဟု ပညာသည်ကြီးများက ဆိုကြသည်) ။

## ၈။ ဘုန်းတော်ဘွဲ့ သန်းကောင်သီချင်းခံ

(ရွှေဘိုမင်းလက်ထက် မြဝတီဝန်ကြီး)

(ထောင်ရောင်နေကသာ ရွှေဘုန်းဝင်း၊ ညွတ်ခလာ ရာမင်းမင်း)၂။ ဘွေသီဟာမြင့်မှာဖြာညီလင်း၊ ဖြန့်ရှစ်ဆိုင် ကာထီးစင်း) ၂။ (ဇေယျာသံကျူး၊ ညှင်းလို့လို့ မြွက်သာကြည်)၂။ (ကျွန်းလေးမည်ငယ်ကို၊ စိုးသည်ဥက္ကာဋ္ဌ)၂။ ကောင်းညွှန့်ငယ်နေဇာ၊ ရှစ်ဗြဟ္မာ၊ လက်ျာသခ်၊ မြတ်သည်သ္မာနှင့်လေး။ ကောင်းညွှန့်ငယ်နေဇာ၊ ရှစ်ဗြဟ္မာ၊ လက်ျာသခ် (သခ်လက်ျာ၊ လက်ျာသခ်) ၂။ မြတ်သည်သာနှင့်လေး။ ရေဖျန်းစံ

ရွှေညီလာ၊ ဖူးပွင့်စုံစွာ၊ ဆယ်ဖြာတည့်လန်းလန်း၊ ပြည်ပြည်ထောင် တိုင်းခန်းက၊
ရှိပန်းဆင်လာ၊ ရွှေမြေ အောင်ချာ၊ သည်သာဘုန်းပွင့်စည်။ အမရရွှေဘုံပြည်။
အနန်းနန်းက၊ သိန်းသန်း ရောင်ခြည်၊ မှောင်မလည်၊ စံကျည်စံကျွန်း၊ တာထိန်ထိန်။
ဖလ်ရှိန်စိန်ရောင်၊ ဝန်း လို့လို့၊ ထွန်းလျှံဖြာညီးပင်။ ဘယ်ရာဝင်မှသာ၊ ပုံပြင်တူနှုန်း၊
ဘုန်းကြိုင်လှိုင်လန်း၊ ဒီပါအောင်ခန်း၊ သိမ်းမြန်းစိုးယူ၊ ရှင်လူတည့်ငြိမ်းအေး၊
ကြေညာသင်းပျံမွှေး၊ သာခွေးလွှယ်ကာ၊ မျှက်မြွာရွှန်းတင့်၊ မြတ်ရှိန္ဓမာ၊ စကြာနှင့်သာ။
အာကာပျံနင်း၊ ဆင်မင်းစိုးရ၊ လွှမ်းမိုး လွှမ်းမိုး၊ တေဇာ တေဇာ၊ ခွန်သွင်းထံရင်း
ပုံလှာစုံစွာ၊ သိင်္ဂါရွှေသား၊ သိကြားဆက်သ၊ ရံရွှေသော်တာ၊ ခြယ်လှယ်စီကာ၊
စံဆောင်ဘုံမှာ၊ သူဇာတည့်ပုံနှုန်းထား၊ ပုံနှုန်းထား၊ ယဉ်မူရာသား၊ များအများလှိုင်၊
ဘယ်တူပါ နိုင်၊ သွန်းမြိုင်၊ ရှာပြိုင် ဆော်နှိုး၊ ဘုန်းသိတာမိုး၊ ကန်ဆည်လျှံဖြိုး၊
သီးမျိုးစုံစွာ၊ မာလာတည့် သောင်းသောင်း၊ ခြွေရံများနှင့် ရုံးပေါင်း ရုံးပေါင်း၊
ခက်ဖြာညွန့်ရှင်၊ စုံစုံလင်လင် စည်ပင်ပွားလို့၊ နတ်လူသာကြည်၊ စုရည်ဆက်ကာပန်။
ကျိုပ်မာရင့်မုံ၊ရွှေဖဝါးစက်တော်စုံငယ်ကိုလေး။ ရွှေဘုံသာခန်း၊စိန်ကြောင်လေမှန်နန်းမှာ။

**မှတ်ချက်။** ။ (ထောင်ရောင်နေကသာ အစချီ သန်းကောင်သီချင်းခံနှင့် ဘိုးတော်ဘုရားလက်ထက်တော် အခါကတည်းက ရေးသားခဲ့သော "စန္ဒာရောင်သို့သာ" အစချီ မယ်ဘွဲ့ သန်းကောင်သီချင်းခံ ၂ ပုဒ်တို့၏ အသံ အသွားအလာများ တူညီနေသည်ကိုလည်းကောင်း၊ ကွမ်းဖိုးထိန်းပေမူ၌ ထောင်ရောင်နေကသာ သီချင်းခံမှာ သန်းကောင်သီချင်းခံ အလိုက်ဟူ၍ မှတ်သားထားသည်ကိုလည်းကောင်း ထောက်သော် ဤထောင်ရောင်နေကသာ သီချင်းခံမှာ စန္ဒာရောင်သို့သာ သီချင်းခံ၏ အလိုက်သာ ဖြစ်သည်ဟု ယူဆရန်ရှိသည်) ။

## ၉။ မင်းရဲကျော်စွာ ဘုန်းတော်ဘွဲ့သီချင်းခံ
(တရုတ်ဝန်)

ဇမ္ဗူကျွန်းလုံး၊ သိမ်းကျုံးပေါင်းရုံး၊ ဘုမ္မိတော်ကုံး၊ ရေမြေတောင်တော
ဆုံးမျှမျှ ချုန်းချချ။ ကျွန်းကျွန်းတိုင်းခန်း၊ မင်းပေါင်ထီးနန်း၊ နိုင်ငံကျယ်စွာ၊
ထူးထူးဆန်းဆန်း၊ ဝန်းဝန်းလျှားလျှား၊ နီးဝေးအများ၊ ပိုင်သနိုပ်နင်း၊ ကျယ်ဝင်း
နိုင်ငံ၊ မင်းဝံအောင်ချာ၊မြတ်စွာရွှေဘုံနန်းကကာ၊ထွန်းပပ။ညီးလင်းရောင်ဖြိုး၊ နေတူရိုး၊
သိမ်းမြန်းပိုင်စိုး၊ အခေါင်မိုး၊ စံကာဘုန်းတန်း၊ လန်းလန်း ဝင်းရွှန်း၊ မိုးမျှယဉ်မျိုး၊
ပုံရာမှာရှင်၊ ရောင်ထင်လျှမ်းလျှမ်း၊ မင်းခမ်းမင်းနား၊ စုံလှလျှပ်သား၊ စိန်ကြောင်
နီလာများနှင့်နှင့်၊ ပွားဆင့်ဆင့်။ ကိုးပါးမျက်မျိုး၊ ဖိုးကားလွန်ဂုဏ်၊ ခြယ်လှယ်စီကာ၊
ခိုနန်းအချွန်း၊ ကွမ်းလောင်းအရွှန်း၊ ထူးဆန်းအမွန်း၊ နေလား လျှပ်လား၊
ထင်မှားဖွယ်သာ၊ ရွှေနာ့ရဏီ၊ သိင်္ဂီစံလျော်ဖြိုး မြင့်မြင့် ကဲဆင့်ဆင့်။ မင်းတို့

ဆောင်ပြား အရာ များ၊ တိုင်းပစံစား ယဉ်ရာသား၊ ဘွယ်ရာထူးခြား။ ကြူးကဲရွှန်းစား၊ ဆန်းလှထွေထူး၊ သည်မှာပုံယင်။ ရေလျှင်ပျော်ရွှင် ကြာတင်နိုးလှ၊ ကုံလုံလျှံဖြိုး ယဉ်မျိုးချုပ်တော်မူသည်ကိုသာ၊ ရှုရာများလှ၊ ဇချင်း ကျူးချင်း၊ နာဘွယ်ချိုသာ၊ ယဉ်လှလုံခြုံစွာ၊ နတ်ဘုံမှာလိုလဲ သည်မှာရွှေဝ ရွှေပြည်သာ၊ ပြည့်စုံစွာ ဖြစ်လာထွေထူးဆန်း။ နှစ်များငယ်ဖြင်၊ ပွင့်လင်းငယ်ထွန်း။ စည်ပင်ပျော်ရွှင်ဘွယ်သာ၊ နန်းအောင်ချာခန်း ဘုံသာတည့်နန်းတွင်း၊ သင်းသင်းမွှေးလှိုင်၊ အေးကြိုင်ပန်းက၊ နှင်းပန်း လောင်းပန်း၊ ပန်းယွန်း၊ ပန်းသွန်း၊ နော်ဇာရွှေဝါ၊ မာလာရန့်၊ မ-ဘာ လှေကား၊ ရွှေသားပန်းသစ္စာ။ ဆတ်သွားဒန်းနှင့်၊ အနန်း အနန်း၊ မာလာ မာလာ၊ ခေါင်ရန်းနှင့် ဇီဇဝါ။ နှင်းဆီသာ မဥ္ဇူပန်း၊ ရေကန်နန်းဥယျာဉ်လယ်မှာ၊ နန်းစဉ်ပင် ယဉ်ကျေးဆန်း။ နုပင် နုလှ၊ ဆင်ဖွယ်များ ရွှေသားပွင့်နီဝါ။ သူဇာစန္ဒာ၊ မာလာနှင့်လျော်၊ ပိုဖော်ရွှေများ၊ ကုံးသီပျော်ပါး၊ ရံကာထံပါး၊ ဦးထားရှိရှည်၊ သာကြည်သည့် ညွတ်ပျောင်း၊ စုံစွာစုမြတ်တောင်း။ ထောင်သောင်းသန်ချာ၊ ဖြိုးကာမိုးလှ၊ နုယဉ်စေသာ၊ ဖြစ်ပေရလေ။ ထူးထူးထွေထွေ၊ ရွှေငွေများလှ၊ တိုးပွားဝန်းလျား၊ အင်္ဂါစုံစွာ ဆောင်ကြဆက်သွင်း၊ ဆင်မြင်းရတနာ၊ ကညာဆယ်ပါး၊ ထွားထွား ဖြူဝင်း၊ ဆောင်ဆောင်ဘုံမှာ၊ ခြွေရွှေရံကာ၊ ဒေဝီသူဇာ၊ ပြင်လျာသည့်ပြစ်မျိုးကင်း၊ တောက်ထွန်းဝင်း၊ နတ်နှယ်ပုံခင်း၊ မယွင်းတူစွ၊ မူရာဂဇာ၊ တင်ဆင်ယဉ်သည်နှင့်လေး။ ပျော်ရွှင်စံစား၊ တရားနှင့်အညီ၊ ယှဉ်မီတည့်ဖက်ကင်း၊ ဘုန်းအင်ကြီးသည့်မင်း။ ပုံခင်းနှိုင်းရာ၊ စကြာမင်းသို့၊ သက်တော်ရှည်မည်၊ မြဲသည်နှင့်သာပင်။ တိုင်းခွင် မြလို၊ ရွှန်းလှနုပျို ပျိုငယ်ကိုလေး၊ ပျော်ရွှင်စံစား၊ ရေစာများ၊ ဘုန်းလှိုင်ပွင့်ပြား၊ မြိုင်မြိုင်သားစည်ပင်။ ။

## ၁၀။ တောဘွဲ့သီချင်းခံ

(အကြီးတော်ဘုရားလက်ထက် မြဝတီမင်းကြီး)

စုံသာမြိုင်လယ်၊ လွမ်းဖွယ်တခန်း၊ ယဉ်ပုံဝေ၊ ထွေဆန်းလှလေ။ ရော်မြန်း ရွက်ကျင် ညိုလွင်တည့် မောင်းပြေပြေ။ သာသာလေညှင်းဆော်လှုံ၊ မြူးလာယုက်သန်း၊ ကျုံကျုံရွှေငုံ၊ ပန်းမှုန်နံ့ကြိုင်လန်းလန်း၊ ဖလ်နန်းစကြာ လှဲ့မှိန်၊ တိမ်ကတင့်ရဲ၊ ဆင်လို့အနဲ့နဲ့။ ကွဲကြေ ကြွေဆွေးလှလှဖွယ်။ တပင်ပျံလှယ်၊ မြေယံဝယ်၊ ရွှေယင်ဘောင်လယ်၊ ဖိုမမောင်မယ်၊ ကျူးတယ်ခေါ်သံသာနှင့်လေ။ ကိုယ်လုံးမြစေ၊ သိုက်ရွှေညှံ့နန်းလယ်မှာ၊ ပန်းလွှာရည်ရေး၊ နီလာသွေး၊ မြူးပျော်ကာကြွေး၊ ဖော်ညီဝေး၊ လှမ်းခြေယူနေး၊ ပူဝန်လေး။ ကျေးငှက်ကယ်၊ ညာဗယ်တောင်နှင့် တောငယ်မှာ၊ လွမ်းရန် သွယ်သွယ်၊ ဆင့်အောင့်ရင့်ရူ၊ ကူလို့တခန်း၊ မြူးကြ

အဆန်းဆန်း။ ရှုတိုင်းငယ်တွေ၊ ဖွံ့ရေးငယ်သာပန်း။ နွေဦးသာစွ လှိုင်ညီ၊ သင်းတဲ့ရာသီ၊ နှင်းလဲ့ဖြာစီ၊ ရွှေကိန္နရီ၊ နွဲ့မီတည့် ပျောင်းမြန်း၊ ပတ်ကုံးငယ်ဆင်ကာ၊ မှုန်ပြာပြာ၊ ရောလို့သန်း။ စံခန်းလေ၊ လျှံလန်းလေ၊ ဘယ်မှန်းလေ၊ တိမ်ဆိုင်းလေ၊ တိမ်လှိုင်းလေ၊ ဝေမှိုင်းကာ၊ မြူးလို့လို့ဆင်။ နရန်းကျောက်ပြင်၊ ရေရှင်တည့် မြလိုလို။ ခွံ့စိုစို စိမ်းလန်းရင့်။ ညှင်းခင်းမည်ပြား၊ စုံစွာ စုံစွာတည့်ခြားခြား။ ရွှေဝါး သိုက်မြင်နွယ်၊ သွန်းသွန်းညွန့် သွယ်သွယ်ငယ်ကိုလေး။ နန်းနယ်သာ ဝေယန်ထင်မီး မှားလေအောင်။ တောတောင် သီတာ၊ တင့်လှိုင်ပွင့်ဆိုင်၊ ကြိုင်နံ့မဆုံး၊ မြိုင်ကပန်းဂမုန်း။ တိမ်လွှာငွေနှင်း၊ လေသွင်းရစ်သွဲ့၊ ဖျော်ဖြေတဲ့ ငယ်ကို၊ ကြေကွဲဖွဲ့စေသား။ ရင့်ရင့် ဖြိုးဖြိုး၊ ဖိုးခေါင်မယ်လျှ၊ ဒေါင်းငယ်မှာ၊ ဖော်ရှာ ခေါ်ကာ၊ ကြော်ငြာ ကျူးအေး၊ ကြွေးမြည်သံသာ၊ ရွှေပင်နား၊ စုံယံလေမြိုင်ဖျား၊ ဖောင်းကား တမာ၊ ခေါက်ရှာတည့် သောင်းသောင်း၊ ခြွေရံများနှင့်၊ ရုံးပေါင်း ရုံးပေါင်း၊ ဝတ်ရည်မျှရုံ၊ ငွေခုံရွှေမြို၊ တူစုံနွဲ့လို့၊ သက်ပြိုင်ဝေလှယ် ချစ်တယ်နှင့်သာ။ ထုံးသီတာခင်း၊ အိုင်မင်းချမ်းမြ၊ နှိုင်းတန်း နှိုင်းတန်း၊ ဖွေရှာ ဖွေရှာ၊ မည်ရှေး မည်ရှေး ကုဏ္ဍလာ၊ မန္တာတူခင်း၊ ငါးမည်ကြာမင်းလှိုင်။ ကြည်ကြည်ဝေမြိုင်၊ ရေဆိုင်တည့်လျှမ်းလျှမ်းဖြိုး၊ လျှမ်းလျှမ်းဖြိုး၊ ပန်းမာလာမျိုး၊ မစိုးသော်က၊ ရွှေဗျာ ပါယူ၊ မိုးစွေးသင်းခွေတည့် မွှေးလှိုင်ကြူ။ မဟာလှေကား၊ ဆတ်သွားမဥ္ဇူ။ ပျဉ်ဖြူတည့်အနန်း၊ ပုံယင်များလှ၊ နှင်းပန်း လောင်းပန်း၊ နံ့ကြွယ်ပျံ့လှယ်၊ ရဂုံပျော်ဘွယ် ဖော်မယ်ဝေးလို့၊ တံ့နိုင် ဖန်ရေ၊ သဲကြွေလုပြန်အောင်။ မိုးမာန်ဖွဲ့မှာ ဖြိုမဲ့ခု ဟန်ဆောင်တယ်ကိုလေး လွမ်းနှောင် သွယ်လျား၊ ဖြေတော်အား၊ တမ်းယောင် ပျော်ပါး၊ မြင်လာသားစေပင်။

## ၁၁။ဘုန်းတော်ဘွဲ့ သီချင်းခံ

(ဘကြီးတော်ဘုရားလက်ထက် မြဝတီဝန်ကြီး)

ဇေယျာရွှေမြေ၊ ယဉ်ရေ ခွေဝန်းလျား၊ ရှုဆန်းပြား၊ သီတာခြံ့ ရံနေခ၊ စံရာရွှေနန်း၊ ကြူးလွန်ကဲမြင့်။ အရောင်ဝေ၊ တွေတယ်လေဇမ္ဗူ၊ မဥ္ဇူမြူးမြေညာ၊ ရွှေမေရုဇွေချ၊ သည်မှာနှန်းနှန်း၊ ဖြာလန်းဖြာဝေ၊ ထောင်ရောင်နေ၊ မှောင့်ခြွေရှောင် သွေ၊ လင်းလာထွန်းသို့၊ ချီးပဲကုန်နိုင်ငြား၊ များဆင်ဖြူယာဉ်ညင်နှင့်သာ၊ ကျွန်ဝင်ခရီ ဦးထား၊ သူမတူခယ့်စေသာ ရေမြေနှံ့ တေဇာအာဏာ၊ ဝေယန်မြင့် အာကာဇွေချာ၊ ရွှာလာထန်စွာ၊ ရွှေဗျာဦးထား၊ ဆင်ကာညွတ်တွား၊ နှင့်စေနှင့်စေ။ သွေငဲ့နိုင်၊ လျင်စွာထန်စွာ၊ ကြေညာနံ့ ပြည့်လျှမ်းငယ်များ။ သွန်းမြူးဖျန်းလောင်းကာ၊ ဒီပါလုံး ဆယ်ကြာညွှန့်၊ ဆင်ရာ ဆင်ပန်း၊ ဘုန်းသီတာဖျန်း၊ ရွှေပြည်နိုင်ငံ ချမ်းငြိမ်းအေးအေး၊

ဆေးဆေးလေးလေး၊ သာယာစည်ဖြာ။ ဘုံမြင့်မော်စံဗွေသီဟာ၊ တင့်ရောင်ရွှန်း ဝေဝေဆာဆာ၊ ဝတီသာနန်း၊ ဆိုရာမှန်းလေ၊ မတူထွေဆန်း၊ သာဝေမော်ဝယ်၊ ဖော်အညီလာ၊ စီကာရွှေဝန်းရံများခ။ ညာနေသူ့ ကေသွယ်သီလေ၊ နေနတ်နွယ် ပီပီညွန့်၊ မြူအငွေ့လွှာ၊ ကြေးအမြေ့တာ၊ ဘယ်မှာငံ့တုံ့ရာ။ မြေချာလွှန်ဝေး၊ ကျွန်းဦးစုံစွာ။ အုံ့ရာခမ်းနား၊ ထွေဆန်းပြား၊ နိုင်နိုင်ငံဝန်းလျား၊ သူတိုင်းကား။ ပြည်ပြည်မင်း၊ ပန်ရာဗွေလယ်၊ မြေမြန်ချာ အောင်မြေကြော့၊ ဇရာမြ လုံဖြာကူး၊ မင်းဝံတောင်ရင်းမြူး၊ တင့်မျိုးကြူး၊ နှုးငယ်လျှဖွယ်၊ တောင်နယ်ရေနင့်၊ လွမ်းရန်များတယ်၊ သွယ်သွယ်ကိုလေ၊ သောင်ငွေမှောင်ခြွေ၊ ရောင်ဝေလင်းထွန်း၊ ပျော်ဖွယ်လွတ်ကျွန်း၊ ပြန့်လေသွဲ့မှာ၊ ညိုလဲ့ငယ်ဖြူရောင်ပြာရောင်၊ မယ်မောင်တို့ ချစ်ရေးငယ်မြန်း၊ ကူးသန်းနှဲ့ပျော်ကာ၊ တောင်မန်းငယ်သာ၊ သိတာသွန်းသွန်း၊ ဖြာရွှန်းညာလေ၊ ကန်မင်းငယ်မှာ၊ လုံလင်းငယ်သာထွန်း၊ များလွန်းစိမ်းလန်းကြည်၊ ဝတ်ရည်သင်းမြူး၊ မြိုင်မင်းဦး၊ ငုံရွှေမှုန်ခြေ၊ ထုံလေညင်း သာပျံ့မာလာ၊ သိင်္ဂါလေ၊ ညိုပြာဖြူဝါ၊ ရေကြာမျိုး၊ လွှမ်းမိုးကာသာ၊ တာမ်းမျှော်ရာ၊ ဖော်ကွာနင့်သာ၊ ခေါ်ကာတည့်ရွှန်းစား၊ ဟသ်ာမည်ပြား၊ မယ်ညိုသား ယင်ဘောင်၊ ပျော်အောင် ဖော်ဆောင်ခေါ်နှောင်၊ အေးပင် ကြွေးရင့်ကျူး၊ ဇမ္ဗူမြေမှူးလေ၊ မတူ ထွေထူးလေ၊ တမှုကြည်နူးဖွယ်၊ မဟာလေ့ကား၊ ပင်ယံနားလေ၊ ဗျာပါဖြေငြား၊ ပြေနိုင်ပါလွယ်၊ နယ်နန္ဒာကန်သာရေလျှံ၊ ဝန်းကြည်စိမ်းလဲ့၊ ဖန်ရှိန်ညို့ တိမ်မိလ္လာသွယ်၊ ကန်အောင် ပင်လယ်သာစွ၊ ကျယ်တပြန့်ပြိုင်၊ ဘယ်မတုံ့နိုင်၊ လှိုင်လှိုင်လှပုံရာ၊ ရေစာလွန်ပေါ၊ များလျားစုံစီ၊ ခါမှန်ရာသီ၊ သွန်းညီးဖြိုးလို့၊ မိုးနွေယံစင်၊ ကြိုးစွေလျှံလင်၊ သာနုထွေထွေ၊ ရှုလေလေတင့်၊ စံဖွေမှန်ရွှေ၊ ညာနေကြည့်ရှင်း အိုင်မင်းတောင် တမန်၊ မြတ်ဟန်လေနတ်ဌာန်၊ မန္ဒာကိနီလဲလို၊ ဆိုယောင်ထင်တွေးငြား၊ ခုမေးမှား၊ များငယ်အံ့နိုင်၊ စည်မြိုင်ဖြာဆင့်၊ ပွားတယ်များတယ်၊ သွယ်သွယ်ကိုလေ၊ ယုနေပြုစေ၊ ကြူထွေသင်းသင်း၊ ဆယ်မည်မင်းမင်း၊ ကျင့်ရာဆင့်ကာ၊ ညီလှငယ်မှန်နေ ဖန်ဝေ၊ မြန်မြေလုံ့၊ ထွတ်ဦးငယ်ထား၊ တိုင်းကားချမ်းငြိမ်းသာ၊ ရှင်လူ ကြည်ဖြူ ပြည်သူပေါင်း၊ ကြွယ်ညောင်းဖြိုးလှ။ လှူဟန်များထွေ၊ နေနွယ်ဝံသာ၊ ဘယ်မှာ ဖွယ်ရာ၊ တွယ်တာငံ့၊ လွယ်ကာပုံဖျော်ဖြား၊ ကြင်ကြင်နာနာ၊ ကျူးကျူးအေးအေး၊ ဆေးဆေးလေးလေး၊ စဉ်ကာယှဉ်လာ ရွှေငွေရတနာသာ၊ သည်မှာ စုံစွာ ပုံလာရ၊ ပြောသူ မောသူ၊ ဘယ်ယူခွင့်ကုန်နိုင်ပါ၊ ဝေယန္တာ၊ မြေမြန်ချာ၊ နေဖလ်ဝါနှိုင်း ဓမ်း၊ ခြယ်ကာလှယ်ကာ ဘွယ်ရာထူးဆန်း၊ နန်းအောင်ချာ၊ စိန်ကြောင် ခြယ်နီလာ၊ သိင်္ဂါဇမ္ဗူရောင်မှန်း၊ လျှမ်းတင့်တင့်၊ ပွားဆင့်ရွှန်းလန်း၊ မြူးထောင်ခြည်၊ မှောင်နီ ငင့်သာ၊ ပုံမည့်ခန့်ထွေဆန်း၊ ရာပြည်ထောင် ပြည်တောင်တိုင်း၊ နိုင်နိုင်ငံမင်း၊ န်းမြန်းစုံကာ၊ ဖြူပြာမူရာ၊ သူဇာနှန်းထား၊ ခုတွေးမှား၊ တင့်ဟန်ဖျော်ဖြား၊

ရင့်ရွှယ်စေသား၊ မန်းတောင်ညာမော်၊ သုံးရွှေဝန်းခ၊ မြမြေ သပြေသပြေ၊ ညွှန့်လေ မသွေ့ မသွေ့၊ မြန်ဘောင်သာထွေ၊ ပြန့်ဘွေကွန့်မှာ၊ ထွန်းလျှံဖြာမိုးဖျား၊ ရေမီးသား၊ ရောင်ခတော်ထွေပြား၊ ကျူးလွန်ပွားဆင့်၊ ကဲမြင့်လေလေ၊ ရွှန်းတင့်ဝေဝေ၊ ရှင်တော် ရာမွေ့၊ မြတ်ဆံကေပွင့်၊ များလေပုံမှီး၊ မောင်းရွှေရေမီး၊ အံ့ရာလွန်မှဲ့ချီး၊ ညီးတေဇာ၊ သည်သာသည်မှာ၊ ကြုံလာကြုံငြား၊ ဘုန်းတော်ကိုယ်စား၊ ကြည်ဖွယ်သားနှင့် အလွန်ပင်၊ ရေသော်ဖြင် မှန်ကူ၊ မြတ်ဆူဆူပေါင်းလျှံလူရောင်နွှယ်၊ မိုးယံကယ်၊ ညာဗယ်ဝန်းလျား၊ တေဇာနှံ့ ရှင်စောဖြား၊ နေနှုန်းထား၊ ရွှေဘုန်းအား၊ သည်သာ သည်မှာ၊ တည်လာထွန်းငြား၊ မာန်မြူမမှုန် သိင်္ဂါ၊ ယာမာထင်ရ၊ နှိုင်းဖွယ်နှုန်းဖွယ် ကိုလေကိုလေ၊ ဝေးလွန်းကျွန်းနိုင်ငံခြား၊ စုံရှိမုံကြာ၊ တင့်လှုံကာ၊ များပုံရာ ပဏ္ဏာ နှင့်သာ၊ ဆယ်ဖြာ တည့်ဦးထား၊ ရွှေငွေဆင်မြင်း၊ သည်ရင်သော်တာ၊ စံရာရွှေညီလာ၊ သီဟာ ဘမရာထား၊ မိုးမြင့်မြင့်၊ ကိုးဆင့်ဖြန့်ဝန်း၊ ထီးဆိုင်ဆိုင် ရောင်ပြိုင်နှင့်သာ၊ စည်မြိုင်လှ လင်းထွန်း၊ ဘယ်ပြည်ထောင် ပြည်ထောင်တိုင်း၊ နှိုင်းဆွယ်စံကျွန်း၊ ကောင်းညွှန်း ဆိုကာ၊ ရော အဏ္ဏဝါ၊ ဗိုလ်ပါပေါင်း၊ ငြိမ်းမှု သွန်းလောင်း၊ လေရေ မြေစောင်း၊ ရဲယုံကျွန်ပေါင်း၊ သူဖြူလာစေ၊ နှင်းနေမောင်းလို့၊ တံနိုင် အကြေကြေ ရွှေ့ယိုင်အကြွေအကြွေ၊ ခုဖန်ရေရေ၊ လွင့်လေလွင့်လေပင်၊ ရာရာဝင်မပြူ၊ ရှေးက ငယ်ကြားဘူး၊ ကြုံပေရ ရွှေမြေတိုင်းသူ၊ ကယ်ယူခွင့် သည်မှာ ဘုန်းပန်း၊ ပျော်ခန်း၊ သာထွေ၊ ရင်းနေမှန်လွန်းငြား၊ ကြော့ရွှန့်စား၊ ညီလှငယ်ရွှေညီရွှေညီ၊ ကောသီလုံ့ ထွတ်ဦးငယ်တင်။

**မှတ်ချက်။** ။(သက္ကရာဇ် ၁၁၈၁ ခုနှစ်၊ ဘကြီးတော်ဘုရားလက်ထက်၊ စောင်းအတီးသင်ရန် အတွက် သင့်လျော်သော သီချင်းခံတစ်ပုဒ် ရေးသား ဆက်သွင်းရမည် အမိန့်တော်ရှိသဖြင့် မြဝတီ ဝန်ကြီးသည်၊ စုံသာမြိုင်လယ်သီချင်းခံကို ရေးသား စက်သွင်းရာတွင် ၎င်းသီချင်းမှာ အတော တီးကွက်များ ရှည်လျားနေသောကြောင့် အတောတီးကွက်အသံများကို စာသားထည့်သွင်း၍၊ အသစ်တစ်ဖန် ပြန်လည်ရေးသား ဆက်သွင်းရမည် အမိန့်တော်ရှိပြန်သဖြင့် 'ဇေယျာရွှေမြေ' သီချင်းခံကို ထပ်မံ ရေးသားဆက်သွင်းရသည်)။

## ၁၂။ ဘုန်းတော်ဘွဲ့သီချင်း

(ဟံသာဝတီရောက်မင်းလက်ထက် ဝန်ကြီးပဒေသရာဇာ)

ဘုန်းထူးဝေဆာ၊ တောင်ညာ တောင်ညာ တောင်ညာကျွန်းမှလေ၊ ထွန်းလင်း လျှံဖြာ၊ အောင်ချာတည့် မင်းဝံပြည် ॥ ॥ သံသံဝါကျူးရှင့်ရှင့်၊ ဘုန်းပန်းဘုန်းတန်း၊ ရှင်တော်တည့် * ပောာရေးညွန်း၊ ရွှေခွန်းဟာတယ်ပြတယ်၊ ရွှေဝကြငှန်း၊ ဆင်ရ၊ ရွက်ဦးပန်း ॥ ॥ မြင်းမိုရ်ချာဖူးညွန့်ညွန့်နှယ်၊ ရေကြည်သီတာ၊ ခုနစ်ခွေကာ၊ တောင်စဉ်ရံကာ၊ ဝန်းလို့လို့ပင်၊ မှိုင်းမှိုင်းညိုဆင်၊ မြင်တိုင်းမြရောင်ခြည် ॥ ॥ ပန်းလောင်ခွေသွင်း၊ စမုန်ဆင်း၊ မင်းဝံတောင်ရင်း၊ ဧရာခင်း၊ စိမ်းကြည်လဲ့ရှင်း၊ ယမုန်ကျင်း၊ ပေါင်းယှက်ကာဆုံကြ၊ ကျွန်းထိပ်ဦးငယ်မှာ၊ စီးဝင်နှန်းအင်၊ မြရည်၊ ကျသည်၊ ✣ တောင်ကြွက်နဖား၊ လိုဏ်ကဖောက်လျှိုးသွား။ ॥ ခပ်သိမ်းငယ်လှူ၊ သောက်ချိုးငယ်ငြိမ်း၊ မော်ယွန်းဖွေလယ်အောင်ချာ၊ ထွန်းလို့ဝင်းဝါ၊ ကိုးဖြာရောင်ခြည်၊ ဝန်းလည်တည့်ညီးညီး၊ မြတ်နန်းဘုံသာ၊ ရောင်ဖြာထွန်းလို့လင်း။ ၊ စံခင်းလေ၊ လျှံဝင်းလေ၊ ဖြူဝန်းလေ၊ စံကွန်းလေ၊ လျှံထွန်းလေ၊ ရွှင်လန်းရာထူး မြတ်လှသည်၊ ဘုန်းပန်းလှိုင်ဖြာ၊ ရာမင်းမင်းထွတ်မှန်ကူ။ ॥ ကြည်ဖြူသာများလှလှ၊ ထီးတရာဆောင်း၊ နိုင်ငံ နိုင်ငံတည့်ညွှတ်ပျောင်း၊ စံခန်းအောင်မြေဘုံတွင်၊ ပြည့်မျှဝန်းကျင်၊ ကျွန်းခွင်ဇမ္ဗူ၊ သိမ်းယူတည့်စိုးမြန်း၊ ညွန့်လန်းကျက်သရေ၊ ရောင်ဝေလင်းဆင့်ထွန်း။ ॥ ပြောင်ရွှန်းလေ၊ ရောင်လန်းလေ၊ တောင်နန်းနေ၊ စံကျွန်းလေ၊ အောင်ပန်းလေ၊ မော်ယွန်းဘွေ၊ လင်းပွင့်ဘွေရောင်ခြည်၊ ရွှန်းရွှန်းဝေမြိုင်၊ လှိုင်လှိုင်မွေးကြူကြူ။ ॥ မဉ္ဇူငုံဖူးသို့သို့၊ သုံးရွှေရုံများ၊ တင်ကာတင်ကာ တည့်ညွတ်တွား၊ ခေါင်ဖျားထွတ်ရာဇာ၊ ရှေးမင်းစကြာပင်ငယ်ကိုလေး၊ နှုန်းစပ်ကာ တူ တူတူတင့်၊ ထုံးစံညွှန်းရန်၊ မျှသာခုမှာ၊ မြင်ရမှတ်ဖွဲ၊ ရွှေဝမြတ်နန်းထဲ။ ဘုန်းတော်ပသည်၊ ရာများထွတ်ဦးကိုင်။ ॥ မြင့်မြင့်ဖြိုးဖြိုး၊ ညွန့်ဝေယန်နန်း နှန်းနှုန်းနှုန်းငယ်မှာ၊ စိန်သာစီမြွာ၊ လျှံဖြာထွန်းလင်း၊ နှုန်းစံရာခင်း၊ ဝေယန်မင်း၊ ပုံမသွေယွင်း၊ ကိုးပါးမျက်ရှင်၊ ရောင်ထင်ရောင်ထင်၊ မှောင်စင်ညီးမှုလင်း။ ဘုံမြင့်ခေါင်ချာ၊ တိမ်ပြာထဲက၊ သက်လှာပေါက်လှာ၊ ရောက်လှာသည့်နှယ်၊ လျှမ်းလျှမ်းငယ်လေ၊ လျှမ်းလျှမ်းဖြိုးမျှ၊ ဘုန်းမိုးဘုန်းမိုး၊ တေဇာတေဇာ၊ တောင်ကျွန်းခွင်လုံး၊ တမ္ပဒီပါ၊ ကြေညာရန်မျိုး၊ ဦးသာညွတ်လျိုးနှိမ်။ ॥ ညီလုံးစည်ပင်သာရွှင်၊ လူရှင်တည့်အေးအေးငြိမ်း၊ အေးအေးငြိမ်း၊ စံကာပျော်ရေး၊

"ပောာရေးညွန်း" အစား "ပောာရည်ညွန်း" ဟုမူကွဲရှိသည်။

အချို့သောမူများတွင် "တောင်ကြွက်နဖား" ဟူသောအစား "တောင်ကျွဲနဖား" ဟူ၍ တွေ့ရှိရသည်။

သီးအခြားခြား၊ မင်းပွဲစုံလင် သံသြောင်းအေးရှင်ရှင်၊ တီးသာယာခွင်း၊ စောင်းငြင်းတေတျာ၊ စဉ်ကာယှဉ်လာ၊ သာယာကြွေးလို့ဆန်း၊ ပျံ့မွှေးငယ်သာ၊ ယဉ်ရာရွေးလို့ ထောက်သည် ကောက်သည်၊ လျှောက်သည်နုချိုချို ။ ။ မြင်းမိုထိပ်ဝယ်၊သုဒဿနပြည်ကြီးနှယ်ကိုလေး၊ ဘုန်းတော်ရောင်ပြေး၊ ပျံ့ကြူမွှေး၊ ရန်ပြူဝေး၊ လွှင့်မြူမှေးလို့စင်။

မှတ်ချက်။ ။ "လျှမ်းလျှမ်းဖြိုးမှု" အစချီအပိုဒ်မှ သီချင်းအဆုံး ပိုဒ်ထိ၊ မြန်မာစာညွှန့်ပေါင်းကျမ်းတွင် "လျှမ်းလျှမ်းတိုးဆင့်၊ ဘုန်းမိုးဘုန်းမိုး၊ သီတာသီတာ၊ ပြည်လုံးရှင်ဖြိုး စည်ပင်သာယာ၊ မာယာတူယှိုး၊ နှုန်းရာသာမျိုးစုံ၊ ရွှေဘုံပြောင်ပြောင်၊ ဆောင်ဆောင်တည့်ထူးထူးခြင်း၊ ဝေယန်လေခေါင်ဖျား၊ မိုးသိကြားသွင်၊ ရည်တူစံရှင်၊ ကျွန်းကျွန်းတိုင်းခန်း၊ ဘုန်းရောင်ခြည်လွှမ်း၊ ပြည်တရာနန်း သိမ်းမြန်းစိုးပိုင်း နိုင်ငံတည့်ကျယ်စွာ၊ သာယာထွန်းပ၊ ညီးလင်းရွှန်းပြောင်၊ မြေချာကုန်အောင်၊ ပြည်ထောင်မင်းငယ်တို့၊ သစ္စာရွက်ပန်၊ သက်နှံစုံပုံလှာ၊ သုံ ဘုံရပ်ကယ်မှာ၊ နတ်လူတို့ မှီခိုရာငယ်ကိုလေး၊ နောင်လာဝေး၊ ပျံ့ကြူမွှေး၊ သစ္စာတော်လေး၊ ပွင့်မည်ရေးပင်မှန်။" ဟူ၍ မူကွဲတွေ့ရှိရသည်။

## ၁၃။ တောဘွဲ့သီချင်းခံ

(ဟံသာဝတီရောက်မင်း၏ ဘိုးတော်စနေမင်းလက်ထက် ဗျာသီဆယ်ရွာစား ဦးလွန်ပြေ)

တောဟောဝန်တောင်၊ သာခေါင် သာခေါင် သာခေါင် ကျူးလှလေ၊ ပန်းမျိုးထူးထွေ၊ ရေတိုင်းအံ့ဖွယ်သာ။ နီရွှေဝါစိမ်းလန်းရင့် ပန်းသွန်းအနန်း၊ သဇင်နှင့်သာ၊ သဇင်နှင့် ဆပ်သွားပန်း၊ လေဖျန်းသွေးလျှင် ဝေ့လျှင် ကြိုင်မွှေးပျံ့၍၊ ပင့်မြင့်ပန်းစကား။ မွှေးကြူကြူ သင်းပျံ့ပျံ့စွာ၊ ထွေထွေလာလာ၊ ဝေဝေဆာဆာ စံပယ် ဇလဗ္ဗာ၊ နော်ဇာရွှေဝါ၊ မာလာသိင်္ဂါ၊ ရွှန်းတင့်တင့်လေ။ နှင်းနှင့်မိုးဇွေ၊ သင်းခွေတည့်ပန်းယင်းမာ၊ ဗျာပါယူပန်း၊ ထွေထွေဆန်း၊ စွယ်တော်ခေါင်ရန်း၊ ဝေဝေလန်း၊ နှင်းဆီသာဒန်း၊ ရွှေနွယ်ပန်း၊ မွှေးမြတ်စွာ၊ နံ့သာပင်မြင့် နန်းငယ်မှာ၊ တူသာယှဉ်ကာ တွဲ့တယ်နွဲ့တယ်၊ ကိန္နရီဖိုမ၊ ရှင်ကြေ၊ အကြူးသား၊ ပတ်ကုံးငယ် ညို၊ တောလုံးငယ်သာမှိုင်း၊ ပင်တိုင်းစဉ်ကာ ယှဉ်ကာ၊ စိမ်းရင့်ရွှေပြာ၊ ထွေထွေလာလာ၊ မွှေးစွာတည့်လှောင်းလှောင်း၊ ငှက်ပေါင်းသံသာ၊ ကြော်ငြာအေးရင့်ကျူး၊ ခေါ်ထူးလေ၊ ပျော်မြူးလေ၊ ကျော်ကျူးလေ၊ ကျော်ကျူးလေ၊ ပျော်မြူးလေ၊ ပင်ကူးကာသန်းလို့လို့ပင်၊ လွမ်းဖွယ်စေပင်၊ မြင်တိုင်းအံ့ဖွယ်ကို။ လေချိုချိုဖျန်း ပင်သာဖျန်းလှ၊ တောပန်းနံ့ပေါင်း၊ ကြိုင်စွာ ကြိုင်စွာ တည့်လှောင်းလှောင်း၊ အင်ကြင်းစုံစွာ ငုံကာ၊ နှင်းနှင့်သစ္စာ၊ ဇီသဝါမှာ၊ မွှေးစွာတည့်လှောင်းလှောင်း၊ ပန်းပန်းတိမ်ငို၊ ဆိုဖွယ်သာများလှတောင်း၊ ကြိုင်တောင်းလေ၊ လှိုင်းတောင်းလေ၊ မြိုင်တောင်းလေ၊ သာထွန်းလေ၊ ဖြာရွှန်းဝေ၊ လေညွှန်းရာမွှေးရနံ့ကြူ စကားလှိုင်ကြူ

မဉ္ဇူနှင့် ပန်းခတ္တာ၊ ဖြာဖြာသာ စိမ်းလန်းရင့်၊ဖူးတခိုင်လုံး၊ ဝေဝေ ဝေဝေတည့်ညွတ်ရုံး၊ တိမ်လုံးတည့်လျှပ်ခြည်နွယ်၊ မိုးလုံးပြိုမည့်နှယ်ငယ်ကိုလေး။ လွမ်းဖွယ်သာ ဟောဝန် တောင်က၊ မှိုင်းပါတယ်၊ ညကို။ မြလို၊ ကျယိုမည့်နှယ်၊ ရေပေါက်ပုလဲ၊ စွေလို့ တဖွဲဖွဲ။ လေပြည်ဆော်ဖျန်း၊ တောပန်းမွှေးလှ၊ ကြင်သူဝေး၊ ပူဆွေးဖို့စေသာ။ ။ ညို့ညို့မှိုင်းမှိုင်း၊ သုံးထောင်သာလှ၊ တောငယ်မှာ၊ စုံကာ၊ ငုံကာ၊ မှုန်ရာစုပေါင်း၊ မြူးဟီသံညောင်း၊ အကုန်ပြောင်း။ စာမရီဒေါင်း၊ တိုးအောင်း ဆင်မှာ၊ ရုံကာ တည့်သောင်းသောင်း။ ။ခြွေရုံများနှင့် ရုံးပေါင်း ရုံးပေါင်း၊ ထွက်စီစံကာ၊ ဖိုမသံသာ၊ကြောငြာကြွေးလို့၊ ချစ်ဘွယ် ချစ်ဘွယ် ချစ်ဘွယ်နှင့်သာ ဆန်းဆန်းငယ်လေ၊ ဆန်းဆန်းတိုးဆင့်၊ ပန်းမျိုး ပန်းမျိုး၊ စုံစွာ စုံစွာ၊ ပင်တိုင်းမြလို၊ ရွှေရွှေ ဝါဝါ၊ ထွေရာယဉ်မျိုး။ ထူးလို့သာမျိုးပုံ။ ရဂုံ ဂနိုင်၊ လှိုင်လှိုင်တည့်မွှေးမျိုးဆန်း၊ မွှေးမျိုး ဆန်း ကြေညာကျော်သန်း၊ နတ်ပန်းသက မဉ္ဇူရွှေပင်၊ ကြာတောနှင်းဆီပင်။ မန္တာအိုင်တန်း၊ ထူးဆန်းထွေထွေ၊ ရေသော်တည့်ပုံပြင်၊ ကုန်စင်များလှ၊ ကျူးနွဲ့ ကျူးနွဲ့၊ ပျော်ကာ့စံရှင်၊ ဖိုမလွန်းကြင်၊ တူပင်နွဲ့လို့၊ တွဲ့တယ် နွဲ့တယ် တွဲ့တယ်နှင့်သာရှင်။ သုံးထောင်တောတိမ်ကြောနှင့်၊ မြူမင်းလွင်ငယ်ကိုလေး၊ မှိုင်းရီဝေလည်း၊ ဖြေနိုင်ပဲ၊ သက်တင်ရောင်ရဲ တိမ်ညိုထဲမှာဆင်။ ။

မှတ်ချက်။ ။ "လေဖျန်းသွေးလျှင်ဝေ့လျှင်" အပိုဒ်အစား၊ "လေမြန်း သွေး လျှင်အေးလျှင်"ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

"နှင်းဆီသာဒန်း၊ ရွှေနွယ်ပန်း" အပိုဒ်အစား၊ "မိုးစွေခေါင်ရန်း ရွှေနွယ်ဒန်း" ဟူ၍ ဂီတဝိသောဓနီကျမ်း (ပထမနှိပ်ခြင်း) ၌ စာမူကွဲတွေ့ရှိရသည်။

"ပြာပြာသာစိမ်းလန်းရင့်" အပိုဒ်အစား၊ "ဖြာဖြာသာစိမ်းလန်းရင့်" ဟူ၍ ဂီတဝိသောဓနီကျမ်း (ဒုတိယနှိပ်ခြင်း)၊ မဟာဂီတအသစ်၊ မြန်မာစာ ညွန့်ပေါင်းကျမ်းနှင့် ကွမ်းဘိုးထိန်းပေမူများတွင် မူကွဲတွေ့ရှိရသည်။

"စွေလို့တဖွဲဖွဲ" အပိုဒ်အစား၊ "စိုလို့ တဖွဲဖွဲ"ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင် စာမူကွဲတွေ့ရှိရသည်။ "ထွက်စီစံကာ"အပိုဒ်အစား၊ "ထွက်စည်စံကာ"ဟူ၍ ဂီတဝိသောဓနီကျမ်း၊ မဟာဂီတအသစ်၊ မြန်မာစာညွန့်ပေါင်းကျမ်းနှင့် ကွမ်းဘိုးထိန်း ပေမူများတွင် မူကွဲများ တွေ့ရှိရသည်။

## ၁၄။ ဘုန်းတော်ဘွဲ့ သီချင်းခံ
(မယ်လုပ်)

ရဝေနန်း၊ စိန်ကြောင်ဖန်ရော ဆန်းထွန်းပထိန်။ ။ဗူဦးရာနှိမ်၊ အာလိန် မြင့် ဘုံလယ်၊ စမွယ် စိုးမြန်း၊ ဝေယန်မိုးနန်း၊ သည်မှာလွန် ထူးဆန်း၊ ထွန်းလို့ ညီး။ ။ မပြိုင်နှုန်းရာ၊ အာဏာတေဇာနဲ့စေသား၊ သာနုအောင်မြေချာ။ ။

တက်နေဝါသူရိန်၊ မြတ်အာယဟိန်၊ နွယ်တော်ရိန်လေ၊ ဘုန်းရောင်ခြည်၊ သောင်းဖွေလည်၊ အုံနိုင် ဆုံအောင်ကြိုရအထူး၊ တေဇာတက်လျှမ်းမြူး။ ။ ပြည်ပြည်ထောင်လျှိုးဝပ်ကြလာ၊ စုံကြာမုံအာ၊ ဆယ်ဖြာပန်ဆင်၊ သာယာစံရှင်၊ ကျွန်တော်ခံဝင်၊ ဘယ်ပြည် ဘယ်မင်း၊ ဦး ညွှတ်ခပန်တယ်သား။ ။ ဆင့်ဆင့် ပဏ္ဏာ၊ ထွေရာပြည့်ပုံယင်၊ မြင်း ဆင်များ တောင်းစီးမိုးကဲကြောင်း၊ ဖော်တရွှေပေါင်း၊ ပျော်ဖွယ်များတောင်း၊ ခေါင်အချာစိုး၊ ထောင်ရာဖြိုးဝေ၊ နေနှုန်းနှန်းဆိုမှား၊ ကျူးကဲဆန်းပြား၊ တိုင်းကားသာရှင်ကြ၊ တန်ခိုးငယ်ပေါ်၊ ကျူးကျော်လေ၊ ဘုန်းတော်လေ၊ ပတယ်ပတယ်၊ နေလတသန်း ပြိုင်ကြဖက်နှုန်းနှန်း။ ။ ထက်ခန်းငယ်ဖွေ၊ ဘဝဂ်ဆုံးငယ်သာချင်း။ ။ ဘယ်မင်းစဉ်လာ ယှဉ်ကာ၊ ကြားရဘူးပါ၊ ရှေးဆက်ထုံးလာ၊ ဘယ်တူနိုင်ပါ။ တောင်ညာကျွန်းတွင်း၊ ဘက်ကင်းငယ်ရွှေဉာဏ်တော်၊ ထင်ပေါ်လွန်ချီးနိုင်။ ကျူးအံ့မျိုး။ ။ ရှည်ကြာဖြိုးဝေ၊ အောင်ချာစိုးပေ၊ ခေါင်ချာမိုးနေ၊ ရာပြည်မင်းလေ၊ ရွှေစက်ရင်းလေ ခွန်စက်သွင်းပေ၊ ကျွန်းချက်မအောင်မြေချာ၊ ပွင့်ဆုမှန်စွာ၊ နောင်လာတည့်ကေန်၊ နိုင်ငံတိုင်းလုံး၊ သာယာခြိမ့်အုန်း၊ ပြောစည်ပင်၊ ဝန်းကျင်တိုင်းသိ၊ ရွှေငွေပြည့်ဖြိုး၊ အင်္ဂါ အင်္ဂါတည့်စုံညီ၊ ခေါင်ဖျားသူရိန်သော်တာ၊ ဆန်းလို့ထွန်းဝါ၊ ချမ်းမြလင်းဖြာ၊ အောင်မြေလယ်ချာ။ ထီးရာလုံးမှူး၊ မြင့်ဖြူးငယ်ရွှေဘုံ၊ စိန်ငုံဖလ်ရောရာ ဖြိုးပြည့်လျှမ်း။ ။ အောင်ဆုပန်လေ၊ ရှင်တော်ထံလေ၊ ကိုယ်တော်ဉာဏ်ပေ၊ ကြည်ယုံဖြိုးဝေ၊ ဆယ်ဖြာမိုးလေ၊ ကွယ်ကာကိုးစေ၊ ဦးညွှတ်ခ ရန်အောင်ရာ။ ။ ပြည့်ဆုမှန်စွာ၊ ဗုသာကျွန်းပေါ်ညာမော်သောင်းခန်း၊ မြူမှောင်ဝေထွန်း၊ ရောင်ခြည်ဖြာဝင်း၊ ထိန်လင်းညီးမျှ၊ ရှင်စောစန္ဒာ၊ တေဇာတေဇာတည့်အာဏာ၊ ရောင်ဖြာ ရောင်ဖြာလုံး၊ မျက်ရှင်မျက်ရှင်သာ။ ။ ညွှန်းငယ်လေဆက်လှာ သလှာ၊ ဆဒ္ဒန်မာတင်၊ ဆင်ပျံဖြူမျိုး၊ ဘုန်းမိုးစွေရွာချ၊ မစဲငယ်နိုင်ပါ၊ ဖြိုးကာ မိုးကာ၊ သိမ့်အောင်ခြိမ့်တယ်၊ ဘယ်ကအခြား၊ ရန်ညွှန့်ပေါက်စမ်းငြား။ ။ သိသိကြေ၊ ထုံးလိုမှုန်းရ၊ အာဏာပြင်းတယ်၊ရာမင်းမင်းထိပ်ဦးငယ်ဖွေ။ ။ ခယသည်၊ ပြည်တရာဇာ၊ လဲ့ပြာပြာအိပြာပြာ၊ ငယ်မှုပွတယ် ရွတယ်။ ယဉ်ရာဖြူပြာ၊ မူရာနန်းရိုး၊ မိုးသူဇာလား၊ ထင်ယောင်မှား၊ ဆိုမိဘွယ်သား၊ ကိုယ်ရောင်ဝါဝင်းထွန်း၊ နုနုပျောင်းရွှေစင်၊ စိုးစံပယ်ရှင်ပါလို့၊ ပျော်ဘွယ်သာ၊ လန်းတယ် ဆန်းတယ် ယဉ်ဆုံး၊ သုံးရံလယ်ဝန်းရွှေခ၊ ဘုန်းရောကြီးပေးလှ၊ ရွှေနန်းဆောင်ဘုံတွင်းဝင်းပ၊ နုနယ်ရှုဖွယ်၊ ရွတယ် အိတယ်။ ။ လျှံလျှံ ကိုယ်လုံး၊ ဟန်မှုထူးခြား၊ ကိုယ်တော်ရှင်လန်း၊ စံမြန်းစိုးတင့်၊ ညိုးညိုးညီးညီး ရွှေရောင်ကျူးကဲအောင်၊ ဆောင်ဆောင်ဘုံမှာ၊ ပြောင်ပြောင်ထိန်ဝါ၊ ဝန်းကျင်တိုင်းကား၊ နှိုင်းဆယ်ဖြာခပန်ဆင်။ ။အောင်မြင်ကာသာလွယ်၊ရန်ဘယ်ဘယ်ဝန်း၊ ဆယ်ခိုင်စုံပန်း၊ တိုင်းနိုင်ငံစည်ပင်လို့ ရှင်တယ်ကို၊ အိုပျိုသူရှင် လူသား၊

စံရာညာနေ၊ အောင်မြေကျွန်းလုံး၊ ဗွေအုံးရာညီလှ၊ ပုလဲငယ်သောင်ငွေ၊ ရေသဲတနဲဆန်းတယ်၊ လန်းတယ်၊ လွယ်တည့် လွယ်တကူ၊ တိုင်းသူချမ်းသာ၊ ပူမဆာ၊ သာဖြူနုလုံးထား နုလုံးထား၊ ပုံပမာတဆန်းတထူး၊ ရေယဉ်လယ်မော်ကျွန်းဦး၊ ရာရှည်ကျူးအောင်၊ ဘုန်းတော်ဖြိုးမြင့်၊ နှစ်ပြိုင်တဆူ၊ လင်းဖြာထွန်းလာ၊ အရောင်အဝါဖြိုးတယ် မိုးတယ်၊ တေဇတန်ခိုးငယ်ဝေ။ ။ ထွန်းညာကြေ၊ လေးကျွန်းလုံးက၊ နှံ့ကြော်ငြာ၊ ဆုံအောင်သာ၊ ဆင့်ကာ မြင့်ကာပေ။ ။ သောင်းခန်းနေဗွေဝန်းလယ်၊ ဘုန်းတော်ဘိကာ၊ နှိမ်နှင်းနှိမ်နှင်း၊ ရန်းစမှေးရင်းပြေးဆုံး၊ ပိုင်ကာသိမ်းရုံး ဘယ်မှာပုံရာရှိပန်ကာ၊ ပြည်ထောင်သာမင်းမျိုး၊ စုံဦးလျှိုး၊ ရံမိုးခယသည်၊ ရာရာမင်း ထွတ်ဦးငယ်ဗွေ။ ။

မှတ်ချက် ။ ။ "ပြည်ပြည်ထောင် လျှိုးဝပ်ကြလာ" အပိုဒ်အစား၊ "ဇူပြည်တောင်လျှိုးဝပ်ကြလာ"ဟူ၍ ရွှေနန်းထွက် မဟာဂီတတွင် စာမူကွဲတွေ့ရှိရသည်။ "ဘယ်ပြည်ဘယ်မင်း" အပိုဒ်အစား "ဆယ်ပြည်ဆယ်မင်း"ဟူ၍ ဂီတဝိသောဓနီကျမ်းနှင့် ကွမ်းဘိုးထိန်းပေမူတို့တွင် စာမူကွဲတွေ့ရှိရသည်။

"ထက်ခန်းငယ်ဗွေ" အပိုဒ်အစား၊ "ထက်ဝန်းငယ်ဖွဲ့"ဟူ၍ ဝက်မစွတ် ဝန်ထောက်မင်းပေမူတွင် မူကွဲတွေ့ရှိရသည်။

"ရှင်စောစန္ဒာ" အပိုဒ်အစား၊ "ရှင်စောမြတ်စွာ" ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက်မဟာဂီတတို့တွင် စာမူကွဲများ တွေ့ရှိရသည်။ "သောင်းခန်းနေဗွေ ဝန်းလယ်" အပိုဒ်အစား၊ "သောင်းခန်းနေဗွေ ဝန်းမော်"ဟူ၍ ကွမ်းဘိုးထိန်းပေမူတွင် မူကွဲတွေ့ရှိရသည်။

"သောင်းခန်းနေဗွေဝန်းလယ်" အပိုဒ်မှ သီချင်းအဆုံးအထိ စာသားများ အစား၊ "သောင်းစကြဝဠာ၊ တေဇာရိုက်ချန်းဘုန်းတော်ကြီးစွာ၊ ထီးတရာကို၊ စိုး ကာပိုင်မြန်း၊ ရွှေဘုံနန်းဝယ်၊ ဆန်းစုံစွာ စကြဆက်လာ၊ ပန်သရာ များထွတ်ဦး ငယ်တင်" ဟူ၍ မဟာဂီတပေါင်းချုပ်၌ စာမူကွဲတွေ့ရှိရသည်။

# ပတ်ပျိုးသီချင်းများ

## ၁။ ဘုန်းတော်ဘွဲ့ပတ်ပျိုး
(မြဝတီဝန်ကြီး)

(မှန်ရဝေ၊ စံနေရာများ၊ ထီးမို့လေး ကျွန်းများဘောင်ဟာန်ဆောင် ဖလ်ရှိန် ညီးလို့လေး) ၂။ (ကြီးစေအာဏာ၊ နှုန်းနေသွယ်ဖြာ၊ သောင်းဒီပါဘွေမြင့်မှာ၊ ပြည်ပြည်မင်း၊ ကိုးကွယ်ရာ) ၂။ (ဘုန်းတေဇာ၊ နှုန်းနေဖြာ) ၂။ (သီဟာလေ ဓမ္မ နန်းဦး၊ ညီလာစုံဗိုလ်ပေါင်းဖူး)၂။ (တပုံသာထူး၊ သောင်းရွှေများမှူး) ၂။ [ကြည်နူး စေဌာ၊ ဒီပါသပြေကျွန်းမှာတဲ့လေ။ (ထုံးစဉ်လာ) ၂။ ပြဟ္မာ ရေတော်သွန်းချိန်မို့ လေး] ၂။ [(ရံဝန်းညီလာ) ၂။ ခွန်လှိုင်းဖွယ်၊ တိုင်းသိင်္ဂါမှာ၊ ပျော်မြန်းစေဘို့သာ] ၂။ **(သဖြန်)** ။ (မတ်ပေါင်းငယ်ကာ၊ နရိန္ဒာခေါင်ဆင့်တဲ့၊ ရာမင်းမင့်ဘုန်း) ၂။ တန်ခိုးတော်လျှံ၊ ပြောင်ဆဒ္ဒန် ပိုင်စိုးတဲ့၊ မြတ်မျိုးဇကေရာမို့၊ ကဲသာလို့နှုန်း)၂။

## ၂။ အိနောင်ဇာတ်ပြည့် (တလာကန်ခန်း) ပတ်ပျိုး
(မြဝတီမင်းကြီး)

(လှူမနော၊ စုံခြေတင့်မော၊ တိမ်ကြောတောင်ယံ၊ ဆွေမနီးငယ်လေ၊ ငြင်းပြေ့နရည်း၊ ရွှေဆည်းကည်) ၂။ (နီလာမြနှုန်း၊ တောင်စာပီတုန်း၊ ဂမုန်းဝတ်ရည်လျှံ၊ ကြိုင်လှိုင်ညွတ်၊ အိုရကြွလုလွတ်၊ ဖက်ဆွတ်ကယ်မွှေး၊ လေချိုကသွေး၊ ငှက်ကျေးချ ချငယ်ည်) ၂။ ။ **(သဖြန်)** ။ ။ (တလာကန်၊ မိနတ်ကယ်ဖျော် ဖြေစံသည့်၊ မြစကြာ်ဝင်သဝဏ်နှင့်၊ စုံရိပ်မွှန်ကြော) ၂။ ချစ်ကြည်နူး၊ တီးတူးငယ် တည့်မိုးကကျော်၊ မြင်တော်မူလှဲ့၊ စာနာယိမ်းငယ်လေ၊ စိမ်းလေတည့်ကော။ ။

မှတ်ချက် ။ ။ "ရွှေဆည်းကည်" အပိုဒ်အစား၊ "ရွှေစည်းချည် ချယ်ညာ" ဟူ၍ ဂီတဝိသောဓနီကျမ်း (ပထမနှိပ်ခြင်း) တွင် မှုကွဲတွေ့ရသည်။

## ၃။ မျှော်တော်ယောင်ပတ်ပျိုး

(လှိုင်ထိပ်ခေါင်တင်)

(ညဥ့်သုံးယံခါ၊ လေပြည်လာ၊ အေးရွှေရင်မှာ) ၂။ (လာနိုးမျှော်မိ၊ ဖြေမပျော်နိုင်ဘူး၊ ဘုန်းမယ့်ကိုယ်ထူး)၂။ (မဖူးသာ၊ လွမ်းတာကပွား၊ ရှင်နတ်များ၊ အိုမပဲကို) ၂။ ဆိုငိုမှိုင်လျက်ကယ်ငေး ။ (သေလုပါပြီ၊ ကြွေလုပါပြီ၊ အိုဘာပြုမလာသေး၊ ဘုန်းသူနှင့်ဝေး) ၂။ [ (လေးမယ့်ကံ) ၂ ရေးမဟာန်သလေး] ၂။ (အိုကြံကာပန်းပါဘိ၊ လမ်းဘယ်မမြင်၊ ရွှေပင်လယ်ဆီးသည်သို့၊ နီးမယ်မထင်) ၂။ [(သုံးရွှေကြော့ရှင်) ၂။ ဘုန်းလာမမြင်သလေး] ၂။ **(သဖြန်)** နှမလေးမယ့်သခင်၊ တင်ရန်ကများ။ (လှိုင်းကြီးတဲ့ရေ၊ မြကြောအဏ္ဏဝေသို့၊ မစုံရွှေ၊ စကြာကွန့်တယ်၊ နန်းနေညွန့်ဖွား) ၂။

## ၄။ ပုဂံထိပ်ထားဘုန်းတော်ဘွဲ့ပတ်ပျိုး

(ပြင်စည်မင်းသား)

(သိင်္ဂါရွှေရောင်၊ ထိန်ဝါဝေပြောင်နန်း၊ ဆောင်ဆောင်ခန်း၊ မန်းဘုံဘွေ၊ ဝင်းဝေလျှံ၊ စံတည်ကာဖဲငပယ်လို၊ သဲငွေပြန့်၊ ဖဲရွှေညံ့ပိန်း) ၀။ (စိမ်းရောင်စို၊ တောင်ညိုမြမှိုင်း၊ သီတာခွေလို့ ရေပတ်လည်ဝိုင်း) ၂။ (တိုင်းသာဘုံခန်း၊ ဆန်းထွေလာ၊ စိန်ကြောင်နီလာ ဖလ်ပြာခဲ၊ သန္တာဆွဲတဲ့ ပုလဲသွယ်၊ လနယ်နေလို၊ ဝင်းလို့ဆန်း) ၂။ (နတ်ကယ်စံအိမ် တွေးဘွယ့်ချိန်၊ ဝတီဘုံစံ၊ ဘုန်းရှင့်နန်း) ၂။ (သနားဘွယ် ရွှေလယ်သောင်းရံ) ၂။ သာလွန်ကျူးလို့ (ပျော်မြူးစံ)၂။] ၂။ (ရွှေကံတိုးလို့၊ ဖြိုးဝေဝေ၊ သပြေဒီပါ၊ ဘုန်းဖြန့်မြန်း) ၂။ [(စုံလမ်း၊ ငုံလျှမ်း၊ ဒုမ္မာပန်း) ၂။ ဘုံကြာခန်းက၊ နန်းကြာသူ ပြာဖြူ[illegible]၊ ဝင်းလို့ညီး] ၂။ (ထီးကျွန်တော်ခံ၊ ညာစံရှင့်ဘိုး၊ တိုင်းရွှေပြည်သာလှ၊ ညာခမိုး) ၂။ (ဒီပါသောင်းယံ၊ စံနန်းရိုး) ၃။

## ၅။ မန္တလေးမြို့ဘွဲ့ပတ်ပျိုး

(အောင်မြေမြမန်း၊ သိုက်ကျွမ်းစုံစွာ၊ ဘုံရတနာ၊ မန်းတောင်လက်ျာ။ ။ [illegible]နန်းနေကွန့်ဖြာ၊ ရွှေဘုန်းထိန်လို့သာ) ၂။ ။ (ဣန္ဒာများမင်း၊ ဆင်းကူညီဖန် [illegible]ပြောင်ဆဒ္ဒန်၊ မျိုးမှန်လှ၊ သိန္ဓဝါ၊ မြင်းပျံရ၊ စိုးပိုင်သ၊ မန္တာတော်မင်း) ၂။ (အိုလေ

မန်းရွှေမြို့၊ နန်းလေအောင်မြေခင်း၊ နန်းလေလေ၊ နန်းလေအောင်မြေခင်း၊ ပယ်ရှင်း၊ ရန်မျိုးအောင်လေလေ့၊ မန်းသာခေါင်) ၂။ (တောင်ခြေပတ်ဝိုင်း၊ မြောင်ခွေလို့ဆိုင်း၊ စံတိုင်းရွှေဘုံ ဆောင်လေလေ့ ရွှေဘုံဆောင်)၂။ (အိုလေ ရာပြည်ထောင်၊ ခွန်ဆောင်ဆက်သွင်း၊ တောဇာဝင်းထိန်လို့ပြောင်၊ ရွှေဘုန်းနေသို့ရောင်၊ ဝေနေ့ယျာပေါင်း ပါစေအောင်၊ မဂ္ဂင်ဖောင်ကြီး၊ စီးမဲ့ဘုန်းခေါင်၊ နိဗ္ဗူသောင်သို့၊ နှောင်ရောက်အောင်ကြိုး) ၂။ ॥ (သဖြန်) ॥ ॥ (နန်းရွှေမြို့မှာ၊ အဏ္ဏဝါ ဝေလျှံဖြာသည့်၊ ရေနန္ဒာဝိုင်း) ၂။ (တိုင်းခြိမ့်ခြိမ့်တုန်၊ မြမန်းပြည်ရွှေဘုံသို့၊ အောင်ဖေယျုံ၊ ရတနာလျှမ်းတယ်၊ စံခန်းနဲ့နိုး) ၂။

မှတ်ချက်။ ။အတက်ပါ သီချင်းကို မန္တလေးမြို့၊ ဘာဂျာဆရာလွှား၏ အဘကူးတို့အုပ်မင်း ဦးရွှေခန်၊ ကူးတို့အုပ်မင်း အဘရကန်ဆို ဆရာကြီး ရေးသားခဲ့သည်ဟု မန္တလေးမြို့၊ ကွယ်လွန်သူ အဆိုတော်ဆရာကြီး ဦးထွန်းအိုင်ထံမှ တစ်ဆင့်ကြားသိရသည်။

## ၆။ မိုးဘွဲ့ပတ်ပျိုး

(သေနင်္ဂမည်၊ နတ်စည်ဆော်သံလျှိုင်းလို့လေ၊ သွန်းမည့်ရုပ်ပုံ၊ ပဖ္ဖုန်ဆင် သင်တိုင်းနင့်လေး) ၂။ ॥ (မိလ္လာရီဆိုင်းပြန်ပြီ၊ ပြာချီအုံ့မှိုင်းဝေလို့မှောင်]၂။ ॥[(အာကာဘောင်) ၂။ ဂဠုန်တောင်ချိတ်ပါလို့၊ ပန်းတိမ်လိပ်ရောင်] ၂။ ॥ သဲကြွေလုအောင်၊ ဆွေးတဲ့ ဆွေးဗျာနှောင်၊ မိုးနတ်မောင် ဖန်တော်အား) ၂။ ॥ (စာနာပါသင့် သားငယ်လေး၊ ငြိုးမာန်ဘာပြုပွားတယ်ကို) ၂။ ॥ [(သနားမညှာ) ၂။ ဝဠာပိုင် ဘုန်းငယ်က၊ မုန်းရက်တော့ရှာ] ၂။ ॥(ကျူးရင့်သံသာ၊ စည်တဲ့ စည်တံမြွှာ၊ ရှိန်တေဇာ၊ ကြော်ငြာကြွေး)၂။ ॥ (ပုဇွန်သံလေး၊ ညှင်းစီစီ၊ ရွာဟန်ရုပ်ရေး၊ ဆင်ခဲ့ပြီ) ၂။ ॥ [(မန္တာကီ) ၂။ ဇာပလီလှိုင်းပါလို့၊ သိုင်းဟန်နွဲ့ချီ] ၂။ ॥ (လွှမ်းဖွယ်စုံစီ၊ မှိုင်းရီလို့မဲ၊ ကဲဆင့်မောက်မို၊ ပြိုမလိုယောင်၊ တိမ်တောင်အာကာထဲက၊ ဆင်ပြန်လှာ) ၂။ ॥ (သဖြန်) ॥ ॥ ပြာပြာမှာ ဝါဝါရောလို့၊ မြကြောဇော်ဂျီရောင်လျှံ၊ သွန်းမဲ့ရုပ်ဟန်။ ॥ တံပိုးငယ်ထန်၊ မုရီးသံ ခရာဆင့်တယ်၊ ကျူးသံရင့်ကြွေး။ ॥

မှတ်ချက်။ ။အထက်ပါသေနင်္ဂမည် အစချီ ပတ်ပျိုးရေးသူမှာ "မင်းဘူးပဲ့နင်းဦးနေဦး" ဟူ၍ ဂီတဝိသောဓနီကျမ်း (ဒုတိယနှိပ်ခြင်း)တွင် လည်းကောင်း "မြဝတီဝန်ကြီး ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက်မဟာဂီတတို့တွင် လည်းကောင်း "အနောက်နန်းမိဖုရား"ဟူ၍ ရွှေပြည် ဦးဘတင်၏ လက်ရေးမူစာအုပ်တွင်လည်းကောင်း "ကွပ်ရွာမင်းကြီးကတော် ခင်ဆုံ"ဟူ၍ ဝက်မစွတ် ဝန်ထောက်မင်း လက်ရေးမူတွင်လည်းကောင်း မူကွဲအသီးသီး တွေ့ရှိရသည်။

## ၇။ မဲဇာတောင်ခြေဘွဲ့ပတ်ပျိုး
(မင်းတုန်းမင်းလက်ထက် စာရေးတော်ကြီး ဦးမောင်ကလေး)

(မဲဇာတောင်ခြေ၊ စီးတွေတွေ၊ ရစ်သန်းသီတာရေ) ၂။ (ပန်းမြိုင်ဘွေမှာလေ၊ ဆန်းထွေသည့်က၊ ရွှေပြည်တော်နန်းဆီသို့တာ) ၂။ (ဘိုးတော်ငယ် ပဝရ၊ တေဇငဲ့ညွန့်လူ၊ တည်ထားအဆူဆူ) ၂။ (ဇမ္ဗူဆီမီး၊ ခြောက်ရောင်ရှင်၊ ဂူကြီးမြတ်ထွတ်တင်) ၂။ ရွှေလင်းပင်၊ ခြသေ့ဖျား၊ ထွေထွေလျှပ် နယ်သား။ သည်ကားစေတီ၊ သည်ဆီရွှေနန်း၊ ရည်ရော်စိတ်ကမှန်း။ [ (နန်းရွှေပြည်ကွာဝေးလို့၊ ဆွေးဗျာထုနှောင်)၃၊ ပွဲခါညောင်ရေစင်သုံး၊ မြတ်ဖြား ဂူတော်တောင်က၊ ရီမှောင်ဝိုက်ကာဖုံး] ၂။ (နှင်းငွေရီ အုံ့မဆုံး၊ မိုးပေါက်ကရှူး)၂။ [ (တိမ်တိမ်ခြေဖုံးပါလို့၊ အုန်းခြိမ့်ခြိမ့်မှောင်) ၃၊ တည့်မွန်းနေခြည် ဖြာမှန္တေးတယ်လေး၊ ထွေးလုံတတ်ပေါင်] ၂။ သဲသာသောင်မြေဝေးမှာ၊ လွမ်းဖော်မဲ့ဆွေး၊ မြောက်လေပြေ ဆော်သွေးတယ်၊ ချမ်းတုန်လို့အေး၊ **(သဖြန်)** ။ (လေသွေးရာချို၊ ရွှေဖီကမွှေး) ၂။ (ဝတ်ပန်းငုံခိုင်နှင့် မဲဇာမြိုင် ဂနိုင်အုပ်မှာ၊ ရွှေဘုတ်ကကြွေး) ၂။

## ၈။ ရွှေဘိုမြို့ဘွဲ့ပတ်ပျိုး
(မြင်းကွန်းမင်းသား)

(မြန်ချာမြေကို၊ စံရာရွှေဘို၊ နန္ဒာရေညိုဝန်း၊ ဖြာ့ရှောင်ရွှန်း)၂။ (လူမူးလုံးဖြား၊ ပြည်ကုန်းအောင်၊ ရန်အောင် မော်ကွန်းထား) ၂။ (ခြောက်ပါးခြည်ရောင် စိုသည်နှင့်သာ၊ တည်ထွန်း ရွှေချက်သို) ၂။ (ဗဟိုလေ ရွှေကွန်းနန်း၊ ကျုံးပတ်ခွေ ထွေထူးဆန်း) ၂။ (စံခန်းဣန္ဒာ၊ လျှံလန်းသိင်္ဂါ၊ ခုနှစ်မည်ဌာနမှာ၊ ပြည်ပြည်များဦးညွတ်ရာ) ၂။ (ရင်းနေက ဆက်စဉ်လာ၊ ကိုးတောင်သီလာ၊ တိုင်းကြီးမြောက်ညာလေလေ့၊ ရှစ်မင်းငယ်ပယ်ခန့်တာ) ၂။ (မြတ်ရွှေ သမ္ဘာ၊ တေဇာလျှံလင်း၊ ရန်ပေါင်းသည်ဝယ် ဖြိုခွင်း၊ ရွှေဘိုမြေများမင်း) ၂။ (စံခင်းငယ်အောင်ချာ၊ အေးမြတ်မြင့် ဘိုးစဉ်လာ၊ တေဇာဗုန်သည်း၊ ရိပ်ဖြူပိုင်ချည်းပေပ၊ ခမည်းမြတ်ရာဇိန်လို၊ အောင်ချိန်ရွှေပြည်၊ စိုးစံဘိသည် လေလေ့၊ နတ်များငယ် ဖန်တော်ရည်) ၂။ **(သဖြန်)** ။ (မင်းမင့်ခေါင်တည်း ကျူးရွှေစည် သပြေညာလုံ့၊ သောင်းဒီပါ

ရေမြေနှံ့ရ၊ သံဝှန်ခြိမ့်သဲ) ၂။ (ဘုန်းတေဇာ နိသင်နှင့်၊ ဘယ်ရာဝင်သည် ဝယ်ခါသို့၊ ဘွေသုနာ ပရန္တ ငယ်မှာ၊ ကြုံဘူးရခဲ) ၂။

## ၉။ သစ္စာတိုင်ပတ်ပျိုး
(မင်းဘူးပဲ့နင်း ဦးနေဦး)

(ချစ်သမျှကို၊ မြင့်မိုရ်ရွှေတောင်လုံးသာပလေ။ လေးဆူဒီပါ၊ သီတာရေမြေဆုံးစေတော့လေး) ၂။ (အို ဘယ်မမုန်းပါတော့နိုင်၊ ကပ်လုံးဆုံးတိုင်တိုင်) ၂။ (ရုံးညာပိုင်၊ အုံးပြိုင်သဋ္ဌာကြွေ့မှာလှလေ၊ ကြိုးမည်နှောင်တာ၊ ရိုးပြာမြေဝယ်မြေ့စေတော့လေး) ၂။ (မုန်သရွှေ့ကိုလ၊ ဖန်စေ့ငယ်ရေရေ၊ ကိုးဂုဏ်ရှင့်၊ ဂုတော်မွေ) ၂။ (တူမသွေ၊ ပါစေမယ်နှင့်သား) ၂။ (လှစ်ကျူးမြွက်ကြား၊ ဝှက်မထား၊ မြတ်ရှင်ပင် တန်ခိုးအား) ၂။ (မခြားသိစေကြောင်း၊ ပန်ထွာတည့် ခဝပ်ညောင်း) ၂။ (တူပြိုင်၊ ဂုလိုဏ်၊ စကားသစ္စာခိုင်) ၂။ (သံသာလေကမ်းတိုင် တူပြိုင်ကူးမယ်၊ ဆုထူးငယ်ပန်ရွယ်သွန်း) ၂။ (ချစ်လို့ရယ်မကုန်ဝသုန် ဤမြေ၊ သိကြားစေ၊ သက်သေညွှန်း) ၂။ (ပုံမှန်းမွေးလှိုင်ကြူ လေတည့်မှ၊ သုံးလူ့ထွတ်မုန်ကူ) ၂။ (မတူလေ ပြိုင်နှုန်းကင်း၊ ခြောက်ဖြာစုံ ရောင်ဖြိုးလင်း) ၂။**(သဖြန်)** ။ (ချစ်ခြင်းငယ်ပြိုင်၊ မြစ်မင်းပိုင် အဏ္ဏဝါက၊ ပြန်တရာကဲ) ၂။ ယွင်းစေဝသုန်၊ ငွေဝန်း သော်တာယုန်သို့ ကမ္ဘာကုန် ကျယ်သရွှေ့ငယ်မှာ၊ ဘယ်မေ့လိမ့်လဲ) ၂။

## ၁၀။ ဘုန်းတော်ဘွဲ့ပတ်ပျိုး

(စိန်ကြောင်နီလာ၊ ထိန်ဝါဝင်းမှည့်မှည့်၊ ဖလ်ရှိန်သိင်္ဂါ၊ ရောင်ဖေ မှောင်ခြွေပယ်ခွာ၊ မျက်မွန်ရတနာငယ်လေ၊ လျှံညီးလင်း) ၂။ (ရွှေနန်းဆောင်ဘုံမှာ၊ ကြယ်ပေါင်းရံရွှေသော်တာ၊ ခြီးကျူးဆယ်မည်သံသာညှင်း၊ ပျော်တော်ခင်း) ၂။(ထီးအစင်းစင်း၊ အမင်းမင်း၊ ယှဉ်နှုန်းဘက်ကင်း၊ ဦးညွတ်ခြင်း၊ ဆယ်ကြာဆယ်ညွှန့်၊ စက်ထံကြည်ယုံသက်နှံ့ ခိုလှုံကာ၊ စုံဖူးရင်း)၂။ (နှင်းပြောင်းသည့် နွေငယ်မှာလေ၊ သင်းလှောင်းပျံ့ရီရီမှုန်ပြေ၊ ဝတ်ရည်လှယ်ဝေ၊ ငှက်ကယ်ယုယ၊ ဆွေလျငယ်ပင်နန်းနေ) ၂။ (ကြင်ရေးဖွဲ့ယှက်ချွေငယ်နှင့်သာ၊ ဖိုးခေါင်ရင့်ညံ) ၂။ (စုံမြိုင်ယံပန်းကထွေထွေ၊ မြသင်တိုင်းနှင့်၊ အုံမှိုင်းငယ်ညိုပြေ၊ အမွှန်မှူးငယ်က၊ ရင့်ကျူးဖန်ဖန်စေ) ၂။ (ယဉ်ရေရံခ၊ သာစွာငယ်ဗိမာန်၊ နတ်ဌာန်တရှိ၊ ချီးမကုန်ကြုံဘူးရဘိ) ၂။ (သလ္လာရော၊ ခွေကာဝိုက်ဝေ့၊ တောင်စဉ်ငယ်တိမ်လွှာ၊ ကြိုင်မွှန်းရေသွန်းမန္တာ၊

ရှစ်ဖြဲဟ္မာငယ်လေသံကြီးကြွေး) ၂။ (သဖြန်) ။ ။ လေးမြေလုံးဗဟို။ ။ ပင်ဝန်းမြရိပ်ဝေ၊ မြန်သပြေရွှေမွှန်ချက်ဝယ်ပ၊ ကနက်ကယ်ဆူဆူ ဖွင့်ပါသည့် ကိုးဆင့်ရောင်စို။ ။နတ်ပေါင်းငယ်ခို၊ မြင့်မိုရ်ညွန့်တန္တန်း။) ။ မြဥကင် ဇွေသီဟာမြင့်၊ သောင်းဒီပါညီလာခတယ်လေ၊ နေလနှစ်ဘုန်း။

မှတ်ချက်။ ။ အထက်ပါ စိန်ကြောင်နီလာပတ်ပျိုးကို ဘကြီးတော်ဘုရားနှင့် နန်းမတော်မယ်နုတို့သမီးမင်းတုန်းမင်းတရားကြီး အလယ်နန်းတော် ဆင်ဖြူမရှင်မိဖုရား ငယ်ရွယ်တော်မူစဉ် နားထွင်းတော်မင်္ဂလာ၌ မြဝတီမင်းကြီး ရေးသားဆက်သွင်းကြောင်း ညောင်ဝန်းဝန်ထောက်မင်းသား ရွှေပြည်မောင်မောင် ကလေး သီချင်းမှတ်စုတွင်တွေ့ရသည်။

## ၁၁။ မျှော်တော်ယောင်ပတ်ပျိုး

(အနောက်နန်းတော် မမြလေး)

(ရှစ်စုံရွက်ကြာ၊ ဆူဆူဝေဆာ၊ စံရာဘုံရွှေနန်း၊ ဘုံရွှေနန်း:)၂။ ။ အခန်းခန်းငယ်နှင့်၊ ဆောင်နန်းမရိပ်လယ်၊ ယိုးဖွယ်တည့်ဝတိန်နှယ်)၂။ ။ (မြတ်ဘုန်းမိုငယ်လေ၊ ရွှေကိုယ်နန်းလောင်း၊ သောင်းစကြာဝဠာ၊ များစွာ တည့်ခဝပ် ညောင်း) ၂။ ။ [ရွှေပေါင်းဝန်းရံ၊ လွတ်စံဇမ္ဗူကျွန်းသူမျှလေ၊ (ခွေပျောင်း ညွတ်ပန်) ၂။ (ယှဉ်စံမတူ ကျွမ်းလုမျှလေး) ၂] ၂။ ။ (နောက်အိမ်တော် ဆောင်ရိပ်မှာ၊ လွမ်းစိတ်နှင့်ဆွေး) ၂။ ။ (လာလုငယ်လာလု၊ တမ်းခုခုငေး) ၂။ ။ (အိုသေသေထားတဲ့ရေး၊ ရွှေရင်ချမ်းမြအေး) ၂။ ။ (ဗျာပါရေးငယ်နှင့် မကြံပါနိုင်၊ နွမ်းခွေလို့ယိုင် ) ၂။ ။(နွဲ့ပင်တိုင် ကြည်ရှောင်တိမ်းတယ်၊ စိမ်း သင့်မှစိမ်း) ၂။ ။ (ခြုံလှဲ့ပါတုန်သဲ မိုးညိုလို့မဲ) ၂။ ။ (ဖြေလည်း နော်ခု နေမရှင်၊ ရွှေရင်အုံမလုံကွေးတယ်လေး၊ ချမ်းတုန်လို့အေး) ၂။ ။ ရိရိ ငွေနှင်းငယ်၊ သွင်းလာလို့ ဖျန်း။ ။ ချစ်မေတ္တာ သူတထူးကို၊ ကူးပေသည့် မှန်း။ ။ (သဖြန်) ။ ။ သနားငယ် မညှာရက်ကယ်မို့သူ့တွက်ကယ်ဖန်ရာ ဆယ်၊ ရေးနှောင့် မလွယ်။ ။ ဘယ်ခါနေ့ငယ်မှ၊ ကိုယ်တွေ့၊ သည်ပူနယ်က၊ အေးလွယ်သိမှန်း။ ။.

မှတ်ချက်။ ။ "ရှစ်စုံရွက်ကြာ" အပိုဒ်အစား၊ "ရှိစုံရွက်ကြာ" ဟူ၍ မဟာဂီတဝိသောဓနီကျမ်းနှင့် မဟာဂီတ အသစ် (သူရိယ) တို့တွင် မူကွဲတွေ့ရသည်။

"ရွှေပေါင်းဝန်းရံ" အပိုဒ်အစား၊ "ဗိုလ်ပေါင်းဝန်းရံ"ဟူ၍ မဟာဂီတဝိသော ဓနီကျမ်း (ဒုတိယနှိပ်ခြင်း)နှင့် မဟာဂီတအသစ်တွင် မူကွဲတွေ့ရှိရသည်။

"ယှဉ်စံမတူကျွမ်းလုမျှလေး" အပိုဒ်အစား၊ "ရှင်စံမတူ ဝှန်းဖြူးစွလေး" ဟူ၍ ဂီတဝိသောဓနီကျမ်း (ဒုတိယနှိပ်ခြင်း)တွင် မူကွဲတွေ့ရသည်။

"နောက်အိမ်တော်"အပိုဒ်အစား၊ "မြောက်အိမ်တော်"ဟူ၍ မဟာဂီတ ပေါင်းချုပ်တွင် မူကွဲတွေ့ရှိရသည်။

အထက်ပါ ရှစ်စုံရှက်ကြာ ပတ်ပျိုး တတိယသီချင်းပိုဒ်ရှိ "မြတ်ဘုန်းမို ငယ်လေ၊ ရွှေကိုယ်နန်းလောင်း" အစချီအပိုဒ်၌ "ရွှေကိုယ်နန်းလောင်း"ဟူသော အနက်အဓိပ္ပာယ်မှာ "နန်း၌စံနေတော်မူသော ဘုရားအလောင်း(ဝါ) အမတနန်းသို့ စံမြန်းမည့် အလောင်းတော်ဟူ၍ ယူဆရသည်။

## ၁၂။ သီတာသောင်ခြေဘွဲ့ပတ်ပျိုး

(ယမုန်နာ၊ သီတာသောင်ခြေဦးမှာလလေ။ ။ သနားဖွယ်၊ လူနှယ် ခေါ်သံ ထူးလို့လေး) ၂။ (ကြည်နူးဖွယ် မယှဉ်တကိုယ်၊ ရွှေဟင်္သာမောင်နှံငှက် ကယ်တို့၊ ကြင်ဖော်မှာ ကြင်ဖော်ဖက်ကယ်နှင့်၊ တူပျော်ပျော်လေ၊ ဘယ်ခါမှ စက်ရပ်၊ လည်ယှက်ကာသူတို့လို) ၂။ (မဖိုခေါ်သံ၊ လူ့နှယ်သူ့ဟန်၊ ဖော်ကွာ သူဆွေးစေဘို့ဖန်) ၂။ (သဲတဲ့သဲ ငွေလျှံ ဝဲတဲ့ ဝဲကာပျံ) ၂။ (အို ငါးကြင်းတွေ ဆန်ပ်ို၏။ ငါးတန်တွေ သောင်ရေစီးမှာလ၊ ကိုတံငါလှေယာဉ်စီးပါလို့၊ ပိုက်ကြီးနဲ့ ရေချလာ) ၂။ (ဒေါင်ဒင်သံသာသာနှင့်၊ တံငါလှေလောင်းဆင်း) ၂။ (အို နဒီတွင်းမှာလ။ နှင်းငွေဆော်) ၂။ (ချမ်းလို့တုန်၊ မလုံကွေးတယ်၊ ကိုယ်ရေးကြို တော့နော်) ၂။ [ (တပေါင်း တန်ခူး မိုးသားကြူး) ၂။ လေရူးဆော်လှာပုံ။ နဒီတွင်းမှာလ၊ ကိုငါး ကြင်းငယ်တို့ ပိုက်တွင်းမှာ သူတို့ခုန်] ၂။ (လွှမ်း လေပူပုံပူပုံပွားပါလို့၊ အားကကုန်၊ လွှမ်းလေပူပုံပူပုံပွားပါလို့၊ အားကကုန်) ၂။ သောင်ယံမှာ၊ မောင်နှံငှက်ကယ်တို့ (လည်ချင်း ယှက်ပါလို့၊ နွဲ့ကာပျော်စံ၊ ဆွေးစေဘို့ဖန်။ ။ ကြင်ဖော်ကွဲရော့ထင့်ဝဲကာပျံတယ်၊ သည်သောင်ယံက၊ မခွာရက်တယ်၊ ကြဲခက်လို့ပန်း) ၂။ **(သဖြန်)** ။ ။ (ရစ်သန်းငယ်ကာ ယမုန်နာငွေသောင်ခုံက၊ လွှမ်းပုံကို ဖြေမရှင်ဘု ပွေအင်ပူမိး) ၂။ (ငွေနှင်းငယ်မှုန်၊ လေညင်း တသုန်သုန်နှင့်၊ ရေဆင်းပုံဂယက်ဝိုင်းငယ်၊ လှိုင်းထလို့စီး) ၂။

## ၁၃။ ဝိဇယကာရီဇာတ်ထွက်ပတ်ပျိုး
(လှိုင်ထိပ်ခေါင်တင်)

(ရေယမုန်၊ အမွှန်သီတာတိုင်းသို့လေ။ ။ ငှက်လီမွှာ၊ မကြာနှောင်စေ ခိုင်းမယ်ပလေး) ၂။ (တောင်ဝိုင်းစုံလွင့်၊ မြင့်တိမ်ယံဖွေ၊ ရေယဉ်စီးတဲ့ မြစ်ကြီး ငယ်သောင်ခြေ) ၂။ (ရွှေရွှေရွှေရောင်သား၊ ငွေငွေငွေရောင်သား) ၂။ ။ မြရေ ယဉ်မှော်ပင်ကြား၊ မြူးစံတဲ့ငါး။ ။ လေးမယ်ခင်နတ်သွင်ထား၊ ဘုန်းမယ်ဘို့သား။ (နှုတ်ဖျား၀ါဝါ၊ ပန်းလွှာရွှေသွေး၊ ချီကာယူလို့ပေး)၂။ (ကိုယ်မွှေးသိင်္ဂါ၊ ဖြူစွာ ငွေသွေး၊ ကျောင်းဝင်ခဲ့လေး) ၂။ (ရွှေဘုံသူကလေးငယ်တို့၊ ချိုအေးသံသာ) ၃။ စုံဆယ်လီရှိုရှင်ညောင်းတယ်၊ တောင်းယူခဲ့ပါ၊ (နွဲ့နွဲ့မာန်ကိုငယ်နှင့်၊ အိုဆိုး လိုက်ထာ) ၃။ မြမျက်ရည်ဂေါ်ဇင်ညှာက၊ ငိုရှာလုနီး၊ မောင်မောင်ကြီးငယ် စိန်ကြီးသွယ်၊ (ဟာတိတ်ပကွယ်) ၂။ ကြောင်ညိုပါးငယ်၊ စားတတ်လှတယ်။ ။ (ရေပေါ်မှာ လွှမ်းပါတဲ့၊ ကန်စွန်းနွယ်)၃။ ဒေါင်းဖလ်ဝါရောင်စုံကွယ်လို့၊ ို ှ နွယ်သီး၊ ဇမ္ဗူရည်ထီးမှာတဲ့၊ အငြိးတော်ပြေ။ ။(ယိုလေသံသာ) ၂။ စိန်ရိုး ညှာလွဲမယ်လေး၊ နွဲ့ဟန်လို့သာ။ ။(သဖြန်) ။ ။ (တိတ်ပါတော့သက်လျာ ငယ်၊ ဉာဏ်ရှာလို့ဆိုး) ၂။ မေ့မောင်ကြီး မပူပါနှင့်၊ ပင်တိုင်သူ စိတ်မကောင်း ပါဘုကွယ်၊ လောင်းနေညွှန့်မျိုး။

## ၁၄။ အမရပူရမြို့ဘွဲ့ပတ်ပျိုး
(ပြင်စည်မင်းသား)

(ယုဇနမာလာ၊ ဂန္ဓာပင်စုံဦးမို့လေ။ ။ ပုလဲချပ်ရုံ၊ ဝတ်ဆံ ရွှေရည်လူးလို့လေး) ၂။ ။ မာလာရွှေငုံထူးတနွဲ့နွဲ့၊ ခိုင်ညှာစိန်မှုန်ဖူးတလဲ့လဲ့။ (လွှမ်းဘွယ့်စေသာ၊ သီတာမြသွေး၊ စီးသွယ်သွန်၊ ဖြာဝှန်ရေကြည်အေး) ၂။ ။ (တောင်ဂန္ဓမာ နန္ဒမူချာ၊ မဉ္ဇူမာလာ၊ သင်းပျံ့မွှေး၊ နတ်ကယ်ဖန် ကန်မင်းကဖွေး)၂။ (ငါးမည်ရွှေကြာ၊ လေသာပျံ့သွေး၊ ထုံအေးငယ်ကြိုင်ဖွာ၊ ဝတ်ရည်ခြွေသုံး၊ ပိတုန်း မြှောင်ဇာ) ၂။ ။ (ဣန္ဒနီလာ၊ သိင်္ဂါရောင်စုံဆင်းဝယ်ပလေ၊ မြစ်တွေးကြော်၊ င်ရော်ရွှေပိန်ညင်းငယ်နှင့်မလေး) ၂။ ။ (စံခင်ဘွေကြော့၊ ကြက်ကယ်ညီနောင်။

မြင်တင်သေလာ၊ ခွေကာသန်းသည့်၊ မန်းမြေတန်ဆောင်ငယ်မှာ) ၂။ ။(ရွှေဘုန်းနေလရောင်၊ ခွန်ဆောင်တိုင်းခန်း၊ သိမ်းမြန်းငြိမ်းချမ်း၊ အေးသီတာ၊ လေးဒီပါ) ၂။ ။(ထူးတဲ့ထူးထွေလာ ကျူးတဲ့ကျူးဖေယျာ) ၂။ ။(ရွှေစကြာ ဆက်ကာပိုင်မည့်၊ ဘုံမဏ္ဍိုင်ဝေယန်ညွှန့်မှာ၊ ဘုန်းနေကွန့်ဖြိုး) ၂။ တန်ခိုးဝှန်ပေ၊ ရေမြေခပင်း ဇမ္ဗူသောင်းတိုက်ချင်းသည်နှင့်၊ ရာမင်း မင့်းစိုးခေါင်တည်။ ။(သဖြန့်) ။ ။(နှိုင်းဘက်စံရည်၊ ဝတိန်ပြည်သည်ဝယ်ပင်သို့၊ အထင်ညီ ဘွယ်သာခုံ၊ ပမာမခြား) ၂။ ။ (သောင်းမြန့်ကျွန်းမြေ၊ ထီးရာနေနန်းစံတို့၊ စုံဆယ်ပန်ကြာရံလက်ကယ်မှာ၊ ဆင်ရှက်ရှိထား)၂။ ။

မှတ်ချက်။ ။"ဂန္ဓာ ပင်စုံဦးမို့လေ" အပိုဒ်အစား၊ "ဂန္ဓာပင်ဘုံဦးငယ်ပလေ" ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

"မာလာရွှေငုံထူးတနွဲ့နွဲ့"အပိုဒ်အစား၊ "မြိုင်သာရဂုံထူးတနွဲ့နွဲ့"ဟူ၍ ဂီတဝိသောဓနီကျမ်း (ပထမနှိပ်ခြင်း) တွင် မူကွဲတွေ့ရှိရသည်။

"ခိုင်ညှာစိန်မှုန်ဖူးတလဲ့လဲ့"အပိုဒ်အစား၊ "သိုက်ါစံမှုန်ဖူးလဲ့လဲ့"ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက်မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

"ဖြာဝှန်ရေကြည်အေး"အပိုဒ်အစား၊ "ဖြာဝှန်ယဉ်ကြည်အေး"ဟူ၍ မဟာဂီတဝိသောဓနီကျမ်းတွင် မူကွဲ တွေ့ရှိရသည်။

"မန်းမြေတဆောင်ငယ်မှာ" အပိုဒ်အစား၊ "နန်းမေရုတောင်"ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက်မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

"ထူးတဲ့ထူးထွေလာ၊ ကျူးတဲ့ကျူးဖေယျာ"အပိုဒ်အစား၊ "ကျူးတဲ့ကျူးတောဓာထူးတဲ့ထူးထွေလာ" ဟူ၍ ဂီတဝိသောဓနီကျမ်းတွင် စာမူကွဲတွေ့ရှိသည်။

## ၁၅။ အင်းဝနန်းဘွဲ့ပတ်ပျိုး
(မြဝတီမင်းကြီး)

(မဏိကဥ္စနာ၊ သိင်္ဂါရွှေရည်သားလို့ဝေ။ ။ ပတ္တမြားမြဆိုင်၊ တူပြိုင်ရွှေယပ်မားနှင့်လေး) ၂။ ။(သယံဇာငွေသား၊ ထင်မှားဘွယ့်ရိုးရာ၊ နဝဒဏ်ရောင်ညီ၊ ရံထီးရှစ်ဆိုင်ကာ၊ သီဟာ ပြန့်ဘောင်၊ ဗြဟ္မာရေသွန်း၊ ရွှေခွန်းချိုငြိမ့်အောင်) ၂။ ။ (ရှဋ္ဌငယ်ပြည်ဘောင်၊ ဘုန်းရောင်ငယ်ကွန့်မြူး၊ ဝေယန်ပိုင်ဖန်လာကွန့်တယ်၊ မင်းဝံ့ညွှန့်ဦး)၂။ ။ (သလ္လာယှက်ကူး၊ ဂင်္ဂါရစ်ရုံ၊ ကောဝိဋ္ဌပုံ) ၂။ ။(နှစ်နန်းငွေလယုန်၊ ရွှေဘုံခညောင်း၊ ထီးဆောင်းမင်းပေါင်း၊ ဦးနှိမ်ကာဘူမိန္ဒာ) ၂။ ။ (သာတည့်သာရွှေကူ၊ ဆုယူမွေဒတ်ကယ်မှီး) ၂။ ။ (ယာမာလိုစံမငြီး၊ နန်းရွှေမြို့ကြီး) ၂။ ။ (အို – ရံဆီးကာဖွဲ့နှောင်၊ ကြက်နန်းသာတဲ့တောင်) ၂။ ။**(သဖြန်)** ။ ။ (ကြည်းရေပြန့်ဘောင်၊ ငွေသောင်နုခင်း)၂။ ။ (ရှုလဲမကုန်နှင့် ဇေယျာဘုံမြောက်ညာက၊ မဏ္ဍလာမင်တိမ်ပြန့်ငယ်မှာ၊ ပန်းရည်သန့်လင်း)၂။ ။

မှတ်ချက်။ ။ "နဝဒဏ်ရောင်ညီး" အပိုဒ်အစား၊ "နဝရတ်ရောင်ညီ"ဟူ၍ မြန်မာစာညွှန့်ပေါင်းကျမ်းတွင် မူကွဲတွေ့ရှိရသည်။

"ဂင်္ဂါရစ်ရုံ၊ ကောဝိဋ္ဌပုံ" အပိုဒ်အစား၊ "ဂင်္ဂါယဉ်ရုံ၊ ကောဝိဋ္ဌဘုံ"ဟူ၍၊ မြန်မာစာ ညွှန့်ပေါင်းကျမ်းတွင် မူကွဲ တွေ့ရှိရသည်။

"ယာမာလိုစံမငြီး၊ နန်းရွှေမြို့ကြီး"အပိုဒ်အစား၊ "[illegible]လိုစံမငြီး၊ မန်းရွှေမြို့ကြီး"ဟူ၍ မဟာဂီတပေါင်းချုပ်တွင် မူကွဲ တွေ့ရှိရသည်။

"မဏ္ဍလာမင်တိမ်ပြန့်ငယ်မှာ၊ ပန်းရည်သန့်လင်း" အပိုဒ်အစား၊ "မန္တလာမင်တိမ်ပြန့်ငယ်မှာ၊ ပန်းရည်သန့်လင်း" ဟူ၍ ဂီတဝိသောဓနီကျမ်း (ဒုတိယနှိပ်ခြင်း)၌လည်းကောင်း၊ "မန္တလာမင်တိမ်ပြန့်ငယ်မှာ၊ ပန်းရည်နံ့သင်း"ဟူ၍ မဟာဂီတပေါင်းချုပ်၌လည်းကောင်း၊ "မန္တလာလေချိုပြန့်တယ်၊ ပန်းရနံ့သင်း" ဟူ၍ ရွှေနန်းထွက် မဟာဂီတတို့၌ စာမူကွဲများ တွေ့ရှိရသည်။

## ၁၆။ ကျော်တော်ယောင် မောင်ဘွဲ့ပတ်ပျိုး
(အနောက်နန်းတော် မမြလေး)

(ပြာပြာညိုရောင်၊ မိုင်းတလဲ့လဲ့၊ အာကာပြင်ဘောင်သိုင်း တချဲ့ချဲ့၊ [(ရွာလှာ ပြန်လဲ၊ တဖွဲဖွဲ)၊ ၂။ (စက်မြိပန်းဘုံ၊ သုန်သုန်ငွေနှင်း သွင်းလာပြန်အို၊ ပျော်လို ဘဲ၊ သည်းကြွေကျွမ်းမျှ၊ လွမ်းရန်ဆင်) ၂] ၂ ။ ။ (သေချင်အောင်နယ်၊ ကြို တယ်ကံ၊ ဖန်လာဆန်းဆိုငိုတမ်း) ၂။ ။ (နန်းဘုံမြင့်ရိပ်ကြာလယ်၊သန်းယံ ကျူးလို့၊ ဖူးမလွယ်) ၂။ ။ (ကျွမ်းကြွေဘွယ်ငယ်လေ၊ စက်ရာဝယ်ထင်လာ လျက်ကယ်နှင့် ဆော်ကြက်ကယ်ညံ့ညံ့စီစီ၊ လင်းပြန်လုပြီ) ၂။ ။ [ (အို– ဘယ်ဆီစံသိမှန်း) ၂။ နတ်သွင်ယဉ်တဲ့သူ၊ ပူအောင်လေဖန်တော်နဲ့၊ ရွှေသဲကျွမ်းမျှ လွမ်းစေဘွယ်] ၂။ [ သန်းရွှေထုလယ်၊ မျှော်တယ်ခုသား၊ (ခြားတဲ့အယူ) ၂။ ။ ဘယ်မှာမူလေသီ၊ နော်ခင်ဘုန်းငယ်၊ မုန်းမာန်ဖွဲ့အား] ၂။ ။(သဖြန်) ။– ။ (သနားငယ်ခံ၊ တင်ရန်ကုန်ခက်တဲ့၊ ရွှေမျက်မှုထား) ၂။ ။ (ဖြူရှစ်စုံ၊ ဗိုလ်ပုံရွှေပွဲက မယှဉ်နဲ့မညီရှိမည်ကို စိုးမိပြန်သား) ၂ ။ ။

**မှတ်ချက်** ။ ။ "ဖန်လာဆန်း ဆိုငိုတမ်း" အပိုဒ်အစား၊ "ဖန်လာ မှန်း၊ ဆိုငိုတမ်း" ဟူ၍ ဂီတဝိသောဓနီကျမ်း၊ မဟာဂီတပေါင်းချုပ်၊ ရွှေနန်းထွက်မဟာဂီတနှင့် မဟာဂီတအသစ် (သူရိယမှ) တို့တွင် စာမူကွဲများ တွေ့ရှိရသည်။

"သန်းယံကျူးလို့ဖူးမလွယ်" အပိုဒ်အစား၊ "သုံးယာမ်ကျူးလို့ဖူးမလွယ်" ဟူ၍ ဂီတဝိသော ဓနီကျမ်း မဟာဂီတအသစ်၊ နိုင်ငံတော် စာကြည့်တိုက် ပရပိုက်အမှတ် ၂၂၁ တို့တွင် စာမူကွဲတွေ့ရှိရသည်။

"မျှော်တယ်ခုသား" အပိုဒ်အစား၊ "မျှော်တယ်နှင့်[illegible]" ဟူ၍ မဟာဂီတသစ်နှင့် နိုင်ငံတော် စာကြည့်တိုက် ပုရပိုက်အမှတ် ၂၂၁ တို့တွင် စာမူကွဲတွေ့ရှိရသည်။

"ဘယ်မှာမူလေသီ" အပိုဒ်အစား၊ "ဘယ်မာန်မူလေသီ" ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် နိုင်ငံတော် စာကြည့်တိုက်ပုရပိုက်အမှတ် ၂၂၁ တို့တွင် စာမူကွဲတွေ့ရှိရသည်။

"မုန်းမာန်ဖွဲ့အား" အပိုဒ်အစား၊ "မုန်းတော်သားနှင့်"ဟူ၍ မဟာဂီတပေါင်းချုပ်ရွှေနန်းထွက် မဟာဂီတ၊ မဟာဂီတအသစ်၊ နိုင်ငံတော်စာကြည့်တိုက် ပုရပိုက်အမှတ် ၂၂၁တို့တွင် စာမူကွဲတွေ့ရှိရသည်။

## ၁၇။ မိုးဘွဲ့ပတ်ပျိုး

(မိုးလုံးပတ်လည်၊ သွင်းလေချို၊ နတ်စည်ငယ်လေရင့်ကျူး၊ ထူးထူးထွေလာကြော်သံဝါ) ၂။ ဟန်ဖန်ဖန်လဲ နွဲ့လို့စေ၊ ဖန်လိုရွာရွှန်းစို။ မိုးမိုးရွာဘဲချူန်း၊ ပျော့အုံးမှာခွေ၊ ဖြေလည်းနုန်းသည်နှင့် (အုန်းအာကာ၊ ဧကရာကကြော်ငြာကြွေး၊ မာလာမာဃိန် ရေး၊ ရွှေကိုယ်လေးသွန်းရုပ်ပုံ) ၂။ [ (ရှုမကုန်၊ ဘဝင်မှိုင်း၊ မှိုင်းမှိုင်းဝေ) ၂။ သလွန်ဘွေ၊ လော့်ရွှေသား၊ တယောင်မှား၊ မှိုင်မိမှူး]၂။ ။ (သဖြန်)။ ။ဆော်မြည်သံကျူး၊ စက်ဦးပန်းဘုံဘွေ၊ ဆံကေနွဲ့ယိမ်း၊ ခေါ်တော်လိုသား၊ ထင်မှားဘွယ့် လွမ်းဘွယ်စေ။ ။ ဖြေလဲ ခုနော်မပြေ၊ ဆော်လေကမြူးစက်အုံးစာမရိက၊ ကြံတတ်ပြီဘယ်မလင်းတယ်လေ၊ ခင်းသာတို့ဘူး။ ။

မှတ်ချက်။ ။"ဖန်လိုရွာရွှန်းစို"အပိုဒ်အစား၊ "တန်လို့ရွှန်းစို" ဟူ၍ ရွှေနန်း ထွက်မဟာဂီတတွင် မှုကွဲတွေ့ရသည်။

"ဧကရာကကြော်ငြာကြွေး"အပိုဒ်အစား၊ "ဧရောကကြော်ငြာကြွေး"ဟူ၍ အချို့သိဆိုကြကြောင်း၊ စုံစမ်းသိရှိရသည်။

"အုန်းအာကာ၊ ဧကရာကကြော်ငြာကြွေး မာလာမာဃိန်ရေး" အပိုဒ်အစား"ကုံးအာကာ၊ အက္ခရာ ကြော့ကောက်ကွေး၊ မာလာမလက်ရေး" ဟူ၍ ဂီတဝိသောဓနီကျမ်းတွင် မှုကွဲတွေ့ရှိရသည်။

## ၁၈။ တောဘွဲ့ပတ်ပျိုး

(မှိုင်းပြာဝေ၊ လေပြည်ဆွတ်ဖျန်း၊ သန်းကာဝေရီ၊ သီဂီမှန်နန်း၊ ဆန်းလဲ့ပြာပြာတိမ်ဝါတန်း၊ တိမ်ပြာဆန်း၊ စိန်ကြာခန်း) ၂။ ။- (လွမ်းရန်ပို၊ ဆန်းပြန်လိုရွှေကိုယ်ကံငယ်၊ ဖန်လာတယ်။ ။တနယ်စုံမြိုင်၊ ကြိုင်ထုံလန်း) ၂။ ။ (လွမ်းလေအောင်ဆင့်၊ကျေးငယ်ပင်၊ ကျိန်ရေသုံးလို့ ဘုန်းမမြင်)၂။ ။ [(သည်းရွှေဘဝင်ငယ်ကို) ၂။ လှသဇင် မပြေတို့နိုင်ဘု၊ ကြွေမသို့ အူချာပူတာ၊ ရှင်းနိုင်ဘုသာ] ၂။ ။ [(ငွေသော်တာဆွေနတ်မင်း)၂။ ။ လှကံဖန်ခဲ့တယ်၊ နတ်ကယ်အိုညီညာဘဲ၊ ရွှေဘဝင်သဲဝယ်] ၂။ ။ (ရွှေကိုမှာ ဖြေဆည်လဲ၊ သဲကညွတ်ကျင်၊ လှသဇင်ပင်ကိုယ်ထူး၊ ပျောင်းခွေမှူးတယ်) ၂။ ။ (ဘယ်ဝယ်သိမှန်း) ၂။ တိမ်နန်းထွေလို့၊

ရဝေစမွယ်၊ ကူးပြန်မိတယ်] ၂။ ။ (ပြာတယ်၊ ဝါတယ်၊ ညာဘယ်ပတ်သန်း၊ ထိန်လျှံစိန်ရောင်ရွှေ။ ။ အို–ရွာစွေလိုလို၊ ပြိုဟန်ကလဲ၊ ခါမိုးဟုတ်ပါဘဲ) ၂။ ။ (သဲငွေဖြူသောင်၊ တောင်ပြန်လေ၊ တွေ့တဲ့ တွေထူးငယ်ဆန်း) ၂။ (မြိုင်ရဂုံ စုံတဲ့ လမ်း၊ ပန်းနံ့စုံစီ) ၂။ [ (မြမဟီ)၂။ ရေသီတာက၊ အေးတယ်ကို၊ ချိုချိုချိုညင်း၊ ကူးပြန်မိခြင်း]၂။ ။ (သဇင်သင်းပါတဲ့၊ ခင်းရွှေဝတ်မှုန်)၂။ (တိမ်ချပ်ရုံ၊ သုန်လေ ညွတ်တယ်၊ ရွှေဝတ်ညှာက၊ ကြိုင်စွာတဲ့လှိုင်စွာ) ၂ (တွေးမှိုင်ကာမော၊ ဖြေနိုင် ပေါင်)၂။ ။ (အို–ဆုံးတိုင်အောင် မှိုင်ကာမော၊ သည်းချာကြွေလုစော)၂။ ။

## ၁၉။ တောတောင်ဘွဲ့ပတ်ပျိုး

(မြဂန္ဓာမာ၊ ဟေဝန္တာ၊ သေလာနန်း၊ ပန်းစုံဆန်းတဲ့ နန်းသိင်္ဂါ အေးကြိုင်စွာ၊ ရွှေမာလာကသာ၊ ကြိုင်နံ့လှောင်း) ၂။ ။ (မြဇမ္ဗူဘွေ၊ လွှန်လေရွှေပန်းပေါင်း)၂ ငြိမ့်ငြောင်းသာလှ၊ ကျေးငယ်သာရကာ၊ သံချိုလေးထင့် ကြွေးကြရှာ၊ နွဲ့နှံ့မှာ၊ ဝဲကွန့်ခါခါ၊ ပျံကာသန်းတယ်၊ သိုက်နန်းပင်မြင့်မှာ၊ ကျူးကြော်ငြာ၊ မြူးပျော်တာ တွန်သံအေးတယ်၊ ငြိမ့်လေးသံစာစာငယ်ကိုလေ၊ ဖော်ရေးခေါ်ကာ၊ မျှော်ရှာပျော်ကာ၊ သိုက်မှာနွဲ့လို့၊ တွဲချီကာ၊နွဲ့လေယူရှာ၊ စုံမြိုင်နန်းမှာ၊ ကိုက်ပန်းရွှေဝတ်ညှာ၊ ပန်းမာလာ က၊ ကြိုင်စွာမွှေး၊ လေသွေးယူကာ၊ ပျံ့မွှေးငယ်ကြိုင်စွာခိုင်ညှာ၊ သာနွဲ့ကာပ၊ သာရကာငှက်ကျေး၊ ငြိမ့်လေးပ၊ ခေါ်ကြွေးသံသာ။ ။**(သဖြန့်)** ။ ။ ထူးသလိုသာ၊ ပန်းစုံစွာ သိုက်ညှာနန်းငယ်က၊ ဖော်မဲ့ရှာ ပျံကာသန်းပါလို့၊ ရွှေနန်းပန်းကြာလယ်က၊ ကျူးသွယ်သွယ်၊ မူးမယ်တကယ်၊ ခြူးသွယ်လျပန်း။ ။

## ၂၀။ တောဘွဲ့ပတ်ပျိုး

(မြဝတီမင်းကြီး)

(နဝတတ္တကုဏ္ဏလ၊ စိမ်းကြည်မြရေယမုန့်၊ စိမ့်စမ်းတွေတွေဆင်း၊ ငွေခင်းပြန့် သဲသောင်ခုံ၊ စုံခြေယှက်ရုံ၊ စန္ဒရကာန်အနန်း၊ နွယ်ပန်းကသင်းလို့သာစုံ) ၂။ ။ (ပျံ့မွှေး ငယ်တည့်လှိုင်ထုံ၊ ကုတုံလေမြူတုံလေ တူစုံမကွဲ) ၂။ (သူရိ့ဘာသာ မာဂဓါ၊ သံစုံနွဲ့လို့လေ။ တိုးအောင်းကိန္နရာ၊ ဂဇာရောင့် ပုလဲငယ်နှင့်လေး)၂။ ။ (တင့်ရဲခုဖန်ခါခါ)၂။ ။(မြိုင်ချာမှာကုန်ကုန်ပန်းပါပေါ့)၂။ ရှာလမ်းသည့်မှာ၊ (ဘယ်နဲသည့်ကံကြမ္မာ) ၂။ (ကြံကာ ဖန်ကာ၊ သည်ဖူးစာက) ၂။ သိရှာလေ ဘူးငယ်ကို၊ ကျူးပယောင်မဲ့ရှာ[(သင်းတပျံ့ပျံ့၊ နှင်းနံ့ငယ်ဂေါ်ဇင်ဂန္ဓာ)၂။ (ပင်မင်း

အင်ကြင်းရွှေဝါ)၂။ ယင်းမာကြိုင်လှိုင်မြိုင်လုံးမွှေး] ၂။ **(သဖြန်)**။ ။(လေသွေးငယ်ဆော်၊ ပြည်တော်ကဝေး)၂။ ။ (လေးမယ့်ဖြစ်အင်၊ ပူရေးသည်မှာ မြင်တော့တယ်၊ နန်းပင်မြင့်သွေး) ၂။ ။

## ၂၁။ ကိန္နရာရာချောင်းခြားပတ်ပျိုး

(မြူဝန်းလို့ခို။ ။ အလိုဘယ်ဝယ်၊ ရောက်လွယ်ငယ်နိုင်ပဲ၊ ပတ်ဝန်းဗယ်ညာ၊ သိတာချောင်းရေကွဲ)၂။ (သည်းကြွေလောင်တောင်ခရီး၊ ဇနီးငယ်တည့် နန်းကိန္နရီမယ်၊ မြန်းရှာရတယ်။ ။ ရေယဉ်ဝယ်သည်တသွန်း အလွမ်းတွေကကြွယ်)၂။ (အိုလှများမယ်၊ ဘယ်ပြည်တည့် လှမ်းရမယ်) ၂။ ကုန်ကြေဘွယ်ရေလှိုင်းဘောင်က၊ ပုပ္ဖာသည်နောင်စိုး၊ ဖန်လာမိုး၊ ကုန်ကြေဘွယ် ရေလှိုင်းဘောင်က၊ ပုပ္ဖာသည်နောင်စိုး၊ ဖန်လာမိုး၊ (အိုးညှိုးရက်၊ မြိုင်ယံကြော့ဖျား၊ တအားရယ်ကငယ်) ၂။ **(သဖြန်)**။ ။ နောင့် နည်းတူ၊ ဘော်မပါ။ ။ သနားငယ်မူယူနှင့် ချောင်းရေတူတနယ်ဘက်မှာ၊ ကူးခက်လှပါ။ ။ လေနှင့်ဝိုင်းပါလို့၊ထောင့်တိုင်းငယ်ကမှုန်လို့ပြာ၊ သေလာကြော့တခန်း၊ နတ်နန်းကိန္နရီ၊ မောင်ကြီးကို ကူလာညီပ၊ မြတ်ဂီဝါတောင်လိုဏ်ကွေ့မှာ၊ ဘုန်းမေ့ကြောင့်ပန်း။

## ၂၂။ မြစ်နှင့်တောဘွဲ့ပတ်ပျိုး
(မြဝတီမင်းကြီး)

(သာဆန်းရဂုံဘွေ။ ။ ညွှင်းပြေပြေ၊ လေပြည်လောင်း၊ ညာခြေစိမ်းရင့်မောင်း) ၂။ ။ (ညောင်းရွက်ကယ်တည့်ကြွေလေဟန်၊ မြညာရွှေရည်လျှံ)၂။ ။ သင်းကျုံကျုံလေတည့် ဝင်းလျှံလျှံ။ ။ မြူးပျော်စံလေတည်မှ၊ ကျူးကျော်ည်။ (မြယွန်းဘုံ တိမ်ယံက၊ ဖန်လာမြူခိုး၊ ဖြိုးဖြိုးအုံညို၊ မှုန်ဆိုင်းတည့်ထွေထူးဆန်း) ၂။ ။ ပန်းလေအောင်တည့်မှ၊ ကမ်းရေယဉ်သောင်။ (ညိုမှောင်ရော်ဝါ၊ ရွှေကြာမြသား၊ နီလာစိန်ကြောင်ရွှေ။ ။ရှာစွေလိုလိုပြုဟန်ကလဲ၊ ခါမိုးဟုတ်ပါဘဲ) ၂။ (သဲငွေခုံသောင်၊ တောင်ပြန်လေ၊ ဝေတဲ့ဝေမြူး လန်း) ၂။ ။ (မြိုင်ဟေဝန်သာစခန်း၊ ပန်းလဲ့စုံစီ)၂။ ။[(မြနဒီ) ၂။ရေသိတာက၊ စိမ်းတယ်ကို။ ။ချိုချိုသံညင်း၊ ကျူးလာတဲ့ရင်း]၂။ ။(ဇင်မင်းကလှိုင်ထုံ) ၂။ ။ (စိန်ချပ်ရုံ၊ မှုန်ရွှေဝတ်ကယ်၊ လေညွှတ်လာလို့၊ ယိုင်ကြွေလှစုံမြိုင်) ၂။ ။ (တွေမှိုင်ကာမော၊ ဖြေနိုင်အောင်) ၂။ (အိုမယ်မောင်သံစာစာ၊ ကျူးလာဖော်ချင်းနှဲ) ၂။ ။**(သဖြန်)**။ ။(လဲရွှေကကျုံ၊ ငှက်သံကညင်း)၂။ ။(ဖလ်ခိုးငယ်စိစိနှင့်၊ မှိုင်းဝေရီ၊ ခါနွေဆန်းငယ်ကို၊ ထုံပန်းကသင်း)၂။

မှတ်ချက်။ ။"ကျူးလာဖော်ချင်းနဲ့" အပိုဒ်အစား၊ "မြူးလာဖော်ချင်းနဲ့"ဟူ၍ ဂီတဝိသောဓနီကျမ်းတွင် မူကွဲတွေ့ရှိရပါသည်။

"လဲရွှေကကျဲ၊ ငှက်သံဇာညင်း၊" အပိုဒ်အစား၊ "လဲရွှေကညဲ၊ ငှက်သံကညင်း" ဟူ၍ ဂီတဝိသောဓနီကျမ်းနှင့် ရွှေနန်းထွက် မဟာဂီတို့တွင် မူကွဲ တွေ့ရှိရပါသည်။

## ၂၃။ တောဘွဲ့ပတ်ပျိုး
(မြဝတီဝန်ကြီး)

(လောင်းပန်းဂမုန်းအင်လေတည့်မှာ အနန်းဝေါ်သဇင်) ၂။ ။ (တသွင်ခိုင်ရွှေညာ၊ အပင်လှိုင်ဝေဆာ၊ ဆွတ်ဖျန်းညှင်းလေဆိုင်ငယ်မှာ၊ ကြိုင်အေးစွာ) ၂။ ။[(အစဉ်ခါ၊ ယှဉ်ကာ၊ ယဉ်ရာ၊)၂။ ။ (မြရည်လေရေခင်း၊ ရွှေခပင်းငယ်မှာ ရွှေဟသာ်)၂]၂။ ကြွေးလှာရင့်ရင့်နော၊ အလို–ရွှေဟသာ်၊ ဝေးကွာတင့်တင့်စော၊ (ဥဩရွှေသာကာ လေတည့်မှ၊ တကြောစုံမြိုင်ချာ) ၂။ ။(ခေါက်ရှာငယ်ခေါ်ကျူးခြင်း၊ နွဲ့ကာသာ ပျော်မြူးရင်း) ၂။ ။ (လေပြေညှင်းညှင်းသင်းသင်းဂန္ဓာ၊ မွှေးပျံ့ပန်းမာလာငယ်လေ)၂)။ (မြသားရောကန်မှာ၊ စိမ်းလဲ့ရှင်းကြည်စွာ) ၂။ ။ (သံသာ သံလေး၊ ခေါ်ကာပျံကြွေး၊ ဖော်ရှာတအေးအေး)၂။ ။ (အို–ငှက်ကျေးမယ်နှင့်မောင်၊ ကြင်ကြိုးဖွဲ့ယှက်ကယ် နှောင်)၂။ ။**(သဖြန်)** ။ ။ (မှိုင်းရီလို့မှောင်နန်းတောင်ညာတသိမ်က၊ သာဂီမှာန် နွေ့ရတုပေမို့၊ ကြွေလုပဟန်စော)၂။ ။(ကိုးနယ်ပြည့်ဆင်၊ မင်းလွင်တိမ် မိလ္လာနှင့်၊ ပင်သိင်္ဂါခိုင်ညှာ ညွှန့်ငယ်မှာ၊ ရွှေကွန့်သည့်တော) ၂။ ။

**မှတ်ချက်။** ။အထက်ပါ "လောင်းပန်းဂမုန်းအင်" အစချီပတ်ပျိုးကို"ရွှေသစ်သင် နတ်ချင်းအလိုက်" ဟူ၍ ဂီတဝိသောဓနီကျမ်းတွင်လည်းကောင်း၊ "အီနောင်ဇာတ်ပြည့်ကန်ဆင်းပတ်ပျိုး" ဟူ၍ ရွှေပြည်ဦးဘတင်၏ လက်ရေးမူစာအုပ်တွင်လည်းကောင်း၊ မူကွဲတွေ့ရှိရပါသည်။

## ၂၄။ မြောက်အိမ်တော်သံတော်ချိသတ်ပတ်ပျိုး
(ငယ်တိုးအတွင်းဝန် မဟာနန္ဒယော်ဇာ ဦးကျီးစိုး)

(လကျာ်သပြေကျွန်းငယ်မှာ၊ နောင်စိုးမည့် ဧကရာ) ၂။ (ရိပ်ဖြူငယ်ကာ ဒီပါနယ်တရီး၊ နေအနေနတ်မျိုး)၂။ (အုပ်စိုးငယ်ပျော်စံကာ၊မိုးနတ်ကယ်ပုံပမာ) ၂။ (မြတ်ရွှေသမ္မာ၊ တေဇာလျှံလင်း နတ်ရှင့်ရင်သွေးမောင်နှင့်မယ်ငယ်မှာ။ သိကြားသူဇာ၊ တူတာမျှငယ်၊ စံကြကော့တယ်) ၂။ (ရွှေမျှားလယ်ငယ်မှာ၊ နေလနှယ်ရှုဖွယ်မခြား၊ ဟသာ်မောင်နှံလား) ၂။ (နှစ်ပါးငယ်စံ၊ သုံးရံငယ်ရွှေပေါင်း၊ ရိပ်ကြာရပ်ခို၊ ...ပြည်ဆိုတဲ့စိန်တမွတ်ကယ်၊ ဦးညွှတ်ခပျောင်း) ၂။ (ဘုန်းဘုန်းတန်း ဘုန်းတန်း

တေဇာ၊ ဖြာဖြာရောင်လင်းပါလို့၊ မင်းမင်းမြတ်ထွတ်ခေါင်ဗွေ) ၂။ [သာခေါင်ကျူး၊ ဘုန်းတန်းရောင်မြူး၊ ထူးထွေထွေ၊ ညှာကြွေ၊ ဝါရွှေ၊ သာလေပြေသာ၊ သာပင်သာမျိုးစည်) ၂။ (ရွှေပြည်ကေတုနန်းငယ်က၊ အောင်ပန်းတလူလူ) ၂။ (ကေတုငယ်သာခေါင်၊ မြို့ရှေ့တောင်၊ မြတ်စောထွတ်ညီနောင်) ၂။(တန်ခိုးတော်ခြောက်ရောင်၊ အောင်နိဗ္ဗာန် ဆုထူး၊ ကယ်တင်သုံးလူ့မှူး) ၂။ (ဆယ်စုံညွှတ်နူးရှိဦးခနိမ်၊ ဖန်မြဲခုဖန်မတိမ်) ၂။ (ဆုကြိမ်ကြိမ်တောင်းသော်လဲ၊ ဖော်ကွာသူပေါင်းရနိုင်ဘဲ)၂။ (ရွှေသည်းနာလှတယ်၊ သိကြွဲ့လာမကယ်] ၂။

## ၂၅။ မိုးဘွဲ့ပတ်ပျိုး
(ပြည်မင်း)

(အို–ကမ်းလေ ရေယမုန်၊ ကြွလာနဲပ၊ သဲရွှေဘွင်၊ ဘယ်ဖန်ဆင်သည့်၊ ရှစ်ခွင်ပျိုး) ၂။ ။ (မြခိုးငယ်ဝေရီ၊ ကိုးရပ်ပြည့်ချီ) ၂။ ။ (လှမ်းမမီ)၃၊ ဒေဝီညာမြန်း၊ ပူဘို့ဖန်စေ၊ နတ်နန်းဘုံရွှေမြေက၊ သွန်းလာစေ၊ လေပါမိုးငယ်၊ ဘယ်ငြိုး သည့်မှန်း။ (တောင်ကမ်းငယ်ပြိုမလိုလို၊ မင်ခိုးကညို)၂။ ။[(မယ့်တကိုယ်)၂ လိုက်ဖို့အောင်သည်ရေဝဲ၊ သည်းညွှတ်ပို၊ ဖန်လာတယ်လေပြင်း၊ ဆွေးကြွဲရခင်း)]၂။ (မင်းလွင်မြူမှောင်၊ တောနှင့်တောင်၊ လျှပ်ရောင်ပြက်ကာသန်းတယ်ကို)၂။ ။[(ပြေပြေလို) ၂။ တကိုယ်မယ့်ဝယ်ပန်းတော့တယ်] ၂။ ။ (တိမ်နယ်မြသွင်၊ မြူမင်းငယ်လွင်၊ သံဝါတင်မောင်းသည်နှင့်၊ ရိုက်သြောင်းထပ်ဆင်) ၂။ ။[(ရွှေပဥ္စင်)၂။ ကျူးရင့်ကာဖန်တော်လဲ၊ ဆွေးကြွဲရခဲ]၂။ ။**(သဖြန်)**။ ။ မယ့်သဲခုလိုက်ဖို၊ ငိုမယ်ပခင်း။ ။ (ရေလှိုင်းပြည့် ဖုန်၊ ပူညွှန်စေဒေဝါမိုးငယ်ကို၊ ငြိုးမာန်ဖွဲ့သွင်း)၂။

## ၂၆။ ကျေးစေပတ်ပျိုး
(အဆိုတော်မယ်လုပ်)

(ထွန်းလင်းလျှံလက်၊ ဖလ်စက်လျှံ၊ သန္တာရည်သွေး၊ လည်ရေးမြတောင်ပံ) ၂။ ။ (ဟန်တချီချီကျူး၊ တောင်ပံယှက်ကာမြူး) ၂။ ။ (ဖူးတင်သဦးညွှတ်ခ၊ ကျေးမြစိမ်းရွှေ၊ စေတော်မှူဦး၊ ထက်တိမ်ဘုံ၊ တောင်ဟုန်ကွန့်ကွန့်မြူး)၂။ (ထူးထူးငယ်နှင့်၊ ရှင်မြူးငယ်ကြော်ကြွေး၊ လေပြည်သွေး၊ ဟန်ရေးရှယ်ကာချီ)၂။ (ထက်တိမ် ဘုံဆီငယ်မှာ၊ သာကီငယ်နွယ်အား၊ စေတော်မှုကြောင်း မဟုတ်လား)၂။ (ရွှေနားထပ်ပါလို့၊ တပ်အပ်ကယ်သေချွေ၊ ခွန်းမိန့်တော်ထွေ)၂။ ။မြဲသေချာသံမှိုနဲ့၊ ကျေးစေတမန်၊ ရွှေချိုင့်စံ၊ ရွှေချိုင့်စံ ဟိုကျွန်းက၊ နေယွန်းလျှင်ပြန်ခဲ့ပ။ ရွှေချိုင့်စံ

မှန်ပုံနှစ်ကယ်၊ ပန်းမှုန်ဖြစ်ကျေး၊ ကိုယ်လေးငယ်တဲ့မန်စိန်ချိုင့်စုံ၊ လျှင်မြန်စွာ ဟိုကျွန်းက၊ မလွမ်းခင် ပြန်ခဲ့ပ၊ စိန်ချိုင့်စုံ မှန်ပုံနှစ်ကယ်၊ ဘုန်းတော်ဖြစ်ကျေး။ (သဖြန်)။ ။ (လေနှင့်ရော၊ တိမ်ကြောကိုပျံပါလေကွယ်၊ ပန်းရည်ငှက်ကယ်) ၂ ။ ။နန်းရွှေဘုံနယ်၊ ဆွေမယ့်ရှိ့ထံပါး၊ ချန်မဆိုင်းပါနှင့် မှန်တိုင်းတင်ပါချေကွဲ့၊ နန်းမြေသူ့နား။ ။

## ၂၇။ တောတောင်ဘွဲ့ပတ်ပျိုး

(မြိုင်ခြေစုံသာ၊ အိုင်ရေကုဏ္ဍာ၊ ခိုင်ရွှေဒုမ္မာ၊ ပျံ့ပျံ့သင်းသင်း ဂေါသီတာ၊ လေးသွယ်ကျဆင်း) ၂။ (ပြောင်စိန်ထိန်လင်း၊ တောင်မင်းဂိရိ၊ သွန်းဖျားဝန်းကျား၊ ဖွေစွန်ငွေပြွန်၊ ညာကြောကျောလျှော၊ ရေတံခွန်သာမောပါဘိ၊ တောဟေမဝန်) ၂။ (နတ်မွှန်မိုရ်ဇာ၊ လိုရာဘို့မှန်း၊ ဂိဝါရောင်နီလာဘောင်၊ စိမ်းမြညိုရောင်၊ ဘယ်တော်င်သာ ခေါ်ကြမှန်းသည့်လေး) ၂။ (ရတု)။ ။ နန်းမြင့်ကေရှင်၊ ရွှေနားဆင်လော၊ ဆယ်အင်ဇာတ်မှာ၊ ပညာကြီးသူ၊ ဝိဓူရစစ်၊ ဖြစ်သည့်ကါကြို၊ အာဏာဟုန်ကြောင့်၊ နတ်ပုဏ္ဏက၊ မြင်းအသနှင့်၊ ရှင်ကမြူးကြွား၊ အန်လောင်းစား၍၊ ပတ္တမြားကျောက်၊ ထွန်းတောက်အရောင်၊ တောင်ဝေဘူဟု၊ လူတို့ ဝေါဟာ၊ ခေါ်ကြပါသည်။ နန်းလျှာထိပ်ခေါင်ဘုရား။ ။(သဖြန်)။ ။တိမ်ကြားငယ်မှိုရှေ့ဆီ၊ ဘယ်တောင်ခေါ်သည့်၊ ကျွန်ယုံတော် ဉာဏ်ကျယ်ချဲ့လို့၊ တင်ခဲ့ပါစမ်း။ ။(ဘောလယ်)။ ။ ဘုံသုံးလူ့ကော၊ ငါးထွေမာန်ဉာဏ်တော်ချုပ်ပေတဲ့၊ ဗုဒ္ဓဟောပင် သီရိသာပ၊ ဇောမိညောင်နန်း။ ။ (သဖြန်)။ ။ ဝိုက်သန်းလို့ခွေ၊ သဲငွေခုံသောင်ရစ်ပေတဲ့၊ ဘယ်မြစ်ပေလဲ။ ။ (ဘောလယ်)။ ။ တနဲငယ်သာ သုဇာတာ ရွှေစင်ခွက်ကယ်နှင့်၊ အထက်ကယ် စံတော်ရာနှင့်၊ ရွှေမြစ်သာနေရဉ္ဇရာငယ်လို့၊ ရှေးကခေါ်မြဲ။ (သဖြန်)။ ။ တနဲငယ်သာ၊ သုဓမ္မာသာလာရပ်လိုနှင့်၊ ထေရ်မြတ်ကယ် ဘယ်သူတော်တို့၊ ပျော်တဲ့ဘုံတုန်း။ ။ (ဘောလယ်)။ ။ဘုံသုံးလူ့ကော၊ ခြောက်ရောင်ရှိန် ထိန်လင်းတဲ့၊ သိမ်စကြံ စံတော်ရာနှင့်၊ ရတနာ ရွှေစိမ်မြတ်ကယ်လို့ စွဲမှတ်ပါဘုန်း။ ။အထုံးထုံးငယ်နှင့်၊ စုရုံးငယ်သည်မှာ၊ သာယာထွေထူးတယ်၊ စုံစီအံ့ဖွယ်ကြူးပါလို့၊ ကြည်နူးဘွယ်သည်တခို။

## ၂၈။ အိနောင်ဇာတ်ထွက်ပတ်ပျိုး

(သာယာဝတီ ဦးစိုင်း)

(ဖြူပြာမူရာ၊ သူဇာနေလို၊ နတ်ကယ်ရွှေကိုယ် ထင်မိမှား) ၂။ (စက်ပန်းညောင်ပြဒ့်က၊ နန်းဘုံမြင့်ဖွား) ၂။ (တနိုင်ငံ၊မြိုင်ယံခြား၊ ကြံအားဆောင်လို့၊ ကြိုးနှောင်ရှာတယ်။ မိုးဣန္ဒာနွယ်) ၂။ (မြတ်မျိုးဒါဟာမယ်က၊ ဉာဏ်ခြယ်လှယ်

သဘ္ဘာငြိမ့်မှာ၊မြင့်တော်ရာလိမ့်နိုး) ၂။ ဘွေဆိုင်ခွေယိုင်၊ပူပုံပျိုး၊တန်ခိုးကြေငြာ၊ ဒေဝါမင်း၊ ဖန်ဆင်းကူလို့ သူမညီ၊ ကျွန်းမလွှာ၊ ပင်လယ်ခြား၊ သနားရန်ဘို့၊ လွမ်းတာကိုယ်စီ၊ ဆေးကွာခဲ့ပြီ) ၂။ လေညှင်းငယ်ချီ၊ ပန်းရွှေဖီအင်ကြင်းငယ်၊ သင်းတာပျံ့ပျံ့။ နွေ့ရာသီ၊ ခါမှီမြေမင်းငယ်၊ ရှင်းတာသန့်သန့်၊ (တသင်းလှိုင်ပျံ့မွှေးထုံကြူ ဒါ ဟာနန်း၊ မြန်းမဲ့သူ) ၂။ မင်းရွှေဂူထဲ၊ လေယူခွဲ၊ အူသဲလှိုက်မျှ၊ ရိုက်ကာဆိုငို၊ ဆွေးရန်ကပို) ၂။ နေညိုညို ရွှေကိုယ်မျှော်တော်ရေးနှင့်၊ ဆွေးတာသိမ့်သိမ့်။ မြိုင်ရိပ်ကယ်ခို၊ လေချိုဆော်သွေးလို့၊ အေးတာခြိမ့်ခြိမ့်။ (ငြိမ့်ငြိမ့်ညောင်းညောင်း၊ သောင်းသောင်းညံ့ညံ့၊ လွမ်းရန်ပိုတဲ့ ရွှေငှက်သံ) ၂။ (ပျံကာသာ၊ အေးရင့်ကျူး၊ မောင်မယ်စုံဖိုမမြူး) ၂။ ။ ။ **(သဖြန်)** ။ (ကြည်နူးရန်စုံ၊ ရဂုံနယ်သိုင်းလို့၊ ဘယ်တိုင်းဘယ်ပြည်ရှာခုံ၊ ရှာတွေ့နိုင်သေး) ၂။ (တွေးခုမျှော်ယောင်၊ ပြည်သိခေါင် နောင်မြန်းမဲ့၊ တောင်ကမ်းပဇာသိန်ကငယ်၊ လွမ်းရှိန်နှင့်ဆွေး) ၂။

## ၂၉။ တောင်လားပတ်ပျိုး

(မြဝတီဝန်ကြီး)

ဂန္ဓာမာတောင်၊ လိုဏ်နန်းချောင်ငယ်ကသာ၊ ပူအောင်စေသာ၊ ပန်းဖြေနိုင်ပါယ်နှင့်လေး၊ မာလာရွှေခိုင်၊ နွမ်းခွေကာ ယိုင်သည်နှင့်လေး၊ (ပန်းဖြေနိုင်၊ပူဝန်ပိုပွား မြပန်းငယ်တည့် အငုံငုံ၊ ဝတ်မှုန်ငယ်ကြွေညောင်း၊ သင်းကြိုင်ပျံ့လှောင်း) ၂။ (မဉ္ဇူရွှေရောင်၊ နန်းမေရတောင်၊ ရီမှောင်မှောင်တောင်ဖျား၊ ပိန်းခြုံလို့သား) ၂။(အထူးထူးထူးလို့ခြား၊ မြသားငယ်အသွယ်သွယ်၊ ညာဇယ်ဝယ်မိုးကမဲ) ၂။[(ဆိုလဲ၊ တန်ဘဲ) ၂၊ လွမ်းဟုန်က ကဲသလိုလေး၊ နွဲ့နွဲ့နွဲ့နွဲ့ကျူးသီဖွဲ့] ၂။ (မစဲနေ့လုံး၊ ဟောဝန်ပတ်ကုံး၊ရီမှောင်ပိတ်ဖုန်း၊ နန်းလျှော့လျှော့လှိုက်ခုန်လှိုက်ခုန် တည့်ဆန်းဆန်း၊နွမ်းတပျော့ပျော့) ၂။ (သဖြန်)။ ။ပန်းစေတော့ဆိုသလိုပင်၊ မိုးလုံပြည့်ဆင်။ အိုထိပ်တင်ရှုပါဘုရား။ (တကိုယ်တမ်းမို့၊ ပန်းဘုံဘွေ၊ ချော့ချေပိုက်ချေ၊ ကြာလေနွမ်းတာယ်၊ ပန်းရေရှော့လား ၂။

## ၃၀။ ရေလားပတ်ပျိုး

(မင်းတုန်းမင်းလက်ထက် စာတ်ဆရာ ဦးကျော်ခဲ)

(ရွှေယင်ဘောင် ငွေယင်ဘောင်၊ သဲခုံပြန့်ကျွန်းရွှေသောင်) ၂။ (ပျော်မြူးကြငှက်မယ်မောင်၊ လည်ချင်းတွဲလို့၊ သဲငွေသောင်) ၂။ (လွမ်းလို့ဆောင်၊ ဖိုးခေါင်စင်ရော်၊ ငှက်တော်မြစ်တွေး) ၂။ (ပူဘို့ဖန်၊ သဲကန်ရေယာဉ်အေးမှာဗဲ့လေ။ ငှက်မောင်နှံ၊လွမ်းရန့်လည်တင်ကြွေးလို့လေး) ၂။(တဆွေးဆွေးငယ်နှင့်၊ပူရေးငဲ့ပြင်ကျယ်၊များတယ်ပ၊ ခုကြုံအင်) ၂။[(သူမမြင်) ၂၊ လွမ်းအင်ကြံဖွယ်ဆိုက်ပြန်တော့တယ်လေး] ၂။(သိုက်နှယ်

သည်ကျွန်းမှာ၊ လွမ်းဖော်မဲ့ဝေး)၂။ [(ရေပင်လယ်)၂၊ လောင်းငယ်ကုန်ခတ်လို့၊ ကူးတာတ်နိုင်သေး] ၂။(အုံ့မှိုင်းလို့ရီ၊ နဒီပင်လယ်ရိုးမှာ၊ မိုးချုပ်ချည့်လေး)၂။ (အိုဖြေလည်း နေမသာ၊ ပူရေးဆင်ပြန်လာ) ၂။ [(ကြံမသာ)၂။ရောကြော့ဝဲငယ်မှာ]၂။ [(မယ်နဲ့ ပူပုံကြွယ်)၂။ အိုသည်ကျွံရေးငယ်နှယ်]၂။ (ဆွေးပါတယ်နော်သဲ၊ လွမ်းသူများပွဲ)၂။ [(ဖဲဘုံဇာပေါ်)၂၊ ချစ်သူ့ကိုယ်တော်၊ မြင်တော်လာဘဲမို့၊သည်မယ့် ဖြစ်နဲ]၂။[(လွမ်းတယ်ရွှေကိုယ်) ၂၊ ဘုန်းကြော့မို့မို့၊ မယ်လိုပူဆွေးစ၊ လေးမယ်နှင့် လေး]၂၊ (အကြင်နှယ်ဝေးသူတို့၊ ဆွေးပူလိမ့်မယ်၊ ကြံကာပန်းပါဘိ၊ နန်းနေ ညွန့်နွယ်)၂။ ။**(သဖြန်)**။ ။(ကြိုလှဲ့ပခုနှယ်၊ သူ့မယ်နှင့်ဝေး)၂။ (ရွှေလောင်းလှေငယ် နှင့်၊ မြစ်ပင်လယ် နဒီဝဲငယ်မှာ၊ တုန်သဲကအေး)၂။

**မှတ်ချက်။** ။(သီချင်းအပိုဒ်များတွင် "မယ်" ဟူသော စကားအစား အချို့က "မောင်"ဟူ၍ သီဆိုကြသည်)။

## ၃၁။ အလွမ်းဘွဲ့ပတ်ပျိုး
(မြဝတီမင်းကြီး)

(လွမ်းခလေ့၊ မျှော်၍ငယ်စေပင်၊ မိုးယံဝဝယ်၊ လကိုမြင်၊ ကြယ်စင်ဟုတ်ဘူး၊ လွမ်းသူ့နောင်၊ စောရွှယ်လူး)၂။စိုင်ရှူးငယ်တည့်တန်ဆောင်၊ကြယ်မောင်မင်းနှင့် ဟသာ တောင်၊ ညီနောင်ကြက်ကယ်၊ မောင်ရင်ဆိုင်းနှင့် တိမ်လှိုင်းလယ်၊ အသွယ်သွယ်၊ ဘယ်နှယ်လွမ်းတယ်လေး၊(နိုင်ဆည်ဖြေငယ်နှင့်သာ၊ဖန်ရေရေ) ၂။ **(ရတု)**။ ။ကြွေ မည့်ရက်လည်း၊ ပင်ထက်တမျှ၊ ရွှေလျှံခသား၊ မယ်လျှပိုးခေါင်၊ တောင်လည်းမြင့်သွန်း၊ တေ့ဝန်းရစ်ဝိုက်၊ တိမ်ကလိုက်နှင့် ရွှေကိုက်သပြေ၊ ပင်ရိပ်ဝေ၊ နန်းမြေမနီး၊မြိုင်ကြီး ကာသည့်ဟောမာရဂုံ၊ ဘယ်ဘုန်းစေသိ၊ သည်ရွှေအမျှန့် သင်တိုင်းခြုံပါမှ၊ ဆင်သိုင်းငယ် ထွေပါရော့လ၊ ဖြစ်လေဆန်းငယ်၊ ပူပန်းစေအို့သာကြုံ။ ။ **(သဖြန်)**။ ။မှိုင်းမှိုင်း ငယ်လေမို့မို့၊ ရစ်ဆို့ငယ်ဝန်းလို့အုံ၊ ဇေယဘုံရွှေဘွေနယ်က၊ နတ်ကယ်ဘယ်ဖန်ဝေခွင့်၊ ပူစိမ့်စေပျိုး။ ။ပျော်တော်ကြူးရွှေဘူးထင့် ကောင်းပေကို၊ သည်လိုသာမှန်ပါရော့၊ နွေပြန်ညွန့်ငယ်မှာ၊ လေကွန့်တဲ့မိုး။ ။

**မှတ်ချက်။** ။"လွမ်းခလေ့"အပိုဒ်အစား၊ "လွမ်းသလေ့"ဟူ၍ အချို့ရေးအဆိုတော် ကြီးများသီဆိုကြကြောင်း နံ့စမ်းသိရှိရပါသည်။

## ၃၂။ ကျေးစေပတ်ပျိုး

(ပုဂံမင်းလက်ထက် မင်းကြီးကတော်ခင်ဆုံ)

(သန်းရံခြွေ ရွှေကြော့ဝန်း။ ။ စမွယ်အုံးငယ်မှာ၊မပြယ်ဆုံးသာပ၊ ဘယ်ဘုန်းငယ်မိန့်ခွန်း။ ။ မိုးစည်ရင့်သာ၊ကိုးဖြာကရွှမ်း)၂။ ။ (မျှော်လည်းကျွမ်းသည်နှင့်၊ တနွမ်းငယ်ခွေခွေ၊ သဇင်ခက်ကယ်နယ်၊ မဆင်ရက်နိုင်နှင့်၊ ဘွင်သက်ကယ်ဆည်နိုင်စေ)၂။ ။(မြနန်းသိန်ရဘွေ။ ။တိမ်ခြေယှက်ဆိုင်း၊ မှိုင်းရင့်ရင့်၊ သိုင်းဝင့်ဝင့်၊ နှိုင်းချင့်စာပဲ၊ သံနွဲ့မချန်းတောင်း၊ ရှာလှာပြန် သန်မိုးနှောင်း၊ ဖန်တော်မူပူဆွေးကြောင်း)၂။ ။ (နှင်းတပြောင်းပြောင်း၊ ဖြန့်သွန်းလောင်း၊ ဝါကျွမ်းရွက်ပေါင်း၊ ဖူးပွင့်ညောင်း၊ ရွှေဖီခိုင်နှောင်း၊နယ်ကပူအင်၊ သည်သည်ရွှေသဲငယ်မှာ၊ ကြည်ကြည်ကြေကွဲပေပ၊ဖြေလည်းအိုခုတိုင်ပင်)၂။ ။(သံလွင်သီဖွဲ့၊ ချီတဲ့နတ်မောင်၊လျှပ်ရောင်ငယ်ဟန်ပြ၊ ကြဲရေး၊ ဉာဏ်ပေးလေဘိသော်မှ)၂။ ။ နွမ်းလျှတွေးတော၊ စောသူ့ကေသွယ်၊ ဇင်ငုံမုလေးငယ်မှာ၊ ထင်ပုံမအေးနိုင်နှင့်၊ မြင်ရုံနဲ့ဝေး၊ လေသွေးရာ ကြိုင်လွင့်ပြယ်။ (သဖြန်) ။ ။ (မွေးမှုန်ကြော့လယ် နှောင်းရှယ်ဆင်တော်ပိုင်မဲ့၊ မြခိုင်ဘယ်ကေသီလုံး၊ ရွှေညီပုလဲ)၂။ ။ (မှာရွှေခွန်း သာညွန်းငယ်တင်ချေနော်၊ ဘွေမော် တိမ်ညွန့်၊ မေယိန်ဘုံ့ဝယ်မှာ၊ ငွေမှုန့် ဆွတ်ဖွဲ့) ၂။ ။

မှတ်ချက်။ ။"မျှော်လည်း ကျွမ်းသည်နှင့်" အပိုဒ်အစား၊ "မျှော်လည်းလွမ်းသည်နှင့်" ဟူ၍ မဟာဂီတအသစ် (သူရိယ)၌ မူကွဲတွေ့ရှိရပါသည်။

"ဝါကျွမ်းရွက်ပေါင်း၊ဖူးပွင့်ညောင်း" အပိုဒ်အစား "ဝါကြွင်းရက်ပေါင်း၊ ဖူးခွင့်ညောင်း"ဟူ၍ ဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင် စာမူကွဲများ တွေ့ရှိရသည်။

"ထင်ပုံမအေးနိုင်နှင့် မြင်ရုံဝေး"အပိုဒ်အစား၊ "မြင်ရုံမအေးနိုင်ဘု၊ အကြင်နယ်ဝေး"ဟူ၍ ကွယ်လွန်သူအဆိုတော်ကြီးများဖြစ်ကြသည့် ဆရာမှန်း၊ ဦးထွန်းအိုင်၊ တပယ်ခင်ဥတို့ သီဆိုခဲ့ကြသည့် မူကွဲ ရှိကြောင်း စုံစမ်း သိရှိရသည်။

"ဘွေမော်တိမ်ညွန့်"အပိုဒ်အစား၊ "ဘွေမော်သိမ်ရ"ဟူ၍ နိုင်ငံတော် စာကြည့်တိုက် ပုရပိုက်အမှတ် ၂၂ တွင် မူကွဲတွေ့ရှိရသည်။

## ၃၃။ မိုးဘွဲ့ပတ်ပျိုး

(ပြင်စည်မင်းသား)

မုရိုးငယ်တည့်ထက်စည်သံ။ ။ပတ်ခြံ့ကိုးနယ်၊ မိုးလယ်တခွင်၊ ပဋ္ဌင်ဆော်ကာ၊ ဆည်းဆာငယ်ချိန်ယွန်း။ ။ ဗယ်ဝှန်းညာဖွေ့၊ ရစ်ကွေ့ကျူးကာ၊ မြူးလာဆင့်ဆင့်၊ သွန်းသည်နှင့်နှင့်။ ။(ရတု) ။ ။ ကျွမ်းခဲ့ဂိမာန်၊ ချိန်ဝသန်လည်း၊ အမှန်ခါပြု၊ သည်ရတုဂယ်၊ ဘာနုယဉ်သာ၊ ပြာဘက်ာလည်း၊ နိန္ဒရာငဲ့၊ လော့ငမကဲ့သို့၊ ထောင်ဖွဲ့

ခြည်ရုံ၊ ဖန်ခိုးလှုံသား၊ နှင်းမှုန်ဆွတ်ဖျန်း၊ မိုးတသွန်းတည်း။ ။ (စိန်ယွန်းငယ်တည်ခြူး ကြာညောင်၊ လရောင်ပြက်ကာ၊ ပန်းလွှာလေကြက်ရုံး)၂။ (ငုံသရဖီ ထုံစီကြိုင်လှိုင် တုန်းမိုလေ၊ အုံးကာသီ၊ သာမိခွေကာ နန်းသည်နှင့်လေး) ၂။ ။ **(သဖြန်)**။ ။ သုံးယံမြင့်ပြို၊ ဗဟိုရ်စည်သံသာက၊ လွမ်းရှာလေစေစိမ့်အောင်လို့၊ ဆော်ငြိမ့်စည်ကျူး)၂။ ကျုံကျုံကြွေး။ ရင့်လေးငယ်တည့်မိုးငယ်မှု။ ဘယ်ပျူငှာနှင့်၊ ရှာပလိမ့်ငယ်လေး၊ ရွှေတိမ့် နတ်မှူး။ ။

မှတ်ချက်။ ။"မုရိုးငယ်တည့် ထက်စည်သံ"အပိုဒ်အစား၊ "မုရိုးငယ်တည့် နတ်စည်သံ"ဟူ၍ ရွှေနန်းထွက် မဟာဂီတတွင် စာမူကွဲတွေ့ရှိရသည်။

## ၃၄။ ကိန္နရာချောင်းခြားပတ်ပျိုး

(ငယ်တိုးအကွင်းဝန်)

(မယ်သေချင်လိုက်ပါဘိ) မကိုင်ရုံကေညွန့် သွန်းရွှေစင်၊ ချောင်းသီတာမြစ်ကြီး၊ ကာဆီးလို့ ကြုံတဲ့အင်၊ နောင်မြင်တော့လား၊ ဝဠာပိုင်နတ်သိုင်း၊ ဆော်လှိုင်းလို့မိုးနှင့် လေမှာ) ၂။ ။ (မောင်ကြီးခေါ်တ၊ မယ့်ဗျာပါ။ ထင်လာမြင်လာ၊ ဗျာပါထပ်ပွား)၂။ တောနှင့်ရဂုံ၊ စုံခြေဂနိုင်ခြားလို့လေ၊ သက်မသေဘုန်းစေ သူတပါးကြောင့်လေး)၂။ [နတ်များကူပါ၊ ပူဆာရွှေရင်ကျွမ်းမျှလေ၊ (စီးကျမျက်ရေ)၂။ တွေတွေသည်မြိုင် စွန်းကလေး]၂။ ။ (ဆွေးကြွေယိုင်ငယ်နှင့်သာ၊ လွမ်းတွေလို့မှိုင်)၂။ ။ (ဖြေနိုင်တော်ရှာ၊ ရွှေအားတော်ငယ်၊ နတ်နွယ်တပါးရယ်ကြောင့်၊ စုံဖျားကန္တာ) ၂။ ။ [(မမြင်လှာ) ၂။ သက်လျာမောင်နှင့်ဝေးတယ်လေး]၂။ ။ (ထင်မြင်ယောင်ငယ်နှင့်သာ၊ ကြင်ဖော် နှောင်) ၂။ ။ သဲငယ်လောင်မြေ့၊ မြောက်တောင်အိုဘယ်ဆီ၊ သိလဲနိုင်ပြီ၊ ရလှဲ့မှုန့်လို့၊ ပန်းစုံဟေဝန်ကြောက သီခေါင်၊ ဘုန်းမောင် ဘုန်းမောင်၊ တမ်းလို့မျှော် ယောင်၊ ရွှေတောင်ဂန္ဓာနန်းသို့ရောက်အောင်ဆောင်ယူနှောင်ပို့ပါ နတ်မောင်၊ စုံခြေဟေဝန် ကျေးကဝေးသီခေါင်)၂။ ။[(ရွှေဘွင်စောလို့ မောသေအောင်)၂။ လူမနှောတဲ့ တောသာခေါင်လေ၊လူမနှောတဲ့တောသာခေါင်] ၂။ ။ [သစ်ကျား ရယ်စိုင်ပြောင်နှင့်ရှောင်ပါ မဝေး၊ တကိုယ်ရေးဟာမို့၊ ဆွေးမြန်ခဲ့ပြီ၊ (သေလဲသေသေ) ရှာဖွေမြန်းတယ်၊ စက်ပန်းဘယ်သို့၊နောင်ဖြန့်ချီ) ၂။ ။**(သဖြန်)** ။ ။ပုလဲသီ၊တကွဲစီ ဘယ်ကံဖန်လို့၊ ကြုံရဟာန်ထူး။ ။သွင်လေဆောင်၊ စုံကျေးသည်မြိုင်ချောင်က၊ နီးလွှယ်အောင်ကြုံတော်ကြပါ၊ လေးပါးနတ်မှူး။ ။

မှတ်ချက်။ ။"မယ်သေချင်လိုက်ပါဘိ" အပိုဒ်အစား၊ "မယ်ရွှေဘဝင်အိုက်ပါဘိ"ဟူ၍ အချို့ရေးအဆိုတော်ကြီးများ သီဆိုကြကြောင်း စုံစမ်းသိရှိရသည်။

## ၃၅။ တောသွဲ့ပတ်ပျိုး

(မြဝတီမင်းကြီး)

စုံနယ်သာစွ၊ မှုန်ကြွယ်ညှာမြ၊ ပင်လှငယ်ရွှယ်ညီ၊ မျှော်လေရာကြိုင်လှိုင် လန်းသည်နှင့်၊ စံခန်းဘယ်ဆီသို့ငယ်၊ တွေးတို့တတ်ပြီ။ ။ တိမ်သီဂိ၊ နေရိုငယ် ဆည်းဆာ၊ တောင်သနင်း၊ ကြည်ဆင်းငယ်လေ။ ယဉ်ရေသွယ်ဖြာ၊ ဂမုန်းအင်နှင့် ဂေါ်ဇင်ဂန္ဓာ၊ ဓိဝဓိုးမယ်မောင်။ ဖိုးခေါင်နှောသည့်၊ တောသာကာ။ ။ လေသာ လေညင်းငယ်၊ သွေးကသွေးသနှင့် ။ ။ ဆွေးသူဝေးသူတို့၊ ရေးယူခွင့်မန်မစာ၊နှင်းလှိုင် ညီသည့်၊ ကေသီဆံညာ၊ ငါးအာလိန်မြင့် ဝတိန်မှန်ကြာ၊ မြစံခင်းငယ်လေ၊ဘယ်သုန်မှုန် ခြင်းငယ်ကြောင့်၊ တင်းမမာ။ ။ဖန်လာတော်မူရေးငယ်၊ နှေးကနှေးသနှင့်။ ။ (သဖြန်)။ ။ ကျေးသံရင့်ဗဟိုရ်။ ချစ်တင်းငယ်နှောင်၊ ဖိုးခေါင်နာရီနှင့်၊ ရွှေစာ မရီ ဇေါ်သားငယ်တို့၊ စောင့်စားဖန်ဝေမှု၊ နန်းသူ့ဖြစ်ကို။ ။မသုံးလို၊ ချိုချဉ်ငယ်စပ် ဖန်နှင့် မတန်ရာလေခဲ့၊ ထွေထွေသစ်သီး။ ။ ရွှေကိုယ်တော် တွက်ကယ်ကြောင့်၊ သက်ဆက်ကာ နိုင်သာမျိုရတယ်။ ရောက်လိုရာ ညွှန်ညွှန်ရေးကငယ်၊ ဆွေးကြွေလုနီး။

မှတ်ချက် ။ ။"တောသာကာ"အပိုဒ်အစား။ "တောမြိုင်ချာ"ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက်မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

"ဆွေးသူဝေးသူတို့"အပိုဒ်အစား၊ "ဆွေးသူဝေးလူ"ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတွင် မူကွဲတွေ့ရှိရသည်။

"ဘယ်သုန်မှုန်ခြင်းငယ်ကြောင့်" အပိုဒ်အစား၊ "ဘယ်ထုံမှုန်ခင်းလေဘိ" ဟူ၍ ဂီတ ဝိသောဓနီကျမ်းလတွင် မူကွဲတွေ့ရသည်။

"ချစ်တင်းငယ်နှောင်" အပိုဒ်အစား၊ "ချစ်တင်းငယ်ဆောင်" ဟူ၍ ဂီတဝိသောဓနီကျမ်းတွင် မူကွဲတွေ့ရှိရသည်။

## ၃၆။ တောင်လားပတ်ပျိုး

(ပုခန်းမင်းသားကြီး)

(အောင်မြေသာစံ၊ သောင်ယံသဲကာ၊ ပုလဲလိုလို၊ ခင်းသာတယ်ကို)၂။[(ရေ ညိုညို)၂၊ တိုးရိုစီးပါလို့၊ ခရီးသာသာလမ်းမှလှ၊ ရွှေတဲ့ရွှေမြစ်ညာ]၂။ (ရွှေ လက်ကယ်ကိုင်ကာ၊ သီတာသောင်ကမ်းခြေ) ၂။ (စိမ်းရွှေငယ် ဖြူပြာညို မှောင်ဝါ သွေး၊ တိမ်စွယ်ရိပ်ကယ်ကမှေး)၂ ။ ရွှေပြည်တော်၊ မျှော်တိုင်းဝေး။ (ရွှေသွေးမျက်ခြည်၊ လေပြည်ယူသိမ်း၊ မြစိမ်းရောင်ညို့ညို့၊ မှိုင်းမို့မို့၊ ရေတဲ့ရေကန်သာ)၂။ (ပဒုံရွှေကြာ၊ အင့်ဝေဆာ၊ ရဂုံဘွေမှာ၊ ညိုညိုးညင်းညင်း) ၂။ (ကြိုင်မွှေးမာလာ ပန်းစုံကသင်း)၂။ တဆင့်တက်သော်၊ တတောင်ကျော်၊ တမော်ရုံလျှိုး၊ တခြိုတိုး။ တမိုးသောက်လျှင်၊ တနေဝင် တခွင်မြိုင်ကြီး၊ ဂနိုင်ဆီး။ (တောကြီးငယ်တောင်ကာ၊ သေလာတောင်စောင်း

ပိတ်ပေါင်းငယ်သာထွေ၊သပြေပင်နန်း၊ရေယာဥ်စမ်းငယ်နှင့်၊ စခန်းရောက်အောင်မြေ)၂။ (အပန်းငယ်ဖြေကာ၊ဗလာတူယွန်း၊သံသာငှက်ကယ်ကညွန်း)၂။နှစ်ကိုယ်စံ၊ဖန်တိုင်းကျွမ်း၊ (အလွမ်းငယ်ထွေ၊ ဆော်လေကဖြူး၊သာပျံ့ပျူး၊မာလာငုံဖူး၊ ထုံနံ့မြူး၊သာထူးဆန်း) ၂။ (နန်းရွှေတောင်မြင့်၊ နတ်ကယ်စံရာ၊ လွမ်းလေအောင်ဆင့်၊ ထပ်ကာကြွလာ)၂။ (မလုံလေပါပဲ၊ထွေး၊ ရွှေရင်အုံချမ်းမြအေး)၂။ ။**(သပြန်)**။ ။(မလေးကုန်ချစ်တဲ့၊ မှုန်နှစ်ကယ်လေး။တောချောင်မှာမောင်အိပ်လို့၊ တောင်ထိပ်မှာကွေး)၂။ (တောင်တောင်မြင့်၊ တောင်မြင့်ဂန္ဓမာ၊ ကြာတိုင်းမွှေး)၂။ ရေကန်သာ၊ ကြာတိုင်းအေး၊ (ရွှေပြည်တော်မျှော်တိုင်းဝေး)၂။ ။

**မှတ်ချက်။** ။ (သပြန်အပိုဒ်ရှိ "မလေးကုန်ချစ်တဲ့၊ မှုန်နှစ်ကယ်လေး၊ တောချောင်မှာ" အပိုဒ်အစား "မလေးကုန်ချစ်တဲ့ မှုန်နှစ်ကယ်လေး၊ မြကြောညိုရောင်နှင့်၊ တောချောင်မှာ"ဟူ၍ မူကွဲ တွေ့ရှိရသည်။

ဘိုးတော်ဘုရားလက်ထက် သားတော်ပုခန်းမင်းသားကြီး မဟာဓမ္မရာဇာကို မျက်တော်မူ၍မြစ်ညာ သစ်တောသို့ပို့ရာ၊ ဤအောင်မြေသာစံပတ်ပျိုးကို ရေးသားဆက်သွင်းသဖြင့်၊ ဘိုးတော်ဘုရားက သနားတော်မူသောကြောင့်၊ အညာသစ်တောမှ ပြန်၍ခေါ်တော်မူသည်ဟုအချို့မူတွင်တွေ့ရသည်။ မူအချို့တို့၌လည်းကောင်း၊ အောင်မြေသာစံပတ်ပျိုးကို ဓာတ်ဆရာဦးကျောက်ခဲရေးသည်ဟူ၍လည်းကောင်း၊ ငယ်တိုးအတွင်းဝန်ရေးသည် ဟူ၍လည်းကောင်းတွေ့ရသည်)။

## ၃၇။ ကိန္နရာချောင်းခြားပတ်ပျိုး

(ဖြေနိုင်ပေါင်၊ တွေမှိုင်ယောင်၊ တောသာတဲ့သည်မြိုင်ချောင်) ၂။ (ဘယ်ဝဋ်နှောင်၊ ဖန်လှာမှန်း၊ ရေးကံကဆန်း)၂။ (အိုပန်းဘွယ့်သာ ဣန္ဒာမြင့်မင်း၊ တင်းပသေလာ၊ ဘယ်ငြိုးတော်ဖန်လေသိ၊ မယ့်ကိုမုန်းတယ်၊ချုန်းဇွေဖွဲ့ရှာ)၂။ [မိုးရောလေပါ၊ သေလာမြေပြင်စောင်းမျှလေ၊(ရှစ်တိုင်းဝန်းအုံ) ၂။ သုံသုံလေပြေ၊ လောင်းပါလို့လေး]၂။ [တောပေါင်းငယ်တည့်ကာ၊ စံရာမြင့်သီလာနန်း၊ (ချောင်းရေယဉ်လျှမ်းပါလို့၊ လမ်းမသိပါပြီ) ၂။ (လေးပါးသခင်) ၂။ (မြင်တော်လဘူးငယ်၊ ဦးတင်လို့ချီ]၂။ (ရွှေဝန်းရံညီ၊ ကိန္နရီဖော်လဲ၊ ကွဲခဲ့ပြီလေး)၂။ [(သည်ပူဝန်ရေးငယ်နှင့်)၂။ အေးတဲ့ပါပြီ၊ မူးချိန်မှီ] ၂။ (တိမ်သီဂီငယ်နှင့်သာ၊ နေရိရိ) ၂။ [လှမ်းမှီတော့ရှာ၊ (နှမ္ဗားတော်နှာ)၂။ သွေးခြည်သာတန်းပါလို့၊ အိုပန်းဘွယ်သာ] ၂။ [(သည်ကန္တာ) ၂။ လိပ်ပြာတုန်လို့၊ ထိတ်တယ်လေး] ၂။ (ဆွေးပူပုံငယ်နှင့်သာ၊ သဲကြွေရုံ) ၂။ [သွန်းခြိုတဲ့ကာ၊ (နယ်ကိုးဒီသာ) ၂။ စည်တံမြွာဖြိုးပါလို့။ ရွှေမိုးတွေရွာ]၂။[(စိန်ခရာ)။ ကျူးလှာသီရင့်စောတယ်လေး]၂။ (မောသေဘွယ်ငယ်နှင့်သာ၊ တောဟောဝန်လယ်)၂။ [(အသွယ်သွယ်) ၂။ လျှပ်နှယ်လောင်လို့ လင်းတယ်လေး]၂။ **(သဖြန်)** ။ ။ (ခင်းကိုယ်တွေ့ကြုံပြန်လှာ၊ မျှော်ရာကဝေး) ၂။ (ဆော်ကြက်ကယ်ညီစီစီနှင့်၊ သီကရီဟောဝန်ရိပ်မှာ၊ လွမ်းစိတ်နှင့်ဆွေး) ၂။ ။

## ၃၈။ ရာမဇာတ်ဖြည့်ပတ်ပျိုး

(ဦးဝိုင်း)

(ဘုန်းမျှားမျှားမင်း၊ ကြေညာ၊ ရွှေတောဇာပတာယ်ပတာယ်၊ တောင်ဒီပါဘွေလုံး သောင်းရွှေမြေရာထီးညွန့်၊ နေနွယ်မြတ်နတ်ကယ်လို)၂။ ။ (ဒေဝီကုမ္ဘာ၊ သီတာ ညာစံ၊ လောင်းနတ်ရှင်မှန်) ၂။ ။ (ရွှေထံတော်ရေး၊ ဇခါင်းဆယ်လုံးကျေး)၂။ ။ နီလာရွှေသွေး၊ စိမ်းပြာလဲ့ရီမှောင်ညိုလွှာ၊ ဖြူပြာတည့်ဝိုးဝင်း၊ တောင်ဒီပါဝေမှိုင်း မျှော်လေတိုင်းခုမှန်ဝေ(ရွှေပဒုမ္မာလွှာချပ်လယ်က၊ ငွေပဒုမ္မာလွှာချပ်လယ်က၊ ကြာ နတ်ကယ်ညှိုး၊ တခွေ့ခွေ့ညှိုး)၂။ (သွယ်တတွေ့တွေ၊ ရွှေစက်လည်သို့)၂၊ ငွေမျက်ရည် မိုး၊ ဖြိုးဖြိုးဝေဆာ၊ သီတာတည့်ပြာဖြူ၊ လုံလေးငယ်ပျောင်း၊ တပျော့ပျော့ပျောင်း၊)]၂။ (ဘုန်းမိုမို၊ ရွှေသီဟိုဠ်ဘောင်၊ ငှက်ယောင်ပျံလာခဲ့လှလေ၊ အောင်ဇေယျာ ဇမ္ဗူညာမယ်၊ နတ်ကယ်ဖန်လာဘဲမို့လေး)၂။ [(ကြွေအူချာ၊ ပွေပူတာ၊ ဆွေသူမှာဖွဲ့နှမ်း)၂။ ရွှေ သီဟိုဠ်ဘက်ကယ်က၊ ညိုညက်ကယ်လွမ်း၊ တပျော့ပျော့လွမ်း]၂။ ။ (ထွန်းတောဇာ ပြောင်၊ ညီနောင်တည့်ဖွေရှာ၊ တောင်ဒီပါ၊ မာလာဘွေ လေညှင်းရော၊ တောကြီးဟောဝန် လယ်၊ စုံခြေစုံခြေမြိုင်သာမော၊ တောမော်ရုံကြာ) ၂။ ။ (ယမုန္နာ၊ ဂင်္ဂါရေညို၊ ကမ်း ယံကပြို) ၂။ (ရွှေကိုယ်ညီနောင်၊ စက်ယောင်ပန်းမော) ၂။ တောစုံခြေမှန်ဝေမြိုင်လမ်း၊ တောင်စက်ရေနှင့်သာ၊ အောင်မြေစခန်း။ ။ (ရွှေသမင်၊ ပြောင်ဆင်ကျားရဲ၊ ကျွဲ နှင့်ယုန်ငယ်၊ ချေဒရယ်၊ ပျော်ဖွယ် ဖိုမက၊ မြူးကြည်ည်) ၂။ ။ (အို–မြိုင်ယံ အုပ်ကယ်က၊ ရွှေဘုတ်ကယ်ဆော်၊ မြည်တော်သာ၊ ရွှေလင်းပြာငယ်လေ၊ ဖိုမမြူး၊ သာစွဖိုးခေါင်၊ ပျော်မြူးဆောင်၊ သုံးထောင်ပတ်လည်တောက မဆုံး၊)၂။ ။ (လိုဏ်ဂနိုင်မြိုင်တခြား၊ မိုးသားကျူးလို့၊ လေဦးခါ၊ ဆွတ်ဖျန်းလာ ဆွတ်ဖျန်းလာ၊ ပက်ပါ ပက်ပါ အို–ဘယ်ကံ၊ ဖန်လာရေး)၂။ (မလေးမယ့်သဲအုံ၊ လေးမယ့် သဲအုံ)၂။ ။ (တုန်ရွှေသဲ၊ မယ့်သဲအုံ၊ ရွှေရင်ကွဲလဲရရုံ) ၂။ ။ (မှိုင်းမှုန်ပြာ၊ အာကာညိုးည်) ၂။ ဘယ်ရှေးကံ၊ ဘယ်ရှေးကံ၊ အို – ဘယ်ရှေးကံ၊ ဘယ်ရှေးကံ၊ အာကာဘွေတိမ်ယံ။ ။ **(သဖြန်)**။ ။ (သီဟိုဠ်မျက်မှန်၊ ရထား လေယာဉ်ပျံနှင့်၊ ကြုံဆောင်လေခင်း) ၂။ ။ (နှင်းကဲ့စီစီကျမျက်ရည်အလီလီနှင့်၊ မြတ်ညီနောင် မြင်လာဘဲငယ်ကို၊ ဖြေလဲခုရင်း) ၂။ ။

မှတ်ချက်။ ။အထက်ပါ ဘုန်းမျှားမျှားမင်း အစချီပတ်ပျိုးရေးသားသော ဦးဝိုင်းမှာ သာယာဝတီဦးဝိုင်းပင်ဖြစ်သည်ဟု ယူဆရမည်။

"ရွှေတောဇာပတာယ် ပတာယ်" အပိုဒ်အစား "ရွှေတောဇာလနယ်၊ ပတာယ်"ဟူ၍ ဂီတ ဝိသောဓနီကျမ်းတွင် မှုကွဲတွေ့ရှိရသည်။

"ဘယ်ရှေးကံ ဟယ်ရှေးကံ"အပိုဒ်အစား "ဘယ်ရေးကံ၊ ကြိမ်ဖန်ဖန်"ဟူ၍ ဂီတဝိသောဓနီကျမ်းတွင် မှုကွဲတွေ့ရှိရသည်။

## ၃၉။ ရွှေဘိုမင်းကိုယ်တော်တိုင် ထုတော်မူသည့် ဆိုင်းတော်ဘွဲ့ပတ်ပျိုး
(မြဝတီမင်းကြီး)

(ခွာပြာသင်း၊ ညှင်းပြေပြေ၊ လေပြေမြူးပြန်ပြီ၊ အိုသဉ်ဘွေဦး၊ ဖူးညဉ့်ခြီ၊ စီစီရုံ၊ မှုန်ငွေနှင်း၊ အိုဂေါ်ဇင်မင်း၊ သင်းလှိုင်ထုံ၊ ထပ်ချပ်ကယ်ပုံ၊ လုံပါဘူးငယ်လေ သန်းယံကျူးပြီမေ၊ အို – လုံပါဘူး၊ ညှင်းလေကမြူး) ၂ ။ ။ (မှန်စံညာ၊ ရိပ်ကြာကြော့ဦး၊ သည်ဆိုင်တော် မဟာသိန်က၊ လွမ်းချိန်တန်ပါပြီလို့၊ မေသရိငယ်တရှိုငယ်မှာ၊ သာဘိဉ္စတ်နူး) ၂။ ။ (ကြိုင်မြူးလှိုင်ယှက်၊ ကိုးမျက်ကယ့်တည့်ခြယ်လှယ်အုံ၊ ပတ္တမြားဝတ်မှုန်၊ စိန်ချပ်ရုံ ထုံရည်သင်း၊ ရွှေရီးရှက်ညှာ၊ နီလာတည့်ဖန်ရည်ရေး၊ ကျေးမယ်နှင့်မင်း)၂။ ။ (ခွာပြေပြေ မှုန်ဝေနှင်း၊ ချစ်တင်းရွှေညီစုံလို့၊ ရဂုံမြိုင်ယံတွင်းငယ်မှာ၊ လွမ်းလေကညှင်း) ၂။ ။(မြတောင်ဇာ၊ ဘမရာက္ကန္ဒနီငယ်တို့၊ သိရိဝတ်ရည်ထုံသည့်၊ စိန်ချပ်ရုံခင်း) ၂။ (တိမ်ညွှန့်မိုးယံ၊ ဝိသုကံသည် ဆိကြုံသည့်၊ လွမ်းပုံကို ဘယ်ဝယ်နေ့ငယ်မှာ၊ ဖြေ၍မရှင်း)၂။ ။ [(ရတနာကိုးသွယ်လေ၊ ရောင်နွယ်ညီးလို့လင်း၊ ရာစင်းလေ၊ ရာမင်းလေ၊ ထံရင်းလေ၊ ~ ညွတ်ကြည်) ၂။ ခိုလှုံခသည်နှင့်သာ၊ ရွှေမြေအမရ၊ သာစွ ထွတ်ဦးဘွေ၊ ညွတ်နူးဘွယ်စေရှိဦးငယ်သာထွေ] ၂။ ။ မျှော်မဆုံးနိုင်ဘွယ့် ဘုန်းမြူတော၊ ဆိုင်းတော်ပရမေ၊ ဆယ်နေငယ်လျံ့မောင်း၊ ဇမ္ဗူရည်ပွင့်၊ မြဂုန္တန်၊ သရက္ခန်၊ လည်ပြန်ရွှေတိုးအောင်းငယ်နှင့်၊ သွယ်ခွေပျောင်း၊ ဥဒေါင်းကိန္နရာ၊ ဂမုန်းအင်နှင့် ဂေါ်ဇင်မာလာ၊ ခွာသွဲ့င်းလေနှင့်သာ၊ ဆွတ်ကြွေငယ်ဘွယ်သာ၊ သည်လွမ်းပုံနှင့်လေ၊ ရည်ညွှန်းရုံတင်စေ၊ ဖန်တော်နေး၊ ရေဝေးနေနှင့်ကြာ။ ။ (သဖြန်)။ ။ မလွမ်းဘူး၊ မှိုင်းမူးဖြေရမည်တာ၊ ဂေါ်ဇင်နွယ်ခွာပြာက၊ နှင်းပါညာလေသွဲ့ငယ်ပ၊ ကြွေခဲ့ဘွယ်ရေး။ (အို–သို့တုန်းပါ၊ သည်ဆိုင်းတော်မှန် ရွှေညာက၊ ဗျာပါဖြေဆည်နိုင်ဘွဲ့၊ ပုလဲခိုင်သာခွာအိငယ်မှာ၊ ကိုယ်သိနှင့်ဆွေး)၂။ ။

မှတ်ချက် ။ ။ "ထပ်ချပ်ကယ်ပုံ" အပုဒ်အစား၊ "ထပ်ချပ်ကယ်ရုံ"ဟူ၍ မဟာဂီတာပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

"မေသရိငယ်တရှိုငယ်မှာ"အပုဒ်အစား၊ "မေသရိမယ်တရှိုငယ်လေ"ဟူ၍ မဟာဂီတအသစ်နှင့် နိုင်ငံတော် စာကြည့်တိုက်မှ ပုရပိုက်အမှတ်၂၂၁တို့တွင်လည်းကောင်း၊ "မေသရိပါယ်တရှိုငယ်လေ"ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင်လည်းကောင်း မူကွဲတွေ့ရှိရသည်။

"ဖန်ရည်ရေး"အပုဒ်အစား၊ "ပန်းရည်ရေး"ဟူ၍ မဟာဂီတအသစ် (သူရိယ)၊ နိုင်ငံတော်စာကြည့်တိုက် ပုရပိုက်အမှတ် ၂၂၁၊ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

"ရှိဦးငယ်သာထွေ" အပုဒ်အစား၊ "ဆွတ်ခူးငယ်သာချွေ" ဟူ၍ မဟာဂီတ ပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

"ဂမုန်းအင်နှင့်၊ ဂေါ်ဇင်မလာ"အပုဒ်အစား၊ ဂမုန်းအင်နှင့် ဂေါ်ဇင်ဂန္ဓာဟူ၍

က်မစွတ်ဝန်ထောက်မင်း ပေမူတွင်လည်းကောင်း၊ "ဂမုန်းအင်နှင့် ဂေါ်ခင်မနွာ" ဟူ၍ မဟာဂီတပေါင်းချုပ်တွင်လည်းကောင်း မူကွဲတွေ့ရှိရသည်။

"ခွာသွင်းလေနှင့်သာ"အပုဒ်အစား၊ "ခွာသွင်းလေကလဲ"ဟူ၍ မဟာဂီတ အသစ်နိုင်ငံတော် စာကြည့်တိုက်မှ ပုရပိုက်အမှတ် ၂၂၁၊ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

"ဖန်တော်နေး"အပုဒ်အစား၊"ဖန်တော်ရေးငယ်မှာ"ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

"နှင်းပါညာ၊ လေသွယ့်ငယ်ပ" အပုဒ်အစား၊ "ညှင်းလာသာ၊ လေသွဲ့ဘွဲ့ဝယ်ပ"ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင် မူကွဲတွေ့ရှိရသည်။

## ၄၀။ မိုးဘွဲ့ပတ်ပျိုး
(ငယ်တိုးအတွင်းဝန်)

(အာကာယံထဲ၊ စံမြဲမြန်းလို့၊ နန်းဖလ်ဆောင်၊ လှိုင်းရွှေတိမ်တောင်)၂။ (စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးသာခေါင်၊ မှိုင်းဝေဆာမှောင်)၂။ (မြအရောင်လိုတတောင်လုံး၊ ပြိုမည့်ဟန်လို မိုးဆင်လာဖုံး)၂။ (ဆိုင်းထွေထွေ၊ မှိုင်းဝေဝေ၊ သဲခုံမောင်ငွေ၊ ပုလဲပွင့်ကုံး) ၂။ (ဆည်းစျာ ညံ့ညံ့စာစာ၊ တောဟောဝန္တာ၊ တောင်ဂန္ဓမာ) ၂။ (မာလာဂန္ဓာ နတ်ကယ်ဖန်တော်နန်းငယ်နန္ဒမူ။ မဉ္ဇူရွှေခိုင်၊ လှိုင်ရနံ့မွှေး။ ယူဆောင်လေ ညှင်းသွေး၊ ကျေးလို) ၂။ (ကျေးလို၊ ညိုညိုပြာဘောင်၊စိမ်းလဲ့ငွေရောင်း ပြန့်ရွှေတောင်)၂။ (ပုလဲကူး၊ တန်ဲထူး၊ မြိုင်ဦးရဂုံမှာ) ၂။ (မှောင်မှောင်သာ မိုက်ပါလို့၊ ပိန်းဝိုက်ကာရှာ။ တိမ်ညိုကြော့ငယ်က ၊ပန်းပျော့ပျော့ဝါ) ၂။ (လဲ့လဲ့ငယ်ပြာ၊ တောင်ရိပ်ကယ်ကာ၊ မြိုင်ကြီးတောဟောမာ) ၂။ (လမ်းဘယ်ညာ ငယ်လေ၊ မိလ္လာရည်သန်း၊ ဆင်တော်ရန် သွတ်သည့်ပန်း) ၂။(ညွန့်ဝေငယ်လူလန်း၊ ပင်နန်းငယ်သပြေ၊ သီးမှည့်ဇမ္ဗူရွှေ)၂။ (ကြည်ရေမြအဆင်း၊ သောင်ငွေပုလဲခင်း)၂။ (အိုရင်တွင်းတုန်လှုက်၊ မြင်ဘူးကြုံရပြန်)၂။(နတ်ကယ်ဖန် မှန်မည်ဖြစ်မြဲပေပလေ၊ ဆကိသရန်၊ဖူးတံညှာလဲ့ဝေလှလေး)၂။ (သဖြန်)။ ။(ရေးရေးရပ်သွင်၊ ပါးတွင်ဝယ်ထင်ရှိလို့ မြင်မိပြန်ရင်း)၂။(ရွှေသုံးရံ ကာလို့၊ ရွှေမျက်နှာသော်တာဝန်းငယ်၊ နော်ထွန်းမေ့လင်း) ၂။ ။

## ၄၁။ ကိန္နရာချောင်းခြားပတ်ပျိုး
(မင်းတုန်းမင်း လက်ထက်စာတ်ဆရာ ဦးကျောက်ခဲ)

(ဟောဝန်စုံမြိုင်၊ သင်းကြိုင်ညှာလန်း၊ ပူပုံပွေ၊ ထွေဆန်းလှလေး(၂။ မြပန်း ကိုက်ရုံ၊ ခိုးရိမ့ှန်၊ တိမ်ပုံဆင်စ၊ မြောက်ပြန်သွင်းလေချို) ၂။ (ဖီလာလေရိုက်ပါလို့ ပုံတိုက်ကယ်ကွဲ) ၂။ သဲငွေဖြူသောင်၊ မယ်မောင်ခေါ်တမ်း၊ တူရေသဘင်၊ မြူးရွှင်

ကြသာမြိုင်လယ်) ၂။(မှိုင်ပန်းဘွယ်၊ ကျွမ်းတယ်လေကြောကွဲ၊ ယက်ပြေးရေလျှံ၊ လှိုင်းသံကသဲ)၂။(ပျော်ပျော်ပျော်ဘဲ၊ ပျော်ဘဲလျက်ကယ်နှင့်သာ၊ ပူမှိုင်းရေး၊ လေကတံသွေးသွေး) ၂။ (ဆွေးသူမှာ၊ သဲဗျာထုပို) ၂။ (ဂန္ဓမာရိပ်ခို၊ မွှေးနံ့ချို၊ သီလာဂူကို၊ လွမ်းပိုမျှော်ယောင် တမ်းမိမိလေ)၂။ စိန်ကက္ကရာ၊ ဖန်လာတည့် မြေခုံမော်။ သွင်းဆော်လေဖျန်း၊ ရာသီတမ်း။ ဖူးငုံညှာလန်း၊ နွာပြာပန်း။ တိုင်းနယ်မြေခန်း၊ ဘုံရွှေနန်း။ လှမ်းခက်ဖွယ်၊ ဟောဝန်တောင်နှင့်၊ တောငယ်မှာ၊ ကျူးသံသာသာ ဖော်ကွာနှင့်သူ၊ မြိုင်ငှူစုံထဲ၊ ဖိုတလို့ဝဲဝဲ။ (မာလာစုံထဲ၊ ပျော်ဘို့ရွှေမြိုင်၊သင်းထုံနံ့ကြိုင်) ၂။ (ပန်းဝတ်ကယ်လှိုင်၊ သဇင်ခိုင်သူကုံးလို့၊ဖုံးမိတဲ့ခင်း) ၂။ (သွင်းခါခါကို၊ ပူရှာရနိုး။ မြိုင်ရဂုံချာဗွေလယ်က၊ နက်ကယ်သံဆန်းပျိုး)၂။ (ခိုးသန်းရီဖြာ၊ ဆင်မိလ္လာနှင့်သာ၊ မြလွှာတိမ်ရိပ်ညို)၂။ (အိုအိုဆီလေ၊ ထွေထွေတခန်း၊ ပန်းစေပူ၊ စိန်ဂူစွန်း)၂။ [(သာညွန်းငှက်မောင်နှံ၊ ပျံစံရာ၊ ပျံချင်ပြီ၊ (မှုန်ရီမှုန်ပြာ) ၂။ (လျှပ်ခိုးတိမ်တောင်၊ လွမ်းလေအောင်)] ၂။ (တောင်ဝက်ဘာ၊ စီးသံသာထွေ၊ ညိုးလေအောင်၊ ပြာရီမှောင်၊ တောင်လုံးမှောင်း)၂။ (ရဂုံစုံပေါင်း၊ ထုံနံ့လောင်းသလေ) ၂။ (သောင်းခန်း၊ သောင်းခန်း၊ ဒီပါဘွေလယ်၊ ကျွန်းပတ်လို့၊ နိုင်ငံမြေဝယ်) ၂။ (ရှာတယ်ရှာတယ်မောင်နှံ၊ ရှေးစုံကြ ဖူးရွှေစာကံ)၂။ (နတ်ဟာန်ချစ်သူ ကိန္နရာ၊ ချောင်းညိုမြ ရေယဉ်သီတာ၊ ကွဲပြန်ရရှေး ဝဋ်ဖန်လာ) ၂။ **(သဖြန်)** ။ ။ပူစရာ၊ သည်စာရွှေဖူးနှယ်၊ ထူးတဲ့ကြုံနဲ့။ [(နတ်ဖန်ထွေ)၂။ (ရွှေမြေစိန်မှုန်ခင်းမှာ၊ မင်းမြင်လှဲ့ဘဲ)] ၂။ ။

## ၄၂။ ရာမဇာတ်ဖြည့်ပတ်ပျိုး

(ဦးကျောက်ခဲ)

(ဒီပါအေးမြ သပြေညာ၊ ရွှေတေဇာ၊ ရာသောင်းလုံး) ၂။ ။ (ဘုန်းဇော့ဂုဏ်ငယ်မှာ၊ မှော်ရုံဗွေစွန်းက၊ ခွေနွှမ်းရန်ကြုံတယ်ကိုလေး၊ ပန်းပူလို့ ဆွေးရှ) ၂။ (မကြိုလာ၊ သီတာသား၊ ခြားလို့နေတဲ့ ဟောဝန်တောင်၊ ရီမှောင်ဆိုင်း၊ မှိုင်းလို့လို့လေး)၂။ (တံပိုးရေကျော်၊ ဝဲမော်ဝေ့ဝိုင်း၊ မျှော်လေတိုင်း၊ ခေါ်လေတိုင်း၊ ဗျာလှိုင်းဆူလို့၊ ပူရန်ကြွယ်၊ ပင်လယ်ကြီး၊ ဆီးလို့လို့လေး)၂။ ။(ကောင်းကင်ထက်ကယ်က၊ ငှက်ကယ်လို၊ သည်ဟိုပျံတတ်နိုင်သေး၊ ဟိုတိမ်ယံဘုံပျံဆန်း၊ နေနန်းနွှယ့်၊ လဲ့ပြာပြာ၊ ကြမ္မာဘယ်ဝင့်ကယ်ကံမို့လည်း၊ ဆွတ်လွတ်ကယ်အူချာပွေလို့ ဆွေးကြွေလုသဲ)၂။ (နန်းရွှေတောင်ညာ၊ လွန်ပူဆာ၊ ခွေယိုင်ကာသာညှိုး၊ ဝတိန်ပြည်သာ၊ ယာမာဘုံတိုင်၊ အုံ့လှိုင်တောင်ခိုး၊ ရေနတ်ကယ်မေခလာနှင့်၊တောသာစောင့်မျိုး၊ ဘယ်နတ်ကယ်ဖန်မကူလို့၊ နန်းသူကြောင့်ညှိုး)၂။ ။ (ချိပ်ပန်းငယ်ကာ၊ နှင်းတိမ်တွေအဖြဖြာနှင့်၊ လွမ်းသာလွယ်အောင်၊ ကမ်းဟိုတိမ်ယံ၊ ရွှေတိမ်တောင်တက်ပါလို့၊ ဝင်းညက်ကယ်ထံ၊ ဘယ်တမာန်မောင်စေလို့၊ ခင်းဖြေလိမ့်လဲ) ၂။ ။ (သန္ဓေကြာယူ၊ မျိုးမြတ်တဲ့သူ၊

ဆန်းမူရာသား၊ နန်းသူငယ့်လား) ၂။ ရင်သပ်ကာတမ်းပါလို့၊ ရမ်းမျှော်မိယောင်၊ သည်းခေါင်မှာဖိုလှိုက်လို့၊ ငိုရှိုက်ယောင်မှား။ (သဖြန်) ။ ။ (သာပေါင်းငယ်ထွေ၊ သပြေပိုင်စိုးမဲ့၊ နေမျိုးဖျား)၂။ (ရွှေဘုန်းစက်စုံ၊ စိန်ခြူးအုံ ဘုံကနက်မှာ၊ ထီးချက်ရိပ်ဖွား) ၂။ ။

မှတ်ချက်။ ။အထက်ပါ ဒီပါအေးမြပတ်ပျိုးကို ငယ်တိုးအတွင်းဝန်ရေးသည်ဟု မှုကွဲတွေ့ရှိရသည်။

"တံပိုးရေကျော်၊ ဝဲမော်ဝေ့ဝိုင်း" အပိုဒ်အစား၊ "တံပိုးရေမော်၊ ဝဲညြယလှိုင်း"ဟူ၍ ရွှေနန်းထွက်-မဟာဂီတတွင်လည်းကောင်း၊"တံပိုးရေကျော်၊ ဝဲမော်မြင့်လှိုင်း"ဟူ၍ ဂီတဝိသောဓနီကျမ်း (ဒုတိယနိပ်ခြင်း)၌လည်းကောင်း မှုကွဲတွေ့ရှိရသည်။

"ဗျာလှိုင်းဆူလို့ပူရန်ကြွယ်"အပိုဒ်အစား၊ "ဝေမှိုင်းမြူးလို့ပူရန်ချယ်"ဟူ၍ ရွှေနန်းထွက်မဟာဂီတတွင် မှုကွဲတွေ့ရှိရသည်။

"ကြမ္မာဘယ်ဝဋ်ကယ်ကံမို့လဲ၊ ဆွတ်လွတ်ကယ်အူချာပွေလို့၊ ဆွေးကြွေလုသဲ"အပိုဒ်အစား၊ "ကြမ္မာဘယ်ဝဋ်ကယ်ကံမို့လေး၊ လွမ်းဆွတ်ကယ်အူချာပွေလို့၊ ဆွေးကြေလုသည်း"အပိုဒ်အစား၊ "ကြမ္မာဘယ်ဝဋ်ကယ်ကံမို့လေး၊ လွမ်းဆွတ်ကယ်ပူဗျာပွေလို့၊ သဲကြွေလုဆွေး" ဟူ၍ မဟာဂီတပေါင်းချုပ်တွင် မှုကွဲတွေ့ရှိရသည်။

"သနွေကြာယှူ၊ မျိုးမြတ်တဲ့သူ၊ ဆန်းမူရာသား၊ နန်းသူငယ့်လား၊ ရင်သပ်ကာ တမ်းပါလို့ ရမ်းမျှော်မိယောင်၊ သည်းခေါင်မှာ ဖိုလှိုက်လို့၊ ငိုရှိုက်ယောင်မှား၊" အပိုဒ်အစား၊ "သနွေကြာယှူ၊ မျိုးမြတ်တဲ့သူ၊ နွံ့မှုငယ်ညှာလန်း၊ ရင်သပ်ကယ်စမ်းသည်နှင့်၊ တမ်းဆိုမိယောင်၊ မောင်မောင်မှာဖိုလှိုက်လို့၊ ငိုရှိုက်ယောင်မှား" ဟူ၍ ဂီတဝိသောဓနီကျမ်း(ဒုတိယနိပ်ခြင်း)တွင် မှုကွဲဖော်ပြထားသည်ကို တွေ့ရှိရသည်။

## ၄၃။ အလွမ်းဘွဲ့ပတ်ပျိုး

(မြဝတီမင်းကြီး)

(စိုးအမ္ဗုန်မှူး၊ လုံ့ကျူးမှုနှ့်ရုံဆင်၊ မျှော်တိုင်းပန်းဘွယ့်၊ မန်းဘွေခွင်၊ သံရှည်ကျူးရင်)၂။ ။ (တိမ်နယ်တဝန်း၊ ရွှယ်ညွန်းရေသက်တင်[illegible]ကြွင်းဖြိုးမျှ၊ မိုးနတ်ရှင်၊ စာနာဘဲ့ပင်) ၂။ ။ (သည်ရွှေဘွင်၊ ဖြေလဲနေမရှင်၊ အို-ဘုန်းကိုယ်တော့်သွင်၊ ခေါ်ယောင်သားထင်)၂ ။ ။ ဖန်ဆည်လဲ၊ လွန်ကြည်ကွဲ၊ သည်းကဆွတ်ကြင်) ၂။ (သည်ရွှေဘွင်၊ လွမ်းအင်ကိုနိုင်ဆည်ဖြေလို့ ပြေပမည်လဲ) ၂။ မင်မှောင်ဆိုင်း၊ တိမ်စိုင်းငယ်လေတို့၊ သည်ခုလိုပြိုရင်သာပြိုပါရော့၊ မာန်ငြိုဖွဲ့ငယ်မှာ၊ ကြုံတဲ့ပြုန်၊ (ညွတ်ပြိုလုဘွယ်၊ မြင်ထွာဇ်တိုင်း၊ တိမ်ဆိုင်းမြရောင်နှယ်၊ ဆွေးဘွယ်ကို ဘယ်ဆွေနတ်ကယ်၊မှတ်ရည်မိသာရွယ်၊ အို-ဖြေရက်မယ်၊သက်ကယ်ကြွေလျှဘွယ်၊ တန်ဘဲငယ်လေ၊ ဟန်နွဲ့ခြိမ့်ခြိမ့်မြူး)၂။ ။(ဘယ်ဘုန်းပြန်ရွှေစာ၊မှန်ယွန်းစံသိင်္ဂါ)၂။ ။ [(ယဉ်သွယ်ဖြာ)၂။ မျှော်တော်ရာ နန်းနှင့်မဝေး၊- ဘွေသီဟာမန်းနှင့်တပြေး၊ကျူးအေးသံကြော်)]၂။ ။ (စိုးတော်မူနဲ့၊ မိုးမာန်ကူဖွဲ့၊ သွယ်ပြိုင်ရွှမ်း၊ ကျွမ်းမည်သို့၊ သည်လွမ်းရေး)၂ ။

(စုံမြိုင်လယ်)၂။ ငှက်ကယ်ခေါ်ကြွေး၊ ပျော်မြူးအေးသလေလေ။ (စုံမြိုင်လယ်) ၂။ ငှက်ကယ်ခေါ်ကြွေး၊ ပျော်မြူးအေးသလေလေးလေး။ မင်းဝံတောင်ဆိုင်း၊ တိမ်ခြေဆို့ ညို့ညို့မှိုင်း၊ ရွှေကိုင်းဧယျာ၊ မြင်တင်မန်းနှင့်၊ နန်းသိုက်ညာ။ (မကျွမ်းသာ) ၂။ လွမ်းတာမယ်ဝေး၊ သာလို့ဆွေးလေလေ၊ (ဂေါဇင်ညာ) ၂။ ခွာပြာညိုအေး၊ မြိုင်လုံးမွေး လေလေးလေး။ ရွှေကိုင်တဖက်ရေယဉ်ဝန်း၊ ကျွန်းသံလျက်၊ ကြက်ယက်ကယ်ဘုန်းခေါင်၊ မြင်တင်မန်းနှင့်၊ နန်းနတ်တောင်၊ ညီနောင်ကြက်ကယ်၊ တကိုယ်ထူးမို့၊ ကူးရမယ်။(အသွယ်သွယ်)၂။ လွမ်းတယ်လေး၊ လွမ်းသူမယ်ဝေး၊ သာလို့ဆွေးလေလေ၊ ချစ်တဲ့သူမယ်ဝေး၊ မြင်လှဲ့လေ လေးလေး။ (သိုင်းချီထွေငယ်နှင့်သာ၊ မှိုင်းရီဝေ) ၂။ ။(သဖြန်) ။ ။ အို – မိုးနတ်ဆွေ။ (တဘုန်းဘယ်ဉာဏ်ပွေလို့၊ ခုစေတော်မှန်း)၂။ ။ ဂေါဇင်မင်းပျံ့ သင်းငယ်တည့်၊ ကြိုင်လှိုင်ထုံ၊ တိမ်ဘုံဘွေက၊ ခြေလိုမှုငယ်မှာ၊ ခြောဲ သူ့ထက်ပန်း။

မှတ်ချက် ။ ။"သံရည်ကျူးရင်"အပိုဒ်အစား၊ တံရည်ကျူးရင်"ဟူ၍ ဂီတဝိသောဓနီကျမ်း(ဒုတိယတွဲ) တွင် မူကွဲတွေ့ရှိရသည်။

"သည်ရွှေဘွင်" အပိုဒ်အစား၊ "သည်ရွှေဇွေခွင်"ဟူ၍ ဂီတဝိသောဓနီကျန်း(ဒုတိယတွဲ) တွင်လည်းကောင်း၊၊ "ရွှေဘွင်ခွင်"ဟူ၍ နိုင်ငံတော်စာကြည့်တိုက်ပုရပိုက် အမှတ် ၂၂၁ တွင်လည်းကောင်းမူကွဲတွေ့ရှိရသည်။

"တိမ်ဆိုင်းငယ်လေတို့၊ သည်ခုလို"အပိုဒ်အစား၊ "ခါတိုင်းပ၊ သည်ခုလို"ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းထွက် မဟာဂီတတို့တွင်လည်းကောင်း၊ "ခါတိုင်းဝယ်လေ သည်ခုလို"ဟူ၍ နိုင်ငံတော်စာကြည့်တိုက် ပုရပိုက် အမှတ် ၂၂၁ တွင်လည်းကောင်း မူကွဲများ တွေ့ရှိရသည်။

"မြင်ထင်တိုင်း၊ တိမ်ဆိုင်းမြရောင်နယ်"အပိုဒ်အစား၊ "မြင်တင်တိုင်း၊ တိမ်ဆိုင်းမြရောင်နွယ်" ဟူ၍ ဂီတဝိသောဓနီကျမ်း (ဒုတိယနှိပ်ခြင်း)တွင် မူကွဲတွေ့ရှိရသည်။

"စိုးတော်မှုနဲ့"အပိုဒ်အစား၊ "ဆိုးတော်မှုနဲ့"ဟူ၍ ဂီတဝိသောဓနီကျမ်း (ဒုတိယနှိပ်ခြင်း)တွင် မူကွဲတွေ့ရှိရသည်။

## ၄၄။ အိနောင်ဇာတ်ထွက်ရေလားပတ်ပျိုး

(ရွှေဘိုမင်းလက်ထက် မြဝတီဝန်ကြီးရေး)

(မှိုင်းပြာမှုန်ဝေ၊ လေပြေလာ၊ ခါခါနှင်းဖွဲ) ၂။ (ရဂုံမြိုင်ယံထဲမှာ၊ ပန်းလဲစုံစီ) ၂။ (ယဉ်သီတာထွေပြား၊ ရေမှာ မြ လား လေ) ၂။ (ထားကေလုံ့ပန်၊ နန်းကြာကြော့စံ) ၂။ (ကြုံပြန်ကာမှန်း၊ ရွှေစက်ကယ်မြန်းပါလို့)။ (ပျော်ခန်းပျော်ခန်း ဘယ်မှာမှ၊ နှန်းပင်နှန်မမျှသည်နှင့်လေး) ၂။ (အလိုရွှေသွေး၊ သည်းချာကဆွေး) ၂။ (ပျံ့မွေးငယ်တည့်ကြိုင်စွာ၊ ဂန်တည့်သာဂန္ဓမာ) ၂။ (သိင်္ဂါစံမှုန်)

ရွှေငုံလှိုင်ညီ၊ ရွှေဖီဆင့်လောင်း၊ ရွှေကျေးတမာ၊ သာကာဒေါင်း)၂။ (သံညောင်းငယ်သာ၊ ကျူးလှာရင့်ရင့်လေ။ သံညောင်းငယ်သာ၊ ကျူးလှာရင့်ရင့်လေး) ၂။(သင်းသင်းလှိုင်ဝေ၊ ဝင်းဝင်းခိုင်ရွှေ၊ ညင်းညင်းငယ်သာထွေ) ၂။ (ဆံကေသိမ်းနိုင်၊ နွမ်းခွေကာယိုင်၊ တွေမှိုင်ယောင်သား) ၂။ (တိမ်းပါးယိမ်းနွဲ့နွဲ့စိမ်းလဲ့လဲ့၊ ကမ်းနဲ့ရေဟုန်၊ သဲငွေသောင်နုမှာ၊ ကျွမ်းကြွေလှ လွမ်းဘွယ်ပုံ) ၂။ မာန်နယ်စုံ၊ မရွှာဘဲမှုန်၊ ငွေခုံသောင်ဦးက၊ ထူးတဲ့အမူ၊ တပင်ပျံသန်း၊ ကြာနန်းကြော့လှနတ်တူ ပူအောင်လို့သာ၊ မိုးဖြူသံကြွင်း၊ ငွေနှင်းနှင့် တိမ်ရောရာ။ (တောင်တောသာ၊ မာလာရွှေခိုင်ပန်းကလေ။ ကြုံဘူးပေါင်၊ သည်းခေါင်ကြွေလှနွမ်းလျလေး) ၂။ (မင်းလွင်ငယ်တခန်း။ ညိုစိမ်းလန်း)၂။ နေနန်းငယ်ဘုံရွှေ။(မှိုင်းလို့လို့ လွမ်းဘွယ်တွေ ပြန်တယ်ကိုလေး၊ မှိုင်းလို့ လို့ လွမ်းဘွယ်တွေ)၂။ ဖန်ဖန်လဲ၊ နွဲ့လို့စေ။ ရေသီတာနန်း၊ သာခန်းကြော့သဲခုံဘွေ၊ လေပြေနှင့်သာ၊ ရဂုံမြိုင်တွင်း ကြိုင်သင်းပျံ့ ပန်းမာလာ။ (ရွှေပြည်သိင်္ဂါ၊ ဒါဟာစံနှုန်း၊ဖက်မဲ့လေ။ကြာနန်းပျော်ကိုယ်တော်မြင်လာစမ်းပါလှဲ့လေး)၂။(အို–ဘယ်မှန်း ရေ့နောက်တောင်၊ ယော်ရမ်းသိတတ်နိုင်ပေါင်)၂။ ။ **(သဖြန်)**။ ။ (သဲငွေပြန့်သောင်၊ မောင်မယ်ကကြွေး)၂။ (ရှုလည်းကုန်နိုင်နှင့်၊ စုံသာမြိုင်ရေယဉ်နန်းငယ်မှာ၊ ပြန်လမ်းကဝေး)၂။

**မှတ်ချက်။** ။(ၚင်းပတ်ပျိုးသည် သက္ကရာဇ်၁၂၀၅ ခုနှစ်၊ ရွှေဘိုမင်းလက်ထက် ရွှေနန်းတော်အတွင်းအောင်ဥယျာဉ်စံနန်းတော်တွင် မင်းတရားကြီးစံတော်မူနေခိုက်မြဝတီဝန်ကြီးသည်အိမ်နောင်ဇာတ်ကြီးကို ပြန်လည်အစအဆုံး ရေးသားရာ၌ ပွတ်စပါးမင်းသမီး(ပုပ္ပမင်းသမီး)၏ ခမည်းတော် ဒါဟာမင်းကြီးသည် မိဖုရားသားတော် သမီးတော်တို့နှင့် ဝိလစ္စမာယာတောင်သို့ နတ်ပူဇော်ထွက်စဉ် ရေယဉ်ချောင်းတွင် ပျော်ပါးသည့် ဇာတ်ခန်းအတွက် ရေးသားထားသော ရေလားချင်းဖြစ်သည်၊)

## ၄၅။ တောလားပတ်ပျိုး

(မြဝတီဝန်ကြီး)

အထူးထူးငယ်နှင့်၊ မြူးပျော်ဘွယ်ပေ၊ ထွေထွေလာလာ၊ သာမျိုးငယ်ဆန်း)၂။ (နန်းကြာညိုကြော့စံပယ်၊ နတ်ကယ်မူရာ၊ ဖြူပြာသွယ်နွဲ့၊ ကုံတယ်ယဉ်နယ်၊ ရွှန်းရွှန်းလန်းလို့၊ မျှော်ရေးပန်း)၂။ (အလိုခါနွေဦး၊ ဖူးစီညွန့်လန်း) ၂။ (မာလာပင်နန်း၊ သာသည်မယ်မောင်၊ ပန်းရည်ပျော့တောင်) ၂။ (ခေါ်ယောင်ယောင်သံရင့်လေး၊ စိမ်းညိုလဲ့ကျေး) ၂။ (လေပြေဆော်သွေး၊ ပျံ့လှာစုံမြိုင်၊ ပန်းမှုန်နံ့လှိုင်)၂။ (အလိုသင်းကြိုင်ကြိုင်၊ အလိုနှင်းလှိုင်လှိုင်) ၂။(ခိုင်တည့်သာခိုင်ရွှေညှာ) ၂။ (သာမျိုးငယ်ထူး၊ တပင်ပျံကူး၊ ကျေးသူတို့မြူး) ၂။ (တိမ်းမူးယိမ်းနွဲ့နွဲ့၊ စိမ်းလဲ့လဲ့၊ သိမ်းတဲ့ကေခိုင်၊ နွမ်းခွေယိုင်သာလျော့တယ်၊ မာလာကြော့နှင်းလှိုင်လှိုင်) ၂။ သင်းကြိုင်ကြိုင်၊ ဝင်းမြိုင်မြိုင်။ (တခိုင်လုံးရွှေ၊ ညင်းလေဆော်မြူး၊ နွေဦးဆန်းလန်း၊ ဝေဆာပန်း

ငယ်၊ ထွေလာတောတောင်၊ လုံးလဲ့စာစာ။ ကျေးသာကာ၊ မြရောအဝါ၊ ဖြူညိုရွှေပြာ ငွေခုံသောင်သာ၊ ကျူးရင့်ကြွေးကြော်ငြာ၊ မြူးပျံကာ) ၂။ ပင်တိုင်းငယ်မှာ၊ သိင်္ဂ ရွှေရည်သန်းလို့လို့။ နေနန်းဆောင်၊ ဖန်ရောင်တိမ်ခိုးက ဖြိုးရင့်အုံ။ စိစိငွေနှင်း၊ လေညှင်းကလွှမ်းဘွယ်ပုံ။ ကြုံပြန်ရတယ်၊ နီလာမြရော၊ တိမ်ကြောက ပြိုမည့်နှယ်။ (ကြာယွန်းလယ်၊ ဖြေလွယ်ပြေရန် ရေးငယ်နှင့်လေ။ သာမျိုးစုံ၊ ရဂုံမြိုင်ယံကျေးငယ် ကလေး)၂။ (စိမ်ညိုငယ်လဲ့သွေး၊ ရေရေလိုအေး)၂။ သံလေးငယ်ဖျော်ဖြေ၊(ပျောင်း လို့လို့၊ နွဲ့ကာထွေပြန်တယ်ကိုလေး၊ ပျောင်းလို့လိုနွဲ့ကာထွေ) ၂။ ဟောမန်ကြွင်း၊ ညှင်းညံ့ပြေ။ လေပြေဆော်သွင်း၊ ငွေနှင်းကလွှမ်းရန်ထွေ။ ဖလ်နေလဲ့မှိန်။ အာကာ ကလဲ၊ ကြေကွဲဘွယ့် ခိုးညိုပြာတိမ်။ (မြခြူးလိမ်၊ စံငြိမ် ရွှေပင်ဦးငယ်ကလေ။ သိုက်နန်းလယ်၊ မောင်–မယ်ခေါ်သံထူးလို့လေး) ၂။ (အိုနွေကူးသာလှတယ်၊ ရွှေဖူးညှာမြနှယ်) ၂။ ။(**သဖြန်**)။ ။(မိုးယံမြင့်လယ်၊ ပြိုမယ်ခုတိုင်း) ၂။ ။ (မြကြောညိုညိုနှင့်၊ လွှမ်းပိုအောင် သာလေညှင်းငယ်မှာ၊ ငွေနှင်းကဝိုင်း)၂။

မှတ်ချက်။ ။"စိမ်ညိုငယ်လဲ့သွေး၊ ရေရေလိုအေး၊ သံလေငယ်ဖျော်ဖြေ၊ ပျောင်းလို့လို့ နွဲ့ကာထွေ ပြန်တယ်ကိုလေး၊ ပျောင်းလို့လို့နွဲ့ကာထွေ" အပိုဒ်အစား၊ "သင်းကြိုင်ငယ်ပျံ့အေးမြိုင်မြိုင်လုံးမွေး၊ ငှက်ကျေးငယ်သာယာ၊ သံခြေကျူးလို့ နွဲ့ကာထွေ၊ ပြေအောင်ဖန်လည်း၊ နွဲ့လို့ကျူးကာထွေ"ဟူ၍ မူကွဲ တွေ့ရှိရသည်။

ဤအထူးထူးပတ်ပျိုးကို မြဝတီဝန်ကြီးသည် ရေးဘုရင်ဂျီ သာသနာပြုဘုန်းတော်ကြီးများ၏ ဩသံများကို လေ့လာ၍ ရေးသားခဲ့ခြင်းကြောင့်"ဗရင်ဂျီဩသံ၊ ဗရင်ဂျီကျောင်းတက်သံ"ဟု ခေါ် စမှတ်ပြုကြသည်။

## ၄၆။ ဘုန်းတော်ဘွဲ့ပတ်ပျိုး

(ရွှေဘိုမင်းလက်ထက် ကျောက်မြောင်းမြို့တွင် မြဝတီဝန်ကြီး)

(ကုန်းဘောင် ပရမေ၊ ဇေယျာဘိ။ သီရိ သီရိ ခုနစ်ကြိမ်။ ဗြဟ္မာဆုနှင်း အောင်ခင်းစံရိပ်ငြိမ်။ ရွှေတိမ်ညွှန့်ဝယ်၊ လေးရောင်ခြည်လျှံလန်း၊ နတ်နန်းဝေယန်နှယ်) ၂။ (ပတ်သန်းငယ်တည့်ညာဗယ်၊ ရဂုံ တောင်နယ်၊ ပြန့်ကြွယ်ကြိုင်မွှန်း၊) ၂။ (ယဉ်ဧရာ၊ ရွှေသလ္လာ၊ ပေါင်းခဲ့ယှက်ဖြာ၊ လကျာခွေ၍ ဝန်းသည့်နှင့်လေ။ မြကြည်သွန်၊ စီးဂုန်ကြာမြင့်စွန်းငယ်ကလေး) ၂။ သဲငွေလျှံ သောင်ကျွန်း၊ တင့်ရွှန်းငယ်တည့်ဝေဆာ၊ သံစုံစုံရင့်လေး ငှက်ကျေးချီချငယ်သာ။ ရေမှာ ရှုလျှင်၊ ရွှေဒွါ ရွှေလောင်း၊ မြစ်ကြောင်းက၊ အတင်တင် (ရွှေနန်းငယ်တည့် ရျေ့ရင်ပြင်၊ မြလျှံသွင်သွင်၊ ရေယဉ်ပြည့်လင်း) ၂။ (ပန်းရက်ထုံ၊ ဝတ်မှုန်ရွှေရည်သင်းလို့လေ။ ဆိုင်းဆိုင်းစည်၊ လေပြည်ဆော်လှုံ့သွင်းပါလို့လေး) ၂။ (အို–ကန်မင်း ကန်မြတ်မွှန်

သာမျိုးဆင့်ဆင့်ငယ်လွန်)၂။ ။ (သဖြန်)။ ။(လေးသွယ်ကျပြွန်၊ စီးဝှန်၊ သုန်သုန်ဖြာလို့၊ ကုဏ္ဍလာရေကြာကြွယ်သည့်၊ လွန်းအံ့ဖွယ်ကျူး) ၂။ ကိုးဂိရိတောင်ကုန်းဘောင်ရွှေဝတိန်ညွန့်၊ ဇေယျသိန် နေသနင်းငယ်မှာ၊ ရာမင်းညွတ်ရုံး။

(လောကနတ်)။ ။(သောင်းလုံးမြေလျှံ၊ ကျံကျံကြွေးရင်၊ တော်ကြီးသံတင်နှိုး) ၂။ (နတ်ပေါင်းငယ်ကြော်ကြော၊ သခ်ါငါးမည်၊ တုလောင်းငယ် တံရှည်ပျိုး) ၂။ (ယမုန်သီတာ၊ အှဟုန်ချီကာ၊ ပင်လယ်အဏ္ဏဝါဖြိုး) ၂။ (မြန်ခန်းထွတ်စိုး၊ ရွှေဥဩျာင်၊ ကုန်းဘောင်ဖြူဝန်းမိုး) ၂။ (ညွတ်ကျိုးတင်ဆင်ကာလေတည့်မှ ရှိဦးမြွတ်ဆယ်ဖြာ) ၂။ (စကြာတော်လျှင်ကြောင်းရေး၊ ဩဘာတော်သံချီးကြွေး) ၂။ (ဖွဲ့ရေးကုန်နိုင်ပါ လေတည့်မှ၊ ရွှေနှန်းရွှေညီလာ) ၂။

(ပဥ္စရူပဘွဲ့)။ ။(အဆင်းငါးဖြာ၊ ကမ္ဘာငယ်လေ ရှည်မြင့်ညောင်း၊ အကြောင်းကဲလွန်စွာ) ၂။ (သီတာငယ်လေ မြိုင်သနင်း၊ ငါကြင်းတူမကွာ) ၂။ (နာဂစွယ်လျှံ၊ သိင်္ဂမဟီသာ)၂။ (ငှက်မွန်ဆင်းဝါ၊ ဟံသာရွှေမုခ) ၂။ (ဟတ္ထိဃာန၊ သွယ်လျနှာမောင်း) ၂။ (ဘုန်းပေါင်းငယ် မင်္ဂလာ၊ ရှိဦးတင်ဆင်ကာ) ၂။

(သဖြန်)။ ။တိုင်းကြေညာဘယ်ဇနိန်တို့၊ပြောင်မမှိန်တသိန်ကြွေ့ငယ်မှ၊ မာန်ငွေ့မတင်း။ စက်ဖဝါးတော်ခိုလှုံလို့၊ အစုံဆယ်ကြာညွန့်ငယ်မှာ၊ ယုံကျွန့်လက်ရင်း။

(ရတု)။ ။နှင်းငွေကွန့်၍၊ တိမ်ညွန့်တိမ်ဖူး၊ မင်းလွင်မြူးလျက်၊ ဗယ်ကူးညာယှက်၊ ပင်ယံထက်ဝယ်၊ ကျေးငှက်ဖော်စုံ၊ သိုက်နန်းလှုံ၍၊ ဝတ်မှုန်ခြွေချ၊ ရက်ယှူမျှလျက်။

(ယိုးဒယား)။ ။(သော်ကရွှေနှန်း၊ ဂမုန်းငယ်တည့် ဖြူညိုပြာ၊ သင်းသင်းငယ်လျှံ၊ ညှာရွှေတံ ကြိုင်လှိုင်လန်း) ၂။ ပန်းစုံကသာ၊ ရေမန္ဒာနှင့် ကြာသောင်းသောင်း၊ လေပြည်ညှံ့ညှံ့ပျောင်း၊ ဝတ်ရည်လောင်းတယ်၊ ညောင်းရွက်ညှာ။ ပန်းစုံကသာ၊ ရေမန္ဒာနှင့်၊ ကြာသောင်းသောင်း (လေပြည်ညှံ့ညှံ့ပျောင်း) ၂။ ဝတ်ရည်လောင်းတယ်း ညောင်းရွက်ညှာ။ (နန္ဒဝန်၊ ကြည်သွန်အေး၊ မွှေးပျံ့စွာ)၂။ ကန်ရွှေမြေက၊ လည်ဝေဆာ၊ ပိတုန်းတောင်စာ၊ ပန်းရွှေလိပ်ပြာ။ (နန္ဒဝန်၊ ကြည်သွန်အေး၊ မွှေးပျံ့စွာ) ၂။ (ကန်ရွှေမြက လည်ဝေဆာ) ၂။ ပိတုန်းတောင်စာ၊ ပန်းရွှေလိပ်ပြာ၊ ကိုးသွယ်ညွန့်ဖူးစီလာ၊ ဘုန်းရောင်ကွန့်မြူ လေးဒိပါ) ၂။

(သဖြန်)။ ။(ပြည်ကုန်းဘောင်သာ၊ ပင်ဝေဆာ စီစီရုံလို့၊ အစုံခြွေယူသယ်ခွင့်၊ လိုဖွယ်မရှား) ၂။ (နန်းငွေတပြိုင်၊ ပုလဲဆိုင်ရတနာနှင့် စကြာတော်လျှင်မည်ကြောင်းငယ်ကို၊ စုံပေါင်းရှိထား)၂။

မှတ်ချက်။ ။(ကုန်းဘောင်ပရမေ ပတ်ပျိုးနှင့် တစ်ချိန်တည်း ကျောက်မြောင်းမြို့၌ မြဝတီဝန်ကြီး ကိုယ်တိုင် ရေးသားသော ကုန်းဘောင်ပရမေ ပတ်ပျိုးအလိုက် 'မြန်ဘောင်ပရမေ' အစချီပတ်ပျိုးတွင် မြဝတီဝန်ကြီးသည် 'တိုင်းကြေညာ၊ ဘယ်ဇနိန်တို့' အစချီ အလားတူ သဖြန်၌သာလျှင် သီချင်းအဆုံး သက်ခဲ့သည်ကို ထောက်ထားလျက် ကုန်းဘောင်ပရမေ

ပတ်ပျိုးနောက်ပိုင်းတွင်ပါရှိသော 'နှင်းငွေကွန့်၍' အစချီရတုနှင့် 'သော်ကရွှေနှန်း' ယိုးဒယားသီချင်းများမှာ နောက်ခေတ် ဆရာများ ဖြည့်စွက်ဆက်စပ်သီဆိုကြသည့် အပိုဒ်များဟူ၍ ယူဆရန်ရှိသည်။

မြဝတီဝန်ကြီးသည်၊ ရွှေဘိုမင်း အထွတ်အမြတ်သို ရောက်တော်မူသောအခါ အကျဉ်းချထားခြင်းခံနေသည်။ ထိုစဉ်အခါ ဤကုန်းဘောင်ပရမေ အစချီ ဘုန်းတော်ဘွဲ့ပတ်ပျိုးကို ရေးသား၍ ကျောက်မြောင်းမြို့၌ စံနေတော်မူသော ရွှေဘိုမင်းအားဆက်သွင်းရာ အကျဉ်းမှလွတ်၍ မဟာသီရိဇေယျာ သူရဘွဲ့နှင့် မြင်းတင်အခွန်ကို ချီးမြှင့်ခြင်း ခံရသည်)။

## ၄၇။ ဆောင်းဘွဲ့ပတ်ပျိုး

(ဘကြီးတော်လက်တက် မြဝတီဝန်ကြီး)

(ဘုံပျံနေနန်း၊ ပြင်ခန်းစံမွေ့၊ လျှံငွေ့နှင့်စီစီ၊ ချာပြာညိုလဲ့လန်း၊ ငုံမြန်းကြဖူးတံချီ။ ရီဝေဝေ၊ တိမ်ခြေမြလွှာ၊ မှုန်မှုန်ငွေ နှင်း၊ လေသွင်းစ၊ ရာသီမှာ)၂။ (တောင်တောငယ်တည့် ဘွယ်ရာ၊ ဖြူပြာလေ၊ မာလာလေ၊ ဂန္ဓာကြိုင်သင်း)၂။ (ဂမုန်းအင်၊ သဇင်ပင်မြင့်မင်းနှင့်လေ။ ညိုစိမ်းဝှန်၊ ညာပြွန်ရေက ဆင်းလို့လေး)၂။ ဟသာလေသောင်တင်း၊ ပိန်ညင်းနှင့်စင်ရော်၊ မြစ်မှာလေတခန်း၊ ရွှင်လန်းကြမြူးစံပျော်။ ဖော်ရွှေဘောင်ယှဉ်မောင်နှင့်မယ်၊ ဖြာဖြာရောင်လင်း၊ သောင်ခင်းနုငွေလျှံဝယ်။ (ရွှတိုင်းငယ်တည့် လွမ်းဘွယ်၊ ခါရွယ်သာနယ်၊ ညာဗယ်ရစ်သိုင်း)၂။(ပြာရိပ်မှိန်၊ ဖလ်ရှိန်ညိုလဲ့ မှိုင်းလို့လေ။ ရှာအုံ့ဆွေ၊ တိမ်ခြေမြနှယ် ဆိုင်းလို့လေး) ၂။ (အိုရှုတိုင်းထွေလှတယ်၊ ရွှေသည်းဆွတ်လွတ်ဘွယ်) ၂။ (သွယ်သွယ်ရွှေရုံ ဝန်းလို့လို့) ၂။ ညွန်းမပြေလို့၊နေခက်အောင်ကိုသာ၊(နတ်ကယ်ဘယ်နှယ်၊ဖန်လာရေး၊ ရွှေညဉ့်လွှာရုံ ခြုံလဲချမ်းဝန်လေး) ၂။ တွေဝေမှိုင်ကာ၊ ခွေခွေယိုင်ကာ၊ ယွန်းရွှေသဥ္ဇာ၊ အုံးမှာဆွေး)၂။ (တမ်းယောင် ဘယ်ဆောင် ဘယ်မှာ၊ ဘုန်းမယ့်ကေသာ၊ ဘွေစံရာ) ၂။ [(သော်တာပေါ်လာ၊ ရောင်ယှက်ဖြာကွန့်၊ စကြာစုံစုံရွှေ၊ သီဝေမျှော်ကာ၊ ဖြာယှက်ရောင်ဝှန့်၊ သာလွန်ပုမြဲ ပန်းလှမ်းနိုင်) ၂။ (လှမ်းနိုင်မှိုင်ယောင်တွေဝေ၊ တမ်းလို့လွမ်းဘွယ်စေ၊ ဘုန်းဝေ) ၂။ (တဝမ်းနဲ့၊ အချမ်းသဲ၊ မြပုလဲကြာရုံလယ်) ၂။ ဘုန်းဘုန်းရှင်းနေနွယ်။ (ကျွန်းကျွန်းသိမ်းမြန်းပိုင်) ၂။ နိုင်နိုင်ငံစိုး၊ ဖြိုးဖြိုး ရီဝေမြိုင်၊ လန်းလန်းဆယ်ခိုင်ပန်း။ (သိန်းသန်းရောင်ဝေ၊ ထောင်နေဝင်းလျှံ၊ နတ်နန်းဆယ်ခိုင်ပန်း) ၂။ (ရွှေဝန်းခညောင်း၊ ဘယ်ဆောင်လယ်၊ မောင်မယ်ပျော်လို့ သွေ့ယိမ်းမြန်း) ၂။ (ငွေနှင်းတဖျန်းဖျန်း၊ အဆန်းဆန်း၊ လေညှင်းတသန်းသန်း)၂။ (လွမ်းသာမှိုင်၊ ဖြေလဲပြေပါနိုင်)၂။ (ဝေမြိုင်ဘွေဆိုင်၊ ခွေလည်းခွေကာယိုင်) ၂။ သင်းသင်းကြိုင်ကြိုင်၊ ကေခိုင်နွမ်းရည်၊ စိမ်းလည်း ပီပီစိမ်း။ ပျောင်းနွဲ့ခွေယောင်၊ စံဆောင်လက်ျာ၊ နှင်းရော မာလာပိန်း။ (စံမြိုကြော့လန်း၊ ကြာရုံသဥ်လယ်ကသာ၊ သွေ့နှူးယိမ်း) ၂။ (ပုမြိမှန်းမတိမ်း၊ ဆုသည်း လွမ်းမငြိမ်း)၂။ (သန်းယိမ်းလွန်လဲ

ပျော်ပဲပျော်လို၊ မှိုင်းမှိုင်းမြ၊ ဝေဝေတဲ့ ညိုညို၊ ပျော်ဘဲပျော်လို၊ သက်ကယ်ဖိုဖို၊ ငိုခင်းပြောင်း)၂။

(မြမြမောင်းမောင်း၊ ပြာအညိုရွှေ၊ တိမ်ခြေ ငွေနှင်းပေါင်း။ ဝေစိစိ လေပြည်လေညှင်း၊ လုံနိုင်အောင်သာ၊ လောင်းပြန်တော့လှာလေလေ့၊ ပြောင်းရိုက်ကယ်ဆော်ကာသာ) ၂။ (အုံးရွှေသဥ္စာ၊ ယွန်းမော် ကြာရံလယ်၊ ညှိုးညှိုးငယ်ငယ်၊ သမျှားသေချင်ဘွယ်၊ ဘုန်းကြွယ်ကြွယ်၊ ဖန်ပဲအား၊ ဝေယန်လယ်၊ စံပယ်မြနယ်လေ၊ ရတာစေ၊ နေလွန်းအား၊ ပူသူများပူရော့မယ်လေလေ့၊ မေ့ရက်ကယ်နေနိုင်တယ်)၂။ [(သဇင်ခရားစကားစပယ်)၄ ။ စံဖိုရွှေသွယ်၊ ပျံ့လှယ် ဝတ်မှုန်မွှေး။ လေပြေတသွေးသွေး၊ စုံမြိုင်ခြေ ကျေးနှင့်ပန်းသာထွေ။ ဆောင်းယွန်းယိုင်နွဲ့၊ လေဝန်းရစ်ကာခွေ၊ ရွက်ဝါကြွေ နွေမူးမူး၊ မိန်ရာသီ၊ ခါမှီလာသာခေါင်၊ မြလွှာမှောင်၊ တောင်ခိုးမြူး၊ ရွှေဖီဖူး ပေါ်ရော့မယ် လေလေ့၊ မေ့ရက်ကယ်နေနိုင်တယ်] ၂။ (ညှိုးငယ် ခွေယိမ်းနွမ်း)၊ ပူပုံပန်း၊ ရွှေပင်လယ်) ၂။ (အိုကြာနှယ် ကွာရေဝေး၊ မြင်လာပါပဲဆွေး) ၂။

တွေးကြံနိုင်အောင်၊ရှိမှိုင်းမြောက်တောင်၊ညှင်းသာလေဆောင်၊ဖလ်ရောင်မလန်း။ အာကာယံတောင်တော၊ သာလေနွေဖွဲ့ဆန်း၊ ငှက်သံညံစီစီ၊ ပင်ညီဝေ၊ ရွှေဖီခိုင်ညာလန်း၊ (မြမြမြန်းမြန်း၊ ငုံပြေပြေ မြိုင်လုံးလွှမ်းဘွယ်ထွေ)၂။ ညာခြေဝင်းလှလှ၊ တောင်တောငယ်တခို၊ ရှုတိုင်းငယ်စို၊ ညိုစိမ်းမြမြ၊ ဝါရွှေငယ်ဆန်း၊ ပင်နန်းငယ်သာထွေ။ ရော်ရွက်ကယ်ကြွေ၊ နွေသွင်းစစ၊ ရွှေလရောင်ညီ၊ ဘရဂုဏ်နှင့်၊ ယှဉ်မှီထွန်းလှာ၊ ပြန်တော့မယ်။

စုံသာမြိုင်လယ်၊ လွှမ်းဖွယ်တခန်း၊ ယဉ်ပုံဝေ၊ ထွေဆန်းလှလေ။ ရော်မြန်းရွက်ကျင်၊ ညိုလွင်တည့် မောင်းပြေပြေ။ သာသာလေညှင်းဆော်လှုံ၊ မြူးလာယှက်သန်း၊ ကျုံကျုံရွှေငုံ၊ ပန်းမှုန်နံ့ ကြိုင်လန်းလန်း၊ ဖလ်နန်းစကြာလဲ့မှိန်၊ တိမ်ကတင့်ရဲ၊ ဆင်လို့အနဲနဲ။ ကွဲကြေကြွေဆွေးလှလှဘွယ်၊ တပင်ပျံလှယ်၊မြေယံဝယ်။ ရွှေယင်ဘောင်လယ်၊ ဖိုမမောင်မယ် ကျူးတယ်ခေါ်သံသာနှင့်လေ။ကိုယ်လုံးမြစေ သိုက်ရွှေညှံ့နန်းလယ်မှာ၊ ပန်းလွှာရည်ရေး၊ နီလာသွေး။ မြူးပျော်ကာကြွေး၊ ဖော်ညီဝေး၊ လှမ်းခြေယှနေး၊ ပူဝန်လေး။ ကျေးငှက်ကယ် ညာဇယ်တောင်နှင့် တောငယ်မှာ၊ လွမ်းရန်သွယ်သွယ်၊ ဆင့်အောင်ရင့်ရှူ၊ ကူလို့တခန်း၊ မြူးကြွအဆန်းဆန်း။

(စုံသာမြိုင်နန်း ဝေလဲ့စီစီ၊ မင်းလွင်ကချီ) ၂။ (နွေရာသီ ကြိုင်လှိုင်လန်း၊ ညင်းလေကဖျန်း) ၂။ (ရွှေလျှံငုံမြန်း၊ ကြွေလှညာခိုင်၊ ပန်မှုန်နံ့လှိုင်) ၂။ (ဘုန်းပင်တိုင်ငယ်၊ မြင်စမ်းပါလှဲ့အုံး၊ ဘုန်းပင်တိုင်ငယ်၊မြင်စမ်းပါလှဲ့ အုံးညံညံ။ ။ လွှမ်းရန်မြိုင်နန်းလုံး)၂။ (ညိုမြလွှာရောင်၊ ရှိမှိုင်းဝေဆာမှောင်) ၂။ ဆာတောင်ငယ်သာခန်း၊ ပျော်ဘွယ်ထွေပါလှတယ်၊ ပြာခြေဝါရွှေလျှံမောင်း၊ ညာကြေ

သာလေပြန်လောင်း။ (ရှာလုဟန်လို၊ နေနန်း တမ်ခိုခို)၂။ ။

(သဖြန်)။ ။ ဘာပြုမဲ့မာန်ပို၊ မိုးညိုတိမ်ကြီး၊ ဆီးလို့လေ။ ဝေစီစီ၊ ရွှေဖီညှာ ညွတ်ကယ်၊ ပန်းဝတ်ကသင်း။ အာကာယံ၊ မြလျှံညိုလဲ့ ဆိုင်းလို့လေ။ မြိုင်ရဂုံ၊ မှုန်မှုန်ငွေနှင်းငယ် လွမ်းလေကညှင်း။

မှတ်ချက်။ ။ [ဘုံပျံနေနန်း ပတ်ပျိုးရှိ ပထမစာပိုဒ်အဆုံး "ငိုခင်းပြောင်း" အပိုဒ်၌ "ငိုရင်းမြန်း၊ ငိုမိမှား၊ ငိုခင်းများ" ဟူသော မူကွဲများတွေ့ရှိရှုမကာ၊ ထိုမူကွဲများတွင် ဒုတိယစာပိုဒ် "မြမြမောင်းမောင်း" မှ "လွမ်းလေကညှင်း" သီချင်းဆုံးအထိ စာပိုဒ်များ လုံးဝမပါရှိပဲ၊ ပထမစာပိုဒ်တပိုဒ်ထဲသာလျှင်ပါသော မူကွဲများလည်း ရှိသည့်အပြင်၊ ဘုံပျံနေနန်းပတ်ပျိုးအစမှ "ငိုခင်းပြောင်း" အထိ စာပိုဒ်မှာ ဆောင်းရာသီကို ဖွဲ့ထားခြင်းသာလျှင်ဖြစ်၍ "မြမြမောင်းမောင်းအစချီ" အပိုဒ်နှင့် ကျန်အပိုဒ်များမှာ နွေဦးပေါက်ရာသီကို ဖွဲ့ထားသောစာပိုဒ်ဖြစ်သဖြင့်၊ တပိုဒ်နှင့်တပိုဒ် မဟပ်စပ်သည့် အကြောင်းများကို ထောက်ထားလျှက် "မြမြမောင်းမောင်း" အပိုဒ်မှ "လွမ်းလေကညှင်း" သီချင်းအဆုံးအထိ အပိုဒ်များမှာ နောက်ခေတ် ဆရာများက သီချင်းပဒေသာ သီဆိုတီးမှုတ်ကြသကဲ့သို့ အခြားသီချင်းများမှ တော်သင့်သလို ကောက်နုတ်ဖြည့်စွက် ဆက်စပ်ထားသော အပိုဒ်များဖြစ်သည်ဟု ယူဆရန်ရှိသည်]။

# ယိုးဒယားသီချင်းများ

## ၁။ အလွမ်းဘွဲ့ယိုးဒယား
(မြဝတီမင်းကြီး)

(လွမ်းပိုအောင်၊ ညိုမင်းလွင်၊ လေပြည်မျိုး၊ တိမ်ခိုးဆင်) ၂။ မျှော်တိုင်းမှိုင်းလွင်၊ ရွှေဘဝင်ကြုံရ၊ ပင်နန်းသာထွေ၊ နွေရာမင်းငယ်၊ သာသည်လေ၊ အိုကြုံရလွမ်းဘွယ်၊ လှိုင်ကြွယ်သင်းကြူ၊ ဂေါ်ဇင်ကြိုင်ပျံ့ရှား၊ ရွှေဆပ်သွား၊ ခိုင်မဥ္ဇူ။ ။

## ၂။ ကန်းဆင်းယိုးဒယား

(ရွှေကြက်ကယ်ဟန်ချီ၊ လင်းလုပြီနော်မေ၊ ရောင်နီလာဖြာဖြာဝင်း၊ မောင်မယ်ဆင်း၊ ဆင်းစို့ကွယ်။ ရွှေဂါးရုံခက်သွယ်၊ ခွဲရတော့မယ်၊ မယ်နဲ့မောင် နှစ်ကိုယ်ထဲရှောင်သွေလွဲ၊ ကွဲခဲ့တယ်။ ။ ခွဲရတော့မယ်၊ ပူဘွယ်ရွှေတောင်ကြီး၊ ရွှေအုံ့သဲဝယ်)၂။

## ၃။ မန္တလေးမြို့ဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

ဝေဇယန္တာနန်းဘုံ၊ မြမန်းလေဇေယခံ၊ ယမုန်ငယ်လေ သောင်ငွေကျွန်း၊ မြောင်ဖီလာ သီတာဝန်းရံခွေ၊ (ရွှန်းရွှန်းဝေ) ၂။ မြန်သပြေဘောင်ညာကျွန်း၊ ပျံမွှန်းလေမင်္ဂလာ၊ ဇေယျာငယ် ဩဘာကြွေး၊ ပဥ္စင်းတံခွန်၊ သံဝါကျူးရင့်အေး (သင်းသင်းမွှေး) ၂။ [(ဖြဟွာငယ်လေကျူး၊ တိမ်ယံဘွေလေပြေမြူး) ၂။ (အာကာဘောင် မြူမှောင်ချီချီ၊ တိမ်ရီမှုန်ဝေဆိုင်း) ၂။ (မျှော်ရာတိုင်း၊ ရှစ်ခွင်မင်းလွင်၊ တောင်စဉ်တိမ်စွယ်ကာ) ၂။ (မာလာသိင်္ဂါ၊ ထိန်ဖြာမိလ္လာ၊ လွမ်းဘွယ်သာ) ၂။ (ညှင်းညှင်းညာ)၂]။ ။

## ၄။ ဘုန်းတော်ဘွဲ့ယိုးဒယား

(မြမန်းဂီရိသေလာတောင်၊ နန်းတည်ထောင် ဘုန်းရောင်နေသို့လင်း။ နောင်ညီကို၊ ရွှေဘိုနွယ်တော်ရင်း။ ရာဆူဆူ၊ ပြည်သူ့ခဝပ်စင်း။ ရွှေဘုန်းတော်၊ နှုန်းလျော်စံပျောင်ခင်း။ တေဇာတိုးလို့ ဖြိုးဝေ၊ မန်းဌာနေ၊ အောင်ဇေယျာ ပြည်မင်း) ၂။ [ ( ပြောင်လူးနာဂရုဇာ၊ သော်တာငွေလျှံ၊ မျိုးမြတ်ဆဒ္ဒန်။ ရွှေနန်းဘုံတော်၊ ရောက်ရာရွှေကိုယ်တော်၊ ပြည်တော်နိုင်ငံရွှေဘုံတွင်း) ၂။ ဆန်းမူရာ သူဇာရွှေခပင်း၊ ရွှေဘုန်းတော်၊ နှုန်းလျော်စံပျော်ခင်း။ တေဇာတိုးလို့ ဖြိုးဝေ၊ မန်းဌာနေ၊ အောင်ဇေယျာပြည်မင်း] ၂။ ။

## ၅။ မန္တလေးမြို့ဘွဲ့ယိုးဒယား

(အောင်မင်္ဂလာ၊ သိင်္ဂါဆောင်ဘွေ တောင်ခြေရစ်သန်း၊ စကြာဆူဆူ၊ ရှစ်ဖြူကာလွှမ်း၊ ကျက်သရေလျှမ်း၊ ပြည်တော်ရွှေမန်း၊ ငါးတောင်ပလေ သိုက်ကျမ်း၊ စိုက်နန်းရယ်တည်တော်မူ)၂။ ။(များဗိုလ်လူ၊ အူအူကြွက်ကြွ၊ လက်မှာညောင်ရေ၊ ပန်းနှင့်ဝေဝေ၊ ထူးတင့်ထွေ)၂။ ။(အလျှံဝေဝေ၊ သပြေ မြေငူ၊ ထီးဖြူစိုက်ဆောင်း၊ မင်းပေါင်းဆက်လှာ၊ ကညာရွှေပန်း၊ ချမ်းငြိမ်းပြည်သူ၊ နှိုင်းဘက်မတူ၊ ခံယူသစ္စာ။ မေတ္တာတော်ဝေလို့လောင်း)၂။ ။ [(သမ္မာဂုဏ်ပေါင်း၊ ပဏ္ဏာစုံညောင်း၊ သောင်းဘူမြေ)၂။ (ဘုန်းတော်ဝေ၊ တေဇာလျှံပြောင်၊ ငါးထောင်သာသနာ၊ ထွန်းပတည်ရာ၊ ကျွန်းများဒီပါ၊ စက္ကဝါလုံး၊ ဘက်မသာနှုန်း၊ ထက်ဖြဟ္မာဘုန်းတို့၊ ရိုက်ချုန်းပွဲတင်ညံ)] ၂။ (ကော်ရော်သံ ကော်ရော်သံ၊ ဆင်ပန်လက်စုံကြိုးတယ်။ မျိုးလေးဖြာ၊ ရာရာကျော်၊ သက်တော်ရှည်စေကြောင်းငယ်၊ တောင်းဆုခြွေ) ၂။ ။[ (ရွှေအာဏာ ထက်ညာပဇ္ဇုန်၊ မိုးနတ်အမှုန်)၂။ ဖန်တော်ပုံဉာဏ်မျှော်စုံ၊ ဖန်တော်ပုံဉာဏ်မျှော်စုံ၊ ဘုံစေယန် နိုင်ငံပြည်သူအေးစေ ဗိုလ်လူ၊ ရည်တူကြည်၊ ဗုဒ္ဓင်နွယ်ငူ၊ ရွှေနန်းစိုက်ထူ၊ ထီးဖြူ ကာရှစ်သန်း)]၂။ ။

မှတ်ချက်။ ။အထက်ပါ အောင်မင်္ဂလာအစချီ ယိုးဒယားကို လှိုင်ထိပ်ခေါင်တင်ကမင်းတုန်းမင်းထံသို့ ရေးသားဆက်သွင်းသည်ဟူ၍ မဟာဂီတပေါင်းချုပ်နှင့် ရွှေနန်းတွက် မဟာဂီတတို့တွင် အောက်ခြေမှတ်ချက်ဖြင့် ဖော်ပြထားသည်။

## ၆။ မိုးဘွဲ့ယိုးဒယား

(ဆန်ဆန်းသဇ္ဈာကြာညောင်၊ နန်းမြင့်ဘွေဆောင်၊ သဇ္ဈာကြာညောင်၊ နန်းမြင့်ဗွေဆောင်)၂။ ။ (ရွှေညဥ့်လွှာရုံညဥ့်လွှာရုံ) ၂။ ခြုံခြုံခြုံ ထွေးထွေးထွေး (စက်ပါသော်၊ ပျော်ပေါင်တုန်လို့အေး)၂။ ။ (သံတဟုန်၊ သံတဟုန် မာန်ဂုဏ် ဣန္ဒာဖြိုး၊ ဣန္ဒာဖြိုး) ၂။ ။ (ဂျိုးဂျိမ့်ဆင်လာ၊ ဂျိုးဂျိမ့်ဆင်လာ) ၂။ ။ (မယ်ကျွမ်း ကြွေကာ၊ ကွန်းဘွေမှာ)၂။ ။ (စာစာနာကောင်းသင့်လျက်ပါ) ၂။ ။ (ဖော်ကွာသူ ပူစေဗျာနှောင်ချွဲ) ၂။ ။ (လှိုက်ဖိုသဲ၊ ရှိုက်ငိုပွဲ) ၂။ ။ [(ဖွဲ့တချိုချို၊ ကျူးရင့်ရွှေစည်)၂။ ရှစ်ခွင်မှာ မင်းလွင်ပြာလို့ရီ] ၂။ (ရာသီပွဲခါမှီနွဲ့) ၂။ (ခြိုသလေလေ၊ ဆောင်ရွှေထဲမှာ၊ သဲတဉာဏ်ပိုင် ကဲမခံနိုင်) ၂။ ဗျာပွဲလှိုင်၊ ညာသဲဆိုင်၊ ညာသဲဆိုင်၊ ဗျာပွဲလှိုင်၊ ပူဝန်ပိုပွားကာမှိုင်၊ ငိုကာယောက် တည်းသာထိုင်။ ။

## ၇။ တောတောင်ဘွဲ့ယိုးဒယား

[(မြိုင်ဟောမာ ကန္တာလမ်း၊ ဆန်းထွေလာ၊ တောင်သေလာငှူ၊ ချောင်ရွှေဝါဂူ၊ လေပြည်သုတ်ကာယူ၊ တောလုံးကြူ) ၂။ (နန္ဒမူလိုဏ်ဂူဘွေရိပ်ကြား) ၂။ ။ ပွင့်ငုံကြွား (စကားသရဖီ၊ ထုံသင်းကြိုင်လို့စီ) ၂။ ပန်းစုံစီ၊ ရိုးနီရွှေအင်ကြင်း၊ သင်းပျံ့လွန်၊ ကန္တာစုံမွန်၊ ဟေဝန်ဘွေချာလမ်း၊ ဆော်လေဖျန်း၊ လန်းစီစီ၊ မှူန်ဝတ် ရွှေရည်]၂။ ။ [ညှင်းလေပြေသွေး၊ ရေခင်းငွေမှုန်၊ ကြိုင်လျှမ်းထုံ၊ နန်းဘုံကွာလှမ်းဝေး၊ လဲ့သွေးကြင်သူ၊ တောမြိုင်ငှူ၊ ပန်းမဥ္ဇူကြူပါလို့သင်း၊ လှိုဏ်ဝေဘူ၊ ရွှေဂူတွင်းဝင်းဝါလျှံ၊ ခိုင်တံကြိုင်လျှံ မြိုင်ယံစုံတဲ့တော။ ။ မဖိုခေါ် တွန်ကြော်ရွှေဥဩ၊ ဆွတ်မောဘွယ်ကြုံ၊ ပန်းငုံ ပန်းငုံ၊ လေပြေသုန်သုန်၊ မြူမှုန်ကြိုင်ပျံ့သင်း။ ရွှက်ဝါကြွေ မြေသို့ဆင်း။ (ဂေါ်ဖီဂေါ်ဖီအင်ကြင်း။ နှင်းနံ့ နှင်းနံ့ကြွယ်ကြွယ်၊ လေချိုလေချိုသုတ်သွင်းခင်း ပြန့်ခင်းပြန့်ဝယ်ဝယ်) ၂။ ။ (သူဇာနွယ်၊ မူရာကြွယ်၊ ယူပါကွယ်၊ တသလိုလို)၂။ မဖိုသံချင်းပြိုင်၊ တွေမှိုင်ဘွေဆိုင်၊ မြင်သူပူပွဲလှိုင်)]၂။ ။

## ၈။ အလွှမ်းဘွဲ့ ယိုးဒယား
(ယိုးဒယားပန်းချီဝန် ဦးထောင်ဘို)

(ဆန်းနွေဦး လေရှူးဆော်ပြန်လှာ၊ မွှေးပျံ့ကြိုင်လှိုင်စွာ၊မာလာဝတ်မှုန်ပင်စုံမြိုင်) ၂။ (ငှက်မောင်မယ်ဘာသာသူတို့နွဲ၊ လွမ်းဖော်ညှိဆဲ၊ ဆန်းပိုရာ၊ စုံစုံမြိုင်ထဲ နတ်ငြင်းခြယ်လှယ်) ၂။ [ (ပူနဲပိုလွမ်းအောင်ဖန်) ၂ (ပူခန်းဆင့်ပုံ၊ ယူလှမ်းသင့်ရုံ၊ တူမြန်းခွင့် ပျော်တော်သာတင့်စုံ) ၄ (ရွှေနန်းအောင်ချာလယ်၊ ဘယ်ဝယ်စံသည့်မှန်း) ၂ (တောင်သေလာကြီးရယ်က၊ ဆီးကာလို့သန်း) ၂။ ဆန်းပိုရာ စုံစုံမြိုင်ထဲ၊ နတ်ငြင်းခြယ်လှယ်) ၂။ ။
**(သဖြန့်)**။ ။(ရွှေသန်းကြော့ မယ်၊ မြိုင်လမ်းရယ်၊ ရဂုံလယ်က၊ ကြုံတယ်အခင်း) ၂။ (ကျွမ်းရတက်နှောင်၊ လွမ်းရက်ကယ်ကြွေလေအောင်ဟု၊ ရွှေဗွေတောင်၊ မြိုင်သာဝှမ်းငယ်မှာ၊ ပူခန်းကပြင်း) ၂။ ။

## ၉။ ရာမဇာတ်ထွက်သမင်လိုက်ယိုးဒယား
(ပြင်စည်မင်းသား)

[(မှော်ရုံဟေဝန်၊ တောမြိုင်စွန်) ၂။ ဘုန်းဝှန်ရာမင်းငယ့်တောင်ညာ၊ မြင်သော်လွန်ပူဆာ၊ ယခုပင် မွေးချင်ခါခါတောင်း] ၂။ [အိုနန်းရွှေချိုင့်လှောင်၊ ထားရအောင်၊ စွန်တောင်စကြာ၊ လေးတော်ကိုင်ကာ၊ (လျင်စွာမြန်မြန်၊ ဖမ်းမခံ) ၂။ ချော့ကာမြှူ သာယူသွေးဆောင်၊ ဝေးရပ်တောမြိုင်ချောင်၊ မြအရောင်ဖြာ၊ မြေဇာလက်တော်ကမ်း] ၂။အို–ပန်းဘွယ်စေပင်၊ ဆန်းရွှေသမင်ငယ်လေ၊ (ရုပ်သွင်ရွှေသား၊ ထင်မှားအောင်ဖန်) ၂။ လေးသွဲ့ငယ်ရိုက်ဟန်၊ ငြီးမာန်ထပ်ဆင့်ပြန်။ မာယာသူကြံ၊ ဘုန်းငယ်ထံ၊ လက်လှမ်းသူ့သခင်းမခံ၊ ပန်းမလ်ကြူကြူ ကြိုင်လှိုင်မွှေး၊ ဝေးဝေးရပ်၊ သွေးဆောင်ကာ၊ စံခန်းငယ်ပုက္ခာ၊ တောကန္တာ၊ စိတ်စွဲမာန်ပါ၊ ရိုင်းပြမူရာ။ သေကာငယ်ဆော်လာ၊ ဉာဏ်ဖန်ကူ၊ မြိုင်ငှမဋ္ဌူခိုင်ညှာလန်း၊ ပန်းအောင်သာ။ (ရှောင်ခွာထပ်ကာ၊ မျက်တော်ပွားပြန်တယ်) ၂။ (မှန်းဘွယ်မူထား၊ ဖြစ်လားတွေတွေ) ၂။ သေလိုငယ်သေစေ၊ သာနွဲ့ရိုက်ပြန်ချေ။ ။

မှတ်ချက်။ ။ [ အတိုကောက် အခေါ်အားဖြင့် "ရွှေ (ရွှေတညာ)၊ နှင်း (နှင်းယွန်းသာဟေမာန်) တော(တောတောင်စွယ်)၊ တော (တောမြိုင်ခြေလှမ်း)၊ ပန်း(ပန်းမြိုင်လယ်)၊ ခိုင် (ခိုင်ပန်းစုံ)၊ မှော် (မှော်ရုံဟေဝန်) မှိုင်း (မှိုင်းမှုန်ပြာညို)၊ လွမ်း (လွမ်းပိုအောင်)၊ ဆန်း(ဆန်းနွေဦး)၊ စိန် (စိန်ခြယ်ညီလင်း)၊ ဝေ (ဝေဇယန္တာ)"အစချီ သီချင်းများကို ယိုးဒယား ၁၂ ခန်းဖြစ်သော "ဖရုံတင်၊ ခက်မွှန်၊ ခမိန်၊ ထနောက်၊ ဖရင်းချား၊ ထပ်တွန့်၊ ချွတ်ချုံ၊ ငုဇစ်၊ ချူခြာ၊ ကပီ၊ အလေ့မေ့၊

မဟိုရ်သီး"ဟူ၍ ရှေးအခါမှ ယနေ့တိုင် အသိအမှတ်ပြုလျက် သုံးနှုန်းခေါ်ဝေါ်နေကြသော်လည်း၊ ၎င်းဘာသာစကားများကို ယိုးဒယားအဘိဓာန်တွင် ရှာဖွေမတွေ့ရှိရုံမျှမက၊ ယိုးဒယား အမျိုးသား ပုဂ္ဂိုလ်ကြီးများထံ မေးမြန်းစုံစမ်းရာ၌လည်း ဖရင်းချားနှင့် ဖရုံတင်မှအပ ကျန်စကားလုံးများမှာ ယိုးဒယားဘာသာစကားလုံးများ မဟုတ်သည့်ပြင်၊ ၎င်းစကားလုံးနှင့်နီးစပ်သည့် အခေါ်အဝေါ်များ၏ အနက်အဓိပ္ပာယ်ပင်လျှင်၊ ယိုးဒယား ဘာသာ၌မှန်းဆရှာဖွေမရနိုင်သဖြင့်၊ ၎င်းဘာသာခေါ် စကားလုံးများကို ယိုးဒယားသီချင်းများတွင် ဖော်ပြခြင်း မပြုပဲ ချန်လှပ်ထားခဲ့ပါသည်]။

## ၁၀။ မြင်းတက်ယိုးဒယား

(မြဝတီဝန်ကြီး)

လေပြည်ဆော်သွေးမြူး။ ဟံသာဘွေလေ ရွှေနန်းဦး။ ထူးထူးထွေလာ၊ ငါးပါးပဥ္စင် ရွှေတံမြွှာ) ၂။[(ခရာသံစုံ၊ ကျူးကြော်ညံဟုန်) ၄။ (ဘုံဝေယန်၊ နန်းကြီးဗိမာန်) ၂။ (စိမ့်ထူးခြား၊ များလှ ထွေထွေ) ၂။ စိန်မှန်နန်းမှာ၊ ဆန်းလှ ကုန်ခြွေရွေ] ၂။ [ဆော်လေသွင်းမြူး၊ ကုန်ထူးကြေညာ၊ လေသာကွန်း၊ ဆောင်ယွန်းမှာ စုံစွာ၊ (သည်မှာကုန်ဆန်း၊ နန်းသိင်္ဂါ၊ ဘွယ်ရာထူးတဲ့ ကျူးကြော်ငြာ) ၂။ (သည်မှာသာလေ ရွှေဘုံသာမျိုးစုံလှ) ၂။ (နန်းဆောင်သာယာ၊ တီးမျိုးစုံစွာ) ၂။ မှန်ကြာနန်းမှာ၊ စန်းလှစုံစုံဖြာ]၂။ [(ကြေညာသာယာ ပျံ့ပျူး၊ သာယာကြေညာပျံ့ပျူး) ၂။ အိုလေဇေယျာဘွေမှာ၊ ထွေဆန်းထူး) ၂။ (အိုတူဘူး၊ ဘယ်ရာဝင်မှာသာ) ၂။ (ဆန်းဆန်းထွေလှ၊ ရွှေရုံကာ၊ ရွှေဘုန်းတေဇ၊ နေနှုန်းဖြာ) ၂။ ထီးတရာ ညွှတ်လာခညောင်း၊ သိန်းသောင်း မင်းပေါင်းဆက်ပဏ္ဏာ၊ စုံဆယ်ဖြာ၊ ဖူးညွှတ်သွယ်ရှိကြာ] ၂။ (ရှိဦးတင်ဆက်ကာ၊ လူ့မူးကေရာ) ၂။ ဘုန်းကွန်ချာ၊ သင်းပြန့်ကြေညာ၊ တေဇာနေဝါ၊ ထွေလာဝေဆာ၊ ကြေညာသင်းလှိုင်၊ ဝင်းမြိုင်၊ ဦးခိုင်စိုးတဲ့မင်းပေါင်း၊ ညွှတ်လာပျောင်း၊ ခညောင်းစုံစွာ၊ ဟံသာဘွေဦး၊ ထူးရွှေတေဇာ။ (ရာဆူဆူမှူး၊ ဖူးလေစုံညီလာ) ၂။ ရွှေသခင်္ဂါနှင့် ဇေယျာစံချိန်၊ ရာဇာအာဟိန်၊ ဘုန်းမီးစက်ရှိန်၊ လျှံထိန်ဒေဝိန်၊ နွယ်လာနရိန်၊ ကြီးလှဂုဏ်သိန်၊ မင်း မင်းမဟိန်၊ ထိန်ထိန်လင်း၊ ရာမင်း နွယ်သမိန်။ ။

## ၁၁။ စက်တော်ချင်း

(မြဝတီမင်းကြီး)

[(အို–လျှံညီးလင်း)၂။ ပျံ့သင်းသဉ်လီဘွေ၊ ဖျော်ဖြားများယဉ်ရွှေ၊ စက်ပါရော့မေ]၂။

[(ညဉ့်ရုံတော်ထူး)၂။ (တိန်ဦးနန်းဘုံဘွေ)၂၂။ ကွာသင်းနှင်းမှုန်ခြွေ၊လုံနိုင်ပါဘူးမေ]၂။

မှတ်ချက်။ ။"ဖျော်ဖြားများယဉ်ရွှေ" အပိုဒ်အစား၊ "ဖျော်မြူးများယဉ်ရွှေ" ဟူ၍ နိုင်ငံတော်စာကြည့်တိုက်မှ ဆရာကြီး ဦးဝိုက်ပေးသော တီးချက်အမျိုးမျိုး ပုရပိုက်တွင်လည်းကောင်း၊ "ဖျော်မြူးများရည်ရွှေ"ဟူ၍ ဂီတဝိတောဓနီကျမ်း (ဒုတိယနှိပ်ခြင်း)တွင် မှုကွဲတွေ့ရသည်။

## ၁၂။ တောဘွဲ့ယိုးဒယား

(ကန္တာတောခြေ၊ အိုးဝေမြည်သံ၊ ငှက်ပေါင်းပျော်စံ၊ မြူးကြလူဟန်၊ ဖန်ဖန်ခေါ်ကာ၊ အော်ရှာကြွေးတယ်၊ တောလုံးလေ သိမ့်သိမ့်ဆူလို့ညံ) ၂။ ။ (ခုန်ပျံဘာသာ၊ မာဂဓာနှော၊ စုံယံကန္တာ၊ ဟောဝန်ကြောမှာ၊ ပြောကြလူလို၊ ချစ်တင်းဆိုကာ၊ တောကြီးဟောဝန်မှာ) ၂။ ။ (အို–ငှက်ပေါင်း ငှက်ပေါင်းပျော်စံ၊ တောမှုန်ပြာရည်ဆန်း၊ မြင်သူပန်း လွမ်းဘွယ်ရာ၊ သိုက်နန်းက ဆန်းထွေလာ၊ မာဂဓာဘာသာ ဖော်ချင်းနှော၊ ပြောကြလေရှာ၊ စမ်းရေယဉ်ကြီး စီးသွယ်ဖြာ၊ ကျေးငှက်စုံ မြူးပါလို့၊ ကျူးညံစာစာ၊ စုံမြိုင်ယံကြော တောဟောမာ၊ ပန်းရွှေဝါနှင့်သာ၊ မာလာနှော၊ လွမ်းလေအောင် ဖိုးခေါင်မယ်လျှော)၂။ ။

## ၁၃။ အိနောင်ဇာတ်ဖြည့်ယိုးဒယား

(မြဝတီဝန်ကြီး)

(သောင်းရွှေလယ်ပိုင်စိုး၊ မိုးနတ်မယ်၊ ရွှေသဲကျွမ်းမျှ၊ လွမ်းရတယ်၊ ပူပုံပွေလို့သာ၊ ကြွေမည့်နှယ်။ ။ လောင်းနေနွယ်ပိုင်ဆုံး၊ ဘုန်းကြွယ်ကြွယ်၊ ကုန်ခြေပန်းလို့ လှမ်းနိုင်ဖွယ်၊ ဘယ်မြိုင်ညိုကသာ၊ ကြိုရမယ်၊ ကြံမှိုင်တယ်နှင့်သာ၊ ငယ်ညှိုးနွမ်း) ၂။ အိုပန်းပါဘိ၊ လှမ်းခြေယူနှေး၊ ပူရေးပိုခဲ့ပြီ၊ စံခန်းကြော့နန်းမြေဝေး။ မြူမှေးညိုလဲ့ရီ။ (ခါနွေကြော့ဦး၊ ညှာကြွေတော့မူး၊ လေရှူးဆော်လှုံချီ၂။ ။ (အို–မာလာ စံမှုန်ဖူး၊ ငုံကြိုင်လန်း၊ လှိုင်ထုံထုံညီ၊ မြိုင်နန်းကဆန်းသီဂီ၊ တိုးမြကိန္နရာ၊ ရွှေစာမရီ၊ တောတောင်သာဟန်ညံစီစီ၊ ရည်ရော်ရမ်းလို့၊ လှမ်းနိုင်ပြီ၊ ရွှေဒါပဟာတိုင်း၊ မယ်ရိုဆီ၊ မရောက်ကယ်နိုင်ပြီ၊ ကွာလှမ်းဝေး) ၂။ ။

မှတ်ချက် ။ ။ "ဘုန်းကြွယ်ကြွယ်"အပိုဒ်အစား၊ "ဘုန်းများမယ်" ဟူ၍ ဂီတဝိသောဓနီကျမ်း (ဒုတိယနှိပ်ခြင်း)နှင့် မဟာဂီတအသစ်(သူရိယ)တို့တွင် မူကွဲ တွေ့ရသည်။

## ၁၄။ တောဘွဲ့ယိုးဒယား

(တောဟောဝန်လယ်၊ တိမ်နယ်တောင်စွယ်ဝေယန်ဦး၊ ရာပြည်တန်၊ ရောင်လျှံထိန်ထိန်၊ ဖလ်ရှိန်နေသို့မြူး၊ ထူးအံ့သွယ်သွယ်) ၂။ (မှူးမျက်ခြယ်၊ နတ်ကယ်ကေသွယ်တင့်ရှယ် ရွှေဗျာထူး) ၂။ (စုံဦးဖူးရှိတင်ကာ)၂။ (ဖူးငုံဝေဆာ၊ ကန္တာသည်ံစာလွန်သာမော၊ ပန်းစုံစုံဝတ်မှုန်စီစီ၊ လေပြည်လေညှင်းရော၊ သန်းရွှေညီ၊ ဿီဂီခိုင်ညှာကြောမှာ၊ တောမြောင်ဖီလာ၊ ဆီးကာဝန်း) ၂။ [(လွှမ်းလေအောင်၊ လွှမ်းလေအောင်ခု၊ ကွန်းဖွေညောင်၊ မှိုင်ယောင်ခွေယိမ်းမူး)၂။ (တောင်ကေငှမှာလေဝေဘူစွန်း) ၂။ (မိုးကုန္တာ ဒေဝါညွန်းပါလို့ ရွှမ်းဆော်စီမံ) ၂။ (များခြွေရံ၊ နန်းမြိုင်စံ၊ ကုမ္ဘာဏ်ရွှေများမင်း)၂။ (သေလာသေလာ မြဘွေတွင်း) ၂။ ပန်းစုံစီအောင်မြေသာတဲ့ခင်း] ၂။ ။

## ၁၅။ တောဘွဲ့ယိုဒယား

[တောနှင့်တောင်စွယ်၊ ပြောကြမောင်မယ် (ငှက်ကယ်လူလို သံချိုနှောလို့ပြောကြပြန်သကို) ၂] ၂။ [(သိုက်မြိုမှာလေစာခွံချွေး ကျွေးတယ်ကို) ၂။ တကိုယ်ရေ ပန်းစေမြိုင်တန်းဝေ]၂။ (ဖိုမမောင်နံ့မောင်နံ့ တောင်ပံချီကာတွဲလို့ဝဲကာပျံ့ ၂။ တွန်ကျူးကြော်ညံ့ ငှက်ပေါင်း ပျော်ကြပြန်(မြိုင်စောင်းမှာ တူစုံမောင်နှံ)၃။ ကိန္နရီဟန်တွဲလို့ နွဲ့ကာပျံ့]၂။ [ကျူးကျော်ညံ၊ တိမ်ယံအာကာထဲမြင်လာဘဲသည်မောင်ပူဆွေးကြုံရပြန်၊ နတ်ကယ်ဖန် တိမ်ယံအာကာထဲက မဲမှောင်၊ မင်ခိုးရီမှောင်တိမ်တောင်၊ ခြယ်ဆင့်ဆိုင်း။ (ရှုတိုင်းရယ်၊ ညိုရောင်ပြာရီ)၃။ [illegible]ပန်းချီဟန်ရေးလို့စံမမှီ)၂။

## ၁၆။ မော်ပြန်ယိုးဒယား

နန်းသိဟိုဠ်၊ ရေညိုဝန်း ခွေရံကာ၊ မိမာတာသည်းချာ လျော်ရွှေသွေး၊ ခွန်ယူကျေးတော့မော်ရဂုံ၊ တူပျော်စုံ၊ သာဂုံဂန္ဓာကျေး။ ညီနောင်လေးတို့ တူပျော်စံ သည်ကမ်းယံမော်ပြန်ဖောင်နှင့်ကူး။ လူးလာလူးလာ၊ ယိုးယိုလေဟာ၊ ဆွဲတညီညာ) ၂။ [ (ယမုန်နာထဲ၊ တူနွဲ့ပျော်ပျော်) ၂။ ဝဲဒီရေမော်လှိုင်းကြက်ခွပ်ဆော်သွင်း] ၂။ [ငါးမန်းငါးဆင်၊ ညီခင် စီရင်ကြွား) ၄။ အိုဆောင်ရွှေဓားနှင့် ရန်ကိုပယ်၊ မော်ကမ်း နယ်၊ ပြင်ကျယ်ရောက်လုနီး၊ အိုရေညိုခွေပတ်ကာ၊ မာတာလှယဉ်ကျေး၊ ဂမ္ဘီသူမွေးညီနှစ်ဖြာ၊ မော်ပြန်ဖောင်စီး ယိုးယိုလေဟာ] ၂။ (ကြွေးညံစာစင်ရော်ငှက်ကယ်၊ သဲနှင့်သောင်တင်း၊ ကမ်းနှင့်ရေဆိုင်၊ ဝဲယှဉ်ပြိုင် မော်တင်ကျောက်ဆောင်၊ ပန်းပူလေ အောင်၊ ပန်းပူလေအောင်သာ) ၂။ (မော်ကျေးကမ္ဘာယံနက်သန့်သာတဲ့လမ်း) ၂။

## ၁၇။ တောဘွဲ့ ယိုးဒယား

(ပန်းဟောဝန်၊ ခုနှစ်ခွေ မျှော်လေယောင်၊ ညိုပြာရီမှောင်၊ တိမ်တောင်နီလာသွေး၊ ဆွေးဘွယ်၊ သွယ်သွယ်ထွေလာနှော၊ ရေယာဉ်ကြောငွေသောင်ယံမှာ မောင်နှံလွမ်းလို့၊ ကျွမ်းကြွေပြန်၊ ဖြေလဲပြေဘဲမှော်ရုံမြေ၊ ထွေထွေကြိုလာ၊ မြလိုဏ်နန်း၊ စိန်ဆောင် ရွှေတောင်၊ ငွေရောင်သန်း၊ ဓာမရမ်း၊ မြိုင်တန်းသာ) ၂။ (မာလာဓီဝါ၊ ငွေခွာကြိုင်နံ့ဖြာ၊ သည်မှာကုံဆန်း၊ တမ်းဆိုယောင်၊ မြောက်တောင်ဘယ်ဆီမှန်း၊ ရွှေသန်းညာမယ်၊ ပျော်ဖွယ်ဟောဝန်၊ ကန္တာမြိုင်တွင်း၊ ကြိုင်သင်းလေ ဂေါ်ရွှေဖိ) ၂။ စိမ်းကြည်ဖြာသွန် အိုင်မွန်မန္ဒာခင်း၊ ယိုဆင်းတွေတွေ စီးကျပြွန်အိုင်ရေ၊ ကြာထွေငါးမျိုး၊ ဝတ်လျိုးဝတ်ဆံ၊ စုံမြိုင်ယံ မောင်နှံခြိမ့်အုန်း၊ ရှေ့ပိတုန်း ယှု သုံး စားရှာ၊ တမာရွှေကြက်တော၊ ဥသြမည်သံ၊ မြိုင်[illegible]ည်စိုး ရွှေဘိုးခေါင်ငှက်တော်) ၂။ [(တွန်ကျော်ကြာကြွေး၊ တွန်ကျော်ကြာကြွေး) ၂။ (ခွံနွေးလေယူလို့၊ လူလိုဟန်စုံမြိုင်ယံ)၄။ ဘာသာဘာသာမြူးတယ်၊ ဘာသာမြူးတယ်] ၂။ ။

## ၁၈။ ရာမဇာတ်ထွက်ယိုးဒယား

[(တောမြိုင်စွန်းက၊ လွမ်းအောင်ဖန်၊ မကြံနိုင်၊ ကိုယ်ထူးကြုံရပြန်) ၂။ ချစ်တဲ့သူသခင်မြေလှာအုံးဖျ၊ သုံးရွှေရင်။ ဘုန်းကေရှင်၊ သခင်ဘုံပျံနန်းမှာ ဆန်းဉာဏ်ခြယ်] ၂။ ။ (သက်လယ် သက်လယ်ရွှေသွေးရယ်၊ မကြင်နာစိမ်း တော့စိမ်းရက်တယ်၊ သက်လယ်သက်လယ်ရွှေသွေးရယ်၊ မကြင်နာစိမ်းတော့ စိမ်းရက်တယ်) ၂။ ။ (ရာကျော်သက်ပန်၊ ဘယ်ရေးကံငယ်၊ စိမ့်ဖန်လာခြယ်၊ ကြင်စဦးကို၊ သွေဘူးနတ်ကယ်။ သုံးရွှေကြော့မယ်) ၂။ [(ဝေယန်ဖျား) ၂။ (သိယ်ိဳစားဆောင်သွားပြန်၊ ဆောင်သွားပြန်) ၂။ လောင်ကြွေကျွမ်းအောင်လို့၊ လွမ်းရန်ကြွယ်၊ ခင်းကြုံရတယ်) ၂။ ။ [နတ်ကယ်ဖန်၊ တိမ်ယံဘုံလယ် (ညှိုးညှိုး ငယ့်ငယ်) ၂။ ဝေယန်ဦးမှာ၊ ကြော့မှူးညာမယ်၊ ဆွေးဘွယ်ပူရန်၊ ဘယ်ကဖန်ကူ(စံမတူ နန်းသူပုံမှန်၊ စံမတူနန်းသူပုံမှန်) ၂။ ကိုယ်ထူးကြုံရပြန်၊ ရွှေဘွင်ကြွေဆွေးရန်)] ၂။

မှတ်ချက် ။ ။ "ချစ်တဲ့သူ" အပိုဒ်အစား "ချစ်တဲ့လင်" ဟူ၍ ဂီတ ဝိသောဓနီကျမ်း (ဒုတိယနှိပ်ခြင်း) မှုကွဲတွေ့ရှိရသည်။

## ၁၉။ တောဘွဲ့ယိုးဒယား

(မြိုင်ဂန္ဓမာ၊ ပန်းမျိုးစုံစွာပေါ်ကြ၊ တောလေသည် ဟေမာ၊ ဇင်မင်းဆင်းရွှေဝါ၊ ဇိဇဝါငယ်လေ ခတ္တာနော၊ သာမောစုံခြေမှာ၊ ညှာကြွေလျော၊ မှုန်ပြာ ရိရော တောသာဟန်) ၂။ ။ (အို-ပန်းမလ်ဝေဆာဖူး၊ ခိုင်ညှာရွှေရည်လူး) ၂။ ။ [(ဝဿန်လေချိန်မှန်ကူး၊ ပဒ္ဓုန်ကြူးပျော်မြူးစံရွှင်) ၂။ ဆော်ပဋ္ဌင်ရိုက်ညောင်း၊ နွေရာသီပြောင်းခါမို့ဝယ်) ၂။ ။ (မိုးတချုန်းချုန်း၊ ရွှေဖီပေါ်တုန်း၊ ကံကော်လေကြက်ရုံးလှိုင်လို့သာ၊ ဂနိုင်သည်ဟေမာ၊ စမွယ်ကြိုင်စွာ၊ ပန်းရွှေဆတ်သဝါ) ၂။ (အို-အင်ဖူးကြိုင်လှိုင်လန်း၊ ပန်းမဍ္ဍူမွှေးကြူလေပြေဖျန်း) ၂။ ။ (ဆင်ရာဆန်းကံ့ကော်ပန်း၊ မြင်ရာလန်းထွေထူးဆန်း) ၂။ ။ (ခင်တန်းစိုစို၊ ဆတ်သွားပင်ပျို) ၃။ ။ (မြတ်လေးရုံဆို၊ ဟိုပင်ရင်းထုံနံ့သင်း) ၂။ ။ (မင်းမုရာဟန်၊ မြိုင်ယံမှာ သာတင့်ဆန်း၊ ယုဇနပန်း၊ ခိုင်လုံးလန်း) ၂။ ။ နန်းဟေဝန်ချာ၊ အိုင်ကုဏ္ဍာလာ ခိုင်ပဒုမ္မာ၊ ဝတ်မှုန်ရွှေကြာ၊ ကြိုင်မွှေးသင်း။ ။

## ၂၀။ ရေလားယိုးဒယား

(သောင်းသောင်းညံ၊ ကြင်ဖော် စင်ရောင်မောင်နှံတွဲလို့ဝဲကာပျံ) ၂။ မောင်နှံ တောင်ပံရိုက်ဆော်သွင်း၊ သောင်တင်း ခေါက်ရှာဟသာ်ပျံရောက်လာ) ၂ ။ (ကူးလာ လူးလာ၊ ရွှင်မြူးပျော်ကြရှာ) ၂။ (သောင်ပေါ် အောင်တော် ထူးပါလို့ ကျူးရင့် မာဂဓာ) ၂။ (မြင်မင်းအဏ္ဏဝါပြန်ကာ၊ မြောက်တောင်ကျောက်ဆောင်ဟို ဘက်ကမ်း) ၂။ [(ရွှေယင်ဘောင်မြောင်ပတ်သန်း၊ လေတင်ဆောင် တောင်ဖြန့်လှမ်း)၂။ (ချည်ခင်စွပ်ကယ်ဝံဘို၊ ဘွေသောင်ခရီးမှာ၊ ရေဖောင်စီလို့ခို) ၂။ (နေညိုညို လွှမ်းရန်ပိုမို၊ ဆိုငိုပြင်ကျယ်၊ ပင်လယ်သီခေါင် ရှိမှောင်ဝေလို့ဆိုင်း) ၂။ မန်းဌာနီ သာကီရွှေပြည်တိုင်း (မှိုင်းလို့ဝေဖြာ ရွှေနန်းအောင်ချာ မျှော်ကာမြင်မိမှား)]၂။ ။

## ၂၁။ အိမ်နောင်ဇာတ်ထွက်ယိုဒယား
(မြဝတီဝန်ကြီး)

(အိုသာတင့်ဆုံးလေ၊ သုံးရွှေမယ်။ ပျံ့လှိုင်ကြွယ်၊ နယ်ယံမြိုင်လုံးဝင်း၊ မှုန်ရွှေလျှံ ပွင့်ညာတံ၊ ညီးညီးလင်း။ ရွှေယင်ဘောင်မင်း၊ ဟသာ်လယ်၊ လွန်ပျော်ဘွယ်၊ ငှက်ကယ်ကြွေးတဲ့ရင်း) ၂။ (မိလ္လာဘွယ်၊ သိင်္ဂါစိန်ကြာနွယ်၊ ဖန် လှယ်လှယ်မွှေး မွှေးပျံ့သင်း) ၂။ (အေးအေးညံ့ညှင်း) ၂။ (ဆင်းမြရည်ခင်း၊ ရှင်းကြည်ဈွာ၊တောင်ရဂုံက ထုံဂန္ဓာ၊ နံ့လှယ်ဝေသည့်၊ ရွှေညီလာ၊ သံစာစာ၊ သာကာနော) ၂။ ဗျာကြွေရေး၊ လဲ့ရည်သွေး၊ ကျေးကစော၊ (စံခန်းသည်စုံကြေ၊ ဝတ်ရည်ရော၊ ညာစီစီ၊ နေနတ်ကယ် နွေရာသီ၊ မှုန်သိင်္ဂီ သင်းတဲ့တော) ၂။ ။
(သဖြန်) ။ ။ (အိုရှုမောဘွယ်၊ ထားကေသွယ် သည်ဝယ်ပုံသို့၊ မကြိုလေသေး)၂။ (ဖြူဝန်းငယ်ရာပြိုင်သည့်၊ ညာပင်တိုင် ရွှေဘွေမြင့်ငယ်ကို၊ ပြန်ခွင့်ကနေး) ၂။ ။

## ၂၂။ အိနောင်ဇာတ်ထွက်ယိုးဒယား*
(မြဝတီမင်းကြီး)

(စုံကိုလဲပျော်ပါနိုင်၊ နန်းပင်တိုင်ကြော့၊ ကြာရံလယ်၊ ယဥ်ရွှေလို့ ရွှေကေသီ၊ စုံညီပျော်ပါး၊ ရွှေဝန်းလျား။ မြယွန်းသန်းယံကျော်။ နန်းဗဟိုရ်ဆော်လဲ၊ ပျော်ဘဲသား၊ ဘယ်ဆီမှာ၊ ဘယ်ဘုန်းအား၊ ပျော်တော်ငြား ရှာလိမ့်မယ်၊ သူ့တိုင်းကြော့ကာလံဝယ်၊ လွမ်းတာကြွယ်လို့၊ ပူနယ်ပွား) ၂။ ဘယ်ဆီမှာ ဘယ်ဘုန်းအား၊ ပျော်တော်ငြား ရှာလိမ့်မယ်၊ သူ့တိုင်းကြော့ကာလံဝယ်၊ လွမ်းတာကြွယ်လို့၊ ပူနယ်ပွား။

## ၂၃။ တောဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

နှင်းယွင်းခါဟေမန်၊ လေပြန်သွင်းလို့ညှင်းညံ့ညံ့၊ (တိမ်ယံကွန့်ဆိုင်း၊ အိုလေမျှော်လေတိုင်း၊ မှိုင်းမှုန်ဝေ) ၂။ (ဆန်းလည်း၊ ရွှေသည်းဝယ်သာ၊ ပူဇျာပိုစေ)၂။ ဆည်ဖြေ၊ သည်မေ၊ လွမ်းရေးပျောင်း။ ဆွေးကြောင်းရုံးပေါင်းဖန်၊ ပန်းမလ်သင်းပျံ့ ဆင်းရွှေလျှံ၊ (သာဟန်တင့်ကျူး၊ ထုံမှုန်ခိုင်ညှာမာလာဖူး) ၂။ (ကူးနွဲ့၊ ပျံဝဲဖော်စုံ၊ သိုက်မြုံ ကွန်းဘွေ၊ ၂။ မြိုင်ခြေ ခိုင်ဝေ၊ စိမ်လန်းလန်းမောင်း၊ [(သာတောင်း၊ လေညောင်းသိင်္ဂါ၊ မိလ္လာသင်းစွာ) ၂။ ရေမန္တာ၊ ရွှေကန်မှာ၊ မြူးကြသောင်းသောင်း)၂။ (ရွှေယင်ဘောင်၊ မောင်မယ်လှယ်ကာ၊ ဟသ်ာငယ်၊ ကြွေးရှင့်ညောင်း)၂။(တောင်စောင်း၊ သားပေါင်းငယ်တွေတွေ၊ ပျော်မြဲဖော်နှယ်သည်ဝယ်စေ၊ ဟေမာသေလာဘွေဦး၊ ခွေယိုင်ကာသာမှူး) ၂၊ (ကြည်နူး၊ ရွှေဖူးစာငယ်၊ ဖန်တယ်သားကို) ၂။ ပူဇျာပို၊ မူရာချို၊ တောမြိုင်ညိုဖျား။ (ဆိုင်ငုံယောင်မှား ညွှတ်ပြုံဘွယ်သား၊ ဆွေးဝှန်ထပ်ပွား)၂။ (ကြည်နူး၊ ရွှေဖူးစာငယ်၊ ဖန်တယ်သားကို)၂။ (ပူဇျာပို၊ ရာချို) ၂။ တောင်မြိုင်ညိုဖျား]။

## ၂၄။ အလွမ်းဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

(ဖော်ကွာဝေးသူမို့၊ ဆွေးပူတယ်၊ မြင်တော်လာစမ်းပါလို့၊ နန်းနေညွန့်နွယ်)၂။ [ကန္တာလယ်တောရယ်က၊ သာမောဘွယ်။ (တိမ်စွယ်ဘုံလယ်ဝေယံဖျား)၂။ နတ်များငယ်၊ ဖန်တော်သာ၊ မြိုင်ဟောမာ၊ ကူးမိမှား]၂။ [(အို–မန်းရွှေညာ၊ ဘယ်ဆီဘယ်မှာ) ၂။ လွမ်းဗျာပါရေးကပွား]၂။ [ (များပူလိမ့်သွယ်သွယ်)၂။ (မြိုင်လယ်စုံခြေ)၂။ သာစွ ပန်းထွေထွေ]။ (လေညှတ်ရာ အေးညှံ့ညှင်း၊ ဖိဝတ်ကယ်မွှေးပျံ့သင်း) ၂။ (သင်္ဂီငယ်ကျေး သာကာမယ်၊ ဖန်လှယ်လှယ်ကြွေးတဲ့ရင်း)၂။ (အေးမြညှင်း) ၂။ (သုံးရေသနင်း၊ နွဲ့မူမင်းစံတော်ရာ၊ မြင်နိုင်ပါ ဆွေးဖွဲ့ခင်း)၂။ (သည်ရေလေ မြေခပင်း၊ မြိုင်ယံတွင်း ခိုင်စံပယ်၊ နွဲ့နိုင်ဆုံး၊ ဘုန်းကြွယ်ကြွယ်။ ကိုယ်တော်ထဲ၊ သည်းကြွေလှဘွယ်)၂။ (သွေးယိမ်း၊ ဖလ်နေရှိန်း၊ ရွက်ကျင်စိမ်း၊ သဥ္ဇာလယ်၊ စက်လဲငယ်ပျော်နိုင်ဘွယ်၊ မှန်းရည်ရွယ်၊ ကူးမိမှာ) ၂။ (လှိုင်းရေညိုထဲ၊ လှစက်နည်း၊ ကွဲရဌား။ ဖန်များငယ် ဆိုငိုယောင် ခေါ်တော်မိမှား၊ သည်မြိုင်ချောင်၊ သည်းကြွေလောင်၊ ကျွမ်းလိမ့်လား)၂။ ။

## ၂၅။ တောဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

(တောမြိုင်ခြေလမ်း၊ ရဂုံသာဘွေလေ။ တောင်ရေစိမ်းလှဲ့စီးသွယ်ခွေ၊ အိုဖော်ကွာရှာရန်ပန်းဘွယ်စေ) ၂။ ငုံရွှေမာလာကြိုင်လှိုင်အေး၊ ပူအောင်ငယ်သာ မျှော်ရာသည်လွမ်းရေး၊ လေယူရာ၊ မဥ္ဇူဂန္ဓာမွှေး) ၂။(သင်းကြူကြူ၊ မြိုင်ငုစုံတော၊မောလေဘွယ်ပန်း၊ မှန်းရည်ရွယ်။ မျှော်ယောင်ခေါ်ယောင်တယ်၊ ငှက်မောင်မယ်၊ ပျော်ဘွယ်သာကာကျေး) ၂။ (စုံခြေငယ်လေ၊ ကန်ကန်မင်းဖွေး။ ရွှေပြည်သာ၊ ကွာလှမ်းဝေး)၂။ (ရော်ယမ်းမမြင်ပါ၊ မြောင်ဖီလာခြား၊ လွမ်းရန်သွယ်သွယ်၊ ထွေတယ် မှုန်ဝေ၊ မြူခြေ တိမ်စွယ်ကာ၊ ရှစ်ခွင်မင်းလွင်မှုန်ပြာ၊ ပတ်ဝန်းဘွယ်ညာ၊ လေပြေလေညှင်းလာ) ၂။ (ဝင်းဝင်း၊ သင်းသင်း၊ ညှင်းညှင်း၊ ဆင်းရွှေဝါ။ ထုံဂန္ဓာတောနှင့်တောင်မြိုင်၊ ရေသီတာအိုင်၊ ကြာမျိုးငါးမည်လှိုင်) ၂။ (ကြိုင်ကြိုင်ငယ်လေ၊ခိုင်ခိုင့်လုံးမွှေး၊ ခွေကာယိုင်၊ မှိုင်မိသေး)၂။ (ရေးရွှေရုပ်ကယ်၊ မော်ရုံမြိုင်၊ ညာပင်တိုင် နန်းမယ်။ ရှာရန်လမ်းတာ၊ ပန်းကာ ပူဝန်၊ လွမ်းဝှန်ဗျာပါကြွယ်၊ ဘယ်ဝယ်ခေါ်တယ် မျှော်ယောင်ယမ်း၊ နတ်နန်း ရွှေတောင်သီတာ၊ အိုင်မှာဖိလာ၊ စိကာသွယ်ဖြာ၊ ဖော်နှောသက်လှယ်၊ ငှက်ကယ်မူရာ၊ မြူးတယ်ပျူငှာ၊ သံသာသံချို၊ လွမ်းပိုအောင်ပင် ရွှေဘွင် လွန်ကြည်ကွဲ)၂။

## ၂၆။ ရာမဇာတ်ဖြည့်ယိုးဒယား

[(ပန်းညောင်လှိုင်ဖွဲ့ဘွေဆိုင်၊ ကေခိုင်ကုံးငယ်၊ ခွေယိုင်နုန်းတယ်၊ သုံးရွှေလယ်၊ ဘုန်းမယ်ဒါရှ၊ သည်းအူဇျာလှိုင်ကြွယ်၊ ကျွမ်းလောင်ဘွယ်၊ ကြံတယ်ဖန်တယ်ရေး၊ လေနန်းလေနန်းဝေယန်၊ သဥ်လီဒေဝီ ဖြေဆည်နိုင်တော့ရေး၊ မေ့းစက်ယောင်ကြာ ညောင်တွင်းဝယ်၊ ငွေနှင်းကြိုင်ကြိုင်၊ လေပြိုင်ဆော်ယူသွေး (ကြံပြန်လာ၊ ထုံဂန္ဓာလဲ့)၃။ ဟောမန်ပြောင်း၊ ခါနွေလောင်း(နှောင်းပွင့်တံ ရွှေလျှံငုံရည်ကင်း)၂။ မြိုင်မင်းမှော်ရုံစံတော် ဘွေ]၂။ ။ [အို–လေ လောင်ကျွမ်းပူဇျာပွေ၊ ဂူမေညာနန်းလေသိ၊ အို–လေ လောင်ကျွမ်းပူဇျာပွေ၊ ပူဇျာပွေ (ဂူမေညာနန်းလေသိ) ၃။ (နန်းဝေယန် ဗိမာန်ဆောင် မြင့်ဦး)၂။ (ညာမယ်သက်ကယ်ပြေနိုင်ဘူး)၂။ (မူးခွေယိုင် ပူဇျာလှိုင်လေ့) ၃။ ကေခိုင်ဖွား၊ ထားဟန်ဉာဏ်ခြယ် (ဘုန်းသက်လှယ်ကြံ ရွယ်မှိုင်မိမူး)၂။ ကိုယ်ထူး ဆိုယောင်ငိုယောင်သာ] ၂။ ။ [အာကာနတ်နန်းဝေယန္တာ၊ ဖန်လာဘယ်ရှေးကံသိ၊ အာကာနတ်နန်း ဝေယန္တာ၊ ဝေယန္တာ၊ (ဖန်လာဘယ်ရှေးကံသိ)၃။ (သယ်္ဂိစံ တိမ်ယံဆောင်ယူသွား)၂။ (ကြင်သူမြင်တော်မူလှဲ့လား)၂။ (ခါခါတွေဇျာပါဝေလို့)၃။ ကေသာကုံးငယ် ထုံးရွှေမင် (သုံးရွှေရင်နွဲ့ ပင်ခွေယိမ်းမူး) ၂။ စိတ်သာရည်စူး၊ သီခေါင်ရိမှောင် တောင်မြင့်ဦး]၂။ ။

## ၂၇ တောဘွဲ့ယိုးဒယား

(ပြင်စည်မင်းသား)

(ခိုင်ပန်းစုံ၊ မှုန်မာလာ၊ ပင်သိင်္ဂါသင်းပျံ့ ကြိုင်လှိုင်မွှေး၊ လေပြည်ဆော်ကာ မြိုင်လုံးသွေး) ၂။ သာကာမောင်မယ်ဖိုကျေး၊ ရင့်ကြွေးငယ်ညံ့စာစာ။ (သီတာမြောင်၊ ရေတောင်ဖီလာ၊ စီကာသွယ်ဖြာဝန်း၊ သာနယ်ခါရွယ်၊ မျှော်တယ်ပူဘွယ် တွေတွေလွမ်း၊ မှိုင်ကာရွှေဘွင်ဖန်ရွယ်၊ ပူနယ်ကြိုလာ၊ သည်မှာခွေမူးပြောင်း၊ နွဲ့နှောင်းငယ်၊ သောင်းရွှေညာ။ ကန္တာလယ်၊ စုံယံသာနယ်ဦး၊ ထူးသာဟန်၊ ပန်းမလ်ဝေဆာဖူး၊ အိုလေကြည်နူးဘွယ့်စေ၊ လဲ့ကြူးငယ်မူးမယ်ဆွေ၊ လွမ်းတွေတွေ၊ ကျွမ်းစေဖန်ရွယ်၊ နတ်ကယ်မြင်ပဲရေး၊ ရွှေလျှံထိန်ဖြာ၊ ဝေယန်သိင်္ဂါ၊ ဣန္ဒာဖန်တော်နေး၊ ရေဝေးငယ် ရွှေကြာနှယ်။ ဘုန်းမယ်သာ၊ ကိုးရာသည်ဝယ်ကြောင်း။ ဆယ်ခိုင်သွယ်ပြိုင် ရှိုစုံပေါင်း၊ ခုအေးပါလွယ်၊ သွယ်သွယ်မျှော်တယ် ပုံကွာလှမ်း၊ ဆန်းရန်ကြွယ် ဆည်လဲ ပြေနိုင်ဖွယ်)၂။ လွမ်းတွေတွေ၊ ကျွမ်းစေဖန်ရွယ်၊ နတ်ကယ်မြင်ပဲရေး။ ရွှေလျှံထိန်ဖြာ၊ ဝေယန်သိင်္ဂါ၊ ဣန္ဒာဖန်တော်နေး၊ ရေဝေးငယ် ရွှေကြာနှယ်။ ဘုန်းမယ်သာ ကိုးရာသည်ဝယ်ကြောင်း၊ ဆယ်ခိုင်သွယ်ပြိုင် ရှိုစုံပေါင်း၊ (ခုအေးပါလွယ်၊ သွယ်သွယ်မျှော်တယ် ပုံကွာလှမ်း။ ဆန်းရန်ကြွယ်၊ ဆည်လည်းပြေနိုင်ဘွယ်)၃။

## ၂၈။ တောဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

တောတောင်စွယ်၊ သာနယ်ထွေထွေထူး၊ ပန်းစုံငယ်လေ ငုံကင်းမာလာဖူး။ သင်းပျံ့ကြိုင်လှိုင်ရွှေခိုင်၊ မြိုင်ယံစုံခွင်၊ မင်းလွင်တိမ်ခိုးမြူး၊ ကျူးညံစာစာ၊ သာကာဖော်ရှာကြွေး၊ ဘာသာငယ်လေ၊ တွန်ကြာသူဝကျေး။ ကြင်ရေးသွယ်သွယ် လှူနှယ်၊ ပျူငှာလှယ်ဝေ၊ ပျံကူးသိုက်မြုံရွှေ။ (ယဉ်ရွှေစံမြန်း၊ ပင်နန်းငယ်သာနယ်ဘွေ)၂။ (ထိမ်ခြေ တောင်စွမ်လမ်း၊ စမ်းသွယ်သွယ်ခွေ၊ စီးကျယဉ်ရေ) ၂။ (လေမြေဆော်လှာသွေး၊ ထုံစီမာလာမွှေး၊ မြသွေးကြည်စွာ။ ယဉ်သီတာသွယ် ဖြာဆင်း၊ တောင်တောင်မင်း၊ ခင်းသာယာ)၂။ (မြောင်ဖီလာ၊ ကန္တာစုံခြေလမ်း၊ အိုဘယ်ဝယ် ဆည်သွယ်ရည်ရွှယ်မှန်း၊ စံခန်းကွာနယ်။ ပူတယ်လေဆယ်နေကဲ၊ ဖြေမပြေပဲ၊ သဲဝယ်ဖို)၃။ [(ညွှတ်ပြိုကာ ဆိုငိုမှိုင်ယောင်၊ လွမ်းနှောင်တောင်ရွှေစိုင်)၂။ ကြံမှိုင်ဆွေးဗျာအင်၊ ရွှေဘွင်ဝယ်ဆွေး၊ ဘယ်နတ်ကယ်လေ၊ ဖန်လာရေး]၂။ (ရေဖူးစာငယ်ကံ၊ ဆော်စီမံခင်း၊ ရေလင့်နေသင့်ကြာ၊ နေသင့်ကြာ ခွေယိုင်ကာသာညှိုး၊ နတ်မိုးဆွေဣန္ဒာ၊ မြင်ဘဲခုသာ)၂။ ဝေယန်ညာလေးသူ့ ဘုန်းမိုမို၊ ရွှေကိုယ်တော် ရေးသိရင်း၊ (မျှော်တင်း၊ ဖန်ဆင်း) ၂။ မောင်မယ်ပူပန်ခင်း၊ မြူခြေငွေနှင်း၊ လေညှင်းဆော်လှုံ့ချီ၊ ဆော်လှုံ့ချီ၊ (ရီရီပြာရောင် ညိုမှောင်တောင်ခိုး ခြယ်လှယ်အုံ၊ ခြယ်လှယ်အုံ။ လွမ်းပုံသွယ်သွယ်၊ ဖြေတယ်ပြေတော့နိုင်၊ ခွေယိုင်တွေမှိုင်၊ ဟောဝန်နန်းမြိုင်)၂။ ရီရီပြာရောင်ညိုမှောင်တောင်ခိုးခြယ်လှယ်အုံ၊ ခြယ်လှယ်အုံ။ လွမ်းပုံသွယ်သွယ်၊ ဖြေတယ် ပြေတော့နိုင်၊ ခွေယိုင်တွေမှိုင်၊ ဟောဝန်နန်းမြိုင်၊ ခွေယိုင် တွေမှိုင်၊ ဟောဝန်နန်းမြိုင်။

## ၂၉။ တောဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

(မှိုင်းမှုန်ပြာညို။ ရီမှောင်ဝေ၊ မြူတိမ်ခြေသွင်း၊ လေညှင်းဆော်ထွေ၊ ပျံ့ပျံ့ငယ်လှိုင်၊ ဘွေဆိုင်၊၊ ပန်းစုံတဲ့၊ ဟောဝန်မြိုင်) ၂။ ထုံဂန္ဓာကြော့မာလာခိုင်၊ လွမ်းမပြေနိုင်၊ ခွေယိုင်သာဟန်ထူး။ မင်းလွင်တိမ်းခိုးမြူး။ တောတောင်ယံသာဟန်ကျူးစုံနယ်ဘွေကာ၊ ယဉ်ရေကွန်။ ဆင်းကြည်သွန် အိုင်မွန်မန္တာခင်း၊ သင်းကြူကြိုင်ပန်းဖူး၊ ငှက်ပေါင်းမြူး၊ ဖော်စုံမောင်မယ်ကာ၊ ပျော်ဖွယ်သာ။ ရွှေကျေးတမာ၊ (သာကာခေါက်ရှာ မယ်လျှော၊ လွမ်းပိုအောင် ရွှေဥသြ)၂။ ရေကြာကြွယ်သည့်၊ ကန်လယ်မှာ၊ (ထူးတယ်မှုရာ၊ မြူးတယ်ပျူငှာ)၂။ များစွာဆန်းထွေလာ ရေမန္တာ။ ရေကြာကြွယ်သည့်ကန်လယ်မှာ၊

(ထူးတယ်မူရာ၊ မြူးတယ်ပျူငှာ) ၂။ များစွာတူဘာသာ၊ စုံဟေမာတောကြီး တောင်ယံလယ်၊ ရဂုံနယ်။ မျှော်လေလေ လွမ်းလို့ကျွမ်းရန်ကြွယ်၊ သည်ရာသီဝယ်။ (ဒွါရာမယ် တိုင်းသူကြံတော်ရွယ်၊ ရွှေညာဏ်ချယ်သာရွှေမြေ၊ မန်းမြင့်တောင်ယံဆွယ်၊ ပြန်ရွှေစာလှယ်)၂။

## ၃၀။ မန္တလေးမြို့ဘွဲ့ယိုးဒယား

[မန်းတောင်လက်ျာ၊ ဘုန်းနေလ၊ နှုန်းလေတေဇာဝေဖြာ၊ ဝင်းထိန်လို့ဝါ (များစွာဗိုလ်ခြေ ဝေနေပေါင်း)၂။ ကောင်းအောင်ခု၊ ကောင်းအောင်ခု၊ ဗုဒ္ဓင်လောင်းမို့ မြို့နန်းတည်ထောင်။ (မင်းမြတ်နောင် ကုန်းဘောင်နေညွှန့်သွေး)၂။ (ဒီပါမြေပေါ် ကျော်နှံ့ရေး)၂။ ဘုန်းတော်ဟုန် ခြောက်ဘုံနတ်ရွာ လွှန်ပျံ့မွှေးလို့ဘေးတော်မြေးမှန် (ထီးရာစံ၊ နက်သန်ခိုခရေး)၂။ ရွှေဘုန်းတော် နေလာဝေဖြာ၊ မန်းလက်ျာနတ်ရွာ ရေသို့အေး]၂။ [(ဒုမ္မာလေ ဒုမ္မာကြိုင်ပျံ့၊ မွှေးတယ်မွှေးတယ်လေး၊ နန္ဒာကန်သာရေမြ-အေးတယ် အေးတယ် အေးတယ်လေ) ၂။ (ဟိုရှေးလေ ရာဇဂြိုဟ်ပြည်လို၊ စည်ဗဟိုရ်တော်ကဟိန်းတာမို့)၂။ ဘေးရန်ခပ်သိမ်းလေတွေတို့၊ ဘေးရန်ခပ်သိမ်း လေတွေတို့၊ ငြိမ်းလေ ငြိမ်းလေပါလှ၊ ငြိမ်းလေ ငြိမ်းလေပါလှ ကြာတံဆိပ်နှင့် ဗျာဒိတ်တော်လာ၊ မိန့်ခွန်းလေ ခွန်းလေချိုမြသာ]၂။ ယဉ်ရောပတ်ကာဝိုင်းသည်၊ တိုင်းလေဌာနီ ရွှေပြည်ရွှေဘုံနန်း၊ ရေယဉ်သွယ်ဖြာ၊ စီးလာမောက်ဖြိုး၊ ရွာသည်မိုး၊ **ဘုန်းတန်ခိုး ရွှေမိုးငွေမိုးရွာ၊ ဆင်ဖြူရတနာ ဆက်မည်ခုရောက်လာ၊ အိုလေ** ဘုန်းတေဇာ၊ နေနှုန်းဖြာ (နန္ဒာရေဝန်းရံခါ၊ ပတ်လည်ကာရွှေမန်းတောင်တော်သာ)၂။ (အို-ဆန်းပါလှမြို့နန်းဝတိန်သာ)၂။ (မြန်ချာဖန်လှာနေညွှန့်မှာ)၂။ ဘုန်းလေမြတ် ဝေဆာ (အိုလေစံကာမြန်းသည်၊ မန်းလေရွှေပြည် တိုင်းလေဌာနီ)၂။ (ပုံမဝေးဘု ရောက်လုပါပြီ၊ မြတ်နောင်ညီသာကီ နေသို့ထွန်း)၂။ (ရွှန်းရွှန်းဝေ၊ ထွန်းတက်နေ ကျက်သရေ ငွေလစန်း)၂။ သေလာတောင်ရွှေမန်း၊ ဆန်းလေ့ ဆန်းစုံစွာ ဝေယန်နတ်နန်းပုံသို့ပါ (နန္ဒာရေဝန်းရံခါ၊ ပတ်လည်ကာ ရွှေမန်းတောင်တော်သာ)၂။ (အို-ဆန်းပါလှ မြို့နန်းဝတိန်သာ)၂။ (မြန်ချာဖန်လှာနေညွှန့်မှာ)၂။ ဘုန်းလေမြတ် ဝေဆာ (အိုလေ စံကာမြန်းသည်၊ မန်းလေရွှေပြည် တိုင်းလေဌာနီ)၂။ (ပုံမဝေးဘု ရောက်လုပါပြီ၊ မြတ်နောင်ညီ သာကီနေသို့ထွန်း)။

## ၃၁။ မင်းတုန်းမင်းတရားကြီး ဘုန်းတော်ဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

(တောင်ဇမ္ဗူပိုင်း၊ ကျောလှိုင်တေဇာ၊ ဘုန်းပျံ့မွေး။ တသိရိန်ကြွေညာ၊ နေလာသမ္မိန်၊ ရာဇာအာဟိန်၊ ဂီရိန်ရန်မြူဝေး)၂။ (နှုန်းလေ တန္တီရာဝင်၊ ရှေးယော်ကသာ၊ တွေးဖွယ်စုံမရာ။ မန်းသေလာ၊ အောင်ချာပြည်တိုင်းခန်း၊ ဝိသုကံ စိမံဖန်လာဆန်း။ တညီသွင်၊ တိမ်စွန်အာကာ၊ မိုးယံမှောင်မြူ ရှင်းတယ်ပယ်ခွါ ခြယ်မြွာစုံစီ၊ နီလာစိန်ကြောင်၊ ရှိန်ဖြာရီမှောင်၊ စံဆောင် ဘုံရွှေနန်း) ၂။ (ရေယမုန်သီတာ၊ ရောခွေကာ သုန်သုန်းဆင်းတယ်၊ အောင်မြေမှန်ရာ၊ မန္တာခမြေခုံမင်း၊ မှာ၊ သီတာရွှေဂူနန်း)၂။ (ဝေလျှံဖြာ၊ နန်းရှေ့မျက်နှာ၊ ကြည်သန့်ရှင်းတယ် ကန်မင်းနန္ဒာ၊ ကမ်းတရိုတွင်၊ လျှမ်းပြည့်ရွှေကြာ၊ ချပ်မုံအာ ကြိုင်သင်းထုံလှိုင်စွာ)၂။ (ရွှေသာရကာမင်းမယ်၊ ကျေးကစော) ၂။ (တညီညာ ကြော်သံခေါ်ကာ၊ မယ်ညိုဖော်ရှာ အေးရင့်နော) ၂။ (နန်းချင်းပျူငှာ၊ ဘာသာနောသနွှဲသာ၊ ရောဆင့်ကြော်ငြာ၊ စင်ရော်ပျံလာ၊ ဇာတိငွေမှုန်၊ သောင်ခုန်ပြန့်ဘွေ၊ နေစာတောင်တင်လှမ်း)၂။ (ကန်သာထူးတင့်ဆန်း၊ သံသာ ကျူးရင့်မြန်း ကန်သာထူးတင့်ဆန်း။ စမ်းရေဖြာ၊ တောင်စဉ်ခွေကာ၊ ရစ်ဆီးခြံရံကာ၊ တရွှေညီဒေဝီသူဇာ နန်းမယ်ဖြူပြာ၊ ဆန်းတယ်မူရာ၊ ရွှေသိင်္ဂါသူ၊ ဆာပူကြိုလှာ၊ သည်းမှာကပ်အောင်၊ သိခေါင်ရီ မှောင်ဆိုင်း)၂။ (မိုးနွေဂိမ္ဘာနန်ခါမှီ၊ လျှပ်ခြည်ဆိုင်းတယ်၊ အုံ့မှိုင်းရီမှောင်၊ မေဃိန်ဒေဝီန် ပတ်လည်ဝိုက်ခါ၊ သွန်းသနွှဲသာ ရွှမ်းဆင့်စည်တံမြွာ)၂။ အို အမွှန်မှူး၊ ကျူးပြန်တော့သာ။ ရွှေဘုန်းတော်မိုး၊ ဖြိုးရွာသွန်းကာ။ ပြည်ပြည်သူပေါင်း၊ သောင်းခြိမ့်ကြော်ငြာ၊ (ရာမင်း၊ စက်တော်ခီလှုံစင်း၊ အိုလေကညာ၊ ဆက်လှာသွင်းရ၊ မင်းမင်းဧကရာ၊ တေဇာနေလာ၊ ဝေဖြာမိုး၊ စိုးလေစံကာ စံကာ၊ ပြည်ရွှေမန်းမြို့ အောင်မြေမှန်ရာ၊ သိမ်းစံမြန်းတယ်၊ နန်းလေ[illegible]စိုက်ရာ)၂။

## ၃၂။ အလွမ်းဘွဲ့ယိုးဒယား
(ပြင်စည်မင်းသား)

(ရွှေတညာ၊ ဖျော်ဖြေဘွေကြော့၊ မြန်မြေချာဝယ်၊ လွန်သာထွေလို့၊ ဖန်ရွှေ စာငယ်၊ မူရာပိုဖွဲ့၊ ဆိုယောင်မှား)၂။ စံစပယ်၊ သည်ဝယ်သာခု၊ ညာညီရှယ်၊ ဘုံလယ်ဘွေငယ်မှာ)၂။ လွမ်းစေ၊ ဘယ်ဝယ်သာလေ၊ ဘုန်းဝေ၊ ဆန်းထွေထွေ၊ မန်းရွှေမြေ၊ ပန်းဖြေကာ၊ (ဂန္ဓာလှိုင်သင်း၊ ညှင်းလေညာ)၂။ (မာလာခိုင်စုံ

ရွှေငုံဖူးနွဲ့ ကြိုင်လှိုင်၊ တောင်တောစိကာ ဖီလာမြိုင်)၂။ လွမ်းမပြေနိုင်၊ ကျွမ်းကြွေယိုင်၊ ကွန်းဘွေဆိုင်၊ (ပန်းခိုင်မှုန်ပျံ့၊ ထုံမပြယ်) ၂။ (ရွှေရွှေရွယ်၊ ပျော်တော်ဖော်လော်၊ ချီးခေါ်ရင့်ရင့်ကြွေး)၂။ (ချိုသံသာ၊ မူရာဟန်၊ လွမ်းရန်ထွေ၊ ဖြေဖြေတယ်၊ သည်ဝယ်ညွှတ်ပြို၊ ဆေးဝန်မှုပို)၂။ ရွှေဘုန်း ဘုန်းမိုမို၊ ခွေနန်းနန်းရန်ကို။ ဘွေအုံး အုံးသဉ်ညို၊ ဆည်းရုံး ရုံးနိုင်လို။ အိုမန်း မန်းဘွေလယ်၊ ရွှေနန်းနန်းမြေဝယ်။ [(ပန်းလေဘွယ်အောင်၊ ညှင်းလေဆောင်)၂။ ဝေဝေမှောင်၊ ဖြာရောင်ရှစ်ခွင်၊ ဆင်ယင် ဝိုင်းကာအုံ)]၂။ (ကျူးတသုန်၊ ပဇ္ဇုန်ဆော်နိုး၊ မိုးမိုးမာန်မာန်၊ တိမ်ယံကွန့်မြူး)၂။ (မူးဝေယိုင်ကာသာ၊ တွေမှိုင်ကာပင်၊ ဖြေလဲမရှင်)) ၂။ ပျော်ဖွယ်သာဆင်၊ ပွေအင် ရွှေဘွင် လွန်ကြည်ကွဲ၊ သဲနေမရှင်၊ မင်းလွင်မြူမှောင်၊ ပြာရောင်တောင်ခိုး ခြယ်လှယ်အုံ၊ မှိုင်းမှုန်အာကာဘောင်၊ ပူအောင် ပူအောင်သာပင်၊ ရှစ်ခွင်ကသာ မုန်တိုင်းဆင်၊ လွမ်းစေ၊ ကျွမ်းကြွေမည့်သွင်၊ ဆိုရင်လဲသာ၊ တန်ဘဲကို၊ (မိုးမာန်ဂုဏ်၊ ငြိုးဟန်သုန်၊ ပဇ္ဇုန်ကသာ၊ ဆော်သွင်းမြူး)၂။ ထူးထူး ထွေထွေ၊ ဖော်ရွှေပျော်ကြောင်း ဖန်ခါခါ၊ ကျူးသီဖွဲ့သာ၊ မူးဝေမှိုင်ကာ၊ ဘာသာသည်မှာ သဲကြော်ငြာရှင်စံရာ၊ ဖူးရွှေဖန်လာ။ နွဲ့ကာပင်၊ ယိမ်းယိုင်ချင်၊ လွမ်းရန်ဖို့ဆင်။ မင်းလွင်မြူမှောင်၊ ပြာရောင်တောင်ခိုး ခြယ်လှယ်အုံ၊ မှိုင်းမှုန် အာကာဘောင်၊ ပူအောင် ပူအောင်သာပင် ရှစ်ခွင်ကသာ မုန်တိုင်းဆင်၊ လွမ်းစေ ကျွမ်းကြွေမည့်သွင်၊ ဆိုရင်လဲသာ တန်ဘဲကို၊ (မိုးမာန်ဂုဏ်၊ ငြိုးဟန်သုန်၊ ပဇ္ဇုန်ကသာ ဆော်သွင်းမြူး)၂။

## ၃၃။ နန်းသိမ်းယိုးဒယားဘွဲ့

(ဝက်မစွတ်ဝန်ထောက်)

[စိန်ဧယင်နန်း၊ သဉ်ပြန့်ဗွေလယ်၊ (နေနွှတ်မြတ်ရင်း၊ နတ်ဆင်းနွဲ့သွယ်)၂။ လျှံဝေ စံရွှေနန်းမှာ၊ ရွှေသန်းရုံလှယ်၊ ပုံနေ ထုန်ငွေဝန်းကဲ့သို့၊ ထွန်းလေလေ၊ ထွန်းတင်တယ်] ၂။ (မြန်ကျွန်းစံညွှန်းလေ ယှဉ်ဖက်ကွယ်၊ လျှံထွန်း မှန်ကွန်းဘွေပြင်ထက်ဝယ်၊ ရုံဝန်း သံညွှန်းခြွေ တင်မြွက်လှယ်တယ်လေးပင်၊ မူအင်ယှင်၊ ပျော်စေ ဖျော်ဖြေ၊ ကျူးတယ်ချိုလွင်၊ စုံဖူးလေ ဆယ်ညွှန့်ဆင်)၂။ (ရွှေပြဘင် နွယ်ဘုန်းဂုဏ်မို့၊ မြေတခွင် နယ်လုံးတုန်လို့၊ လှုံ့ခဲဆက်ထုံ။ နှင်းလေလေ သက်နှံ၊ ဝင်းလေလေညက်စံ၊ သွင်းလေလေ ဆက်ပန်တောင်း၊ ကင်းလေ ကင်းလေ မျက်မာန်ပျောင်း၊ ရာနုရိန် သာကိန် အာဟိန်၊ သမ္ဘိန်ဝံသာ၊ ဝပ်စင်းသည်မှာ၊ ညွှတ်ကျိုးဆယ်ဖြာ၊ ရှိခိုးလေစုံစကြာ၊ ၂။ [ဒီပါလုံးယယ်လေကြေညာ၊ နှုန်းဖွယ် လေသွေခွာ၊ ချုန်းတေဇာ၊ ဖြာလင်းခြောက်ရောင်၊ တောက်ပြောင်လျှံကွန့်ဝင်း၊

မျိုးဆဒ္ဒန် တိမ်ညွှန့်နှင်း၊ (သိန္ဓဝါ ဣန္ဒာထံရင်း၊ ဆက်နှင်းခိုကာ) ၂။ ရေမြေပဲ့တင် နှိုးပါလို့၊ တန်ခိုးဝေဖြာ၊ နယ်တိုက်လုံးကို ပိုက်ကျုံးလေ ခြိမ့်ခြိမ့်ဩ] ၂။ မိုးဘွေ ချာဖြိုးဝေစွာ၊ အို ကိုးမျက်မြွာ၊ ပြိုးပြက်ဖြာ၊ ပုံတောင်းလေစကြာ သက်ခါ၊နီးလေလေ ပြီလို့၊ ချီးအံ့ဗိုလ်ပါ၊ ရတနာဝှန်ဖြိုး၊ သွန်းကြိုးစွေကာ၊ မိုးညံ့ခြိမ့်ရွာ၊ နိဗ္ဗူခေမာ၊ အောင်ချက်ကျွန်းကို ထက်ဝန်းမြေချာ၊ နယ်တစ်သောင်းမှာ၊ လွှယ်ကြောင်းလျှင်စွာ၊ ဘယ်မသောင်းအောင်၊ တောင်းလေလေ ပန်ရွက်ကာ)၂။

**အမှာ** ။ ။ (စိန်ယောင် နန်းယိုးဒယားမှာ၊ သီပေါမင်း၏ သမီးတော် ထိပ်စုမြတ်ဘုရားလေး မြပုခက်တော်တင် မင်္ဂလာသဘင်အခမ်းအနားတွင် အမိန့်တော်နှင့် ဝန်ထောက်တော်ဝက်မစွက်မြို့စား မင်းကြီးမင်းထင် မဟာစည်သူ ရေးသာ ဆက်သွင်းသော နန်းသိမ်း၊ ယိုးဒယား အလိုက်သီချင်း ဖြစ်သည်။)

## ၃၄။ ရာမဇာတ်ဖြည့် ယိုးဒယား

[(ကြို့ညိုစံရာ၊ သုကျိတ်မင်းမှာ ယောက်ချင်းလေ ပျော်ရရှာ) ၂။ ။ မြင်လာအုံး ဘုန်းသုဘတ္တာ၊ သည်မောင်ပူရတုန်းပါ) ၂။ (ဝေးဝေးဝေး၊ ဖော်ဖော်ကွာ၊ ပိပ္ပလိကျွန်းမန္တာ) ၂။ ကိတ္တကိန္နာ စံရာနန်းကို၊ မျှော်မှန်း၍သာ၊ သုကျိတ်မင်းမှာ ယောက်ချင်းပျော်ရရှာ] ၂ ။ ။ (တော်မှော်ရုံမှာ၊ အို–ရွှေသမင်မိုက်ကို၊ လိုက်လို့လာ၊ လေးညှို့ဒေါင်တင်ကာ) ၂။ ။ [(စကြာ စကြာကိုယ်တော်နှင်း၊ တော်မှောရုံတွင်း) ၂။ ညီတော်ကယ်အုံး၊ နောင်ဘုန်းမှာသာ၊ လက်နက်စကြာဦးပေါ့၊ မာယာဆန်းချီ၊ မိဂမ္မီ] ၂။ ။ (မင်းသီတာ၊ မင်းသီတာ မျှော်ကာရင်တီး၊ ပူလေ့ ပူတယ်၊ သက်လယ် ဘုန်းကြွယ်၊ ကိုယ်တော်ကြိမ်တဲ့မီး၊ ရွှေရင်အုံ၊ လက်စုံမလို့တီး) ၂။ ။[(မတ်တော်မောင်ရင်း၊ လိုက်လေလိုက်ချင်း) ၂။ ခင်းတဲ့ခင်းမသာ၊ စည်းလေ သုံးတန်ဖြာ၊ လိုက်ရှာရ၊ တောဝမှော်ရုံခွင်၊ သိဃ်္ဃဳရှင်၊ ဟန်ရပ်ဆင် ဟန်ရပ်ဆင်၊ ကိုယ်တွင် ကိုယ်တွင်သက်န်းဝါ]၂။ ။[မင်းသီတာ မင်းသီတာ၊ သစ်သီးလှူပါတကာမ)၂။ စည်းတွင်းခင်ကြွ ခင်ကြွ အို ဘယ့်နှယ် ဘုန်းခင်ဝင်ရမယ်] ၂။ ။ [(သည့်နှယ်ရမ်းဆိုရန်ကွယ်) ၄။ (သီတာနဲ့နှောင်းလောင်းရှာရတယ်) ၂။ မိုးတိမ်လယ် သိဃ်္ဃဳစားငယ်၊ ယူဆောင်ကာ သွားလေတော့တယ်] ၂။ ။(ပန်းစုံကြိုင်သင်း ကန္တာတွင်း၊ ညှင်းတဲ့ညှင်းနံ့ဖြာ၊ ပန်းမျိုးစုံလင်စွာ၊ ကန္တာလယ် မောင်မယ်ဖော်မပါ၊ ဖော်ကွာ ဖော်ကွာပြန်တော့သာ၊ သည်မောင်မှာ) ၂။ ။ (ကိုယ်ထူး ကြံ့ရ ကြံ့ရ၊ အို–ကံဘယ်နတ်ရေး ရွှေဖူးစာ) ၂။ ။ (မိုးဣန္ဒာ ဒေဝါမင်းငယ် ဆင်းစောင်မပါ)

၂။ သည်လေ ဖော်မပါတောကြီးကန္တာ၊ (အို–တိုင်းအောင်ချာ၊ တိုင်းအောင်ချာ၊ မျှော်ကာသာ ဆွေးဆွေးဖို့သာ) ၂။ (ကိုယ်ထူးမောင့်မှာ၊ ကြုံလာရ ကြုံလာရ၊ ဟိုခင်ကံငယ် မေးတယ် အေးနိုင်ဘွယ်၊ တောမြိုင်လယ်၊ သိဃ်ိုစားငယ်၊ ဆောင်သွားလေပြန်တော့တယ်) ၂။ ။

## ၃၅။ ရာမဇာတ်ထွက်ယိုးဒယား

(ပြင်စည်မင်းသား)

(ပန်းမြိုင်လယ်၊ သာနယ်ဘွေ၊ မျှော်လေတိုင်း၊ ပြာခြေဆိုင်း၊ ဝေမှိုင်းမြူမှောင်ခြယ်၊ အိုဘယ်ဝယ်၊ တောင်စွယ်မော်ရုံကြော၊ လွန်သာမောဘွယ့်၊ တောစုံယံမှာ၊ ရေလျှံဝင်းမှည့်၊ ထုံမှုန်ကြွေ၊ ရီဝေပြာပြာလွမ်းဘွယ်စေ။ လေပြေဆော်ကာ ဟေမာတွင်း၊ တုံစီမလ္လာ ဂန္ဓာသင်းဝှန်၊ ယဉ်ရေခင်းငယ်၊ ဆင်းကြည်သွန်။ သီလာဘွေကွန့်၊ ညာမြေစွန်၊ မြရောင်ဖြာဆင့်၊ ကန်သာလွန်) ၂။ မျှော်ဆွေးမှုဖန်ရှုယ် ရေးခုကြုံဘွယ်ညွန်၊ ပင်တိုင်ညာနန်းစံ ဆွေပဟန်ငယ်သာ၊ ဖန်လာမြင်တော်ဣန္ဒာ၊ (သီတာမူရာ ပူဇျာလှယ်လို့ ခုဝယ်ကြုံတော့ ဘယ်ရွှေကံ၊ အိုလေ ဆိုယောင် ငိုယောင်ကြီးငယ်နှင့်သာ၊ ညည်းမိဖန်ခါခါ၊ ကြာနန်းမယ် မှန်းရွှံယ်၊ ပန်းတယ်ပူဇျာဝှန်၊ ဖြေညွှန်ခွေယမ်းပျောင်း၊ သောင်းမြေပြန်ရုံ၊ ဝေယန်သိင်္ဂါရွှေဘုံ) ၂။ တောင်ယံလယ်ကြော့၊ မြိုင်နယ်စုံ၊ ခိုင်ရွှေညာနွဲ့၊ မာလာမှုန်) ၂။ (ညွင်းလေသွေးငယ်၊ သွင်းခြွေအေးတယ်၊ ဆင်းရွှေသွေးလှယ်၊ မွှေးကြိုင်ထုံ၊ သင်းပျံ့ကြူ၊ ခိုင်ပန်းရွှေမဥ္ဇူ၊ နွဲ့မူရာ၊ ကန္တာလှော်စံမှုန်၊ ဟေဝန်မြိုင်သီလာ၊ စီကာမြောင်ကွေ့၊ ရင်အောင်လှယ်ဝေ့ခြယ်ရုံ၊ လွမ်းဘို့ဖန်လာကြုံ၊ ၂။ (ဘုံရွှေနန်းငယ်သည်ဝယ်၊ ကွာနယ်ဆွေးရန်၊ ကြံမှိုင်တွေးပြန်၊ ပူဝှန်ပန်းဘွယ်သည်မယ်၊ ညိုးတယ်ဝင့်ဖန်၊ ဆိုယောင်းမှားကံ။ ဝေးသူ့ရပ်နယ်မြေ၊ စကြာစုံရွှေမြန်း၊ ရှိန်ဖြာကိန္နာ ပြည်တိုင်းခန်း၊ ကြို့ညိုသစ်ဘုံစံကွန်းနန်း၊ ဖြန့်မြန်းညီနောင်လော၊ စွန်တောင်ကိုင် ရွှေလေး ရိပ်ဝင်ငယ်လေခို ကြောင်းရေ၊ ပျော်ယောင်သာ စက်မေး၊ တွေးဘွယ်ကိုပင်၊ သုကျိုတ်မြောရှုဆင်ခြင်) ၂။ (ညီနောင်မူရာ သူသာမြင်၊ သည်တွင် ရွှေဘဝင်လွန်လှိုက်လှဲ) ၂။ ပူလောင်ကြည်ကွဲ(ငိုယောင်ဆည့်လဲ သည်သဲပြေဘဲအောင်သာ၊ သွယ်ကာငွေနှင်း၊ မျက်ရည်ဖြာဆင်း၊ ရင်တွင်းဝယ်သာ၊ ရာမင်းငယ်မှာ၊ စက်ခါပျော်ဘဲနိုး) ၂။ မျှော်တော်မြင်သော် ညွှန်လက်ညှိုး၊ဝပ်လျှိုး၊ မျောက်မွန်၊ ကြောက်ဝှန် ကြိုက်သီးမိုး။ (စုံဆယ်ဖြာ၊ ပန်ထွာဦးတင်၊ ဖူးမြင်သက်လွတ်ကြောင်း * ထံတော်ပျောင်း၊ သောင်းမြေပိုင်၊ ရာမင်းဦးကိုင်၊ ဘုန်းညွှန့်လှိုင်။

---

* "ထံတော်ပေါင်း" ဟူ၍ မူကွဲရှိသည်။

ပြည်ကိန္ဒာ၊ နန်းမြိုင်ဆီမှာ၊ ဗာလီသူမင်းမူ၊ ပူဇျာဘယ်မငြိမ်း၊ သိမ်ယူငယ်သာ၊ ဖော်ကွာမယ် သုဘတ္တာ) ၂။ (သည်မှာတောင်သာ ခိုမှီရာ၊ သေလာမြိုင်ချာ ကြို့ညိုနန်း) ၂။ စံမြန်းခုဝယ်၊ (နေနှယ်ရွှေဘုန်းလက်ရုံး ပြိုင်နှုန်းတေဇာ၊ စကြာတော်ရင်းဆက်လှာ ခွန်သွင်း၊ သက်နှင်းပန်ထွာ၊ ကြောင်းလျာငယ်၊ ကုန့်စင်ရှိ ဦးထား)၂။ (ရွှေနား၊ ဆင်ပါတင်ကာပန်လျှောက်ကြား)၂။ ညာနန်းနတ်ကယ်သွင်၊ လေယာဉ်ပျံ၊ တိမ်ယံတောင်စွယ်၊ မိုးလယ်ဝေယန်ဖျား၊ မြသားစုံမြိုင်ညို၊ သိဃို ရှင်၊ တင်ယူဆောင် လှာ၊ မျှော်ကာမြင်မိငြား။ တဆိုင်ငိုသားငယ်၊ ခုပင်ကြားမြင်ခါ ဖန်ဖန်၊ ဩော်ကံ ရွှေဖူးစာငယ်နှယ်၊ ကြိုတယ်ဘယ်ရေးဝင့်တုံ့လှယ်၊ ခုသည်ဝယ်၊ ဆည်ဘွယ်ကြံရွယ်။ ပူနယ်ပိုအင်၊ သက်ခင်ကြွေလှသဲ။ မြင်တော်လာဘဲငယ်နှင့်သာ၊ ကွဲကြေပူဗျာပုံ၊ မော်ရုံဂုနန်း စံတော်ရာ မျှော်ကာမြင်သေး ဆိုယောင်သားငယ်ဘယ်မှာ၊ ဆည်နိုင်အောင် ကို၊ လွှမ်းဝှန်ထပ်ပို၊ ဆွေးညှတ်ပြို၊ (မြရေညိုပင်လယ်သီဟိုဋ္ဌ်၊ လေနန်းဝေယန်၊ ဗိမာန်တောင်စွယ်ခို၊ အာကာဘုံလယ်ဝေမို၊ ငွေနှင်းသွယ်ယို ကြည်ကွဲရန်ကကို) ၂။ အိုဘုန်း၊ မြင်တော်မူလှဲ့အုံး၊ ကြော့ယဉ်ဆုံးငယ် ရွှေကေရှင်၊ သောတာလနန်းငွေ တိမ်စင်၊ ကြေးမုံပြင်၊ သွင်မြသား) ၂။ တယောင်ဘုန်းမောင်ရွှေကိုသား၊ ဟောဝန်ဖျား၊ မြိုင်သီလာ၊ တောင်ယံတောစွယ်၊ သာမောဘွယ်စေ၊ ယဉ်ရေသွယ်သွယ်ဖြာ၊ ကန်သာသီတာ စိကာသန်း၊ ရွှေကိုယ်သည်ဝယ် ပူနယ်၊ ပန်းအောင် မယ်မောင် ဗျာဝှန်ပိုမိ၊ ဆိုင်မှိုင်ယောင်၊ သည်းခေါင်ကြွေလှုပန်း)၂။ ။

# မွန်သီချင်းများ

## ၁။ အလွမ်းဘွဲ့မွန် ၁၂ ခန်း

(ပြည်စည်မင်းသား)

ညှင်းညှင်း ပဋ္ဌင်ရွှေတံမြွှာ၊ ကျူးအေး ကျူးအေး၊ အေးပြန်လှာလေ၊ ဆောင်သံဝါရွှမ်း၊ လွမ်းဘွယ်ရာ၊ ညွှန်းရှယ်ကာ၊ သီတာယဉ်ရေ၊ ခွေဝန်းမြှောင်လို့၊ လွမ်းနှောင် ရွှေအဏ္ဏဝါ၊ ကြင်ဖော်ကွာ၊ မြင်တော်လာလေ၊ (မျှော်ကာပူဆွေးရင်း၊ အို ပျော်ဘဲလင်း)၂]။ ခင်းစံဘွေလယ်၊ ငွေနှင်း နှင်းမှုန်ခြယ်၊ ညှင်းသာလေဝယ်၊ မျှော်တော်ဖြေ၊ ပြေဘဲလင်း) ၂။ [(စံခင်းဘွေဆိုင်၊ ကိုယ်ထူးပျော်နိုင်) ၂။ မှိုင်နွဲ့ ခွေယိုင်၊ သည်းဆိုင်လောင်ကြွေကျွမ်း] ၂။ (အို ဖန်ဖန် လွမ်းရ၊ ပူဝှန်ပိုပွားရင်း)၂။ တိမ်စင်ငွေစန်းမှာ၊ ထင်တော်သာ ခုရွှေရုပ်သွင်၊ မြင်လာပြန်လျက်ကယ်လင်း၊ နှင်းလှိုင်ပျံ့၊ ခင်းစံရာ၊ သင်းကြိုင်ပျံ့ ပန်းမာလာ၊ ကေသီကြော့၊ မြဆံညှာ၊ သိမ်းနိုင်ပါခု၊ ပူဝှန်သွယ်ဖြာ၊ ရွှေသဲဘွင်မှာ၊ ဆည်ပါနိုင်ပဲကျွမ်း၊ လွမ်းဖြေပုံ သည်ဝယ်၊ တောင်နှယ်ထု၊ ဆင့်ကဲရင်း၊ ရွှေနေရဏ်ညီလာ၊ ဒီပါဖြန့်တုန့်ကင်း။

## ၂။ ဘုန်းတော်ဘွဲ့ မွန်သံစုံ

(မင်းတုန်းမင်းလက်ထက် ပြည်စည်မင်းသား)

(ကောင်းကြီးသခ်ါ၊ ရွှေနေဇာ၊ ဘုန်းမိုးစွေကာ၊ သွန်းဖြိုးဇေယျာ၊ ဟသ်ာဘွေ၊ အောင်မြေရွှေဘုံဦး၊ သြဘာတော်သာ၊ ကျူးရင့်ကြွေးကြော်ငြာ) ၂။ ပိုင်စိုးသောင်း မြေနယ်ဒီပါ (သီတာဖီလာ ရံဝန်းသွယ်၊ ပင်လယ်ဝေမို့၊ ရေလှိုင်းဖြိုင်) ၂။ -(လေးဆိုင် လေးဆိုင်) ၂။ ဆယ်ခိုင်စုံကြာ၊ ရှိဦးခိုလှုံကာ] ၂။ (မြန်ဇမ္ဗူချာလုံး ၊ စံမတူရာဘုန်း၊ ရေမြေခွန်ယူ ကျူးလိမ့်ရွှေတေဇာ) ၂။ ထီးရာပြည့်ပြည်မင်း၊ နှင်းပုံလာ၊ များလွန် စုံပဏ္ဏာ) ၂။ [ဘုန်းပန်းမင်္ဂလာ၊ မှန်ဣန္ဒာညွှန်း၊ (မြမန်းဘုံရဝေ)၂။ ငွေစန်း၊ ချွေသန်း၊ နေနန်းလင်းထွန်း] ၂။ တိမ်ဆိုင်းဝေ မမှောင်၊ ဝင်းရှန်းဖလ် တန်ဆောင်၊ သာခေါင်ဖြာရောင်၊ ရွှေတောင်သိုက်ညွှန်း၊ နေရဏ်ဘွေမန္တလာ) ၂။

(ဝေဆာကြိုင်လှိုင်လန်း၊ ပန်းမာလာ၊ မွှေးပျံ့ရွှေနန္ဒဝါ) ၂။ (သာမျိုးကျူး၊ လေပြေ လေညင်းမြူး) ၂။ [(ထူးထူးထွေထွေ) ၂။ စုံခြေရဂုံတော၊ ငှက်မွန်ငယ်လေ ဖော်ချင်းနှော၊ (စောမယ်မောင်ရေညို၊ သီတာရင်ဘောင်၊ ရွှေသဲဖြူငွေသောင်) ၂] ၂။ (လွမ်းအောင်ဖန်လာရေးသံသာ သံကျူးအေး) ၂။ လေးဒီပါ ကျွန်းကျွန်း ပိုင်ယှူကျူး၊ ကြေငြာဘုန်း၊ ရွှေတေဇာ ထွန်းလင်း။ မန်းမြေတောင်များထီး၊ ရွှေပြည်ကြီး၊ တည်စံရာ ရွှန်းဝင်း။ စကြာပိုင်းစိုးမြန်း၊ ဆယ်ကြာပန်း၊ ဦးနှိမ်ကာ မင်မင်းငယ်လေ စက်ဖွားတော်ရင်း။ ဝေယန် သိင်္ဂါ မိုးညွှန့်ခင်း၊ ဆဒ္ဒန်ရစာ၊ နတ်သနင်း၊ ဣန္ဒာသည်မှာ နှုန်းရ ဖက်မယှဉ်း။

## ၃။ တောတောင်ဘွဲ့မွန်

(မင်းတုန်းမင်းလက်ထက် ပြင်စည်မင်းသား)

(တောင်ယံတောက၊ မောလေအောင်၊ ဝေးကြူးသီခေါင်၊ ရီမှောင်ပြာလဲ့၊ ညိုဆိုင်းဆိုင်း၊ ဝေမှိုင်းမှိုင်းလေ၊ ပင်တိုင်းသာ၊ မာလာခိုင် ကြိုင်သင်းသင်း) ၂။ (နှင်းယွန်းဝသန်နွေ၊ စုံမြိုင်ခြေဦး၊ သာဟန်လေ သာဆန်းထူး) ၂။ [(ငုံကင်းဖူး၊ ထုံသင်းမြူး) ။ လေပြည်ညှင်း၊ သွင်းသုတ်ခြွေ၊ ဝတ်ညွှာရွှေငယ်လေ၊ လေညင်းရှူး၊ မွှေးမျိုးကျူး] ၂။ ထူးထူးထွေလာ၊ ဝေဆာတည့် ပင်လုံးလန်း၊ ပန်စုံမြိုင်တွင်း၊ သင်းတဲ့သင်းကြူစွာ၊ ရေယဉ်သွယ်ဖြာ၊ တောတောင်ဖီလာ၊ (သီတာရင်ဘောင်တန်း၊ စီကာမြောင်ပတ်သန်း) ၂။ (သင်းပျံ့ကြိုင်လှိုင်ထုံ၊ မွှေးရွှေဝတ်မှုန်) ၂။ (ပန်းကစုံစုံ၊ သာနယ်ရဂုံ၊ ကြည်ဖွံ့ရေယမုန်) ၂။ (သုန်သုန်လေပြည်ညှင်း၊ ခင်းညှံ့ဘုံ၊ နှင်းနုံ့ စီစီရုံ) ၂။ (မှုန်မှုန်မှိုင်နယ်တဝှန်း၊ အမွှန်ဆိုင်း ဘွေတသွန်း) ၂။ [လင်းရွှန်း အရောင်ဝေ) ၂။ မြူမြေမင်မှောင်ဆိုင်း၊ မှိုင်းညိုပြေ၊ မှိုင်းညိုပြေငယ်လေ]၂။ (စံရဝေ၊ မန်းဘွေ၊ ရွှေတိုင်းခန်း၊ နန်းအောင်မြေ၊ မျှော်လေ ခါခါပန်း မန်းနယ်ဘွေ၊ မန်းနယ်ဘွေငယ်လေ) ၂။ စန်းရောင်ရွှေ၊ နန်းငွေယုန်ပျံ့မွန်း၊ ပုဏ္ဏဝန်း ငွေသော်တာ ထွန်းဝင်း၊ မိုးယံမျှော်မိသေး၊ ဖန်ဖန်ဆွေး၊ ပူဝန်ပိုပွားရင်း၊ သုံးယာမ်သန်လွဲပြောင်း၊ သာငွေမောင်းက ညံ့ညံ့ဆော်၊ ပျော်နိုင်ပေါင် ခွေလျက်ကယ်လင်း။

## ၄။ တောတောင်ဘွဲ့ မွန်သီချင်း

(သက္ကရာဇ် ၁၂၀၃–ခုနှစ်၊ ရွှေဘိုမင်းလက်ထက် ရန်ကုန်မြို့၌ စံနေတော်မူစဉ် ပြင်စည်မင်းသားရေး)

(တောင်ယံတောက၊ မောလေအောင်။ ။ ဝေးကြူးသီခေါင်၊ ရီမှောင်ညို ညိုဆိုင်းဆိုင်း၊ ဝေမှိုင်းမှိုင်းလေ၊ ပင်တိုင်းသာ၊ မာလာခိုင်ကြိုင်သင်းသင်း)၂။

(နှင်းယွန်းဝသန်နွေ၊ စုံမြိုင်ခြေဦး၊ သာဟန်လေ သာဆန်းထူး) ၂။ [(ငုံကင်းဖူး၊ ထုံသင်းမြူး)၂။ ဂေါ်ဇင်မင်း၊ ဆင်းသိင်္ဂါ၊ ဝင်းမှည့်ညှာငယ်လေ၊ သာယိမ်းနူး၊ မွှေးမျိုးကြူး] ၂။ ထူးထူးထွေလာ၊ ဝေဆာတည့်မြိုင်လုံးလန်း၊ ပန်းစုံမြိုင့်တွင်း၊ သင်းတဲ့သင်းကြိုင်စွာ။ ။ တောင်စဉ်ရေယဉ် တောရဂုံညှာ၊ (သီတာရေကြည်လဲ့အေး၊ ငှက်မွှန်ဖြေတင်းမေး၊ ပျူငှာသံကျူးကြွေး)၂။ (ခါကူးဂိမ္မာန်နွေ၊ တောင်ပြန်ညင်း၊ သွင်းသုတ်လေ)၂။ (ဆော်သွေး၊ မျှော်တွေး ဖော်ကွာဝေးဆွေးပူ) ၂။(နေနိုင်၊ ခွေယိုင်၊ ဆွတ်ဖျန်း ဖြေဆည်နိုင် သုံးရွှေလုံးပိုင်) ၂။ (နှင်းယွန်းဘွေလှိုင်၊မဥ္ဇူကေခိုင်၊ နွမ်းလျော့သာခွေယိုင်)၂။ (သည်မြိုင်ရဂုံတွင်း၊ သင်းပျံ့လှယ် ဝေးကစုံတနယ်)၂။ (သွယ်သွယ်ငယ်လေ မျှော်တိုင်းပန်း)၂။ ငုံခြွေ၊ မှုန်ရွှေ၊ ထုံလေပြေ၊ တိုင်းဟံသာကျေး၊ ဝေးမြေသီခေါင်၊ ကျွမ်းဖို့လွမ်းဆည်ဖြေ၊ (ဆွေဆည်မွေနည်)၂။ (နေတည်ပန်းအောင်လဲ့ညှိုး အာကာနန်းနယ်တရိုး၊)၂။ သွန်းဖြိုးမန္တာ၊ သွန်းဖြိုးငယ် မိုးမန္တာ၊ တံမြွာရွှေစည်ကျူး၊ ထူးသံသာ၊ ထူးသံသာ၊ မန်းညာရင့်မိုးမြင့်သီလာ၊ ဣန္ဒာခုဇန်လွန်းသေး၊ ဆင့်ကြွေးငယ်၊ ဝေးကထင်မလွယ်၊ ကိုးနယ်ပြည့်၊ သွန်းသည့်ပုံသာ၊ ဖော်ကွာသူပူလွမ်းရေး၊ သီတာရေယဉ်ကြည်လဲ့အေး၊ ဖွေးဖွေး၊ ဆေးလေး၊ သောင်းကျေး ဘွေဒီပါ (ဆန်းထူးထွေလာ၊ ဆန်းထူးထွေလာ) ၂။ ဧရာအဏ္ဏဝါခွေပတ်ဆီး။ ညီးညီးလျှံဖြာ၊ ရွှေဒွါရံရွှေလောင်း၊ သောင်းသောင်းညာ၊ သီတာယဉ်ရောင်ခင်း၊ ဆင်းသိင်္ဂါ၊ ဆင်းသိင်္ဂါ၊ သွင်းလေပြည်လာ ။ ။ သော်တာငွေ၊ ယွင်းရွှေ့ တိမ်လွှာဆန်း၊ ပုဏ္ဏိန်နန်း၊ သီတဂူဝိုးဝင်း၊ လွမ်းရန်ဖန်ဘဲရေး၊ ဘယ်ဝင့်ကြွေး။ အိုက်သာညှိုးရင်း။ ။ ပါးမှာ ထင်မူးမူး၊ သန်းယာမ်ကျူးလို့ သုံးဗဟိုကျော်၊ ပျော်ပါနိုင်ဘဲလင်း ။ ။ (သဖြန့်)။ ။ (နှင်းနံ့မပြယ်၊ များရေလယ်စံမွယ်ညီသည့်၊ ကေသိညွတ်ရုံး)၂။ ။ (လေးဆူမာတ်ပုံ၊ မြတ်တိဂုံဆံတော်မွေကာ၊ သည်မေပူရန် ခင်းငယ်ကိုတင်းဖန်ပါ့ဘုန်း)၂။ ။

## ၅။ အလွမ်းဘွဲ့မွှန်

(သက္ကရာဇ် ၁၂၀၃ ခုနှစ်၊ ရွှေဘိုမင်းလက်ထက် ရန်ကုန်မြို့၌ စံနေတော်မူစဉ် ပြင်စည်မင်းသားရေး)

(နှင်းယွင်းဂိမ္မာန်၊ လေပြန်ခါနွေပြောင်းလို့၊ ညောင်းညှာကြွေ မျှော်လေလေဆွေး၊ ရွှေပြည်တော် နယ်တိုင်းဝေး)၂။ (သောင်းကျေး၊ ဒီပါဘွေ၊ ညီးလင်းအရောင်ဝေ)။ (တောင်ရေဖီလာ၊ သီတာပတ်ဝန်း၊ ရင်ဘောင်ရွှေအဏ္ဏဝါ)၂။ ရွှေရံကာ၊ ဘွေစံရာလေ၊ ဖြာမျှလျှံညီးလန်း၊ နေနှုန်းနန်း၊ မျှော်ရာထွေ၊ ထွေထူးဆန်း။ (သင်းပျံ့ကြိုင်လှိုင်ထုံ၊ မွှေးရွှေဝတ်မှုန်)၂။ (ပန်းကစုံစုံ၊ သာနယ်ရဂုံ၊ ကြည်ဘွဲ့ရေယမုန်)၂။ (ရွှေဘုံဟံသာကွန်း၊ လွမ်းဖြေဆည်ကျွမ်းရနေမတည်)၂။ (လေပြည်ညှင်း

ဆော်သွင်းမြိုး၊ မှိုင်ကာနွမ်း၊ ခွေယိမ်းမူး)၂။ ထူးထူးထွေထွေ၊ ထူးထူးငယ်များထွေထွေ၊ သောင်ငွေယမုန်ထဲ၊ (သဲခုံဘွေ၊)၂။ ငှက်ဖော်စုံရွှေ၊ နန်းရွှေဘုံမြေ၊ မျော်လေဝေး၊ ဆွေးလျှဘွယ်၊ မြတ်ဆံတော်မွေ၊ စုံခြေဦး၊ ဖူးစို့မယ်။ (ခါဘယ်ဝယ်မှန်းသည့်၊ လှမ်းနိုင်ဘွယ်၊ လွမ်းလွမ်းရန်ကြွယ်၊ စုံနယ်သာ၊ သာမျိုး ဆန်းလေ၊ ခိုင်လုံးလန်း၊ ဂန္ဓာကြိုင်၊ ကြိုင်မွှေးပန်း) ၂။ (မြန်းရွှေညီလာ၊ ပင်နန်း နန်းရိပ်သာ၊ ကျေးရွှေသာကာ၊ ဖော်ရှာလှယ်၊ သွယ်သွယ်ရေး) ၂။ [လေသွေးလှိုင်ကြူ၊ ခိုင်ပန်းမဥ္ဇူ) ၂။ မြနန္ဒမူ၊ ရွှေဂူထဲ၊ ရွှေသဲအေး] ၂။ (အိုဖန်ဖန်ဆွေး၊ မျှော်တွေးမူး၊ ခွေကာ ခွေယိမ်းနွဲ့) ၂။ ဖူးရွှေစာ၊ ညိုးလျကံငယ်၊ နတ်ကယ်ဖန်လာရေး၊ မြင်တော်နှေး၊ ပူဝန်ပိုပွားရင်း၊ သုံးယာမ်သန်ယိမ်းကျူး ခေါင်လေမြူးလို့၊ လင်းရောင်လာ၊ ပျော်ပါနိုင်ဘဲခင်း။

## ၆။ ပိမ္မာသားလွဲချင်း မှန်
(ပြည်စည်မင်းသား)

(စိန်မြရံခြယ်၊ သိင်္ဂီရောင်နွယ်၊ ဧယင်လယ်၊ ရွှေရွယ်ပျော်တော်ကြူး၊ တိမိယံအလျှံဝေ၊ ထွေဆန်း၊ စံခန်း၊ နန်းမြင့်ဦး) ၂။ (မောင်မယ်၊ ကြိုတော်ဘွယ်၊ တောင်ရေ၊ မြေတနယ်) ၂။ (မယ်မယ်ကြဲနိုင်ဘူး၊ ထူးချွန်လေအောင်၊ မင်းဆောင်ညီးညီးလင်းလင်း၊ ထိန်ထိန် ဖြာရှိန်ဝင်း၊ မစာမညာလေ၊ လောင်ကြွေ၊ ခွေညိုးရင်း)၂။ (ညှင်းညှင်းသံသာ၊ ပဋ္ဌင်ရွှေတံမြှာ၊ သခါထက်မွန်၊ ဝဇိရစိန်၊ ဝင်းရှိန်မှည့်ဝန်) ၂။ (တောင်နယ်ရေညွှန်၊ ဘယ်မြိုင်နယ်စွန်၊ မြန်းလိမ့်ညာရွှေမွန်) ၂။ ကဲလွန်ဆင့်ဆင့်လောင်း၊ နှောင်းမြင့်ဝယ်၊ လောင်းမင်းမယ်ဆွေကျွန်၊ လွမ်းဝှန်ဆင့်ဆင့် ဖြိုး၊ ညိုးလျှဘွယ်၊ မိုးကစုံတသွန်၊ (ကျွံ ကျွံ လွန်) ၂။ ဆည်ဆည်ဖြေဖြေ၊ ရွယ်ရွှေမွန်၊ နန်းများမယ်၊ ဆွေးစလိမ့်လေ၊ ဝေးကတွေးဉာဏ်ညွှန်။ (သာသာလွန်)၂။ ဆွတ်ပျံ့၊ ဝတ်နံ့သင်းမြိုး၊ ဘုန်းကိုယ်တော်သွင်၊ မြင်လဲတိမ်းမူး၊ ဆန်းဆန်းထူး၊ သဲကြွေလျှဘွယ်၊ ရေးရာဆင် နန်းမြေမြဝယ်၊ လေးမယ့်ခင်၊ ညွတ်စေခဖွယ်၊ ဆွေးရန်ပင်၊ (သည်ရွှေဘွေခွင်) ၂။ မောင်မယ်ပူအင်၊ မြင်တော်ပါ၊ သဲဘွင်ခု၊ လွမ်းမဆုံနိုင်၊ ကျွမ်းလို့၊ နွမ်းနှောင်ဖြာ။ ဆွတ်ပျံ့၊ ဝတ်နံ့၊ သင်းမြိုး၊ ဘုန်းကိုယ်တော်သွင် မြင်လဲတိမ်းမူး၊ ရှိမ်းရှိမ်းနွေး၊ (ကျူးရင့်အေးလို့၊ လေးဒီပါ၊ ဖူးခွင့်နှေးလို့၊ တွေးယောင်ကာ) ၂။ နေနှင့်ကြာ၊ ကြေညာနီးဝေး၊ မေးဖွေရှာ၊ တိုင်းကျေးမြေတာ၊ တိုင်းကျေးငယ် ဝေးမြေတာ၊ ဖန်ရာလွန်ကြည်ကွဲ၊ ကြိုတော်ပြန်လှာ၊ စံရာလယ်၊ မိုးညွှန့်တိမ်လွှာ၊ ဘယ်မှာမှပူရနဲ့၊ မယ်မယ်ပူအင်၊ မြင်ရက်ဘဲ၊ သဲငယ်လောင်ကြွေစေ၊ ဖန်ရေရေ၊ ဆည်ဆည်ဖြေဖြေ နေလို့လဲ၊ မြဲတွေ၊ အဏ္ဏဝေရေယဉ်ဝဲ၊

တင့်ရဲစေ၊ တင့်ရဲစေငယ်လေး။ ဖန်ရာသွယ်ခွေ၊ ဘွေပြန့်ထဲ၊ တန့်လည်းကြွေ၊ ဆည်ဖြေနိုင်ပြီဘဲ၊ မယ်သဲထွေ၊ ဆူသဲကြွေဘွယ်စေ။ နတ်ရေကွန့်၊ နှင်းငွေ့လေပြန်လောင်း၊ သာနွေပြောင်း၊ ရှာပြန်လာသွန်းလောင်း၊ နန်းမြေ၊ ရွှေတိုင်းခန်း၊ ရွှေညီလာ မင်းပေါင်း။ သဲကြွေနေနှုန်းနန်း၊ ဘွေသဥ်ကြာ၊ မယ်သာပူဆွေးကြောင်း။

မှတ်ချက် ။ ။ အချို့က "စိန်မြရံခြယ်" သီချင်းကို "ဆန်တော်မှု" ဟူ၍လည်းကောင်း၊ "စိန်ခြယ်ညီးလင်း" သီချင်းကို "စုန်တော်မူ" ဟူ၍လည်းကောင်း ခေါ်စမှတ်ပြုကြသည်။

## ၇၊ ဥက္ကလာပပြန် မွန်
(မြဝတီဝန်ကြီး)

(စိန်ခြယ်ညီး လင်းရောင်နှယ်၊ ရေယဥ်နန်း မြန်းစံပယ်။ သုံးရွှေညာမယ်ငယ်ဆေးလေး၊ သင်းသင်းမွှေး) ၂။ (သောင်းသောင်းကြွေး၊ လွမ်းကြောင်းရေး၊ ရွှေဒွါလောင်း၊ ရွှေတံမြွာ၊ ညှင်းညှင်းသာသည်လေ၊ ခါကောင်းရွေး၊ လွမ်းကြောင်းရေး) ၂။ ဆွေးလျကြွေဘွယ်၊ မောင်မယ်တည့် ခေါ်ထူးအေး၊ ကျေးသာကာစော၊ တောမှိုင်းညိုလွင်၊ ချစ်ဆွေးချစ်ဆွေးအင်၊ သွယ်ငင်ဆိုတင်းမေး။ ပတ်ခြံသံကြွင်းကြွေး၊ ဆွတ်ပျံ့သည်လွမ်းရေ၊ နှင်းယွန်းသာဟေမန်၊ လေပြန်လောင်း၊ ပြောင်းမည်ဟန်၊ မှန်နန်းကွာလှမ်းဝေး၊ ဆွတ်ပျံ့သည်လွမ်းရေး၊ တိုင်းကျေးဘယ်မြေတာ၊သုံးရွှေလုံ့ညှာ (လေးတဲ့ပုဗ္ဗာ၊ မဥ္ဇူမာလာ၊ မြန်းတဲ့နေသင့်ကြာ) ၂။ (လွမ်းရာ၊ ဆင့်ဆင့်ဖြိုး၊ ညှိုးလျှဘွယ်၊ မိုးကထွေသံသာ) ၂။ (ရောငယ်လေလွှဲညီးလင်း) ၂။ သောင်ငွေသော်တာ မျှော်ရာဝယ်၊ မင်းမယ်နှင့်၊ ရေးမဆန္ဒိုင်၊ ဆွေးလျကြွေလုဘွယ်၊ (သွယ်သွယ်) ၄၊ (ဘယ်ဆီးမှန်း၊ မျှော်တမ်းဆွေး၊ ဟံသာနန်း၊ ကွာလှမ်းဝေး) ၂။ (တိုင်းကြေးမြေတာ၊ ကိုင်းကျေးငယ်ဝေးမြေတာ၊ ပျော်တော်နိုင်ပါရေး၊ ဘွေသီဟာ၊ ဘွေသီဟာ၊ မြင့်ညာပိုင်၊ စိုးရက္ခန္ဒာ၊ ဖန်လာတည့်ဖန်ဘဲရေး၊ လဲ့သွေးငယ် ဝေးကတင်ဆင်ကာ၊ ကိုးရာမဲ့ဘုန်းငဲ့ပြင်သာ၊ ဘယ်မှာမှ၊ သွေယွန်းနှေး၊ ရောယဥ်တွေ၊ ရေလှိုင်းဖွေး၊ ကျူးအေး ကျူးအေး၊ လေးထွေသံသာ၊ (မိုးတိမ်တိမ်လွှာ၊ ညှိုးသိမ်နွဲ့ရှာ) ၂။ သီဂီဝင်းမှည့် ဆင်းရွှေဝါ၊ ပျော်မြူး ကျူးသံသာ၊ တိုင်းရွှေညာငယ်လေ ကြာနန်းဖွား၊ သည်းချား စောဖျား နှိုင်းသွေး၊ ငွေသော်တာ၊ (မိုးတိမ်တိမ်လွှာ၊ ညှိုးသိမ်နွဲ့ရှာ) ၂။ ဂိဝါရောင်ရှိန်၊ စိန်ပွင့်ဖွေး၊ ကျူးအေး ပြန်လှာ၊ ဂန္ဓာ ထုံရည်သွေး၊ ကျေးရွှေသာကာ၊ ခိုင်ညှာရွှေမြို့ထဲ၊ နွဲ့ပျူငှာ၊ နွဲ့ပျူငှာ၊ သောင်းရွှေလုံ့ညှာ။ ဆယ်ကြာ၊ သွယ်ဖြာ၊ ပျော်တော်မူရာ၊ သာပါဘူး၊ နူးကြည်စွာ၊ သည်မှာမယ်ဆွေဦး၊ ကျူးသံသာ၊ သိင်္ဂီ မှန်ရွှေနန်း၊ ဆန်းသော်တာ၊ ဆန်းသော်တာ၊ များရွှေညီလာ၊ သောရာမြင့်

သုံးဆင့်သံချိုညွှန်း၊ ယုန်ငွေဝန်း၊ ဖန်ခါခါဆွေးကြောင်း၊ တိမ်ခြေ၊ ငွေနှင်းပေါင်း၊ လေပြန်လာသွန်းလောင်း။ နန်းသူ ပူဆွေးကြောင်း၊ ဘွေသဉ်ကြာ မင်းပေါင်းငယ်လေ ခွေညှိုးပျောင်း။

မှတ်ချက်။ ။ သက္ကရာဇ် ၁၂၀၃–ခုနှစ်၌ ရွှေဘိုမင်းသည် ရန်ကုန်မြို့သို့ စုန်တော်မူလာ ပြီးနောက် ရွှေတိဂုံစေတီတော် အနောက်တောင်ဘက်တွင် ယာယီတဲနန်း ဆောက်လုပ်၍ ငါးလကျော် စံတော်မူနေစဉ် မြဝတီဝန်ကြီးနှင့်တကွ နောက်တော်ပါ အခြွေအရံများသည် အမရပူရနေပြည်တော်သို့ လွမ်းဆွတ် သတိရသဖြင့် ဥက္ကလာပခေါ် ရန်ကုန်မြို့မှ ပြန်လိုသည့်အတွက် ၎င်းစိန်ခြယ်ညီးလင်း အစချီ မွန်သီချင်းကို ရေးသားဆက်သွင်းသည်။

## လေးထွေသံကပ်အချီး

ရွှေပန်း ပန်ငယ်တို့၊ ကြွလာပြီဆို၊ ကြိုင်ကြိုင်ကြိုင်အေး၊ ကြိုင်အေးနှင်းဆီ လို့လေလိုလေ၊ လိုလေတင့်မှ၊ ကြိုင်ကြိုင်အေးနှင်းဆီလို။ နှင်းဆီလေ၊ နှင်းဆီလေ၊ နှင်းဆီဟုတ်ဘူး၊ ကိုယ်တော်သာနံ့ပင်၊ ဟုတ်မည်ထင်၊ မွှေးရှင် တကြူးကြူးငယ်နှင့် လေး။ (သာပျံ့ပျူးပါလို့) ၂။ ဓေါင်းမူးနှာဝေ၊ ပြေပါလေစရော့၊ ပျောက်ပါ လေစရော့လေ။

## လေးထွေသံကပ်

[(ကိုယ်တော်နှင်း )၃ သား] ၂။ မွှေးပျံ့ငယ်သင်းသည်နှင့်၊ မင်းမင်းကိုယ် ရောင်၊ နေနှယ်ပြောင်) ၂။ [(ဆောင်ဆောင်ညီးမျှ)၃ သား) ၂။ (သိင်္ဂါနှင့်သာ ရွှေသား၊ မောက်မိုက္ကျွန်း၊ မာလာနှင့်သာ ရွှေရည် လက်တံရှည်) ၂။ (ယဉ်သည် ယဉ်ယဉ်သည်၊ ယဉ်သည် ယဉ်သည် ယဉ်ယဉ်သည်၊ ယဉ်သည်ကောင်းသည်နှင့်၊ တောင်လုံးကြိုင်ငယ်လေ၊ မွှေးပျံ့သင်း) ၂။ တောင်လုံးကြိုင်ငယ်လေ၊ (ပန်းများထိပ်ပေါ် နေငယ်ကိုလေး၊ ပန်းများထိပ်ပေါ်နေ) ၂။ (ထွေထွေတည့် ထူးထူးဆန်း) ၂။ ဇမ္ဗူတောင်ညာကျွန်းမှာလေ၊ လက်ျာသောင်းတိုက်ထွန်းတည့်လေး။ ယဉ်ရာဘွေဦး၊ စွန်းတည့်လေ၊ တွက်ရေးမသာ၊ တိုင်းသိဘူး၊ (ရွှေနန်းမြတ်ခေါင်၊ ပြောင်ပြောင်ထိန်ဝင်း၊ စိန်ကြောင်ရောင်မျှလင်း) ၂။ (တခြင်းခြင်းငယ်နှင့်၊ ထွန်းဝင်းငယ်လျှံညီး၊ တခဲမီးသို့၊ ယှိစီးလိုလိုပင်) ၂။ (နှန်းအင်သာဖက်မဲ့၊ (ကြူးတဲ့ရှင်ငယ်ကိုလေ၊ ပျော်ရွှင်များလှလေ၊ မိုးနေလားလို့၊ တွေးမှားထင်ကာ၊ ယဉ်ရာများလှလေး(နှန်းအင်သာ)၃ ဖက်မဲ့၊ ကြူးတဲ့ရှင်ငယ်ကိုလေ၊ ပျော်ရွှင်များလှလေ။ မိုးနေလားလို့၊ တွေးမှားထင်ကာ၊ ယဉ်ရာများလှလေး၊ ကြူးတောင်း၊ ကဲတောင်း) ၂ ရှင်။

မှတ်ချက် ။ ။ လေးထွေသံကပ်ဟူသော ဝေါဟာရမှာ လေးပေါက်အောင်ပြန် သံစဉ်တွင် ၎င်းသီချင်းကို

တီးမှုတ်ရာ၌၊ တီးမှုတ်သူအတွက် အတီးကပ်သည် (အတီးခက်ခဲသည်) ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်သည်ဟု ပညာသည်ကြီးများ ယူဆကြသည်။

## မြင်းခင်းတော်ဘွဲ့

မြန်မြေနယ် ဇမ္ဗူဘောင်၊ လျှံဝေခြယ် ချူအရောင်၊ (သွန်းသွန်းလင်း၊ ရွှန်းရွှန်းဝင်း၊ နတ်မြင်းဘွေ၊ တိမ်ယံပျော်) ၂။ (ညာမော်ပြိုင်ဖော်ကင်းဝေး၊ ခွာသံ၊ မြေလျှံ သောင်းလုံးကြွေး) ၂။ (စံရှင်၊ နန်းစဉ်ပျော်ရေး၊ သက်တော်ရာကျော် ကျူးအေး) ၂။ (စာမရီသို့ ထူးမခြား၊ နတ်မြင်းပျံသို့ မြူးကြွားကြွား) ၂။ တွေးမှား၊ တွေးမှား) ၂ ပင်။ (ရွှေစင်လျှံလက်၊ ဇမ္ဗူလှော်ကိုးမျက်ကာယ်နှင့်လေး) ၂။ဦးခက်ကာယ် စိန်စီ ပတ္တမြားကသီဂီ) ၂။ (ရောင်နီရောင်နီဆက်သုံး၊ စီးနှိုးကတောင် တော်ငယ်မှာ၊ တိမ်ပေါ်နတ်လှနှုန်း) ၂။ ကျွန်းပတ်ကုံး ထွန်းလျှပ်ဘုန်း၊ မြင်သူတွေးဘွယ်သာ၊ (ကူနွှာယိုးကြ မှတ်ထင်သော၊ ကွန်းမြူးပျံကြွ နတ်သိန္ဓော) ၂။ (တွေးမော၊ တွေးမော) ၂ ပင်။ စန္ဒာရာယှက်စီးပုံပြင်၊ မြင်သူမြင်သူ၊ ချီးအံ့အဲ၊ မြင်းယဉ်ဟန်လှ နွဲ့ပါလို့၊ အဲမောင်း ဝေမြိုင်လေတည့်မှ၊ သိကြားတန်ဆောင်ကိုင်၊၊

မှတ်ချက် ။ ။ မြန်မြေနယ် ဇမ္ဗူတောင် အစချီ မြင်းခင်းတော်ဘွဲ့ ရေးသားသူကို မှတ်တမ်းများတွင် မတွေ့ရှိရသော်လည်း ဘကြီးတော် လက်ထက်အခါက မြင်းခင်းသဘင်နှင့်စပ်လျဉ်း၍ ဘွဲ့သီချင်း အများအပြား မြဝတီဝန်ကြီး ရေးသားခဲ့သည်ကို ထောက်ထား၍လည်းကောင်း၊ သီချင်း၏ စာပေနှင့် အသံအသွား အလာ စပ်ဆိုခြင်းများကို ထောက်ထား၍လည်းကောင်း၊ ထိုသီချင်းကို မြဝတီဝန်ကြီးပင် ရေးသားသည်ဟု ယူဆရန်ရှိသည်။

## လောကနတ်ချင်း

(တိမ်မှောင်မှေးကင်း၊ မြူဝေးရှင်း၊ မြူမှောင်ဝေးကင်း၊ တိမ်းမှေးရှင်း၊ စန္ဒာရောင်ဝင်း၊ ထွန်းလင်းသန့်စင်ကြည်၊ မိုးမင်းလွင်ပေသည်) ၂။ (မြောက်လေ ပြန်ညောင်း၊ ဆောင်းလည်းရောက်ပြန်ပြီ) ၂။ (အို ကံဆိုးသည်၊ ထွေထွေထူးလည်း၊ ညွှန့်ရှည်လန်းလို့၊ လောင်းပန်းဂမုန်းအင်) ၂။ (သဇင်မွှေးကြူ ပေါ်ပြန်တော့မည်၊ ကြံစည်စိတ်ဝမ်းများ) ၂။ မရှင်ပါလားလား၊ ပျော်ပါးခုရောက်ဘဲ) ၂။ ဖင့်နွဲ့ကြာတင်၊ ကျွမ်းဝင် ကြင်သက်ထား၊ လှည့်လည်ပျော်ပါ၊ သူများနှင့်သာ။ ငါမင်းကိုကား စိတ်ထားမှတ်စွဲရာ၊ တင်းတင်းစိတ်မှာသာ၊ ဝမ်းနဲစရာ၊ ဝမ်းကွဲစရာ၊ ညှိုးနွမ်းစရာ သား။ ညှိုးနွမ်းစရာ၊ ဆင့်ကာထပ်ပေါင်း၊ ချမ်းဆောင်းထပ်ပြန်လောင်း၊) လေသာ လေညှင်း၊ ဝင်လာ ရင်တွင်း၊ ဗျာပါ လွမ်းမင်းကြောင်း) ၂။ (သွေးပေါင်စိတ်ဝမ်း

ပူစရာတည့်သာ၊ ထွေလာထပ်ပွားကဲ) ၂။ (အုံသဲအပါးပါး၊ လွန်ကဲအခြားခြား)၂။ (လားလားစိတ်ခိုင်၊ ကံပိုင်ဖြေနိုင်၊ တရားစောင့်နိုင်ဘဲ) ၂။ (သည်းထဲမှာသာ၊ လွမ်းမြပင်သာလွမ်း) ၂။ (ပူပင်ခွေနွမ်း၊ ဆိုချည်မြည်တမ်း၊ ငိုချည်ယောင်ကာယမ်း)၂။ (ဆည်တား ခက်တောင်း၊ ဗျာပါဒှန်နှင့်သာ၊ ကျွန်မချစ်ကျွမ်းလွမ်း) ၂။ (ထွေဆန်း ဖြစ်ကြောင်းခြင်း၊ ပုံခင်းဖက်နှုန်းဘူး) ၂။ (ထွန်းမြူး စက်ခြည်၊ ထိန်သည် ဖြာသည်၊ မိုးလုံးပတ်လည်လင်း) ၂။ (ရှင်ရင်းမြတ်ဖြား၊ ကျော်လေးဆု လွယ်ကူသနားကြောင်း) ၂။ (ဆယ်ချောင်းရှိလန်းဆန်း၊ ရည်ညွှန်း ဦးထိပ်ပန်း)၂။ (လျှောက်ပြန်တိုင်ခွင့်ထား၊ တင်အားကျယ်ဝန်းများ) ၂။ (များတိုင်းလျှောက်လျှင်၊ ကြာလေတော့မည်၊ လားလားလျှောက်ချင်ပေါင်) ၂။ (မည်သာ ကျော်လေးပါး၊ ရှင်ပင် ရှင်စေဖြား) ၂။ (ဘုန်းတော်ခြောက်ပါး၊ ပြိုင်ဘက်ရှား၊ တေဇာလေ၊ တန်ခိုးအား) ၂။ လျှောက်ကြား၊ တင်တော်မူလေတည့်မှ၊ ထောက်ထား ဆင်တော်မူ)၂။ (လွယ်ကူလေ သနားကြောင်း၊ ကြည်ဖြူလေ ညွှတ်တွားပျောင်း)၂။ (စိုးရိမ် ပျောက်ကြောင်း၊ ကယ်ချွတ်တောင်း၊ တေဇာလေ တန်ခိုးပေါင်း) ၂။ ဥက္ကာဝါ ရေအေးလောင်း၊ သီတာရေချမ်းလောင်း၊ ဥက္ကာဝါရေးအေးလောင်း၊ သီတာရေချမ်း၊ သီတာရေချမ်း၊ သီတာရေချမ်းလောင်း။

## ဒိန်းသံ

(ပြည်စည်မင်းသား)

(ဆယ်ဆယ်ရောင် ဖြာသည်နှင့်သာ၊ ပယ်မှောင်ခွာ) ၂။ (ရှိကြာရွက်ဆင် သံကြိုးငယ်ငြာ၊ ဩဘာတော် ထူးပေမို့၊ မျိုးဦးထက်ခွင်) ၂။ နေသွင်စကြာ၊ ပုံတောင်းဖလ်ရှိန်၊ ဆိုက်ခါချိန်နီးပြီမို့၊ အံ့ချီးစေရာ။ ရွှေဗျာမိန့်ရည်၊ နတ်မှူးမန္တာ၊ ဘုံဗြဟ္မာ မိုးငယ်က၊ ရွာကြိုးစွေရည်။ (လဲ့လဲ့ငယ်ကြည်၊ နတ်စည် သွန်း ခြွေဘိ၊ သလားငယ်လေး) ၂။ (မန်းဏ္ဍနာဆွေငယ်နှင့်သာ၊ လျှမ်းသီဂိဘွေ၊ ၂။ (ရွှေပေါင်း၊ ဝန်ရံပျောင်း၊ ပျော်တော်ကြောင်း ပန်ဆင်ကာ၊ အောင်သံရိုက်နွဲမင်္ဂလာ၊ ရွှေတေဇာ ဘုန်းပွင့်လန်း) ၂။ (ထီးရာ နေနန်း၊ ခွန်ခြွေမြန်း စိုးပိုင်ယူ၊ ကျော်သောင်းငယ် နယ်ဇမ္ဗူ၊ ဒီပါ အောင်ခန်း မန်းမြေငူ၊ ဟိန္ဒူဂူစိုးရမှန်း) ၂။

## ကရင်ဩ
(ကုန်းဘောင်မင်းလက်ထက် သာယာဝတီဦးဝိုင်း)

(တကြောမှောင်ပြာ၊ သေလာတောင်ခိုးဝေ) ၂။ ကမ်းခြေဦး၊ အိုလင်းပြာ မြူးတယ်လေး၊ သာထူးထွေ၊ ဝေးမြေတာမှာ ကွာလေကော၊ လေးလာဟော၊ (သြော်ဩ နောက်မူးဝေ၊ ခွန်းသံခွေ ရှောက်ကိုင်းမှာ ချိုးကဝိုင်း) ၂။

ပလိုင်းကိုလွယ်၊ ဆင်တယ်သင်တိုင်းခြုံ၊ ယဉ်ပုံသုံး၊ အိုဘီလုံးမှာလေ၊ ကြွေကုံးစီ။ ကြိမ်နီခြုံမှာ၊ ပျားအုံပေါ်၊ တောပွေလီ၊ (သြော်ဩ မှောင်ခိုးရီ၊ ချောင်း နှောင်ညီ ရေအေးမှာ၊ သဲကဖွေး) ၂။

တရေးဖန်ညွှန်၊ လူဝံညိုမဲကောင်၊ တောတောင်ရင်း၊ အိုရဲမာန်သွင်းတယ်လေ၊ ဖော်ချင်းနှောင်၊ စီစီလောင် တောကြောင်ချင်း၊ ခင်းရန်ထောင်၊ (သြော်ဩ မျောက် လောင်းကောင်၊ အိုမဲမှောင်ခြုံထဲမှာ၊ ယိုးလေးဆွဲ) ၂။

တကဲသာညီ၊ မြေနီတောင်စောင်းဝယ်၊ ခြုံနွယ်တော၊ အိုလင်းမြွေပေါ်တယ် လေ၊ ဝေဘောလယ်၊ လာလေယောက်ဖငယ်၊ တောင်စောင်း ပျော်ဘွယ်၊ ဟိုကွင်းလယ်၊ တောယုံငယ် ရေဆင်းမှာ၊ ဖာအုန်းအင်း။

တသင်းဖော်ပြိုင်၊ ချေစိုင်ပြောင်မြူးပျော်၊ ခွေးခေါ်လှမ်း၊ အိုလွဲကျော်ဖမ်းတယ်လေ၊ နွယ်တန်းပေါ်။ တွန်ခေါ်သံ ခါကြော်သြောင်း၊ ဒေါင်းဖော်လော်။ သြော်ဩ မြိုင်တော်မှော်၊ လွမ်းဖွယ်နော် သာမောဘွယ်၊ ပန်းက ပေါ်တယ်လေး။

## ကရင်ဩ

မြိုင်တန်းမှောင်ဝေလေး။ (တောင်သေလာကြော၊ လွမ်းဖွယ်နော) ၂။ သခွါးပေါ် (လွမ်းဖွယ်နော) ၂။ သခွားပေါ် (တို့တောင်ယာ၊ တို့လေတောင်ယာ)၂။ (တောင်တောင်ယာ တောမှာ တောမှာ၊ တို့တောင်ယာ တောမှာ၊ တောမှာ) ၂။ တို့တောင်ယာ တောမှာလေး။

ရှိုမီးထိန်လွင်လေး၊ (ကွင်းပြင်လယ်ခင်း၊ ပျိုးစရာရှင်း) ၂။ ရိုးတာကန်သင်း၊ (ပျိုးစရာရှင်း) ၂။ ရိုးတာကန်သင်း (တို့တောင်သူ၊ တို့လေတောင်သူ) ၂။ (တောင်တောင်သူ ချင်းရယ် ချင်းရယ်၊ တို့တောင်သူချင်းရယ် ချင်းရယ်) ၂၊ တို့တောင်သူချင်းရယ်လေး။

လောင်းသင်း မြေကြျူလေး၊ (ရိုးကမူတန်း၊ တည်ရာစခန်း) ၂။ လှည်းတာလမ်း၊ (တည်ရာစခန်း) ၂။ လှည်းတာလမ်း၊ (လုပ်ကိုင်ရာ၊ တလင်းပြန့် ညီစွာ၊ လှေ့စင်မှာ၊ သုံးချောင်းဆိုင်ကာ) ၂။ မျိုးရိတ်ကာ လှန်းတယ်လေး။)

တောတန်း တောင်ခြေလေး။ (ဝါးကြိမ်တွေကြော၊ သစ္စားဖရုံရော) ၂။ စားမကုန်ပေါ၊ (သစ္စားဖရုံရော) ၂။ စားမကုန်ပေါ၊ အိုလွန်သာမောဘွယ်လေး။

ဖော်နှော စုံလင်လေး။ (နှစ်စဉ်ပျော်မြဲ၊ ရိုးကောက်ပွဲ) ၂။ ဖြိုးမောက်ကဲ၊ (ရိုးကောက်ပွဲ) ၂။ ဖြိုးမောက်ကဲ၊ (ခြိမ့်သဲလို့ ဆူဆူငြာငြာ၊ ခေါင်အိုးနှင့် တောင်ရိုးဘာသာ) ၂။ (အစာရေစာ ပေါတယ်၊ ပေါတယ်) ၄။ တို့ဆီလွန်ဝပြောတယ်၊ အိုယာတောလယ်။

# ဘောလယ်သီချင်းများ

## ရှေးခေတ်ဘောလယ်သီချင်း

၁။ (အကျွန်မျှော်၊ ကော်တပိုင်းငယ်နှင့်၊ လူပျိုဟိုင်းငယ်တဲ့၊ လာလိမ့်မယ်) ၂။ (နွားနီရွှေဝါ) ၂။ ခွာသံပြင်းတယ်၊ မင်းလာလိမ့်မယ်။

၂။ (ညနေကြီးငယ်က မျှော်မိတယ်) ၃။ တောလယ်ရာမှာတဲ့၊ ကြာထင့်လေး (ချုံနွယ်တန်းပါလို့၊ လမ်းမမြင်) ၃။ အကျွန်ကြင်ပါတဲ့၊ မင်ကော်ရစ်ကယ်၊ တောဆစ်လို့ဝေး။ ။

၃။ (မြိုင်တန်းကန္တာ၊ စုံတကြောမှာတဲ့၊ တစ္ဆေကပေါ်တယ်နှင့် တောမသာ) ၂။ မကြိုလာလျှင်ဖြင့်၊ ငါမသွား (နွားနီပါးကိုတဲ့ ရှေ့ဖျားနှင်) ၃။ ရွာအဝင်မှာတဲ့၊ တစ္ဆေကြီးငယ်၊ ဆီးလိုက်လိမ့်ထင်။

၄။ (စပါးရှစ်ပြည်၊ ချောင်ပလိုင်းငယ်နှင့်၊ နဖူးမှာသိုင်းပါလို့၊ လွယ်ပြီးသော်) ၂။ (တောင်ဝှေးထောက်ကာ) ၂။ တောင်တော်ဖျားမှာ၊ သွားချည်စို့နော်။

မှတ်ချက် ။ ။ အထက်ပါရှေးခေတ်ဘောလယ် ၄ ပုဒ်အနက်၊ အမှတ် ၁။ ၂။ ၄ ဘောလယ်ပုဒ်များ၏ စာမူကွဲတစ်မျိုးကို မြန်မာ့အလင်း အယ်ဒီတာချုပ်ဟောင်း ကွယ်လွန်သူ ဦးစိန်း စုဆောင်းရိုက်နှိပ်ထုတ်ဝေခဲ့သော "စာဆိုတော်ကြီးများ၏ ကဗျာ့အမြုတေ" ခေါ် စာအုပ် စာမျက်နှာ ၂၁ နှင့် ၇၂ များတွင် အောက်ပါအတိုင်း စာမူကွဲများ တွေ့ရှိရသည်။

၁။ ဘက်တန်ခေါ် ကော်တပိုင်းငယ်နှင့်၊ လူပျိုဟိုင်းရယ်တဲ့ လာလိမ့်မယ်၊ အရှေ့ဆို လယ်ကန်သင်းက နွားနီဝါခြုည်ပြင်းတယ်၊ မင်းကြိုလဲ့ကွယ်။ ။

၂။ နေ့လည်ကြီးရယ်က၊ မျှော်မိတယ်၊ တောလယ်ရာမှာတဲ့ ကြာတင်လေး၊ ချုံနွယ်တန်းပါလို့၊ လမ်းမမြင်၊ ဘက်တန်ငယ်ပါတဲ့၊ မင်ကော်ရစ်ရယ်၊ လမ်းသစ်လှလေး။

၃။ စပါးရှစ်ပြည်၊ ချောင်ပလိုင်းငယ်နှင့် နမူးမှာ ဆိုင်းကာလွယ်၊ တောင်ဇေး ထောက်ကာ၊ တောင်တော်များမှာ၊ နားနေစို့ကွယ်။

## အလယ်ခေတ်ဘောလယ်သီချင်း

၁။ [ရွှေဒေါင်းဖောင်တော်၊ မိုးပေါ်၊ ပျံလုနီးမျှလေ (ရေကြောင်း သောင်ပေါ်) ၂။ ဝဲမှော်ငွေခုံကြီးငယ်ကလေး] ၂။

၂။ [မြနန်းဗွေစွန်၊ ရေလွှန်မြစ်ကယ်၊ စီးလို့လေ (ယောင်ရမ်းတဆို) ၂။ ပဟိုရွှေစည်တီးပါလို့လေး] ၂။

၃။ [နှင်းလှငွေမှုန်၊ ကြို့ပြန်ရသေး (ဖော်ဝေးသူမောင်) ၂။ ပူအောင်လေထင့်၊ ရွှေပိန်ညွှင်းငယ်၊ ဟသ်ာကကြွေး] ၂။

၄။ (ချစ်သည်သာဆိုလဲ၊ ဘယ်ရေးနှင့်ခွဲ) ၂။ (သဇင်ငယ် ခဲပါတဲ့၊ နှင်းပျံ့ကြွယ်) ၃။ ဘယ်ခါမှာ နှစ်ခိုင်ပန်းကို၊ လှမ်းပါရမယ်။ ။

၅။ [နုနုတဲ့နယ်၊ မယ့်ဝယ်ပါကြောင်း (ပဒုံကြာယပ်၊ ဆင်းနတ်တူ) ၂။ ယုံတော်မှူ သည်တပွဲကို၊ နွဲ့ပါရကောင်း] ၂။

## နောက်ဆုံးခေတ် ဘောလယ်သီချင်း

(လှိုင်ထိပ်ခေါင်တင်)

[စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့ မှန်ရွှေပြတင်းငယ်က မယ်ခမျှော်။ (သုံးချက်စည်တော်) ၂။ ရိုက်ဆော်ညှင်းတယ်၊ လင်းရွှေကြက်ဆော်] ၂။ [(သဇင်သင်းပါတဲ့ ခင်းပြန့်ပေါ်) ၃။ (လာနီးမယ်မျှော်လို့) ၃။ တကိုယ်တော်ထူး (ထွေရာစိတ်ကူးပါလို့၊ ဖူးရွှေလက်တင်) ၂။ ဖြစ်ရှေးကုန်စင်) ၂။ ဘဝင်တုန်လေးတယ်၊ တွေးကြံလိုက်ယင်] ၂။ [(သစ္စာတော်ရှူးပါစေ့၊ ဆိုဦးကပင်) ၃။ (ကြော့ကြော့ဆုံးကို နောင်ကြင်ငဲ့) ၃။ သည်သက်တွင်ဘဲ (နောင်မသွေလွဲပါဘူး၊ ယုံတော့ဖေ) ၂။ (ပြဒုမတွေ) ၂။ သီဟာတင့်တယ်၊ စိုးညာမြင့်နေ] ၂။ [(နတ်ဒေဝီ ဖြားသော်လဲ တပါးမသွေ) ၃။ ရှစ်ဗြဟ္မာ ခြွေပါလို့၊ အောင်ဇေယျာညွှန်း (မတ်ခြွေရွှေဝန်းပါလို့၊ ရေသွန်းတော်ခံ) ၂။ (မဟောသီရဲ) ၂။ ဒေဝီမြတ်ကယ် ဦးဆယ်ထပ်ရဲ]၂။

[(သည်မယ်ထင်စားပါလို့၊ တအားငယ်သန်) ၃။ (ခုများကွယ် – တဉာဏ်နှင့်) ၃။ မှုဟန်တော်ခြား (ပြုတော်မူအားသူမို့၊ မျက်ထားသုန်သုန်) ၂။ (မသိပြင်ပြင်) ၂။ အလျှင်သူစိမ်းတယ်လေး၊ ပိန်းပိတ်လို့မှုန်] ၂။ ။ (သဖြန့်) ။ ။ အချစ်ကိုယ့်၊ ပုံပါငဲ့အလုံး။ ရှောင်လွဲနေပျော်လို့၊ မကြည်သော်၊ မျက်တော်ဖိုးတယ်၊ ဘယ်တွက်ကြောင့်မုန်း။ ။

မှတ်ချက် ။ ။ အထက်ပါ ဘောလယ်မှာ အဆောင်တော်သို့ အိမ်ရှေ့မင်း မကြွလာသဖြင့် လှိုင်ထိပ်ခေါင်တင် ရေးသားဆက်သွင်းသော ဘောလယ်ဖြစ်သည်။

* "ကြော့ရှုံးကို" ဟူ၍ မူကွဲရှိသည်။

# တေးထပ်နှင့်ရှစ်ဆယ်ပေါ်သီချင်းများ

## ရှေးတေးထပ်
(စဥ့်ကူမင်း မိဖုရားမယ်မင်း)

(မိန့်တော်သံရိပ်ကိုလ၊ ဦးထိပ်ထက်ရွက်ဆင်၊ ရွှေရာဇပလ္လင်ဝယ်၊ ဥကင်တော်ဖွင့်၍ (မတ်ပေါင်းငယ်ရံကာ) ၂။ ရှိကြာစုံဖူးသည့်ခါနေ့။ ။ (ရက်မြတ်သည့်အခါ) ၂။ သစ္စာတော်နံ့၍၊ ကမ္ဘာပင် ကြေမြေ့တော့။ မေ့နိုင်ဘူးသည်းဝယ်၊ ရွှေခွန်းတော်ပျံ့ရှား၊ ဖန်များခု မိန့်ခဲ့ပေတယ် ။ ။ (သောင်းမြေရပ် ဇမ္ဗူနယ်မှာ)၂။ နှုန်းဆွယ်ရန် ရှားပေလိမ့် (လရထားစက်ယာဉ်၊ လှည့်လည်သောသွင်) ၂။ (ဘယ်သူများ၊ ကေရှင်မှာ) ၂။ ဆင်တော်မူလေလဲသီလေး။

## မန္တလေးမြို့ဘွဲ့ ရှစ်ဆယ်ပေါ်
(မင်းတုန်းမင်းတရား လက်ထက် စလေဦးပုည)

သုံးသိန်း သုံးသောင်း လေးထောင်ထိပ်၊ နှစ်ကျိပ်ရှစ်ဆက် မဟာဝင်၊ အတိတ်ဖြစ်ပျက် ကမ္ဘာတွင်အောင်၊ ဘယ်ရာဇာပင် မစံမြန်း [(ငံလေးဆယ့်ရှစ်ရပ်)၃။ ပြာသဒ်ရံသည်၊ နတ်ဝိသုကံ သစ်လင်းဖာန်သည့်နန်း]၃။

**လူးတား** ။ ။ ရှစ်သောင်းလေးထောင်၊ နှစ်ပြန်ဆောင်သား၊ အခေါင်ဗဟို၊ မြမြင့်မိုရ်ထက်၊ ရေညှိခွေချပ်၊ ဂဟောထပ်သား၊ မြေစပ်ခန်းဝါး၊ ကဲ့ပမာသို့၊ မန္တာဘူတပတ်၊ မြေဥက္ကဌ်ထက်၊ လူနတ်ချီးပင့်၊ မြေတောင်မြင့်၍၊ ပလ္လင့်သဏ္ဍာန်၊ ဘုံဗိမာန်ဝယ်၊ ဝေယန်ကြငှန်း၊ သိကြားနန်းသို့၊ တသန်းခြည်ရောင်၊ ထွန်းလင်းပြောင်သည်၊ အခေါင် သေဠမန်းတည့်လေ၊ ။ ဝိသုဒ္ဓိပွင့်လန်း တည်သည့်နန်း။

(အိုင်ရေနဝတတ် နှုန်းတန္တိလို) ၂။ ရွှေကျုံးဂမ္ဘီကာရံသန်း၊ ပြည်ကြီးမွန်ဖောင်လောင့်ကမန်းမျှ၊ ရွှေတောင်ရွှေနန်း၊ ကျက်သရေ၊ ရွှေလောင်း ရွှေလှေ

ထွေထွေယှက်၊ တေဇော်ရွှေစက် ရေလကျာ်ရစ်ခွေ။ ။ (ရတနာဘုမ္မိ တိုင်းဌာနေကို) ၂။ သမိုင်းစာရွှေထိန်ထိန်သစ်လို့ (နေက္ကန္တရာဇ် နတ်သျှင်ခေတ်ပေ၊ အဲ့မျိုးသာလို့ထွေ)၂။ (ရွှေနန်းစံသက် မဏ္ဍဒေလို) ။ ပုံတောင်းစက်ရွှေ ဆိုက်ပွဲခါဖျလေး။ [(ရွှေနန်းစံသက်) ၃။ မဏ္ဍဒေလို ပုံတောင်းစက်ရွှေ ဆိုက်ပွဲခါဖျလေး]၂။